Food and Agriculture
Organization of the
United Nations



# အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာလုပ်ပိုင်ခွင့်ကို စီမံခန့်ခွဲခြင်း

*အမျိုးသားစားနပ်ရိက္ခာ ဖူလုံရေးအတွက် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများ လုပ်ပိုင်ခွင့်အား တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များအား အကောင်အထည်ဖော်နိုင်ရေးအတွက် အထောက်အပံ့ လမ်းညွှန်*



FAO မှ ထုတ်ဝေသော မြေယာလုပ်ပိုင်ခွင့်အပေါ် စီမံအုပ်ချုပ်မှုဆိုင်ရာ လမ်းညွှန်များသည် မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် တိုးတက်ကောင်းမွန်လာစေရေးကို အထောက်အကူ ဖြစ်စေရန်အတွက် FAO ၏ ပဏာမခြေလှမ်းတစ်ခုဖြစ်ပြီး၊ နိုင်ငံများစွာ ကို ၎င်းတို့၏ *အမျိုးသား စားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများလုပ်ပိုင်ခွင့်ကို တာဝန်ယူ စီမံအုပ်ချုပ်ခြင်းနှင့် ပက်သက်၍ မိမိဆန္ဒအလျောက် လိုက်နာနိုင်သော လမ်းညွှန်ချက်များ*ကို အသုံးပြုရာတွင် အထောက်အပံ့ ဖြစ်စေနိုင်ရန် ဖြစ်ပါသည်။ FAO မှ ထုတ်ဝေသော မြေယာလုပ်ပိုင်ခွင့်အပေါ် စီမံအုပ်ချုပ်မှုဆိုင်ရာ လမ်းညွှန်များကို နည်းပညာဆိုင်ရာကျွမ်းကျင်သူများမှ ပြင်ဆင်ရေးဆွဲ ထားခြင်းဖြစ်ပြီး ပါဝင်သူများ အသုံးပြုနိုင်ပါသည်။ ၎င်းတို့သည်–

- လမ်းညွှန်များ၏အခြေခံမူဝါဒများကို လက်တွေ့အသုံးပြု၍ရသော လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များနှင့် လုပ်ဆောင်ချက်များအဖြစ်သို့ အဓိပ္ပာယ် ဖွင့်ဆိုပေးသည်၊
- ကောင်းမွန်သောလက်တွေ့ကျင့်သုံးမှု နမူနာများကို ပြသပေးသည် – (မည်သည့်ကိစ္စကို၊ မည်သည့်နေရာတွင်၊ မည်သည့်အကြောင်းကြောင့်၊ မည်ကဲ့သို့) ။
- ရင်းနှီးမြှုပ်နှံမှု စီမံချက်များ၏ ဒီဇိုင်းပုံစံနှင့် ကြားဝင်ဆောင်ရွက်မှုများကို လမ်းညွှန်ခြင်းတို့အတွက် မူဝါဒပုံစံနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကဲ့သို့ လုပ်ဆောင်မှုများအတွက် အသုံးဝင်သည့် နည်းနာများကို ပံ့ပိုးပေးထားပါသည် ။

ဤလမ်းညွှန်ချက်များနှင့် လုပ်ပိုင်ခွင့်အပေါ် စီမံအုပ်ချုပ်မှုနှင့်စပ်လျဉ်းပြီး FAO ၏ဆောင်ရွက်ချက် များအကြောင်းပိုမိုသိရှိလိုပါက **www.fao.org/nr/tenure** သို့ ဝင်ရောက် ကြည့်ရှု နိုင်ပါသည်။

အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာလုပ်ပိုင်ခွင့်ကို စီမံခန့်ခွဲခြင်း ပေါ်ရှိ၍ လမ်းညွှန်သည်ကာတွန်းဗီဒီယိုနှင့်တွဲဖက်ထားသည်။




www.youtube.com/watch?v=rY2whVGkCdk

လုပ်ပိုင်ခွင့်စီမံအုပ်ချုပ်မှု **နည်းပညာလမ်းညွှန်** အမှတ် ၈

# အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာလုပ်ပိုင်ခွင့်ကို စီမံခန့်ခွဲခြင်း

*အမျိုးသားစားနပ်ရိက္ခာ ဖူလုံရေးအတွက် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများ လုပ်ပိုင်ခွင့်အား တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များအား*
အကောင်အထည်ဖော်နိုင်ရေးအတွက် အထောက်အပံ့ လမ်းညွှန်

*The Institute for Advanced Sustainability Studies (IASS) က ဆက်စပ်သက်ဆိုင်သူများစွာပါဝင်သည့်လုပ်ငန်းစဉ်ဖြင့် ဤစာအုပ်ကို ရေးသားပြုစုထားပါသည်။*


**ကုလသမဂ္ဂ၊ ကမ္ဘာ့ စားနပ်ရိက္ခာနှင့်လယ်ယာစိုက်ပျိုးရေးအဖွဲ့**

ရောမမြို့၊ ၂၀၂၁

**ရည်ညွှန်းလျှင် အသုံးပြုရန် စာသား -**
Beckh, C., Gartner, E., Rauch, T., Bleeser, I., Weigelt, J. and Muller, A. 2021. အများပြည်သူဆိုင်ရာမြေယာ ဘုံပစ္စည်းများလုပ်ပိုင်ခွင့်ကို စီမံအုပ်ချုပ်ခြင်း ဤလမ်းညွှန်စာအုပ်သည် အမျိုးသားစားနပ်ရိက္ခာ ဖူလုံရေးအတွက် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများလုပ်ပိုင်ခွင့်ကို တာဝန်ယူစီမံအုပ်ချုပ်ခြင်းနှင့် ပတ်သက်၍ မိမိဆန္ဒ အလျောက်လိုက်နာနိုင်သော လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ပေးရန် ရည်ရွယ်ပါသည်. Governance of Tenure Technical Guide No. 8. Rome, FAO. https://doi.org/10.4060/i6381my

ဤလမ်းညွှန်စာအုပ်ထုတ်ဝေရာတွင် အသုံးပြုထားသည့် ရည်ညွှန်းချက်၊ အမည်နာမ များသည် နိုင်ငံတစ်နိုင်ငံ၊ နယ်မြေ၊ မြို့တော် သို့မဟုတ် ဧရိယာ၏ သို့မဟုတ် ၎င်းတို့၏ အာဏာပိုင်များ စသည်တို့၏ တရားဝင်အဆင့် သို့မဟုတ် ဖွံ့ဖြိုးမှုအဆင့် ကိုသော်လည်းကောင်း နိုင်ငံတစ်နိုင်ငံ သို့မဟုတ် နယ်မြေ တစ်ခု၏ နယ်နိမိတ်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏အာဘော်ကို ဖော်ပြထားခြင်း မရှိစေရပါ။ ဤစာအုပ်တွင်ဖော်ပြထားသော ကုမ္ပဏီ သို့မဟုတ် ထုတ်လုပ်သူများ၏ ထုတ်ကုန်များသည် မူပိုင်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဖော်ပြမထားသော သဘာဝအားဖြင့် တူညီသည့် အခြားကုမ္ပဏီများ၊ ထုတ်ကုန်များထက် သာလွန်သည်ဟု ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က အတည်ပြုပေးသည်ဟု ယူဆခြင်း မရှိစေရပါ။

ဤလမ်းညွှန်စာအုပ်တွင် ပါရှိသည့်အမြင်များသည် စာရေးသူ (များ) ၏ အမြင်များသာဖြစ်ပါသည်။ FAO ၏ အမြင်များ သို့မဟုတ် မူဝါဒများကို ထင်ဟပ်ခြင်းမရှိပါ။

ISBN ၉၇၈-၉၂-၅-၁၃၄၇၂၈-၇

© FAO, ၂၀၂၁
© FAO, ၂၀၁၆ [အင်္ဂလိပ်မူ]

အချို့သော မူပိုင်ခွင့် ကန့်သတ်ချက်များရှိပါသည်။ ဤစာစောင်ကို Creative Commons Attribution-Non Commercial-ShareAlike 3.0 IGO licence (CC BY-NC-SA 3.0 IGO; https://creativecommons.org/licenses/by-nc-sa/3.0/igo/legalcode) လိုင်စင်အရ ထုတ်ဝေခြင်း ဖြစ်ပါသည်။

ဤလိုင်စင်အရ ဤပုံနှိပ်စာစောင်ကို သင့်လျော်စွာ ရည်ညွှန်းချက်ပေး၍ စီးပွားဖြစ် ရည်ရွယ်ချက်အတွက်မဟုတ်ဘဲ ကူးယူခြင်း၊ ပြန်လည်ဖြန့်ဝေခြင်းနှင့် ကိုးကားဖြည့်စွက်ခြင်းများပြုလုပ်နိုင်သည်။ ဤစာစောင်အား မည်သို့အသုံးပြုသည်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု တစ်ခုခုအား FAO မှ ထောက်ခံသည်ဟု အဓိပ္ပါယ်သက်ရောက်စေခြင်း မရှိစေရပါ။ FAO အမှတ်တံဆိပ်အား အသုံးပြုခွင့်မရှိပါ။ ဤစာစောင်ကို ကိုးကားဖြည့်စွက်လျှင် တူညီသော သို့မဟုတ် အလားတူ Creative Commons လိုင်စင်အောက်တွင် မှတ်ပုံတင်ရမည်။ ဤစာစောင်အား ဘာသာပြန်ဆိုခဲ့လျှင် "ဤဘာသာပြန်မှုသည် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ ဖန်တီးပြုစုခြင်းမဟုတ်ပါ။ ဘာသာပြန် အကြောင်းအရာ သို့မဟုတ် တိကျမှုအတွက် FAO တွင် တာဝန်မရှိပါ။ မူရင်း အင်္ဂလိပ်ဘာသာ မူသည်သာ အတည်ဖြစ်သည်။" ဟူသော ငြင်းဆိုချက်နှင့် သက်ဆိုင်ရာ ရည်ညွှန်းချက် ထည့်သွင်းရမည်။

လိုင်စင် အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းနိုင်ခြင်းမရှိပါက ဤစာစောင်တွင် အခြား တစ်နည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် လိုင်စင် ပုဒ်မ ၈ တွင် ဖော်ပြထားသော ကြားဝင်စေ့စပ်ခြင်းနှင့် ခုံသမာဓိကြားနာခြင်း နည်းလမ်းများဖြင့် ဖြေရှင်းရမည်။ ကြားဝင်စေ့စပ်ခြင်း စည်းမျဉ်းများမှာ ကမ္ဘာ့ဉာဏပစ္စည်းအဖွဲ့အစည်း၏ ကြားဝင်စေ့စပ်မှုစည်းမျဉ်းများ http://www.wipo.int/amc/en/mediation/rules နှင့် အညီ ဖြစ်သင့်ကာ ခုံသမာဓိကြားနာခြင်းကို ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဥပဒေဆိုင်ရာ ကော်မရှင် (UNCITRAL) ၏ ခုံသမာဓိကြားနာခြင်း စည်းမျဉ်းများနှင့် အညီ ဆောင်ရွက်သင့်ပါသည်။

**တတိယအဖွဲ့အစည်းပိုင် အရင်းအမြစ်များ** - တတိယအဖွဲ့အစည်းတစ်ရပ်ရပ်အား မူပိုင်ခွင့်ရည်ညွှန်းထားသော ဇယားများ၊ ကိန်းဂဏန်းများ သို့မဟုတ် ရုပ်ပုံများအား ပြန်လည်အသုံးပြုလိုသူများသည် ထိုသို့ပြန်လည်အသုံးပြုရန် မည်သည့်ခွင့်ပြုချက်များလိုသည်ကို စုံစမ်းရန်နှင့် မူပိုင်ခွင့်ရှိသူထံမှ လိုအပ်သော ခွင့်ပြုချက် တောင်းခံရန် တာဝန်ယူရပါမည်။ ဤစာစောင်ပါ တတိယအဖွဲ့အစည်းပိုင် အရင်းအမြစ်တစ်ရပ်အား သုံးစွဲမှုကြောင့် မူပိုင်ခွင့်ချိုးဖောက်မှုဖြစ်၍ နစ်နာကြောင်း အရေးဆိုလာပါက အသုံးပြုသူတွင်သာ လုံးဝတာဝန်ရှိပါသည်။

**ရောင်းချခြင်း၊ ခွင့်ပြုချက်နှင့် လိုင်စင်** - FAO ၏ အချက်အလက် ထုတ်ကုန်များကို FAO ဝက်ဆိုက် (www.fao.org/publications) တွင် ရယူနိုင်ပြီး publications-sales@fao.org ထံမှ ဝယ်ယူနိုင်ပါသည်။ စီးပွားဖြစ်အသုံးပြုရန် www.fao.org/contact-us/licence-request မှ တဆင့် ဆက်သွယ်ခွင့်တောင်းရပါမည်။ မူပိုင်ခွင့်နှင့် လိုင်စင်ဆိုင်ရာ စုံစမ်းမေးမြန်းရန် copyright@fao.org ကို ဆက်သွယ်ရပါမည်။

# မာတိကာ

ဥယျောဇဉ် . . . VI
ကျေးဇူးတင်လွှာ . . . VII
အတိုကောက်စာလုံးများ . . . VIII
အကျဉ်းချုပ်ဖော်ပြချက်များ– အကျဉ်းချုပ်လမ်းညွှန် . . . IX

**၁. နိဒါန်း** ၃

၁.၁. အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာသုံးပစ္စည်းများနှင့်ပတ်သက်၍ ဤလမ်းညွှန်စာအုပ်ကို အသုံးပြုရသည့် အကြောင်းရင်း . . . ၃
၁.၂. လမ်းညွှန်စာအုပ်၏ နယ်ပယ်၊ ရည်ရွယ်သူများနှင့် လမ်းညွှန်စာအုပ်ရေးသားထားပုံ . . . ၅

**၂. အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများနှင့် လမ်းညွှန်ချက်များ** ၉

၂.၁. အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများနှင့် စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သော အကြောင်းအရာများ . . . ၉
၂.၂. အများပြည်သူဆိုင်ရာဘုံပစ္စည်းများ၏ လုပ်ပိုင်ခွင့်ခိုင်မာစေရန် လုပ်ဆောင်သင့်သည့် အကြောင်းရင်း . . . ၁၃
၂.၃. အများပြည်သူဆိုင်ရာဘုံပစ္စည်း၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်များတွင် ဖော်ပြထားသည့် အချက်များ . ၁၅

**၃. အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ တာဝန်ယူမှုရှိသော မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ စီမံအုပ်ချုပ်မှုအတွက် မဟာဗျူဟာများ** ၂၃

၃.၁. ဥပဒေရေးရာအသိအမှတ်ပြုရေးနှင့် ကာကွယ်စောင့်ရှောက်မှုရရှိရေး မဟာဗျူဟာများ . . . ၂၅
မဟာဗျူဟာ ၁။ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာနှင့်ဘုံပစ္စည်းများနှင့်စပ်လျဉ်းသည့် အခွင့်အာဏာနှင့် တာဝန်ဝတ္တရားများကို လွှဲပြောင်းရယူထားသော ဥပဒေရေးရာလုပ်ပိုင်ခွင့် အခွင့်အရေးများနှင့် အဆိုပါအခွင့်ရေးများရရှိထားသူများကိုလည်းကောင်း၊ ပြည့်စုံမှု၊ တာဝန်ခံနိုင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသောစီမံအုပ်ချုပ်မှုတို့အတွက် ဥပဒေရေးရာလိုအပ်ချက်များကို ပျိုးထောင်ပေးခြင်းဖြင့်လည်းကောင်း ဥပဒေအရ အသိအမှတ်ပြုရန် . . ၂၅
မဟာဗျူဟာ ၂။ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့် အခွင့်အရေးများ၏ ရှုပ်ထွေးမှု၊ ကွဲပြားမှုနှင့် ပြုပြင်ပြောင်းလဲလွယ်မှုတို့ကို ထည့်သွင်းစဉ်းစားရန် လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အလေးပေးသည့် ဥပဒေရေးရာမူဘောင်တစ်ခု အားကောင်းလာစေရန် သို့မဟုတ် တည်ဆောက်ရန် . . . ၃၁
မဟာဗျူဟာ ၃။ ဆွေးနွေးညှိနှိုင်းထားပြီး ပြည့်စုံသည့်ဒေသဆိုင်ရာလုပ်ငန်းစဉ်တစ်ခုအပေါ် အခြေပြုထားသည့် နယ်နမိတ်များဆိုင်ရာမြေပုံနှင့် မှတ်ပုံတင်ထားမှု၊ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများ အသုံးပြုမှုတို့အတွက် စည်းမျဉ်းစည်းကမ်းများကို လက်ခံအတည်ပြုရန် . . . ၃၅
မဟာဗျူဟာ ၄။ လူ့အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများပါဝင်နိုင်စေမည့် ပွင့်လင်းမြင်သာမှု ရှိသော မူဝါဒလုပ်ငန်းစဉ်များနှင့် ဥပဒေလုပ်ငန်းစဉ်များ တည်ထောင်ရန် . . . ၄၁
မဟာဗျူဟာ ၅။ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများဆိုင်ရာလုပ်ပိုင်ခွင့် အခွင့်အရေးများကို အထောက်အပံ့ပြုရန် ဥပဒေအကြံပေး လုပ်ငန်းများဆောင်ရွက်ရန် . . . ၄၃
၃.၂။ နိုင်ငံများနှင့် အခွင့်အရေးရရှိထားသူများ၏ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် မဟာဗျူဟာများ . . ၄၆
မဟာဗျူဟာ ၆။ ပြည့်စုံကောင်းမွန်ပြီး တာဝန်ခံမှုရှိသည့်လူ့အဖွဲ့အစည်းမှ စီမံအုပ်ချုပ်သည့်ပုံစံများ တစ်ဖြည်းဖြည်း အားကောင်းလာရန် သို့မဟုတ် ဖွံ့ဖြိုးတိုးတက်လာရန် . . . ၄၆
မဟာဗျူဟာ ၇။ လူ့အဖွဲ့အစည်းအတွင်းရှိ ထိခိုက်လွယ်ပြီး ဖယ်ကျဉ်ခွဲခြားဆက်ဆံခံရသည့် အစုအဖွဲ့များကို လူ့အဖွဲ့အစည်း၏ အသင်းအဖွဲ့များတွင် ထိရောက်စွာပါဝင်စေခြင်းဖြင့် စွမ်းဆောင်ရည် ဖြည့်ဆည်းခွင့်ရရှိရန် . . ၅၁

မဟာဗျူဟာ ၈။ ပြည်နယ်အရာရှိများ၏ အရည်အချင်းများ၊ အခွင့်အာဏာနှင့် တာဝန်ဝတ္တရားများကို လွှဲပြောင်းရယူထားသော ဥပဒေရေးရာလုပ်ပိုင်ခွင့်အခွင့်အရေးများနှင့် ဘဏ္ဍာရေးအရင်းအမြစ်များ အကောင်အထည် ဖော်ဆောင်ရွက်မှု အားကောင်းလာစေရန် သို့မဟုတ် ဖွံ့ဖြိုးစေရန် . . . . . . . . . . . . . . . . . ၅၃

၃.၃. အခွင့်အရေးများခံစားပိုင်ခွင့်ကို အထောက်အပံ့ပြုရန် မဟာဗျူဟာများ . . . . . . . . . . . . . . ၅၉

မဟာဗျူဟာ ၉။ တရားမျှတမှုရရှိစေရေး၊ ဒေသဆိုင်ရာအဆင့်ယန္တရားများကို အသိအမှတ်ပြုပြီး ပေါင်းစပ်ဆောင်ရွက်ရေး နှင့်ဥပဒေရေးရာအကြံပေးရေးတို့ ရယူနိုင်ရန် . . . . . . . . . . . . . . . . ၅၉

မဟာဗျူဟာ ၁၀။ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများကို ရပ်ရွာလူအဖွဲ့အစည်းမှ အဖွဲ့ဝင်များအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမှုများကို ဖန်တီးထိန်းသိမ်းရန်နှင့် သဘာဝပတ်ဝန်းကျင် အနေအထားအရ ရေရှည်တည်တံ့ရေး၊ စီးပွားရေးအားဖြင့်လည်း အလားအလာ ကောင်းသော အသုံးပြုခြင်းများ အားကောင်းလာစေရန် . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၄

မဟာဗျူဟာ ၁၁။ ဒေသဆိုင်ရာအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို အထောက်အပံ့ပြုသည့် ရင်းနှီးမြှုပ်နှံသူများနှင့် ချုပ်ဆိုထားသော စာချုပ်များ သို့မဟုတ် ဆောင်ရွက်သည့်အစုအစပ်လုပ်ငန်းများအနေဖြင့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့် အခွင့်အရေးများကို ချိုးဖောက်မှု မရှိစေရေး သို့မဟုတ် လူ့အခွင့်အရေးများအပေါ် ချိုးဖောက်မှုမရှိစေရေးတို့ကို သေချာစေရန် . . . . . . . . ၆၉

မဟာဗျူဟာ ၁၂။ ဥပဒေပြုပြင်ခြင်းနှင့် အဖွဲ့အစည်းများ၏ ထိန်းချုပ်ဆောင်ရွက်ခြင်းအပေါ် သုံးသပ်ချက်လုပ်ငန်းစဉ်များနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် ပါဝင်ပတ်သက်သူအမျိုးမျိုးအတွက် . . . . . . . . . ၇၂

**၄။ ယေဘုယျဆန်သည့် ဗျူဟာများအား ဒေသဆိုင်ရာအနေအထားနှင့် ကိုက်ညီစွာဖော်ဆောင်သည့် လုပ်ငန်းစဉ် ၇၇**

**၅။ နောက်ဆက်တွဲ ၈၃**

၅.၁။ နောက်ဆက်တွဲ ၁။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ . . . . . . . . . . . . . . . . . . . . . ၈၃

၅.၂။ နောက်ဆက်တွဲ ၂။ ဤလမ်းညွှန်စာအုပ်ကို ရေးဆွဲခဲ့ပုံ။ . . . . . . . . . . . . . . . . . . ၈၄

၅.၃။ နောက်ဆက်တွဲ ၃။ စာစုစာရင်းနှင့်ရင်းမြစ်များ . . . . . . . . . . . . . . . . . . . . ၈၆

## ဇယားကွက်များ

ဇယားကွက် ၁။ မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများ လုပ်ပိုင်ခွင့်ကို တာဝန်ယူစီမံအုပ်ချုပ်ခြင်းနှင့် ပတ်သက်၍ မိမိဆန္ဒအလျောက်လိုက်နာနိုင်သော လမ်းညွှန်ချက်များ၏ နောက်ခံအကြောင်းအရာ . . . . . . . . . ၄

ဇယားကွက် ၂။ တာဝန်ယူမှုရှိသော လုပ်ပိုင်ခွင့် စီမံခန့်ခွဲမှု အကောင်အထည်ဖော်ရေး မူဝါဒ (၁၀) ချက် . . . . ၁၆

ဇယားကွက် ၃။ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်အခွင့်အရေး များ ကို တာဝန်သိစွာ မည်သို့ထိန်းချုပ်မည်။ နိုင်ငံများလူအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်သူများအတွက် မဟာဗျူဟာများ . . . . . . . . . . . . . . . . ၂၄

## ဖြစ်ရပ်များ

ဖြစ်ရပ်လေ့လာချက် ၁။ ရပ်ရွာလူအဖွဲ့အစည်းပိုင် ဘုံမြေယာများက မည်မျှခိုင်မာမှုရှိသနည်း။ အာဖရိကရှိ အများ ပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများ၏ ဥပဒေရေးရာအသိအမှတ်ပြုမှုအပေါ် လျှပ်တပြက်လေ့လာခြင်း . ၂၈

ဖြစ်ရပ်လေ့လာချက် ၂။ ဆာမိလူမျိုးတို့၏ ရေကြည်ရာမြက်နုရာရွှေ့ပြောင်းနေထိုင်သည့်ဝါဒနှင့် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများအပေါ် အမြင်သဘောထား . . . . . . . . . . . . . . . . ၃၃

ဖြစ်ရပ်လေ့လာချက် ၃။ ကမ္ဘောဒီးယားရပ်ရွာလူအဖွဲ့အစည်း၏ ငါးလုပ်ငန်းများ၊ အများပိုင်မြစ်ဘေးရှိ သောင်ခုံ များတွင် နေထိုင်သည့် လူမျိုးစုတစ်ခုအတွင်း အတည်တကျမရှိဘဲပြောင်းလဲလျက်ရှိသော နယ်နမိတ်များအတွက် ယှဉ်ပြိုင်ရင်ဆိုင်ရသော စိန်ခေါ်မှုများကို ကျော်လွှားခြင်း . . . . . . . . . . . . . . . . . ၃၈

ဖြစ်ရပ်လေ့လာချက် ၄။ အငြင်းပွားမှုဖြစ်နေသည့်မြေပေါ်တွင် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအပေါ်စီမံခန့်ခွဲမှုအရ ဖွဲ့စည်းထားသော ရိုးရာဓလေ့အရအုပ်ချုပ်သူများက ရပ်ရွာလူအဖွဲ့အစည်း အတွင်း တရားမျှတမှုမရှိခြင်းကို လျော့ပါးစေခြင်း . . . . . . . . . . . . . . . . . . ၄၈

ဖြစ်ရပ်လေ့လာချက် ၅။ ရပ်ရွာလူအဖွဲ့အစည်းအခြေပြုသစ်တောစီမံခန့်ခွဲရေးအတွက် အမျိုးမျိုးရင်းနှီးကျွမ်းဝင် ပြီးဖြစ်ကာ တစ်ခုတည်းသော အရည်အသွေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ချဉ်းကပ်နည်းမှတစ်ဆင့် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ မြေလုပ်ပိုင်ခွင့်အခွင့်အရေးများ၏ ကွာဟချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုအား ပြီးမြောက်စေခြင်း . . . . . . . . . . . . . . . . ၅၇

ဖြစ်ရပ်လေ့လာချက် ၆။ တောင်အာဖရိကနိုင်ငံရှိ ဒွယ်ဆာကွယ်လယ်တွင် ပင်လယ်ပြင်နှင့် သက်ဆိုင်သော အများပိုင် ဘုံပစ္စည်းဧရိယာများရှိစုပေါင်းအခွင့်အရေးများ တောင်းဆိုခြင်း၊ အငြင်းပွားမှုဖြစ်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း . ၆၂

ဖြစ်ရပ်လေ့လာချက် ၇။ သစ်တောမြေများအပေါ် မှီခိုအားထားနေရသည့် ဒေသဆိုင်ရာ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို အကာအကွယ်ပေးခြင်း။ ဘရာဇီးနိုင်ငံအနောက်ပိုင်း အမေဇုန်သစ်တောရှိ အေကာ (Acre) ပြည်နယ်မှ 'သစ်တောစီမံအုပ်ချုပ်မှု' ဆိုင်ရာ အခြေအနေ . . . . . . . . . . . . . . . . . ၆၆

# ဥယျောဇဉ်

အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ ငါးလုပ်ငန်းနှင့် *သစ်တောများဆိုင်ရာ လုပ်ပိုင်ခွင့်ကို တာဝန်ယူမှုရှိသော စီမံအုပ်ချုပ်ခြင်းနှင့်ပတ်သက်သည့် မိမိဆန္ဒအလျောက် လိုက်နာနိုင်သော လမ်းညွှန်ချက်များ* (ဤလမ်းညွှန်တွင် ရည်ညွှန်းထားသည့် FAO၊ 2012 အား လမ်းညွှန်ချက်များအဖြစ် ရည်ညွှန်းသုံးစွဲမည်) ကို ကမ္ဘာ့စားနပ်ရိက္ခာကော်မတီက ၂၀၁၂ ခုနှစ် တွင် တညီတညွတ်တည်း အတည်ပြု ချမှတ်ပေးခဲ့ပါသည်။ လမ်းညွှန်ချက်များ၏ အားသာချက်များသည် ၎င်းတို့တီထွင်ခဲ့သည့် တစ်မူထူးခြား၍ အားပူးပေါင်းပါဝင်မှုလုပ်ငန်းစဉ်အပေါ်မူတည်ခြင်းဖြစ်ပါသည်။ လမ်းညွှန်ချက်များ သည် ပျော့ပျောင်းသော ဥပဒေနည်းနာများ ဖြစ်သော်လည်း အများပြည်သူအပါအဝင် မြေယာ၊ ငါးလုပ် ငန်း၊ သစ်တောများအား တာဝန်ယူမှုနှင့်စပ်လျဉ်း၍ အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့များ၏ တာဝန် ဝတ္တရားများကို ထည့်သွင်းရေးဆွဲထားသည့်အပြင် တည်ဆဲအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ အား အခြေပြုရေးဆွဲ ထားခြင်းဖြစ်ပါသည်။ အဆိုပါလမ်းညွှန်ချက်များသည် တစ်ဦးချင်းစီနှင့် စုပေါင်း ပိုင်ဆိုင်မှု အခွင့်အရေးနှင့် ဓလေ့ထုံးတမ်းစနစ်များအရ အလုပ်လုပ်ကိုင်သူများ အပါအဝင် တရားဝင် လုပ်ပိုင်ခွင့် အခွင့်အရေးများကို မည်သို့မည်ပုံ အသိအမှတ်ပြုရန်၊ ကာကွယ်ရန်နှင့် ထောက်ခံရန် နည်းလမ်းအပေါ် နိုင်ငံတကာမှ အသိအမှတ်ပြုသည့် လမ်းညွှန်များ ပံ့ပိုးပေးပါသည်။

အများပိုင်လယ်မြေများအတွက် လုံခြုံစိတ်ချရသောပိုင်ဆိုင်မှုအခွင့်အရေးသည် ငါးဖမ်းသမားများ၊ ကျေးလက်ဒေသတွင်းနေထိုင်သူများ၊ လယ်သမားများ၊ မြေယာမဲ့များနှင့်အခြားထိခိုက်လွယ်သော၊ စားနပ်ရိက္ခာ မလုံခြုံမှုနှင့် ဘေးဖယ်ခံထားရသော အုပ်စုများအပါအဝင် အမျိုးသား၊ အမျိုးသမီးများ၊ အမျိုးမျိုးသော အခြေအနေများရှိ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံ အသိုင်းအဝိုင်းများအတွက် များစွာအရေးပါသည်။ လမ်းညွှန်ချက်များသည် ပြည်သူလူထုများ၏ အခြေခံကျသော သာယာဝပြောမှုအတွက် စားနပ်ရိက္ခာရရှိရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် လူမှုရေး ဆိုင်ရာ လက္ခဏာများအပေါ် မူတည်ပါသည်။ ဤလမ်းညွှန်ချက်များသည် အများပြည်သူနှင့်ဆိုင်သော အခွင့်အရေးရပိုင်ခွင့်များအတွက် လုံခြုံစိတ်ချရသော သက်တမ်းကို အကောင်အထည်ဖော်ရေး အစိုးရအား လမ်းညွှန်ပေးရန်နှင့် တာဝန်ယူမှုရှိစေရန် တို့အတွက် သမိုင်းဝင် အခွင့်အလမ်းအဖြစ် ကိုယ်စားပြုပါသည်။

လမ်းညွှန်ချက်များ၏ အခြေခံမူများနှင့် လမ်းညွှန်မှုများကို လေးစားလိုက်နာခြင်းဖြင့် အစိုးရများသည် ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာက သဘောတူထားသော ရည်မှန်းချက် များကို အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာ အဆင့်သို့ အကောင်အထည်ဖော်ရာတွင် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုလိုအပ်ချက်များကိုဖြည့်ဆည်းပေးရန်၊ အစားအသောက်လုံခြုံမှု ခိုင်မာစေ နိုင်ရန်နှင့် ဆင်းရဲမှုလျော့ချနိုင်ရန်၊ အစားအသောက် ရရှိပိုင်ခွင့်၊ ကိုယ်ပိုင်ဖော်ထုတ်ခွင့်နှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့ အသုံးပြုခွင့်နှင့် ရေရှည်တည်တံ့သော လူမှုရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအမြစ်များကို အညီအမျှ ရရှိခွင့်နှင့် ထိန်းချုပ်ခွင့် ရရှိနိုင်ရန် တို့အတွက် နိုင်ငံတကာက သဘောတူထားသော ရည်မှန်းချက်များကို ဘာသာပြန်ဆို ပေးရန် လိုအပ်ပါသည်။ လမ်းညွှန်ချက်များတွင် ပူးပေါင်းပါဝင် မှုများသည် အထူးအရေးပါကြောင်း အသိအမှတ်ပြုထားသည့်အပြင် လမ်းညွှန်ချက်များ၏ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာကျင့်သုံးရန် လူထုအခြေပြု အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများကိုထောက်ပံ့ပေးနိုင်ရေးအတွက် အစိုးရအားတိုက်တွန်း ထားပါသည်။

အများပြည်သူနှင့်သက်ဆိုင်သော မြေယာလုပ်ပိုင်ခွင့်ကို စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းသည့် ဤနည်းပညာ ဆိုင်ရာလမ်းညွှန်သည် အများပြည်သူနှင့် ရပ်ရွာအခြေပြု အုပ်ချုပ်ရေးအဖွဲ့အစည်းများအတွက် ပိုင်ဆိုင်မှုအခွင့်အရေးများကို အသိအမှတ်ပြုခြင်းနှင့် အကာအကွယ်ပေးခြင်းအားဖြင့် လမ်းညွှန်ချက်များ၏ စံချိန်စံညွှန်းများနှင့် အကြံပြုချက်များကို တက်ကြွစွာ အကောင်အထည် ဖော်နိုင်ရန် အလို့ငှာ မဟာဗျူဟာမြောက်သည့် လက်တွေ့လမ်းညွှန်ကျင့်သုံးမှုများကို ပံ့ပိုးပေးပါသည်။ ဤလမ်းညွှန်ကို ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် မြေယာအုပ်ချုပ်မှုနယ်ပယ်အား ဘာသာရပ်ပေါင်းစုံ ချဉ်းကပ်မှုဖြင့် အခြေပြု သုတေသန ပြုလုပ် လျက်ရှိသည့် အဆင့်မြင့် ရေရှည်တည်တံ့ခိုင်မြဲမှု လေ့လာရေး အင်စတီကျု (IASS) က ရေးဆွဲထားခြင်းဖြစ်ပါသည်။ ထို့နည်းတူ စွာ တာဝန်ခံမှုရှိ၍ ရေရှည် တည်တံ့သည့် မြေယာစီမံခန့်ခွဲမှုအတွက် အလားအလာရှိသော မဟာဗျူဟာများကို ဖန်တီးနိုင်ရန် အရပ်ဘက်လူ့မှုအဖွဲ့အစည်း၊ အစိုးရနှင့် သိပ္ပံပညာရှင်များအနေဖြင့် ဗဟုသုတများ စုစည်းရရှိစေရန် ရည်ရွယ်ပါသည်။ အဆိုပါ ချဉ်းကပ်မှုနှင့် ရည်မှန်းချက် တို့နှင့်အညီ ဤလမ်းညွှန်ကို သက်ဆိုင်သူများ ကျယ်ပြန့်စွာ ပါဝင်မှုရှိသည့် လုပ်ငန်းစဉ်မှတစ်ဆင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။ သက်ဆိုင်ရာ မဟာဗျူဟာဆိုင်ရာ အကြံပြုချက်များကို နိုင်ငံတကာဘုတ်အဖွဲ့မှ ကျွမ်းကျင်သူများ နှင့် ကမ္ဘာ့နိုင်ငံ အသီးသီးရှိ မဲဆန္ဒနယ်အသီးသီးမှပါဝင်သူများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့မှ တစ်ဆင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါသည်။

# ကျေးဇူးတင်လွှာ

*အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာလုပ်ပိုင်ခွင့်ကို စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းသည့်* ဤလမ်းညွှန် သည် ကမ္ဘာအသီးသီးရှိ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ အစိုးရနှင့် သိပ္ပံနယ်ပယ်အသီးသီးမှ အလွှာပေါင်းစုံပုဂ္ဂိုလ် များပါဝင်သော လုပ်ငန်းစဉ်မှတစ်ဆင့် အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။ ဤလမ်းညွှန်ကို အဆင့်မြင့် ရေရှည်တည်တံ့ခိုင်မြဲမှု လေ့လာရေး အင်စတီကျု (IASS) မှ Elisa Gärtner နှင့် Theo Rauch တို့ အပါအဝင် Charlotte Beckh ၏ ဦးဆောင်မှု၊ Jes Weigelt နှင့် Alexander Müller တို့၏ လမ်းညွှန်မှုတို့ဖြင့် ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ကနဦးမူကြမ်းကို Isabelle Bleeser အနေဖြင့် ပံ့ပိုးကူညီပေးခဲ့ပါသည်။ ဤအဖွဲ့သည် မိမိတို့၏ အချိန်၊ ခွန်အား၊ ဗဟုသုတနှင့် အတွေ့အကြုံများကို ဤလမ်းညွှန်စာအုပ် ရေးသားထုတ်ဝေခြင်း လုပ်ငန်းစဉ်တစ်လျှောက် အားစိုက် ပါဝင်ခဲ့မှုအပေါ် အထူးပင်ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

ထို့ပြင် အဖွဲ့အနေဖြင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) မှ Francesca Romano၊ Andrew Hilton နှင့် Paul Munro–Faure တို့အား ယင်းတို့၏ စဉ်ဆက်မပြတ်ပံ့ပိုးမှုနှင့် အကြံပြုချက် များအတွက် ကျေးဇူးတင်ရှိပါသည်။

အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာလုပ်ပိုင်ခွင့် အခွင့်အရေးများရရှိစေရန် အားတက်ဖွယ် ကြိုးပမ်းမှုများကို ထင်ဟပ်ပြသ သည့် အဖိုးတန်သော ဖြစ်ရပ်လေ့လာမှုပေါင်း ခုနစ်ခုအား ပံ့ပိုးမှုအတွက် အဖွဲ့အနေဖြင့် များစွာကျေးဇူးတင်ရှိပါသည်။ ယင်းတို့ကို Liz Alden Wily၊ Ivar Bjørklund၊ Reymondo C၊ Chheng Channy၊ John Kurien၊ Kuntum Melati၊ ဘုရင်မင်းမြတ် Bruno Mvondo၊ Samuel Nguiffo၊ Téodyl Nkuintchua Tchoudjen၊ Bounyadeth Phoungmala၊ Benno Pokorny၊ Warangkana Rattanarat၊ Sokchea Tol နှင့် Ronnakorn Triraganon တို့က ရေးသားခဲ့ ခြင်းဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေး အလုပ်ရုံဆွေးနွေးပွဲများ၌ တန်ဖိုးရှိ၍ အရေးပါသည့် ပံ့ပိုးမှု များ၊ ပြန်လည် သုံးသပ်ခြင်းနှင့် သဘောထားမှတ်ချက်များ ပြုပေးကြသည့် ဘုတ်အဖွဲ့ဝင်များ ကိုလည်း အဖွဲ့အနေဖြင့် အထူးကျေးဇူးတင် ရှိပါသည်။ ၎င်းတို့မှာ Liz Alden Wily၊ Ben Cousins၊ Jonathan Davis၊ Jenny Franco၊ Shalmali Guttal၊ Svein Jentoft၊ Joan C. Kagwanja၊ John Kurien၊ Odame Larbi၊ Ruth Meinzen–Dick၊ Leticia Merino၊ Monsalve၊ Fred Nelson၊ Benno Pokorny၊ Maryam Rahmanian၊ Jenny Springer၊ Christopher Tanner၊ Michael Taylor နှင့် Andy White တို့ဖြစ်ကြပါသည်။

တစ်ဖန် ဤလမ်းညွှန်မူကြမ်းရေးဆွဲရာတွင် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေး အလုပ်ရုံ ဆွေးနွေးပွဲများ၊ တွေ့ဆုံမေးမြန်းမှုများ၊ ပုဂ္ဂိုလ်ရေးဆက်သွယ်မှုများ၊ သုံးသပ်ခြင်းများနှင့် အကြံပြုချက်များ ပြုလုပ်ရာ၌ တန်ဖိုးရှိ၍ အရေးပါသည့် ပံ့ပိုးမှုများ၊ ပြန်လည်သုံးသပ်ခြင်းနှင့် သဘော ထားမှတ်ချက်များ ပြုပေးကြသည့် အောက်ပါပုဂ္ဂိုလ်များကိုလည်း အဖွဲ့အနေဖြင့် အထူးကျေးဇူး တင်ရှိပါသည်။ ၎င်းတို့မှာ Marion Aberle၊ Safia Aggarwal၊ Taiguara Alencar၊ King–David Amoah၊ David Arach၊ Jana Arnold၊ Stefania Battistelli၊ Million Belay၊ Tesfaye Beyene၊ Lillian Bruce၊ Carolin Callenius၊ Elisabetta Cangelosi၊ Reymondo Caraan၊ Alphajoh Cham၊ Kysseline Cherestal၊ Joseph Chiombola၊ Juan Pablo Chumacero၊ Myrna Kay Cunningham Kain၊ Bassiaka Dao၊ Rasna Dhakal၊ Martin Drago၊ Jorge Espinoza Santander၊ Edward Fatoma၊ Tim Fella၊ Andargachew Feyisa၊ Fiona Flintan၊ Birgit Gerhardus၊ Christian Graefen၊ Paolo Groppo၊ Gaoussou Gueye၊ Bernard Guri၊ Ariane Götz၊ Matthias Hack၊ Mafaniso Hara၊ Anita Hernig၊ Pedro Herrera၊ Tran Thi Hoa၊ Katherine Homewood၊ Ghati Horombe၊ Chantal Jacovetti၊ Paul Karanja၊ Rachael Knight၊ Massa Koné၊ Saydou Koudougou၊ Caroline Kruckow၊ Natalia Landivar၊ Harold Liversage၊ Jael Eli Makagon၊ Francesca Marzatico၊ Chala Megersa၊ Aurea Miclat–Teves၊ Bridget Mugambe၊ Hans–Peter Müller၊ Yefred Myenzi၊ Musa Usman Ndamba၊ Téodyl Nkuintchua Tchoudjen၊ Edson Nyingi၊ Shadrack Omondi၊ Hubert Ouedraogo၊ Henry Pacis၊ Sabine Pallas၊ David Palmer၊ Caroline Plançon၊ Neil Pullar၊ Claire Quenum၊ Jagdeesh Rao၊ Martin Remppis၊ OscarSchmidt၊ Rodney Schmidt၊ Gladys Serwaa Adusah၊ Ramesh Sharma၊ Joseph Ole Simel၊ Fernando Songane၊ Mercedes Stickler၊ Jeremy Swift၊ Shailendra Tiwari၊ Margret Vidar၊ Lena Westlund၊ Laurence Wete Soh၊ Yonas Yimer နှင့် David Young တို့ဖြစ်ကြပါသည်။

ဤလမ်းညွှန်ကို Tom Griffiths၊ Maryam Niamir–Fuller၊ Esther Obaikol၊ Sérgio Sauer နှင့် Michael Windfuhr တို့က အပြန်အလှန် သုံးသပ်မှုပြုလုပ်ကြပြီး Anne Boden နှင့် Damian Bohle တို့က တည်းဖြတ်ပါသည်။ လမ်းညွှန်ပါ ပုံများကို Uli H. Streckenbach နှင့် Robert Pohle တို့က ရေးဆွဲထားခြင်းဖြစ်ပြီး အခန်းဖွဲ့စည်းပုံကို Luca Feliziani က ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

FAO အနေဖြင့် ဤလမ်းညွှန် အောင်မြင်စွာ ထုတ်ဝေဖြန့်ချိနိုင်ရေးအတွက် ဘဏ္ဍာငွေအားဖြင့် ပံ့ပိုးကူညီပေးပါသော ဂျာမန်နိုင်ငံ အစားအသောက်နှင့် စိုက်ပျိုးရေးဝန်ကြီးဌာန (BMEL) အား ကျေးဇူးအထူးတင်ရှိပါသည်။

ဤလမ်းညွှန်ဖြစ်မြောက်ရေး ပါဝင်သူများအား ထည့်သွင်းရန် ချန်လှပ်ထားမှုရှိပါက တမင်ချန်လှပ် ထားခြင်း မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

# အတိုကောက်စကားလုံးများ

| | |
|---|---|
| **CFi** | ရပ်ရွာငါးလုပ်ငန်းအဖွဲ့အစည်းများ |
| **CFS** | ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကော်မတီ |
| **CLEP** | ဆင်းရဲနွမ်းပါးသူများအတွက် ဥပဒေဆိုင်ရာ အာဏာအပ်နှင်းရေးကော်မရှင် |
| **CSO** | အရပ်ဖက်လူမှုအဖွဲ့အစည်းများ |
| **FAO** | ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ |
| **FPIC** | လွတ်လပ်၍ ကြိုတင်အသိပေးထားသည့် သဘောတူညီချက် (မူ) |
| **GIZ** | ဂျာမနီ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ |
| **GPS** | ကမ္ဘာလုံးဆိုင်ရာတည်နေရာစနစ် |
| **IASS** | ရေရှည်တည်တံ့ရေးဆိုင်ရာ အဆင့်မြင့်ပညာရပ်လေ့လာရေးသိပ္ပံ |
| **ICESCR** | အပြည်ပြည်ဆိုင်ရ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ သဘောတူစာချုပ် |
| **IFAD** | စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာရန်ပုံငွေ |
| **ILC** | အပြည်ပြည်ဆိုင်ရာ မြေယာညွန့်ပေါင်းအဖွဲ့ |
| **MPA** | ရေကြောင်းကာကွယ်စောင့်ရှောက်ရေးဒေသ |
| **NGO** | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| **RECOFTC** | အများပြည်သူနှင့် သစ်တောများဆိုင်ရာ ဗဟိုဌာန (ထိုင်း) |
| **RRI** | အခွင့်အရေးနှင့် ရင်းမြစ်များဦးဆောင်အဖွဲ့ |
| **UN** | ကမ္ဘာ့ကုလသမဂ္ဂ |
| **UNESCO** | ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ |
| **WFP** | ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် |

# အကျဉ်းချုပ်ဖော်ပြချက်များ– အကျဉ်းချုပ်လမ်းညွှန်

*ဘုံပစ္စည်းပိုင်ဆိုင်ခွင့်များ စီမံအုပ်ချုပ်မှုဆိုင်ရာ လမ်းညွှန်စာအုပ်သည်* ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှု အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍနှင့် အခြားကဏ္ဍများကို အထောက်အကူပေးနိုင်ရေး ရန်နှင့် အမျိုးသား စားနပ် ရိက္ခာဖူလုံရေး အတွက် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများ *လုပ်ပိုင်ခွင့်ကို တာဝန်ယူစီမံအုပ်ချုပ်ခြင်းနှင့် စပ်လျဉ်း၍ မိမိဆန္ဒအလျောက် လိုက်နာနိုင်သော လမ်းညွှန်ချက်များ* (လမ်းညွှန်ချက်များ) ပါ စံနှုန်းများနှင့် အကြံပြု ချက်များကို ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ရန် ရည်ရွယ်ပါသည်။ ဤလမ်းညွှန်စာအုပ်၏ ရည်မှန်းချက်မှာ ဘုံပိုင်ဆိုင်ခွင့်များနှင့် ရပ်ရွာအခြေပြု အုပ်ချုပ်မှု စနစ်တည်ဆောက်ပုံများကို တရားဝင်အသိအမှတ် ပြုနိုင်ရန်နှင့် ကာကွယ်နိုင်ရန် ဖြစ်ပါသည်။

## ဘုံပစ္စည်းပိုင်ဆိုင်ခွင့်များသည် အရေးပါမှုရှိသည်

ကမ္ဘာတစ်ဝှမ်းရှိသန်းနှင့်ချီသောလူများသည် ဘုံပိုင်ပစ္စည်းများအဖြစ် စုပေါင်းအသုံးပြုကြသည့် မြေယာ၊ ငါးဖမ်း လုပ်ငန်းများ၊ သစ်တောများနှင့် ရေအရင်းအမြစ်များကဲ့သို့ သဘာဝအရင်းအမြစ်များအပေါ်တွင် တိုက်ရိုက်မှီခိုနေ ကြရပါသည်။ ဘုံပိုင် ပစ္စည်းများသည် ယဉ်ကျေးမှုဝိသေသလက္ခဏာနှင့် သာယာဝပြော မှုတို့အတွက် မရှိမဖြစ် လိုအပ်ပါသည်။ ယင်းတို့သည် စားနပ်ရိက္ခာနှင့် ဝင်ငွေအရင်းအမြစ် တစ်ခုဖြစ်ပြီး အခက်အခဲများ ကြုံတွေ့နေရချိန်တွင် အရေးကြီးသောလုံခြုံစိတ်ချရသည့် ကွန်ယက်လည်းဖြစ်ပါသည်။ ထို့ပြင် တောင်သူလယ်သမားများ၊ တံငါသည်များ၊ မွေးမြူရေးသမားများ၊ မြေယာမဲ့များနှင့် ထောက်ပံ့မှု အလိုအပ်ဆုံးသူများ၊ အစားအစာ လုံလောက်မှု မရှိသူများနှင့် ဘေးဖယ်ခံထားရသူများ အပါအဝင် ဌာနေ တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံလူမှု အသိုင်းအဝိုင်းတို့အတွက် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များလည်းဖြစ်ပါသည်။ ဘုံပိုင် ပစ္စည်းများသည် အမျိုးမျိုး ပြောင်းလွယ်ပြင်လွယ်ရှိသည့် ပိုင်ဆိုင်ခွင့်များကို မတူညီသောအခွင့်အရေးကိုင်ဆောင်ထား သူများက အမြဲတမ်း သို့မဟုတ် ယာယီသိမ်း ကိုင်ဆောင်ထားနိုင်သည်။ ယင်းတို့၏ နယ်နိမိတ်များ ပြင်ဆင်ခြင်း သို့မဟုတ် အစားထိုးခြင်းတို့ ရှိနိုင်သော်လည်း ပုံမှန်အားဖြင့် ပြန်လည်ညှိနှိုင်းခြင်း၊ ပြင်ဆင်ပြုပြင်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဒေသခံလူမှု အသိုင်းအဝိုင်း၏ သဘောတူညီချက်ဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဘုံပစ္စည်းပိုင် ဆိုင်ခွင့်များ အကာအကွယ်ပေးခြင်းသည် သဘာဝသယံဇာတများကို သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ ခိုင်မြဲမှုရှိစွာ အသုံးပြုမှု နှင့် အရင်းအမြစ်ထုတ်လုပ်မှုစနစ် ကျင့်သုံးရာတွင် တာဝန်ယူ မှုရှိသော ရင်းနှီးမြှုပ်နှံမှု များအတွက် ဆွဲဆောင်မှုမက်လုံးများပေးနိုင်ပါသည်။

## တရားဝင်ဘုံပစ္စည်းပိုင်ဆိုင်ခွင့်များ လုပ်ပိုင်ခွင့် ခိုင်မာမှုရှိလာရန် မည်သို့ဆောင်ရွက်ရမည်နည်း

ဘုံပိုင်ပစ္စည်းများအပါအဝင် တရားဝင် ဘုံပစ္စည်း လုပ်ပိုင်ခွင့်များ ရရှိစေရန်အလို့ငှာ ဖော်ဆောင်ရန် နိုင်ငံများတွင် အဓိက အားဖြင့် တာဝန်ရှိကြောင်း လူ့အခွင့်အရေး အခြေပြုလမ်းညွှန်ချက်များက သတ်မှတ် ထားပါသည်။ ဆိုလိုသည်မှာ နိုင်ငံများ အနေဖြင့် ဤတရားဝင်ဘုံပစ္စည်းလုပ်ပိုင်ခွင့်များနှင့် ယင်းဘုံပစ္စည်း လုပ်ပိုင်ခွင့်ရှိသူများကို တရားဝင် အသိအမှတ်ပြုရန်နှင့် လေးစားရန် လိုအပ်ပါသည်။ နိုင်ငံများနှင့် တရားစီရင်ရေးအဖွဲ့အစည်းများသည် အဆိုပါ အခွင့်အရေးများ ခြိမ်းခြောက်မှု ခံရခြင်းနှင့် ချိုးဖောက်မှု ခံရခြင်းမှ ကာကွယ်ရန် လိုအပ်ပြီး ပြည်သူများ အနေဖြင့် ယင်းအခွင့်အရေးများ အပြည့်အဝ ရရှိခံစား စေနိုင်စေရန် တက်ကြွစွာပံ့ပိုးပေးရပါမည်။ လူထုအခြေပြု အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၊ သိပ္ပံပညာရှင် များ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဝန်ဆောင်မှု ပံ့ပိုးပေးသူများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အလှူရှင်များစသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် လူမှုအသိုင်းအဝိုင်းများ၏ အခွင့်အရေးများ အပြည့်အဝ ရရှိစေနိုင်ရန်အလို့ငှာ လူ့အခွင့်အရေး အခြေခံမူများ နှင့်အညီ လုံ့လသတိရှိရှိ အများပြည်သူအား ပံ့ပိုးပေးရန် တာဝန်ရှိပါသည်။ အစိုးရမဟုတ်သောအဖွဲ့ဝင်များ၏ တာဝန် ဝတ္တရား များသည် နိုင်ငံများ၏ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းလိုသည့် စွမ်းရည် နှင့် / သို့မဟုတ် စိတ်အားထက်သန်မှုအပေါ်တွင် အမှီအခိုကင်းစွာ တည်မှီနေပါသည်။ သို့ရာတွင် ဤအချက်သည်တာဝန်ဝတ္တရား များကို လျော့နည်းစေသည်ဟု မယူဆနိုင်ပါ။

ဤလမ်းညွှန်စာအုပ်တွင် **"မည်သို့မည်ပုံလုပ်ဆောင်ရမည်" အချက်နှင့်စပ်လျဉ်း၍ လုပ်ငန်းကဏ္ဍသုံးခု အတွက် အကြံပြုချက် များပါဝင်သော အပြန်အလှန်ဆက်နွှယ်မှုရှိသည့် မဟာဗျူဟာ ၁၂ ရပ် ရှိပါသည်**။ ဘုံပိုင်ပစ္စည်း ပိုင်ဆိုင်ခွင့်များကို တရားဝင်အသိ အမှတ်ပြုခြင်းနှင့် ကာကွယ်ခြင်းသည် အခြေခံကျသော်လည်း (၁)၊ နိုင်ငံများနှင့် လူမှုအသိုင်းအဝိုင်းများကပါ ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန်လိုအပ်ခြင်း (၂)၊ လူမှုအသိုင်းအဝိုင်းများကို ထောက်ပံ့ခြင်းအပြင် ၎င်းတို့၏ အခွင့်အရေးများကို ရရှိ နိုင်စေရန် (၃) ဟူသည့်အချက်တို့သည် ပြည်သူများ၏ နေ့စဉ်ဘဝအတွက် လုပ်ပိုင်ခွင့်လုံခြုံမှုရရှိရန် အလွန်အရေးကြီးပါသည်။

### *(၁) တရားဝင်အသိအမှတ်ပြုခြင်းနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ မဟာဗျူဟာများ (၁–၅)*

နိုင်ငံများအနေဖြင့် တရားဝင်ဘုံပစ္စည်းလုပ်ပိုင်ခွင့်၊ အဆိုပါအခွင့်အရေးကိုင်ဆောင်ထားသူများနှင့် အခြားမလေ့ ထုံးတမ်းဆိုင်ရာလုပ်ပိုင်ခွင့်စနစ်များကို တရားဝင်အသိအမှတ်ပြုရန်နှင့် အကာအကွယ် ပေးရန် လိုအပ်ပါသည်။ အဆိုပါ ဘုံပိုင်ပစ္စည်းများကို ဒေသန္တရအဆင့်တွင် ကောင်းမွန်မှန်ကန်စွာ စီမံခန့်ခွဲမှုပြုနိုင်ရေးအတွက် အခွင့်အရေး ကိုင်ဆောင်သူများကို ဥပဒေကအကာအကွယ်ပေးသင့်ပါသည်။ ပြည့်စုံကောင်းမွန်၍ တာန်ယူမှုနှင့် ရေရှည် တည်တံ့မှုရှိသော စီမံအုပ်ချုပ်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာနည်းလမ်းများ ဖော်ဆောင်နိုင်ရန် သို့မဟုတ် မြှင့်တင်ဆောင်ရွက်နိုင်ရန် လူမှုအသိုင်းအဝိုင်းအတွင်း ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို လမ်းညွှန်ချက်များ ပါ မူဝါဒများနှင့်အညီ တရားဝင် ဆောင်ရွက်နိုင်ရန် လိုအပ်လာပါသည် (မဟာဗျူဟာ– ၁)။ အများပြည်သူပိုင် ဘုံပစ္စည်း၏ ရှုပ်ထွေးမှု၊ မတူကွဲပြားမှုနှင့် ပြောင်းလွယ်ပြင်လွယ်မှုများကို လိုက်လျောညီထွေဖြစ်စေရန်နှင့် ဒေသခံစည်းမျဉ်းများ၊ အခြေအနေများနှင့် လိုက်လျောညီထွေမှုရှိနိုင်စေရန် အလို့ငှာ ဥပဒေမူဘောင်သည် ထိရောက်သောစည်းမျဉ်းစည်းကမ်းများထက် နည်းဥပဒေများအပေါ် ပိုမိုအလေးပေး ဆောင်ရွက် သင့်ပါသည် (မဟာဗျူဟာ–၂) ။ လူမှုအသိုင်းအဝိုင်းများအနေဖြင့် ဘုံပိုင်ပစ္စည်းများ၏ နယ်နိမိတ်များကို ဖော်ထုတ်ရေးဆွဲ နိုင်ရေးနှင့် နိုင်ငံ့အာဏာပိုင်များ၏ ထောက်ခံမှုဖြင့် မှတ်ပုံတင်နိုင်ရေး တို့အတွက် ဘုံပိုင်ပစ္စည်းများ ရေရှည်သုံးစွဲခြင်းဆိုင်ရာ နည်းဥပဒေများအပေါ် သဘောတူညီမှု ရရှိနိုင်ရန် အားလုံးပါဝင်သည့် ရပ်ရွာဒေသတွင်း လုပ်ငန်းစဉ်များတွင် ဒေသခံများပါဝင် သင့်ပါသည် (မဟာဗျူဟာ ၃)။ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ဥပဒေပြုရေး လုပ်ငန်းစဉ်များ ထိရောက်မြန်ဆန်မှုရှိစေရန် နိုင်ငံများအနေဖြင့် အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် အခွင့်အရေး ကိုင်ဆောင်သူများ၏ ပူးပေါင်းပါဝင်မှုများကို အထောက်အပံ့ဖြစ်စေသည့် ပြည့်စုံကောင်းမွန်ပြီး တိကျမှန်ကန်သော မူဝါဒရေးဆွဲရေးနှင့် ဥပဒေရေးဆွဲရေး ယန္တရားများ ထူထောင်ထားရှိသင့်ပါသည်။ ဤသို့ဖြင့် သိပ္ပံ ပညာရှင်များ၊ ရှေ့နေရှေ့ရပ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs) နှင့်နိုင်ငံများ အနေဖြင့် တရားဝင်သဘောတရားအသစ်များနှင့်စည်းမျဉ်းစည်းကမ်းအသစ်များကို ဆန်းသစ်တီထွင်နိုင်ရန် လိုအပ်ပါသည် (မဟာဗျူဟာ–၄)။ ဤလုပ်ငန်းစဉ်သည် မြေယာပိုင်ဆိုင်ခွင့်နှင့် လူထု အခြေပြု အုပ်ချုပ်မှု စနစ်တို့နှင့်စပ်လျဉ်းသည့် နိုင်ငံရေး၊ အများပြည်သူနှင့် လူတစ်ဦးချင်း၏ ထောက်ခံအားပေးမှုများသည် ဤအခွင့်အရေးများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှုကို သေချာစေရန်အတွက် အရေးပါ သော အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။

### *(၂) နိုင်ငံများနှင့်အခွင့်အရေးကိုင်ဆောင်ထားသူများက အကောင်အထည်ဖော်ရမည့် မဟာဗျူဟာများ (၆–၈)*

ဘုံပစ္စည်းလုပ်ပိုင်ခွင့်ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အလို့ငှာ မဟာဗျူဟာ ၆–၈ တွင် အားလုံးပါဝင်ပြီး တာဝန်ယူမှုရှိသည့် ရပ်ရွာအုပ်ချုပ်မှုစနစ် တည်ဆောက်ပုံများအား ပိုမိုအားကောင်း လာစေရန် အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအပါအဝင် နိုင်ငံများနှင့် အခြားအဖွဲ့အစည်းများ အားလုံးအနေဖြင့် ပံ့ပိုးပေးရန် လိုအပ်ကြောင်း အကြံပြုထားပါသည် (မဟာဗျူဟာ၊ ၆)။ လူမှုအသိုင်း အဝိုင်းအတွင်းရှိ ထိခိုက်လွယ်၍ ဘေးဖယ်ခံထားရသော အုပ်စုများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းသည် ၎င်းတို့၏ ကိုယ်စားပြုမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းကို အထောက်အကူပြုစေမည်ဖြစ်သည့်အပြင် ရပ်ရွာအဖွဲ့အစည်းများကို ထိရောက်စွာ ကိုင်တွယ်နိုင်ရန် တွန်းအားဖြစ်စေမည်ဖြစ်ပါသည် (မဟာဗျူဟာ၊ ၇)။ ဘုံပိုင်ပစ္စည်းများကို အားလုံးပါဝင်ပြီး တာဝန်ခံမှုဖြင့် ရေရှည် ဖော်ဆောင်နိုင်ရေးအတွက် တရားဝင် အခွင့်အရေးကိုင်ဆောင်သူများ စုပေါင်းပါဝင်သော ခိုင်မာသည့် လူမှုအသိုင်းအဝိုင်းတစ်ရပ် လိုအပ်ပါသည်။ ထိုနည်းတူစွာ ဘုံပစ္စည်းပိုင်ဆိုင်ခွင့်ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် နိုင်ငံများအနေဖြင့် ဘုံပစ္စည်းများ စီမံခန့်ခွဲခြင်း နှင့်သက်ဆိုင်သည့် စွမ်းရည်များ မြှင့်တင်ပေးရန် သို့မဟုတ် ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့်အပြင် အစိုးရအာဏာပိုင်များ၊ လွှတ်တော်များနှင့် တရားရုံးများအား အသိအမြင် မြှင့်တင်ပေးခြင်း၊ ဒေသဆိုင်ရာနှင့် ရပ်ရွာအဆင့် လူ့စွမ်းအားအရင်းအမြစ်နှင့် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များကို တိုးတက်ဖွံ့ဖြိုး စေခြင်းတို့ ဆောင်ရွက်ရန် လိုအပ်ပါသည် (မဟာဗျူဟာ၊ ၈)။

### *(၃) အခွင့်အရေးခံစားခွင့်ရရှိစေရန် ပံ့ပိုးခြင်းဆိုင်ရာ မဟာဗျူဟာများ (၉–၁၂)*

မြေယာ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ တရားဝင်မူဘောင်များကို အပြည့်အဝ ကျင့်သုံးခြင်း၊ မြေပိုင်ဆိုင်ခွင့်များကို အပြည့်အဝ ရရှိခံစားခြင်း တို့ကိုဖော်ဆောင်ရာတွင် ဒေသခံပြည်သူများအား ထောက်ပံ့နိုင်ရန် အလို့ငှာ အခွင့်အရေးကိုင်ဆောင်သူ ဒေသခံများအနေဖြင့် နိုင်ငံအဆင့်နှင့် သက်ဆိုင်ရာ ဒေသအဆင့် တရားစီရင်ရေးနှင့် ဥပဒေစနစ်အရ အဆိုပါအခွင့်အရေးများ ရရှိခံစားကြကြောင်း နိုင်ငံများက ဖော်ဆောင်ပေးရန် လိုအပ်ကြောင်း မဟာဗျူဟာ ၉–၁၂ တွင် တိုက်တွန်းအကြံပြုထားပါသည်။ ဤအချက်တွင် ဒေသအဆင့် အငြင်းပွားမှု ဖြေရှင်းခြင်း ယန္တရားများအား အသိအမှတ်ပြုခြင်း၊ မြှင့်တင်ဆောင်ရွက်ခြင်းနှင့် တရားစီရင်ရေး

ကိစ္စရပ်များဆောင်ရွက်ရာတွင် လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ ပေါင်းစပ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ နိုင်ငံများအနေဖြင့် ရပ်ရွာလူထုနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ တရားရေးဆိုင်ရာလုပ်ဆောင်ချက်များကိုလည်း အသိအမှတ်ပြုသင့်ပါသည် (မဟာဗျူဟာ၊ ၉)။ လူမှုအသိုင်းအဝိုင်းရှိ ပြည်သူများအတွက် ဘုံပစ္စည်းနှင့်သက်ဆိုင်သည့် ရေရှည်အကျိုးကျေးဇူးများ ဖန်တီးနိုင်ရန်နှင့် ထိန်းသိမ်းနိုင်ရန်တို့အတွက် နိုင်ငံများသည် အကောင်အထည်ရှိသည့် စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှုကို ရှေးရှု၍ ဘုံပစ္စည်းများကို လူမှုရေးအရအားလုံးအသုံးပြုခြင်း၊ စီမံခန့်ခွဲမှု ပြုခြင်း တို့မှတစ်ဆင့် ဝင်ငွေရရှိစေသည့် လုပ်ငန်းအခွင့်အလမ်းများ တည်ဆောက်ရာတွင် လူထုအသိုင်း အဝိုင်းအား ပံ့ပိုးရန်လိုအပ်ပါသည် (မဟာဗျူဟာ၊ ၁၀)။ နိုင်ငံများနှင့် ရပ်ရွာလူထုကိုယ်စားလှယ်များအနေဖြင့် အများပြည်သူနှင့် သက်ဆိုင်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ သို့မဟုတ် မြေပိုင်ဆိုင်ခွင့် ချိုးဖောက်မှုများကို တားဆီးကာကွယ်ပေးရန် လိုအပ်သည့်အစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံသူများနှင့် ဖက်စပ်လုပ်ငန်းဖြစ်စေ၊ ပဋိညဉ်ဖြစ်စေ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံများအနေဖြင့် လူမှုအသိုင်းအဝိုင်းများအား အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏ စားဝတ်နေရေးအတွက် ထောက်ပံ့ပေးရန် တို့အတွက် ကတိကဝတ်ပြုထားရန် လိုအပ်ပါသည် (မဟာဗျူဟာ ၁၁)။ ပွင့်လင်းမြင်သာမှုမြှင့်တင်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ကွဲပြားသည့် လုပ်ဆောင်သူများအား တာဝန်ခံမှုရှိစေရန် အလို့ငှာ နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာအဆင့် ဥပဒေပြုရေး၊ အဖွဲ့အစည်းများ၊ လုပ်ငန်းစဉ်များနှင့် တရားဥပဒေစိုးမိုးရေး တို့အား စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်သူပေါင်းစုံ ပါဝင်သည့် လုပ်ငန်းစဉ်များကို နိုင်ငံအနေဖြင့် အသိအမှတ်ပြုရန် လိုအပ်ပါသည်။ အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အခွင့်အရေး ကိုင်ဆောင်ထားသူများ အနေဖြင့်လည်း ဤလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ (မဟာဗျူဟာ ၁၂)။


## ပြောင်းလဲမှု ဖြစ်ပေါ်စေခြင်း

ဤလမ်းညွှန်သည် ကွဲပြားခြားနားသော ပါဝင်သူများအား လှုံ့ဆော်ခွန်အားပေးရန်နှင့် လမ်းညွှန်မှုပေးရန် ရည်ရွယ်ပါသည်။ သို့မှသာလျှင် ၎င်းတို့အနေဖြင့် ဘုံပစ္စည်းပိုင်ဆိုင်ခွင့်အား တာဝန်ယူမှုရှိရှိ အမှန်တကယ် စီမံအုပ်ခန့်ခွဲနိုင်မှုမှတစ်ဆင့် စနစ်တကျပြောင်းလဲမှုကို အဓိပ္ပာယ်ရှိစွာ အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ဤအပြန်အလှန်ဆက်နွှယ်သော မဟာဗျူဟာ ၁၂ ခုကို အဆိုပြုခြင်းအားဖြင့် ကမ္ဘာတစ်ဝှမ်းတွင် ကျင့်သုံးသည့် ဖြစ်စဉ် ၇ ခုကို လေ့လာခြင်းနှင့် နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့် လိုက်လျောညီထွေဖြစ်စေနိုင်ရေးအတွက် နည်းလမ်းအဆင့်ဆင့်ကို အသေးစိတ်လေ့လာခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဘုံပိုင်ပစ္စည်းပိုင်ဆိုင်ခွင့်အား ဤလမ်းညွှန်ချက်များနှင့်အညီ တာဝန်ယူမှုရှိရှိ စီမံခန့်ခွဲခြင်း သည် ၂၀၃၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာ ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးအစီအစဉ်အတွက် အရေးပါသည့် အကြောင်းအရာ ဖြစ်လာမည့်အပြင် ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ပါရီ သဘောတူညီချက်နှင့် အစားအစာရရှိရေးအတွက် တိုးတက်မှုအတွက် အရေးပါသည့် အထောက်အကူတစ်ရပ် ဖြစ်လာမည်ဖြစ်ပါသည်။

# ၁

# နိဒါန်း





# နိဒါန်း

## ၁.၁။ အများပြည်သူနှင့်သက်ဆိုင်သည့်မြေယာ ဘုံပစ္စည်းများနှင့်ပတ်သက်၍ ဤလမ်းညွှန်စာအုပ်ကို အသုံးပြုရသည့် အကြောင်းရင်း

ကမ္ဘာတစ်ဝှမ်းရှိသန်းနှင့်ချီသောလူများသည် အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများအဖြစ် စုပေါင်းအသုံး ပြုကြသည့် မြေယာ၊ ငါးဖမ်း လုပ်ငန်းများ၊ သစ်တောများနှင့် ရေအရင်းအမြစ်များကဲ့သို့ သဘာဝအရင်း အမြစ်များ အပေါ်တွင် တိုက်ရိုက်မှီခိုနေကြရပါသည်။ အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများ သည် ယဉ်ကျေးမှုဝိသေသလက္ခဏာနှင့် သာယာဝပြောမှုတို့အတွက် မရှိမဖြစ်လိုအပ်ပါသည်။ ယင်းတို့သည် ရပ်ရွာလူထုအဖွဲ့အစည်းများစွာအတွက် အရေးပါသည့် လူမှုရေးနှင့် စိတ်ဓာတ်ရေးရာ တန်ဖိုးများဖြစ်ပြီး နိုင်ငံအဆင့်နှင့် ကမ္ဘာအဆင့်တွင် မရှိမဖြစ်လိုအပ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကို ပံ့ပိုးပေးထားခြင်း ဖြစ်ပါသည်။ ယင်းတို့သည် စားနပ်ရိက္ခာနှင့် ဝင်ငွေ ရရှိရေးအရင်းအမြစ် တစ်ခုဖြစ်ပြီး အခက်အခဲများကြုံတွေ့နေရချိန်တွင် အရေးကြီးသော အထောက်အပံ့အရန်အတား တစ်ခုလည်း ဖြစ်ပါသည်။

တောင်သူလယ်သမားများ၊ တံငါသည်များ၊ မွေးမြူရေးသမားများ၊ မြေယာမဲ့များနှင့် ထောက်ပံ့မှု အလိုအပ်ဆုံးသူများ၊ အစားအစာလုံလောက်မှုမရှိသူများနှင့် ဖယ်ကျဉ်ခံထားရသူများ အပါအဝင် တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံလူမှုအသိုင်းအဝိုင်း တို့အတွက် အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ခိုင်မာမှုသည် အလွန်အရေးကြီးပါသည်။ ရေရှည်ဖွံ့ဖြိုး တိုးတက်မှုနှင့် စားနပ်ရိက္ခာရရှိပိုင်ခွင့်ကို အကောင်အထည်ဖော်ရန် အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများ တရားဝင်လုပ်ပိုင်ခွင့်ကို အမှန်တကယ် ကျင့်သုံးခြင်းသည် အဓိကကျသည့် အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပါသည်။

သို့သော် အများပြည်သူဆိုင်ရာဘုံပစ္စည်း၏ တရားဝင်လုပ်ပိုင်ခွင့်ကို စာရွက်စာတမ်းပေါ်၌သာ တရားဝင်အသိအမှတ်ပြုလေ့ရှိပြီး ပြည်တွင်းဥပဒေအရ ယေဘုယျအားဖြင့် အသိအမှတ်ပြုခြင်းနှင့် အကာအကွယ် ပေးနိုင်ခြင်း မရှိသောကြောင့် လက်တွေ့တွင် ထိရောက်စွာ အကောင်အထည် ဖော်နိုင်ခြင်းမရှိပေ။ အဆိုပါကိစ္စရပ်သည် လူမျိုးရေးခွဲခြားမှု၊ ခွဲခြားဆက်ဆံမှုရှိသော ဥပဒေများနှင့် မူဝါဒများ၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး စွမ်းရည်အားနည်းမှု နှင့်/သို့မဟုတ် ထိရောက်မှုမရှိသော လူထု အုပ်ချုပ်မှုပုံစံများကြောင့် ဖြစ်ပါသည်။ အများအားဖြင့် လက်ရှိဥပဒေစနစ်များတွင် အများပြည်သူ ဆိုင်ရာဘုံပစ္စည်းများအား သင့်တင့်လျောက်ပတ်စွာ စီစဉ်သတ်မှတ်ထားသည့် စနစ်မရှိပေ။ တစ်ခါတစ်ရံ ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အာဏာများသည် ရပ်ရွာအဖွဲ့အစည်းများကို လွှမ်းမိုးနိုင်သည့်အတွက် ရပ်ရွာလူထုအဖွဲ့အစည်းအတွင်း အသက်မွေးဝမ်းကျောင်းမှုအတွက် မှီခိုအားထား နေရသော အားနည်း ၍ဘေးဖယ်ခံပြည်သူများအား ထိခိုက်စေနိုင်ပါသည်။ ထို့ပြင် အများပြည်သူဆိုင်ရာဘုံပစ္စည်းများအတွက် လုပ်ပိုင်ခွင့်များသည် သဘာဝသယံဇာတများ လိုအပ်မှုနှင့် ယှဉ်ပြိုင်မှုများ မြင့်တက်လာခြင်းအပြင် ပုဂ္ဂလိက ပိုင်ပြုလုပ်ခြင်း၊ ကျူးကျော်ခြင်းနှင့် စီးပွားရေးဆိုင်ရာ သို့မဟုတ် အများပြည်သူဆိုင်ရာ ရည်ရွယ်ချက်များအတွက် အကြီးစား လယ်ယာမြေ လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကြောင့်လည်း ထိခိုက်ပျက်စီးနိုင်ပါသည်။ ထိုကဲ့သို့သော ပြဿနာများနှင့် ဖြစ်စဉ်များသည် သယံဇာတ အရင်းအမြစ်များကို ပျက်စီးစေခြင်း၊ အလွန်အကျွံ အသုံးချခြင်းနှင့် သယံဇာတများကို သုံးစွဲနေရသည့် အားနည်းထိခိုက်လွယ်သူများ၊ ဖယ်ကျဉ်ခံရသူများကို ဖယ်ထုတ်ခြင်းတို့ မကြာခဏ ဖြစ်ပေါ်စေနိုင်ပါသည်။

အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများအတွက် ကြုံတွေ့နေရသော စီမံခန့်ခွဲမှုဆိုင်ရာပြဿနာများကို ကျော်လွှားနိုင်ရန် ဤ နည်းပညာလမ်းညွှန်စာအုပ်သည် *အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများ လုပ်ပိုင်ခွင့်ကို တာဝန်ယူ စီမံအုပ်ချုပ်ခြင်းနှင့်ပတ်သက်၍ မိမိဆန္ဒအလျောက် လိုက်နာနိုင်သော လမ်းညွှန်ချက်များ* (လမ်းညွှန် ချက်များ) အား အခြေခံသည့် မဟာဗျူဟာမြောက် လမ်းညွှန်ချက်ကို ပံ့ပိုးပေးထား ပါသည်။ လူ့အခွင့်အရေးကို အခြေပြုစနစ်ဖြင့် အများပိုင်ဘုံပစ္စည်းများအပါအဝင် လယ်ယာမြေ၊ ငါးဖမ်းလုပ်ငန်း၊ သစ်တောများနှင့်ဆက်စပ်သည့် လုပ်ပိုင်ခွင့်များအပေါ် အပြည်ပြည်ဆိုင်ရာက ၂၀၁၂ ခုနှစ်တွင် ချမှတ်အတည်ပြုခဲ့သည်နှင့်အညီ အဆိုပါလမ်းညွှန်ချက်များကို အစိုးရ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍနှင့် ပညာရှင်များ အနေဖြင့် သဘောတူညီမှု ရရှိခဲ့ပြီးဖြစ်ပါသည်။ အမျိုးသမီးများနှင့် အမျိုးသားများ၊

တိုင်းရင်းသားလူမျိုးစုများနှင့် မတူကွဲပြားသည့် ဒေသခံလူမှုအဖွဲ့အစည်းများအတွက် တရားဝင် မြေယာ လုပ်ပိုင်ခွင့်များ ရရှိစေနိုင်ရန်သာမက အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့ဝင်များအတွက် အဆိုပါလမ်းညွှန်ချက်များသည် လိုအပ်သည့်အခါ အရေးယူဆောင်ရွက်နိုင်ရန် ခိုင်မာသည့် အခြေခံလမ်းညွှန်တစ်ရပ် ဖြစ်ပါသည်။

ဤလမ်းညွှန်စာအုပ်သည် လူ့အခွင့်အရေးအခြေပြုလမ်းညွှန်ချက်များကို လက်တွေ့ အကောင်အထည် ဖော်ရာ၌ အထောက်အကူပြုသည့် မဟာဗျူဟာများနှင့် အလေ့အကျင့်များကို တင်ပြလျက် အများပြည်သူနှင့် သက်ဆိုင်သည့်မြေယာ လုပ်ပိုင်ခွင့်များအပေါ် တာဝန်ယူမှုရှိသည့် စီမံခန့်ခွဲမှု ဖြစ်လာစေရန် ရည်ရွယ်ပါသည်။ ယင်းသည် အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများနှင့် ပတ်သက်သည့် လုပ်ပိုင်ခွင့်များခိုင်မာမှုရှိခြင်းသည် အရေးကြီးကြောင်းနှင့် အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများနှင့်ပတ်သက်သည့် အငြင်းပွားမှုများကို နားလည်ရန်လည်းအထောက်အကူပြုပါသည်။

ဤလမ်းညွှန်စာအုပ်တွင်ပါဝင်သည့် အသိပညာဗဟုသုတများသည် ဆက်စပ်သက်ဆိုင်သူ များစွာ ပါဝင်သည့် လုပ်ငန်းစဉ်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး တစ်သီးပုဂ္ဂလများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အစိုးရအရာရှိများ၊ သိပ္ပံပညာရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဘုံ ပစ္စည်းများနှင့် ပတ်သက်၍ လုပ်ပိုင်ခွင့်များရရှိစေရန် ကြိုးပမ်းရာ၌ ရရှိသည့် မဟာဗျူဟာများနှင့် အတွေ့အကြုံများအပေါ် အခြေပြု ရေးဆွဲထားခြင်းဖြစ်ပါသည်။ အဆိုပါအတွေ့အကြုံများကို မဟာဗျူဟာ (၁၂) ချက်ဖြင့် ရေးဆွဲရာ၌ ၎င်းတို့၏ နိုင်ငံတွင်းနှင့် ဒေသတွင်း လိုက်လျောညီထွေမှုရှိစေရေးအတွက် နည်းလမ်းအဆင့်အဆင့်ဖြင့် အကြံပြု ရေးဆွဲထားခြင်းဖြစ်သည်။ ယင်းတို့သည် အစိုးရ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး ကဏ္ဍများ၊ လူမှုအခြေပြု အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် အခြားပါဝင်သူများအား အများပြည်သူနှင့်သက်ဆိုင်သည့်မြေယာ လုပ်ပိုင်ခွင့်နှင့် ရပ်ရွာအခြေပြုစီမံခန့်ခွဲမှုစနစ်များ အကောင်အထည်ဖော်ရေး၊ ကာကွယ်ရေး တို့ကို ထောက်ပံ့ရန် ရည်ရွယ်ပါသည်။

ဇယားကွက် ၁
**မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများလုပ်ပိုင်ခွင့်ကို တာဝန်ယူစီမံအုပ်ချုပ်ခြင်းနှင့် ပတ်သက်၍ မိမိဆန္ဒ အလျောက်လိုက်နာနိုင်သော လမ်းညွှန်ချက်များ၏ နောက်ခံအကြောင်းအရာ**

**ဆက်စပ်သက်ဆိုင်သူမျိုးစုံ ပါဝင်သော ထူးခြားသည့်လုပ်ငန်းစဉ်မှ ဤလမ်းညွှန်ချက်များကို ရေးဆွဲခဲ့သည်။**

လမ်းညွှန်ချက်များ၏ အားသာမှုသည် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကော်မတီ (CFS) က ၂၀၁၂ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် တညီတညွတ်တည်း လက်ခံခဲ့ရုံသာမက စေ့စပ်ညှိနိုင်းမှုမတိုင်မီ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ်ဖြင့် အားလုံးပါဝင်သည့် ထူးခြားသည့် လုပ်ငန်းစဉ်အပေါ်တွင်လည်း မူတည်နေပါသည်။ လမ်းညွှန်ချက်များသည် တိုးတက်လာသော အကောင်အထည်ဖော်မှုများဖြစ်သည့် အစား အစာဖူလုံရေး၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများပေါ်ပေါက်ရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ထောက်ပံ့ပေးရန်အလို့ငှာ အားနည်း၍ ဘေးဖယ်ခံရသူများ၏ အကျိုးအတွက် လယ်ယာမြေ၊ ငါးလုပ်ငန်းနှင့်သစ်တော လုပ်ပိုင်ခွင့်များအားစီမံခန့်ခွဲ မှုတိုးတက်စေရန် ရည်ရွယ်ပါသည်။ CFS သည် အစားအစာနှင့် အဟာရဆိုင်ရာ ကုလသမဂ္ဂဝန်ထမ်းများ အားလုံးအတွက် လမ်းဖွင့်ပေးသည့် FAO၊ IFAD နှင့် WFP အပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍ တို့ပါဝင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ၎င်းသည် အစားအစာနှင့် အဟာရဖူလုံရေးအတွက် အပြည်ပြည်ဆိုင်ရာ စီမံခန့်ခွဲရေး အဖွဲ့ဖြစ်ပြီး ၂၀၀၇/၂၀၀၈ ခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာ အကျပ်အတည်းအပြီးတွင် လုပ်ကိုင်ခွင့်အာဏာအသစ်ဖြင့် ပြန်လည် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ လမ်းညွှန်ချက်များအား လက်ခံကျင့်သုံးခြင်းဖြင့် ယခုကျယ်ပြန့်လာသော နိုင်ငံတကာ သဘောတူညီချက်နှင့်အညီ မြေယာ၊ ငါးလုပ်ငန်း နှင့် သစ်တောများသာမက ရေနှင့်လည်း ဆက်စပ်သည့် လုပ်ပိုင်ခွင့်ကို တာဝန်ယူမှုရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာ သတ်မှတ်ထားသည့် စံနှုန်းများ ရှိလာပြီဖြစ်သည်။

# ၁.၂။ လမ်းညွှန်စာအုပ်၏ နယ်ပယ်၊ ရည်ရွယ်သူများနှင့် လမ်းညွှန်စာအုပ်ရေးသား ထားပုံ

## ဤလမ်းညွှန်စာအုပ်၏ နယ်ပယ်အတိုင်းအတာ။

ဤလမ်းညွှန်စာအုပ်သည် အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများအဖြစ် အသုံးပြုနိုင်သော မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများကို အဓိကဦးစားပေးလျက် လမ်းညွှန်ချက်များချမှတ်ထားသည့် နည်းလမ်းအတိုင်း လိုက်နာထားပါသည်။ စားနပ်ရိက္ခာဖူလုံရန်နှင့် အသက်မွေးဝမ်းကျောင်းမှုတို့အတွက် သဘာဝသယံဇာတများကို အများပြည်သူဆိုင်ရာ ဘုံပစ္စည်းအဖြစ် အသုံးပြုနေရသည့် အားနည်းထိခိုက်လွယ်သော ဘေးဖယ်ခံအုပ်စုများအား လမ်းညွှန်ချက်များနှင့်အညီ အဓိကအားဖြင့် အထူးအလေးထား ဆောင်ရွက်ပေးနိုင်ရန်ဖြစ်ပါသည်။ ထို့ပြင် အများပြည်သူဆိုင်ရာ ဘုံပစ္စည်း များအဖြစ် အသုံးပြုသော မြေယာ၊ ငါးလုပ်ငန်းနှင့်သစ်တောများနှင့်အတူ ရေ၊ ဇီဝမျိုးကွဲများနှင့် အခြား သဘာဝ သယံဇာတများ၏ ခွဲခြားမရနိုင်သည့် ချိတ်ဆက်မှုများကို မှတ်သားထားရန်မှာ အလွန်အရေးကြီးပါသည်။ ဤလမ်းညွှန်စာအုပ်သည် ဒေသတွင်းသဘာဝ အရင်းအမြစ်များနှင့် ပတ်သက်သည့် အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများကို အဓိကထားသော်လည်း အဆိုပါဘုံပစ္စည်းများနှင့်ပတ်သက်၍ ယခင်နှစ်များ၌ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရာတွင် အသိပညာဗဟုသုတ (ဥပမာ- အင်တာနက်)၊ ယဉ်ကျေးမှုဆိုင်ရာ ဘုံပစ္စည်းများ (ဥပမာ- ပြည်သူ့အနုပညာ)၊ အခြေခံအဆောက်အအုံ (ဥပမာ- လမ်းများ) နှင့် သမုဒ္ဒရာများနှင့် လေထုဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ အရင်းအမြစ်များ စသည်တို့ပါဝင်လာပါသည်။

လမ်းညွှန်ချက်များနှင့်ဆင်တူသည့် ကမ္ဘာလုံးဆိုင်ရာအမြင်တစ်ခုကို ဤလမ်းညွှန်စာအုပ်က ချမှတ်ထားပါသည်။ ဆိုလိုသည်မှာ ယင်းသည် ကွဲပြားခြားနားသော ဒေသအမျိုးမျိုးရှိ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာလုပ်ပိုင်ခွင့် နှင့် သက်ဆိုင်သည့် မဟာဗျူဟာများကို ရှာဖွေပံ့ပိုးပေးထားပါသည်။ အဆိုပါယေဘုယျ နည်းလမ်းများကို ကမ္ဘာ့အနှံ့ရှိ ကွဲပြားခြားနားသော နိုင်ငံများမှ လက်တွေ့ဖြစ်ရပ်များဖြင့် ပံ့ဖော်ထားပြီး အခြားနိုင်ငံ၏ဖြစ်စဉ်များကို အားကျအတုနိုင်စေရန် ရည်ရွယ်ပါသည်။ ၎င်းတို့အား ဤယေဘုယျဗျူဟာ နည်းလမ်းများကို ဒေသအခြေအနေနှင့် လိုက်လျောညီထွေ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် နည်းလမ်းများ၊ လမ်းညွှန်ချက်များဖြင့် ဖြည့်စွက်ထားပါသည်။

လမ်းညွှန်စာအုပ်တွင် လမ်းညွှန်ချက်များ၏ ပြဋ္ဌာန်းချက်များအားလုံးနှင့်ကဏ္ဍများအတွက် အသေးစိတ် ဆောင်ရွက်ရန် အချက်များ မပါဝင်သော်လည်း အများပြည်သူဆိုင်ရာဘုံပစ္စည်းများအပေါ် လုပ်ပိုင်ခွင့် အတွက် အထူးအရေးကြီးသော အကြောင်းအရာများကို အလေးထား ထည့်သွင်းထားပါသည်။ လုပ်ပိုင်ခွင့်အား တာဝန်ယူမှုရှိသည့် စီမံခန့်ခွဲမှုမဟာဗျူဟာများ နှင့် နည်းလမ်းများအကြောင်းကို ပိုမိုလေ့လာနိုင်ရန် အလို့ငှာ အခြား FAO ၏ နည်းပညာဆိုင်ရာ လမ်းညွှန်ချက်များကို လေ့လာ ဖတ်ရှုရန်လည်း အကြံပြုထားပါသည်။ ဤလမ်းညွှန်စာအုပ်တွင် ကျားမရေးရာ ပြဿနာ၊ ဌာနေတိုင်းရင်းသား လူမျိုးစုများနှင့် လွတ်လပ်၍ ကြိုတင်အသိပေး သဘောတူမှု ရယူရေးဆိုင်ရာမူဝါဒ (FPIC)၊ ငါးလုပ်ငန်း၊ သစ်တောနှင့် ကျေးလက်ဒေသရှိ မြေယာများ၊ ဥပဒေကြောင်းဆိုင်ရာ ပြဿနာများ၊ စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက် ဆောင်ရွက် ခြင်း တို့အပြင် မြေယာမှတ်ပုံတင်ခြင်း အစရှိသည့် အခက်အခဲပြဿနာများကို ဖော်ပြထားပါသည်။

## ဤလမ်းညွှန်ချက်က ရည်ရွယ်သူနှင့် လမ်းညွှန်ချက်အားရေးသားတင်ပြထားပုံ။

ဤလမ်းညွှန်ချက်တွင် ဆက်စပ်သက်ဆိုင်သူအမျိုးမျိုးအတွက် အများပြည်သူဆိုင်ရာ မြေယာလုပ်ပိုင်ခွင့်များအား တာဝန်ယူမှုရှိသော စီမံခန့်ခွဲမှုဖြစ်စေရန် မဟာဗျူဟာမြောက် လမ်းညွှန်မှုနှင့် အားကျအတုယူဖွယ်ဖြစ်စဉ်များကို ရေးသားတင်ပြထားပါသည်။

- မူဝါဒချမှတ်သူများ ဖြစ်သည့် နိုင်ငံတော်အဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့် ဒေသခံအဆင့် အစရှိသော အဆင့်အားလုံးရှိ အစိုးရများ၊ လွှတ်တော်များနှင့် ၎င်းတို့၏ အကြံပေးများ (ဥပမာ ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေး၊ အကွာအဝေးစီမံကိန်းရေးဆွဲခြင်း၊ ပိုင်ဆိုင်မှု လက်မှတ် ထုတ်ပေးရေး၊ နယ်နိမိတ်ရေးဆွဲ သတ်မှတ်ရေး၊ မြေယာ၊ ငါးကန်များ၊ သစ်တောများ၊ ရေထုများ၊ ဓာတ်သတ္တုအရင်းအမြစ်များ၊ ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် တာဝန်ယူသည့် အေဂျင်စီများ)
- တရားရုံးများ၊ တရားရေးအာဏာပိုင်များနှင့်ရှေ့နေများ၊
- ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊

- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့်အတိုင်ပင်ခံများ၊
- (မြေယာရင်းနှီးမြှုပ်နှံသူများအပါအဝင်) အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများ အခြေအနေနှင့် ရပ်ရွာလူထု အတွက် ၎င်းတို့၏ အရေးပါမှုကို ပိုမိုနားလည်ပြီး ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် ထိုးထွင်းသိမြင်နိုင်စွမ်းရှိမည့် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်သူများ၊
- သိပ္ပံပညာရှင်များနှင့် သင်တန်းဆရာများ၊ ဥပမာ– သုတေသနလုပ်ငန်းနှင့်ပညာရေး။

**လမ်းညွှန်စာအုပ်၏ အခန်း (၂)** တွင် အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများနှင့် ပတ်သက်၍ အရေးကြီးသော အသိအမြင်များ ပေးကာ ဝေါဟာရအသုံးအနှုန်းများကို ရှင်းလင်းဖော်ပြထားပြီး အများပြည်သူဆိုင်ယာမြေယာ လုပ်ပိုင်ခွင့်များကို အသိအမှတ် ပြုရန်၊ ကာကွယ်ရန်နှင့်ပံ့ပိုးပေးရန် မည်မျှအရေးကြီးကြောင်းကိုလည်း ရှင်းလင်း တင်ပြထားပါသည်။ အများပြည်သူဆိုင်ရာ မြေယာ လုပ်ပိုင်ခွင့်များအား တာဝန်ယူမှုရှိသောစီမံခန့်ခွဲခြင်း ဖြစ်စေရန် လမ်းညွှန်ချက်များက မည်သို့ အဆိုပြုထားသည်ကိုလည်း ခြုံငုံသုံးသပ်ထားပါသည်။

**အခန်း (၃)** တွင် အများပြည်သူနှင့်သက်ဆိုင်သည့်မြေယာ လုပ်ပိုင်ခွင့်ကို မည်သို့အသိအမှတ်ပြု၊ ကာကွယ်ထောက်ပံ့ခြင်းတို့နှင့် ပတ်သက်သည့် ယေဘုယျမဟာဗျူဟာ (၁၂) ချက်ကို ဖော်ပြထားပါသည်။ ဤမဟာဗျူဟာများသည် ဤမြေယာလုပ်ပိုင်ခွင့်များခိုင်မာစေရန် ထည့်သွင်း စဉ်းစားသင့်သော အရေးပါသည့် ရှုထောင့်များကို မီးမောင်း ထိုးပြထားပါသည်။ ၎င်းတို့သည် အပြန်အလှန်ဆက်စပ်နေသဖြင့် ပါဝင်သည့် အကြောင်းအရာအားလုံးကို ဖတ်ရှုကြရန် အကြံပြုလို ပါသည်။ အစိုးရနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်းတို့၏ အခန်းကဏ္ဍနှင့် တာဝန်များကိုလည်း ရှင်းလင်းစွာသိမြင်စေပါသည်။ မဟာဗျူဟာများသည် အများပြည်သူ နှင့် သက်ဆိုင်သည့် မြေယာလုပ် ပိုင်ခွင့် ခိုင်မာမှုအပေါ် သက်ရောက်မှုရှိသည့် အဓိကပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ကွဲပြားခြားနားသော သာဓက–ခုနစ်ခုဖြင့် ပုံဖော်ပြသထားပါသည်။ အဆိုပါ သာဓကဖြစ်ရပ်များသည် စာဖတ်သူအတွက် လက်တွေ့ ဘဝဖြစ်ရပ်မှန်များ၊ အလေ့အကျင့်များနှင့် မတူညီသောပြဿနာများကို မည်သို့ကိုင်တွယ် ဖြေရှင်းနိုင်မည့် မဟာဗျူဟာများကို လေ့လာခွင့်၊ သိရှိခွင့်ရစေမည်ဖြစ်ပြီး၊ ၎င်းတို့သည် စာဖတ်သူအတွက် သင်ခန်းစာယူစရာ၊ အားကျအတုယူစရာ အရင်းအမြစ်များလည်း ဖြစ်ပါသည်။

**အခန်း (၄)** တွင် နိုင်ငံတွင်းနှင့် ဒေသတွင်းအခြေအနေများနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် လုပ်ငန်းစဉ်များအတွက် နည်းစနစ်ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အတူ ကမ္ဘာတစ်ဝှမ်းလုံးနှင့် သက်ဆိုင်သော ယေဘုယျမဟာဗျူဟာများကို ထပ်မံဖြည့်စွက်ထားပါသည်။

# ၂

## အများပြည်သူဆိုင်ရာ
## ဘုံပစ္စည်းများ နှင့် လမ်းညွှန်ချက်များ





# အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများနှင့် လမ်းညွှန်ချက်များ

## ၂.၁။ အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများနှင့် စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သော အကြောင်းအရာများ။

### ၁။ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာလုပ်ပိုင်ခွင့်များ၏ခက်ခဲနက်နဲမှု

**မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ငန်းစသည့် သဘာဝသယံဇာတအရင်းအမြစ်များကို အများပြည်သူ ဆိုင်ရာဘုံပစ္စည်းအဖြစ် အသုံးပြုနိုင်ပါသည်။ ဆိုလိုသည်မှာ (များသောအားဖြင့် ရပ်ရွာလူထုအဖွဲ့အစည်းအဖြစ် နားလည်ထားကြသော) လူအဖွဲ့အစည်းတစ်ခုသည် ဤအရင်းအမြစ်များကို စုပေါင်းအသုံးပြု၍ စုပေါင်းစီမံ ခန့်ခွဲကြခြင်းပင် ဖြစ်ပါသည်။ အချို့အနေအထားများတွင် ထိုအဖွဲ့အစည်းသည် အများပိုင် သယံဇာတ အရင်းအမြစ်များအား စုပေါင်းပိုင်ဆိုင်သည့် အခွင့်အရေးများလည်း ရရှိနိုင်ပါသည်။** ဤအခွင့်အရေးများကို (FAO / CFS ၂၀၁၂) ၏ လမ်းညွှန်ချက်များတွင် ဖော်ပြထားပါသည်။ ဥပမာ အားဖြင့်– §§ ၈.၂၊ ၈.၃၊ ၈.၇၊ ၈.၈၊ ၉.၂၊ ၉.၄ နှင့် ဤလမ်းညွှန်၏အခန်း ၂.၃ တွင်လည်း တွေ့ရှိနိုင်ပါသည်။ အဆိုပါ စုပေါင်းပိုင်ဆိုင်သော သဘာဝသယံဇာတများသည် တစ်ဦးတစ်ယောက်မှ ပုဂ္ဂလိကပိုင်ဆိုင်သည့် အရင်းအမြစ်၊ သို့မဟုတ် မိသားစုတစ်ခုမှ ပိုင်ဆိုင်သည့် အရင်းအမြစ်များ (ဥပမာ– အမြဲပိုင်ဆိုင်သည့်လယ်ယာမြေကွက်)နှင့် မတူ တမူကွဲပြားနိုင်ပါသည်။

လုပ်ပိုင်ခွင့်ရထားသူများဟု ခေါ်ဆိုသည့် အစုအဖွဲ့မှ အဖွဲ့ဝင်များတွင် အများပိုင်သယံဇာတ အရင်းအမြစ်များကို သတ်မှတ်ထားသော သို့မဟုတ် ပြောင်းရွှေ့ရန် လွယ်ကူသော နယ်နိမိတ်များဖြင့် မတူကွဲပြားသော၊ ပုံစံအမျိုး မျိုးဖြစ်သော၊ စီမံခန့်ခွဲ၍ ရနိုင်သော လုပ်ပိုင်ခွင့်များ ရှိနိုင်ပါသည်။ အဆိုပါလုပ်ပိုင်ခွင့်များကို အမြဲတမ်း သို့မဟုတ် ယာယီ ခံစားနိုင်ပြီး အစုအဖွဲ့မှ အခါအားလျော်စွာ ပြန်လည်ညှိနှိုင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းနှင့် အများ သဘောတူညီမှု ရယူခြင်းတို့ ရှိနိုင်ပါသည်။ ၎င်းတို့သည် အချိန်အားဖြင့် တစ်စိတ်တစ်ပိုင်း တိုက်ဆိုင်နေခြင်း၊ ပထဝီဝင်အနေအထားအရ တူညီခြင်းများ ရှိနိုင်ပါသည်။

ဥပမာအားဖြင့် လှည့်လည်သွားလာနေသော ကျေးလက်ဒေသမှ ကျွဲ၊ နွားမွေးမြူသူများသည် စားကျက်မြေများ တွင် ၎င်းတို့၏ တိရစ္ဆာန်များအတွက် ရာသီအလိုက် စားကျက်လွှတ်ထားခွင့်၊ တိရစ္ဆာန်များအတွက် အစားအစာ စုဆောင်းခွင့်၊ အမဲလိုက်ခြင်းအတွက် ရာသီအလိုက် အသုံးပြုခွင့်နှင့် အချို့သော ရေအရင်းအမြစ် ပိုင်ဆိုင်ခွင့်တို့ကို ရရှိနိုင်ပါသည်။ ဤမြေယာ တစ်ခုတည်းပေါ်၌ပင် အချို့သောသူများက သစ်ပင်များကို အသုံးပြုခွင့်နှင့် ထင်းနှင့် ဆေးဖက်ဝင်အပင်များအား အချို့သော အခြေအနေများတွင် ခူးယူ သုံးစွဲ ပိုင်ခွင့်ရှိပါသည်။ သို့ရာတွင် လူအများစုသည် ဤမြေကိုပင် လယ်ယာစိုက်ပျိုးရေးအတွက် အချို့အချိန်များတွင် အသုံးပြုခွင့်ရှိပါသည်။

သုံးစွဲပိုင်ခွင့်အစုအဝေးတွင် အောက်ပါတို့ပါဝင်နိုင်သည်–

- သုံးစွဲပိုင်ခွင့်ရရှိမှု (ဥပမာ၊ လယ်ကွက်ကိုဖြတ်လျှောက်ခွင့် သို့မဟုတ် ဘုန်းကြီးကျောင်း ဘာသာရေး ကျောင်းသို့သွားရန် အသုံးပြုခွင့်)၊ ထုတ်ယူသုံးစွဲခွင့်၊ (ဥပမာ၊ အလေ့ကျပေါက်သစ်ပင်မှ ခူးဆွတ်ရန်) နှင့် အခြားသူပိုင်မြေကို အသုံးပြုခြင်း (ဥပမာ၊ စီးပွားရေးအကျိုးအမြတ်အတွက် အရင်းအမြစ်များ ကို အသုံးပြုရန်)၊
- စီမံခန့်ခွဲမှုခွင့် အပါအဝင် ထိန်းချုပ်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့် (ဥပမာ–သီးနှံစိုက်ပျိုးရန်)၊ ဖယ်ထုတ်ပိုင်ခွင့် (ဥပမာ–အခြားသူများ စားကျက်များသို့ဝင်ရောက်ခြင်းကို တားဆီးရန်) နှင့် သီးခြားသုံးစွဲခွင့် (ဥပမာ– ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချခြင်း) တို့ပါဝင်သည်။ ပိုင်ဆိုင်မှုကို သယံဇာတ အရင်းအမြစ်တစ်ခု အား သီးသန့်ထိန်းချုပ်ပိုင်ခွင့်ဟု မှတ်ယူလေ့ရှိပါသည်။

အဆိုပါအုပ်စုများသည် ၎င်းတို့၏ အများပြည်သူနှင့်သက်ဆိုင်သည့် ဘုံပစ္စည်း လုပ်ပိုင်ခွင့်များကို ခိုင်မာစေရန်နှင့် ပြင်ပ ပုဂ္ဂိုလ် များကို အဆိုပါအရင်းအမြစ်များသုံးစွဲခွင့်မှ ဖယ်ထုတ်ပိုင်ခွင့်မှာ အရေးကြီး သော်လည်း များသောအားဖြင့်ခက်ခဲပြီး အကုန် အကျများနိုင်ပါသည်။ အများပိုင် သယံဇာတ အရင်းအမြစ်များကို သုံးစွဲကြရာတွင် ထုတ်နှုတ်ယူနိုင်ခြင်း သို့မဟုတ် ပြိုင်ဆိုင်မှုများရှိခြင်းတို့ကြောင့် ဤလုပ်ပိုင်ခွင့်သည် အရေးကြီးပါသည်။ ဆိုလိုသည်မှာ အသုံးပြုသူ တစ်ဦးမှ ထုတ်ယူသုံးစွဲနေသော သယံဇာတအစိတ်အပိုင်းများကို အခြားသူများ မရရှိနိုင်ပေ။ အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများဆိုင်ရာ အဓိက လုပ်ပိုင်ခွင့်အစုအဝေးများအပြင် အဆိုပါလုပ်ပိုင်ခွင့်ကို အချိန်ကာလအကန့်သတ်မရှိ ရရှိပိုင်ခွင့်၊ မှန်ကန်သောလုပ်ထုံးလုပ်နည်း ရပိုင်ခွင့်နှင့် လျော်ကြေးရပိုင်ခွင့်တို့ကိုလည်း ဆက်လက်ထည့်သွင်း စဉ်းစားရန် အရေးကြီးပါသည်။ (RRI, 2015/4)။

အများပြည်သူဆိုင်ရာ ဘုံပစ္စည်း လုပ်ပိုင်ခွင့်များအား ရေရှည်တည်တံ့ခိုင်မြဲရေး၊ အကျိုးရှိစွာ အသုံးပြု ရေးနှင့် သာတူညီမျှ အသုံးပြုခွင့်ရရှိစေရေးအတွက် အများပိုင် သယံဇာတအရင်းအမြစ်များကို စောင့်ရှောက်ရန်နှင့် စုပေါင်း လုပ်ဆောင်ရန် တာဝန်ရှိသည်ဟု ဆိုလိုပါသည်။ အရေးကြီးသောအချက်မှာ အဆိုပါ အစုအဖွဲ့သည် အများပိုင်သယံဇာတများကို စုပေါင်း စီမံခန့်ခွဲ၍ ထိန်းချုပ်နိုင်ရန်လိုအပ်ပြီး၊ လုပ်ပိုင်ခွင့်များကို ခွဲဝေချထားပေး ပိုင်ခွင့်ရှိသင့်သည်။ ဆိုလိုသည်မှာ ၎င်းတို့သည် မည်သည့်အရင်းအမြစ် (မည်သည့်အစိတ်အပိုင်း) ကို မည်မျှကြာမြင့်အောင်၊ မည်သည့်အခြေအနေတွင် မည်သူတို့မှ မည်ကဲ့သို့အသုံးပြုနိုင်သည်ကို စုပေါင်းဆုံးဖြတ်၍ အဖွဲ့ဝင်မဟုတ်သူများကို အများပိုင်ပစ္စည်း သုံးစွဲခြင်းမှ ဖယ်ထုတ်နိုင်ပါသည်။ မြေယာအသုံးပြုမှုကို ထိန်းကျောင်းရန်နှင့် မြေယာအခွင့်အရေး ချိုးဖောက်မှုမှကာကွယ်ရန် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာများ၏နယ်နိမိတ်များကိုလည်းသတ်မှတ်ပေးထားရန်ဆိုလိုခြင်းဖြစ်ပါသည်။ နယ်နိမိတ်များကိုအပြီးသတ်မှတ်နိုင်သည် သို့မဟုတ် ပြောင်းလဲနိုင်ပေသည်။ ထို့ပြင် နည်းလမ်းအမျိုးမျိုးဖြင့် လည်း သတ်မှတ်နိုင်ပါသည်။ ဥပမာ– ပထဝီဝင် အကျယ်အဝန်း၊ အသုံးပြုမှုကာလ၊ ကိရိယာအမျိုးအစား၊ ရိတ်သိမ်းရမည့် အရွယ်အစား၊ အဖွဲ့ဝင်များ စသည်တို့ပါဝင်ပါသည်။

နိုင်ငံ၏ ဥပဒေရေးရာအခြေအနေ၊ အာဏာခွဲဝေမှုနှင့် တာဝန်ယူမှုတို့အပေါ်မူတည်ပြီး အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာလုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့် အခြေအနေ အမျိုးမျိုးရှိပါသည်။

- **အများပိုင်ဘုံပစ္စည်းများသည် အများပြည်သူ သို့မဟုတ် နိုင်ငံပိုင်မြေယာများ၊ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ငန်းများ ဖြစ်ပြီး ၎င်းတို့ကို ဒေသခံအစုအဖွဲ့များ (သို့မဟုတ် ရပ်ရွာလူထု အဖွဲ့အစည်း များ) က စုပေါင်းအသုံးပြုပြီး စီမံခန့်ခွဲ ခြင်းမျိုး ဖြစ်နိုင်ပါသည်။** ဤယခုအခါ ဖြစ်စဉ်အများစုတွင် အများပိုင် ဘုံပစ္စည်း များသည် လစ်လပ်နေခြင်း သို့မဟုတ် ပိုင်ရှင်မရှိ ခြင်း သို့မဟုတ် ၎င်းတို့အား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးနယ်မြေကဲ့သို့ အများပြည်သူ ဆိုင်ရာ ဘုံပစ္စည်းအဖြစ် သုံးစွဲခွင့် ပေးထားခြင်း တို့တွင် အငြင်းပွားမှုများ ဖြစ်လာနိုင်သောကြောင့် အစိုးရများအနေဖြင့် အများ ပိုင်မြေယာ၊ ရေလုပ်ငန်း၊ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ငန်းများအား အများပြည်သူပိုင်ပစ္စည်းအဖြစ်ပြဋ္ဌာန်း၍ ကြေညာ ထား ရခြင်းဖြစ် ပါသည်။ သို့သော်လည်း အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများအား ဓလေ့ထုံးတမ်းအရ ရပ်ရွာ အဖွဲ့ အစည်းတစ်ခု သို့မဟုတ် အဖွဲ့အစည်းများစွာတို့မှ အစဉ်အလာအရ ပိုင်ဆိုင်သည် ဆိုသည့်အချက်ကို ပစ်ပယ်လျက် လစ် လျူရှုထားကြပါသည်။ ဤနည်းအားဖြင့် ရပ်ရွာလူထုအဖွဲ့အစည်းများသည် ၎င်းတို့၏ အများပြည်သူဆိုင်ရာ ဘုံပစ္စည်း များနှင့် ပတ်သက်၍ ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများကို တရားဝင် ခုခံကာကွယ်ပိုင်ခွင့် မရှိကြပေ။

  အသုံးပြုသူ အစုအဖွဲ့အမျိုးမျိုးရှိ အဖွဲ့ဝင်များမှ စုပေါင်းလုပ်ဆောင်မှု အားနည်းခြင်း သို့မဟုတ် လုံးဝအရေးယူ ဆောင်ရွက် ခြင်းမရှိပါက ၎င်းတို့အားလုံးသည် အများပိုင်ဖြစ်သော်လည်း တူညီသော အရင်း အမြစ်များ လုပ်ပိုင်ခွင့်ကို ပိုင်ဆိုင် ထားပါက 'မည်သူမဆို ဝင်ရောက်လုပ်ကိုင်နိုင်သည့် အခွင့်အရေးကို ရယူ၍' အသုံးပြုနိုင်ပါသည်။ ဤအခြေအနေ မျိုးတွင် ဓလေ့ထုံးတမ်းဥပဒေ သို့မဟုတ် အသုံးပြုပိုင်ခွင့်ကို စုပေါင်းအုပ်ချုပ်သည့် ရပ်ရွာလူထု အဖွဲ့အစည်းများမှ အသုံးပြုသူ များအကြား ပဋိပက္ခများ စီမံခန့်ခွဲခြင်း၊ သဘောတူညီချက်များ ရယူခြင်း၊ ရေရှည် တည်တံ့ခိုင်မြဲသော အသုံးပြုမှု တိုးမြှင့်ခြင်း၊ အလွန်အမင်း အသုံးပြုခြင်းနှင့် အရည်အသွေးပျက်စီးခြင်းများမှ ကာကွယ်တားဆီးခြင်းတို့ကို အကောင် ထည်ဖော်မှုမရှိခြင်း သို့မဟုတ် အကောင်ထည်ဖော်သော်လည်း ထိရောက်မှုမရှိခြင်း တို့ကိုဖြစ်စေပါသည်။ ထို့ကြောင့် မိမိအကျိုးစီးပွားအတွက် ရည်ရွယ်ဆောင်ရွက်ကြရန် ပိုမိုစိတ်အားထက်သန်လာပြီး အရင်း အမြစ်များကို အလွန်အကျွံ သုံးစွဲခြင်း၊ ပျက်စီးဆုံးရှုံးမှု များပြားခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ဤအချက်ကို Hardin ၏ 'Tragedy of the Commons' (Hardin, 1968) တွင် ညွှန်းဆိုထားပါသည်။ Elinor Ostrom (၁၉၉၀) နှင့် အခြားသူများ၏[၁] ဖော်ပြချက်တွင် အများပိုင် ပစ္စည်းအရင်းအမြစ်များကို စီမံအုပ်ချုပ်ရန် စုပေါင်းလုပ် ဆောင်မှုသည် အလွန်အရေးကြီးကြောင်း ဖော်ပြထား ပါသည်။

၁ အခြားပညာရှင်များဖြစ်သည့် ဥ ပမာ - Bromley et al. (1992), McKean (2000), Agrawal (2003), Dietz, Ostrom နှင့် Stern (2003), Meinzen-Dick နှင့် Dohrn (2006), Mosimane et al. (2012) တို့လည်းပါဝင်ကြပါသည်။

- **အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများသည် ဌာနေတိုင်းရင်းသားလူမျိုးစုများ သို့မဟုတ် ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်စနစ်ရှိသော အခြားလူမှုအသိုင်းအဝိုင်းတို့က ပိုင်ဆိုင်ထားခြင်းဖြစ်နိုင်ပြီး တရားဝင်အသိအမှတ် ပြုထားသည်လည်း ဖြစ်နိုင်ပါသည်။** ဤအခြေအနေတွင် အများပြည်သူဆိုင်ရာ ဘုံ သယံဇာတ အရင်းအမြစ်များကို ရပ်ရွာအခြေပြု သို့မဟုတ် အများပြည်သူ လုပ်ပိုင်ခွင့်စနစ်ဖြင့် စီမံခန့်ခွဲနိုင်ပါသည်။ 'ရပ်ရွာဘုံပိုင်ဆိုင်မှု' ဟူသော ဝေါဟာရသည် စုပေါင်းပိုင်ဆိုင်သည့် အများပြည်သူ ဆိုင်ရာ ဘုံပစ္စည်းများနှင့် တစ်ဦးတည်းပိုင် အရင်းအမြစ်များအပါအဝင် ရပ်ရွာလူထုတစ်ရပ်လုံးပါဝင်သည့် နယ်နိမိတ် သို့မဟုတ် နယ်မြေတစ်ခုလုံးကို ဆိုလိုပါသည်။ အများပိုင် ဘုံပစ္စည်းများသည် တိုင်းရင်းသား လူမျိုးများနှင့် အစဉ်အလာအရ ရပ်ရွာလူမှုအဖွဲ့အစည်းပိုင် နယ်မြေ သို့မဟုတ် နယ်နိမိတ်အတွင်းတွင် တည်ရှိနိုင်သည်။ ဤရပ်ရွာအဖွဲ့အစည်းမှ မတူကွဲပြားသော အဖွဲ့ဝင်များသည် အများပိုင် သယံဇာတ အရင်းအမြစ်များကို စုပေါင်းလုပ်ပိုင်ခွင့်ရရှိသကဲ့သို့နှင့် အခြားသောလုပ်ပိုင်ခွင့် အစုအဝေးကိုလည်းရရှိနိုင်ပါသည်။ အခြေအနေ တစ်ခုတွင် မတူကွဲပြားသော လူမှုအဖွဲ့အစည်းဝင်များက အချို့သော သယံဇာတများနှင့် သုံးစွဲပိုင်ခွင့် အစုအဝေးကို အမြဲတမ်း သို့မဟုတ် ယာယီစုပေါင်း အသုံးပြုနိုင်ရန်အတွက် အခြားလူမှု အဖွဲ့အစည်း အမျိုးမျိုးက ညှိနှိုင်းပေးခြင်း၊ ခွဲဝေချထားပေးခြင်းပြုရန် သဘောတူညီနိုင်ပါသည်။

  သို့သော်လည်း ကိစ္စရပ်များစွာတွင် အစိုးရသည် ပိုင်ဆိုင်မှုနှင့် သက်ဆိုင်သော အခွင့်အာဏာကို ပုံမှန်အားဖြင့် ထိန်းချုပ်ထားပါသည်။ ဤအချက်အရ ယင်းတို့အား အရင်းအမြစ်များ အသုံးပြုသည့်ပုံစံကို ဆုံးဖြတ်ရန် သို့မဟုတ် သစ်ထုတ်လုပ်ခြင်း၊ သတ္တုတူးဖော်ခြင်း၊ စက်မှုလယ်ယာစိုက်ပျိုးရေးနှင့် ရိုးရာအစဉ်အလာအတိုင်း အများပိုင်လယ်ယာများတွင် မွေးမြူရေးခြံများ လုပ်ကိုင်ခြင်းတို့အတွက် စီးပွားဖြစ် အသုံးပြုခွင့်များကို ထုတ်ပေးရန် စသည်တို့အတွက် လုပ်ပိုင်ခွင့်များ ကျော်လွန် ပေးအပ်ထားခြင်းဖြစ်ပါသည်။ အခြားကိစ္စရပ်များတွင် အစိုးရသည် အရေးကြီးသော အများပိုင်အရင်းအမြစ်များကို တရားဝင် အသုံးပြု နိုင်ရေးအတွက် အတားအဆီးဖြစ်စေခြင်းနှင့် ကုန်ကျစရိတ်များ မြင့်တက်စေခြင်း စသည့် အလွန်အကျွံ ထိန်းချုပ်သည့် စီမံခန့်ခွဲခွင့်များ ရရှိထားပါသည်။

- **အစုအဖွဲ့များ (ဥပမာ-သစ်တော အသုံးပြုသူအဖွဲ့များ) သည် အများပြည်သူဆိုင်ရာ ဘုံသယံဇာတ အရင်းအမြစ်များ စုပေါင်း အသုံးပြုမှု စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲရန်၊ စီမံခန့်ခွဲရန်အပြင် အချို့သော သဘာဝသယံဇာတများ ပိုင်ဆိုင်ခြင်းကိုပါ သတ်မှတ်နိုင်ပါသည်။** ထိုအဖွဲ့များသည် သယံဇာတကို စုပေါင်းအသုံးပြု၍ စုပေါင်းထုတ်လုပ်မှုကို အကောင်အထည်ဖော်ရန် သမဝါယမအသင်းတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုကိုလည်း ထူထောင်နိုင်ပါသည်။ ဤအများပိုင် ဘုံသယံဇာတများသည် အထက်တွင် ဖော်ပြထားသည့် ပထမဆုံးအချက်နှစ်ချက်၏ အရေးကြီး အခြေအနေများနှင့်လည်း သက်ဆိုင်နိုင်ပါသည်။

အများပြည်သူဆိုင်ရာ ဘုံသယံဇာတ အရင်းအမြစ်များအား လုပ်ပိုင်ခွင့်ခိုင်မာစေရန်နှင့် ဘုံသယံဇာတ အရင်း အမြစ်များ ရေရှည်တည်တံ့မှုအတွက် လိုအပ်သည့် စုပေါင်းလုပ်ဆောင်ခြင်းအား ပံ့ပိုးနိုင်ရန် ၎င်းအရင်း အမြစ်များကို စီမံခန့်ခွဲရာတွင် ဒေသခံအစု အဖွဲ့များကိုဖြစ်စေ၊ ရပ်ရွာလူထုအဖွဲ့အစည်းများကိုဖြစ်စေ ရပိုင်ခွင့်နှင့် တာဝန်များကို လွှဲအပ်ပေးရန်နှင့် ၎င်း တို့၏ စုပေါင်းလုပ်ပိုင်ခွင့်များကို အသိအမှတ်ပြုရန်၊ အထူးအရေးကြီးပေသည်။ (အများပိုင်ဘုံ ပစ္စည်းများလုပ်ပိုင်ခွင့်သည် အဘယ်ကြောင့် အရေးကြီးသည်ကို အခန်း ၂.၂ ၏ စာပိုဒ်တွင် တွေ့ရှိနိုင်သည်။) ထို့ကြောင့် ဥပဒေပြုရေးနှင့် ဥပဒေကို အကောင်အထည်ဖော်ရေး တို့အတွက် စိန်ခေါ်မှုမှာ အများပိုင်ဘုံပစ္စည်းများ၏ လုပ်ပိုင်ခွင့်အစုအဝေးတို့၏ ခက်ခဲနက်နဲမှု၊ မတူကွဲပြားမှုနှင့် လိုက်လျောညီထွေရှိမှုများကိုပါ ထည့်သွင်းစဉ်းစားပေးရန်ဖြစ်သည့်အပြင် အဆိုပါအခွင့်အရေးများကို စီမံခန့်ခွဲ နိုင်ရေး အတွက် အစုအဖွဲ့များ သို့မဟုတ် ရပ်ရွာလူထုအဖွဲ့အစည်းများ၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရား များကို အသိအမှတ်ပြု ရန် ဖြစ်ပါသည်။

## ၂။ ရပ်ရွာလူထုအဖွဲ့အစည်းဟူသည်မှာ။

**အစုအဖွဲ့ဖြစ်စေ၊ "ရပ်ရွာလူထုအဖွဲ့အစည်း" တစ်ခုဖြစ်စေ ဖွဲ့စည်းသည်ဆိုသည်တွင် နေရာဒေသအရ လည်းကောင်း၊ အခြေအနေနှင့် အရင်းအမြစ်၏ သဘောသဘာဝများအရလည်းကောင်း ကွဲပြားခြားနားမှု ရှိနိုင်ပါသည်။ ဤလမ်းညွှန်စာအုပ်၏ ရည်ရွယ်ချက်တွင် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ထားသည်မှာ ရပ်ရွာလူထုအဖွဲ့အစည်း တစ်ခုဆိုသည်မှာ ခက်ခဲနက်နဲသည့် လူမှုရေးနှင့် ပထဝီဝင်ဆိုင်ရာ နယ်မြေဒေသတစ်ခုတွင် တူညီသော ဘုံရည်မှန်းချက်ရှိသည့် မတူညီသောအဖွဲ့ဝင်အမျိုးမျိုးပါဝင်သည့် အဖွဲ့အစည်းတစ်ခုဟု နားလည်နိုင်ပါသည်။** ဥပမာအားဖြင့် အဖွဲ့ဝင်များသည် တူညီသောကျွမ်းကျင်မှုတစ်ခု ရှိနိုင်ပါသည်။ ၎င်းတို့မှာ လူမျိုးရေး သို့မဟုတ် ဘာသာရေးအုပ်စုနှင့်ဆက်နွယ်မှု၊ တူညီသည့်သမိုင်းကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ဝိသေသ လက္ခဏာ သို့မဟုတ် အမျိုးအနွယ်၊ သဘာဝသယံဇာတများကိုရယူသုံးစွဲခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ အခွင့်အာဏာ၊ ဘုံစံနှုန်း များ သို့မဟုတ် စည်းမျဉ်းများ၊ လက်ရှိနှင့် ယခင်အခြေချနေထိုင်သည့် နေရာများအတွက် ဘုံခိုနားရာနေရာများ၊ ဘုံ

အသုံးပြုမှု တစ်ခု သို့မဟုတ် နယ်မြေတစ်ခု သို့မဟုတ် ပထဝီဆိုင်ရာအကျယ်အဝန်းတစ်ခုတွင် နေထိုင်ခြင်း၊ ... သို့မဟုတ် ဤအရာများကိုပေါင်းစပ်ထားခြင်းလည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ရပ်ရွာအဖွဲ့အစည်းတစ်ခုသည် ဥပမာ အားဖြင့် ကျေးရွာတစ်ရွာ သို့မဟုတ် ကျေးရွာအုပ်စုတစ်ခု၊ ကျေးရွာအတွင်းရှိ လူပုဂ္ဂိုလ်များ၊ မိသားစုတစ်စု သို့မဟုတ် ကွဲပြားခြားနားသော အသုံးပြုသူ အုပ်စုများဖြစ်နိုင်ပါသည်။ (ဥပမာ၊ ရွှေ့ပြောင်းသွားလာနေသော ကျေးလက်ဒေသမှ တိရိစ္ဆာန်မွေးမြူသူများ၊ အခြေချနေထိုင်သော လယ်သမားများ) ရပ်ရွာအဖွဲ့အစည်းတစ်ခုကို ဓလေ့ထုံးတမ်းအရ သို့မဟုတ် အမျိုးအနွယ်အရ သတ်မှတ် ခြင်း သို့မဟုတ် သယံဇာတအသုံးပြုမှု သို့မဟုတ် သီးခြား လုပ်ပိုင်ခွင့်ပုံစံများ (ဥပမာ၊ ငါးဖမ်းလုပ်ငန်း) အရ ၎င်းတို့ကိုယ်တိုင် သတ်မှတ်နိုင်ပါသည်။ အခြားကိစ္စရပ်များတွင် ရပ်ရွာအဖွဲ့အစည်းတစ်ခုအား အုပ်ချုပ်ရေးဥပဒေ (ဥပမာကျေးရွာများကိုဒေသန္တရအစိုးရအဖွဲ့များအဖြစ်) ဖြင့် သတ်မှတ်နိုင်ပါသည်။

**ရပ်ရွာအဖွဲ့အစည်းတစ်ခု၏ လူမှုရေးနှင့် ပထဝီဝင်ဆိုင်ရာ နယ်နိမိတ်များသည် ပြောင်းလဲနိုင်ချေရှိခြင်း၊ ပြန်လည် ညှိနှိုင်းခြင်းနှင့် အချိန်ကြာလာသည်နှင့်အမျှ ဒေသအခြေနေအရ အလိုက်သင့်ပြောင်းလဲလာခြင်းတို့ဖြစ်နိုင်ပါသည်။** အချို့သော နယ်နိမိတ် များသည် လူနေအိမ်ခြေနှင့် ဝေးလံခေါင်သီသည့် ဒေသများဖြစ်သောကြောင့် အဆိုပါဒေသများကို အကြမ်းအားဖြင့် သစ်တော ဧရိယာများအဖြစ်သာ သတ်မှတ်နိုင်ပြီး၊ ၎င်းတို့အခြေချ နေထိုင်ကြသည့် လက်ရှိအသုံးပြုနေသော အဓိကနေရာများကိုလည်း ရှင်းလင်းတိကျသော နယ်နိမိတ်များအဖြစ် သတ်မှတ်ထားခြင်းမရှိသေးပေ။ ထို့ကြောင့် လုပ်ပိုင်ခွင့်ရထားသူများကိုယ်တိုင်သည် ၎င်းတို့၏ အစုအဖွဲ့ပိုင် ရပ်ရွာနယ်နိမိတ်များနှင့် အဖွဲ့ဝင်များကို ကောင်းစွာ သိသော်လည်း အဆိုပါနယ်နိမိတ်များသည် ပြင်ပလူများအတွက် မသဲကွဲမပီပြင် ဖြစ်နေပုံရလိမ့်မည်။ ထို့အပြင် ရပ်ရွာအဖွဲ့အစည်း၏ လူမှုရေးဆိုင်ရာ နယ်နိမိတ်များကို အလွယ်တကူသတ်မှတ် ထိန်းသိမ်းထားနိုင်သော်လည်း ၎င်းရပ်ရွာအဖွဲ့အစည်း၏ ဖွဲ့စည်းပုံသည် လူများ မွေးဖွားလာခြင်း၊ သေဆုံးသွားခြင်း၊ အိမ်ထောင်ပြုခြင်း သို့မဟုတ် ရွှေ့ပြောင်းသွားခြင်း တို့ကြောင့် အပြောင်းအလဲရှိနိုင်ပါသည်။

**ရပ်ရွာအဖွဲ့အစည်းသည် စဉ်ဆက်မပြတ်ပြောင်းလဲလျက်ရှိသည်။** ကိစ္စရပ်များစွာတို့တွင် ရပ်ရွာအဖွဲ့ အစည်းသည် အများပိုင်ဘုံပစ္စည်းများကို ရေရှည်တည်တံ့ခိုင်မြဲ၍ အများအားလုံးပါဝင်သောပုံစံဖြင့် တရားဝင်သတ်မှတ် ထားသည့် တာဝန် ယူမှုရှိသော ခေါင်းဆောင်မှုဖြင့် ထိန်းကျောင်းသည့် **လူမှုရေးဆိုင်ရာ တသားတည်းဖြစ်သည့် အဖွဲ့အစည်း တစ်ရပ်အဖြစ် ရှင်းရှင်းလင်းလင်း သတ်မှတ်ခံထားရလေ့မရှိပါ။ သို့သော်လည်း အဆိုပါ ရပ်ရွာအဖွဲ့ အစည်း၏ လူမှုစီးပွားရေး မညီမျှမှုနှင့် လုပ်ပိုင်ခွင့်အာဏာ မညီမျှမှုအစရှိသည့် ထူးခြားချက်များကို သာဖော်ပြလေ့ ရှိပါသည်။** အပြန်အလှန်ဆက်နွယ်နေသော လူမှုစီးပွားရေးလမ်းကြောင်း (၃) ခုသည် ပြောင်းလဲမှုဖြစ်စဉ်များကို အရှိန်အဟုန်မြှင့်တင်စေပြီး ၎င်းပြောင်းလဲမှုများမှာ ရွှေ့ပြောင်းခြင်းနှင့် အခြေချနေထိုင်ရာ တစ်နေရာမှတစ်နေရာသို့ ချိတ်ဆက်ကူးပြောင်းခြင်း၊ အဖွဲ့အစည်း စည်းလုံး ညီညွတ်မှုအပေါ်အခြေခံပြီး ဝမ်းစာစီးပွားရေးမှသည် တစ်ဦးတည်းပိုင်နှင့် အကျိုးအမြတ်ရှာသော စီးပွားရေးသို့ တစ်ဖြည်းဖြည်း ဦးတည်ပြောင်းလဲခြင်း၊ ဓလေ့ထုံးတမ်း ဆိုင်ရာ အဖွဲ့အစည်းများအား ဒေသဆိုင်ရာ အစိုးရအဖွဲ့များဖြင့် အစားထိုးခြင်း အပါအဝင် အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းများအား တရားဝင် ဖြစ်စေခြင်း တို့ဖြစ်ပါသည်။ **ဤအခြေအနေတွင် သဘာဝအရင်း အမြစ်များအား စီမံခန့်ခွဲရာ၌ ဒေသခံများ၏ ကိုယ်ပိုင်စီမံခန့်ခွဲမှု အရေးပါသည်ကို အသိအမှတ်ပြုပြီး ပွင့်လင်းမြင်သာ၍ အားလုံးပါဝင်သည့် လုပ်ငန်းစဉ်များအပါအဝင် အားလုံးပါဝင်မှု၊ တရားမျှတမှုနှင့် ရေရှည်တည်တံ့သော အကျိုး ကျေးဇူးများကို ပံ့ပိုးလျက် အများပြည်သူ ဆိုင်ရာဘုံပစ္စည်း များအတွက် လူထုအခြေပြု အုပ်ချုပ်မှုစနစ်၏ လက်တွေ့ကျသော အယူအဆကို ရရှိရန် အထူးအရေးကြီးပါသည်။**

## ၃။ မတူညီသော ဥပဒေရေးရာစနစ်အမျိုးမျိုး

**နိုင်ငံများစွာတွင် အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများအား မတူညီသော ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့် စနစ်များမှတစ်ဆင့် စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းချုပ်ကြပါသည်။** ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့် ဆိုသည်မှာ အချိန်နှင့် အသုံးပြုပုံနှင့် အမျှ ပြောင်းလဲလာသော စံနှုန်းများ၊ စည်းမျဉ်းများ၊ အဖွဲ့အစည်းများ၊ လိုက်နာ ကျင့်သုံးမှုများနှင့် လုပ်ထုံးလုပ်နည်းများပါဝင်သည့် ဒေသအလိုက် ဆင်းသက်လာသည့်စနစ်ကို ဆိုလိုပါသည်။ ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်စနစ်များသည် လူမှုဆိုင်ရာ တရားဝင်လက်ခံနိုင်မှုကိုရရှိခဲ့ပြီး ဒေသခံလူမှု အဖွဲ့အစည်းများက ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်စနစ်များကို ညှိနှိုင်းခြင်း၊ အဆက်မပြတ်ဆောင်ရွက်ခြင်းနှင့် ပြောင်းလဲခြင်းတို့ကို ပြုလုပ်ကြပါသည်။ ဓလေ့ထုံးတမ်း စနစ်များကို ရိုးရာအစဉ်အလာအရ ဖြစ်စေ၊ ဌာနေတိုင်းရင်းသား လူမျိုးများမှဖြစ်စေ ရရှိလာနိုင်ပြီး၊ ယင်းတို့ကို ဒီမိုကရေစီနည်းလမ်းအရဖြစ်စေ၊ အဆင့်ဆင့် အာဏာပိုင်စနစ်အရဖြစ်စေလည်း ရရှိနိုင်ပါသည်။ ထို့အတူ ၎င်းတို့သည် နယ်စပ်များနှင့် အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်များကို ဖြတ်ကျော်တည်ရှိနိုင်သကဲ့သို့ နိုင်ငံတစ်နိုင်ငံအတွင်း၌ပင် ကွဲပြားသောစနစ်များလည်း ရှိနိုင်ပေသည်။ ဓလေ့ထုံးတမ်းဆိုင်ရာ အုပ်ချုပ်မှုစနစ်များသည် အများအားလုံးပါဝင်နိုင်မှု၊ တာဝန်ယူတာဝန်ခံမှုတို့ အစဉ်အမြဲမရှိနိုင်ယုံသာမက တစ်ခါတစ်ရံတွင်

ကျား၊ မရေးရာဆိုင်ရာ မညီမျှမှုများ မြင့်တက်လာတတ်ပြီး ဒေသခံ အထက်တန်းလွှာ လူတန်းစားများ၏ အကျင့်ပျက်ခြစားမှုများလည်း ရှိနိုင်ပါသည်။ ၎င်းတို့သည် မကြာခဏ တိုးလျှော့ ပြောင်းလဲလွယ်တတ်ကြပြီး နိုင်ငံရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေ ပြောင်းလဲသည်နှင့်အညီ စဉ်ဆက်မပြတ် တိုးတက်ပြောင်းလဲနေပေသည်။ နိုင်ငံအများပြားတွင် ယင်းတို့သည် အသင့်လျော်ဆုံးသော တရားဝင်စနစ်များလည်း ဖြစ်ကြပေသည်။ ခန့်မှန်းတွက်ချက်မှုအရ ကမ္ဘာတစ်ဝှမ်းရှိ လူဦးရေ တစ်ဘီလီယံခွဲခန့်သည် ဓလေ့ထုံးတမ်းစနစ်များမှတစ်ဆင့် ၎င်းတို့၏ မြေယာပိုင်ဆိုင်မှုများနှင့် ပတ်သက်သည့် လုပ်ဆောင်ချက်များ ပြုလုပ်ကြပါသည်။ (CLEP, 2008; Alden Wily, 2011b / 7) ။

**သို့သော်လည်း ကိစ္စရပ်အများအပြားတွင် ဤဓလေ့ထုံးတမ်းစနစ်များကို တရားဝင် အသိအမှတ်ပြုခြင်းနှင့် ပြဋ္ဌာန်းဥပဒေများတွင် ထည့်သွင်းသတ်မှတ်ခြင်း မပြုနိုင်ဘဲ အတိုင်းအတာ တစ်ခုအထိသာ ထည့်သွင်းခြင်းတို့ ပြုလုပ်ကြပေသည်။** ပြဋ္ဌာန်းဥပဒေဆိုသည်မှာ နိုင်ငံတစ်ခုခုက ပြဋ္ဌာန်းသတ်မှတ် ထားသော ဥပဒေကို ဆိုလိုပါ သည်။ ပြဋ္ဌာန်းဥပဒေစနစ်များသည် ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများအား အသိအမှတ်ပြုသည့်တိုင် ယင်းစနစ်များသည် ကျင့်သုံးရန်ကုန်ကျစရိတ် မြင့်မားသောကြောင့် ဒေသခံပြည်သူများအနေဖြင့် များသောအားဖြင့် လက်လှမ်းမှီမှု မရှိနိုင်ပေ။ (ဥပမာ၊ တရားရုံးများသို့သွားရောက်ရခြင်း)၊ အထက်တန်းလွှာ များကိုဖမ်းဆီးခြင်း၊ ဗျူရိုကရေစီယန္တရားဆိုင်ရာ အတားအဆီးများ၊ ဥပဒေများကို အကောင်အထည်ဖော်ရန်နှင့် ပြဋ္ဌာန်းရန် အစိုးရတွင် လုံလောက်သော စွမ်းရည်မရှိခြင်းနှင့် ဒေသဆိုင်ရာလူမှုတန်ဖိုးများနှင့် အလေ့အကျင့် များကို ထင်ဟပ်ကျင့်သုံးမှု မရှိခြင်း တို့ကြောင့်ဖြစ်ပါသည်။

ဤအခြေအနေများကြောင့် ပြဋ္ဌာန်းဥပဒေစနစ်နှင့် ဓလေ့ထုံးတမ်းဥပဒေဆိုင်ရာစနစ်များအပြင် အချို့သော ကိစ္စရပ်များတွင် ဘာသာရေးဆိုင်ရာ ဥပဒေစနစ်များသည် တစ်ခုနှင့်တစ်ခု ထပ်နေသောဥပဒေများဖြစ်နေပြီး ကွဲလွဲမှုများလည်း ရှိနိုင်ပါသည်။ ၎င်းသည် အများပြည်သူဆိုင်ရာ ဘုံ ပစ္စည်းအား များပြားသော အုပ်ချုပ်မှုစနစ် သို့မဟုတ် စနစ်နှစ်ခုနှင့်အညီ ဆောင်ရွက်ရခြင်း တို့ဖြစ်ပေါ်စေပါသည်။ အခြားအချက်တစ်ခုမှာ အင်အားကြီး သူများက ၎င်းတို့၏ ကိုယ်ကျိုးစီးပွားနှင့် အံဝင်ခွင်ကျအဖြစ်ဆုံး တရားရေးစနစ်အား ရွေးချယ်ခြင်း (Forum shopping) ကဲ့သို့ ဆိုးကျိုးသက်ရောက်မှု ဖြစ်စေပါသည်။ **အဆိုပါကိစ္စရပ်အတွက် စိန်ခေါ်မှုတစ်ရပ်မှာ ဓလေ့ထုံးတမ်းနှင့် ပြဋ္ဌာန်းထားသော စနစ်များကို ပေါင်းစပ်နိုင်ရေးအတွက် သင့်လျော်သော နည်းလမ်းများ ကို ရှာဖွေရမည်ဖြစ်သည့်အပြင် လမ်းညွှန်ချက်များတွင် ဖော်ပြထားသည့်အတိုင်း တာဝန်ရှိသော စီမံခန့်ခွဲမှုအတွက် အခြေခံမှုများကို ဖြည့်ဆည်းနိုင်ရေးနှင့် အကောင်အထည်ဖော်နိုင်ရေးတို့အတွက် အထက်ဖော်ပြပါ နှစ်မျိုးလုံးအား ပြုပြင်ပြောင်းလဲရန် လိုအပ်သည်ဟု အသိအမှတ်ပြုရန် ဖြစ်ပါသည်။** (ဤလမ်းညွှန်စာအုပ်၏ အခန်း ၂.၃လမ်းညွှန်ချက် ရှိ § 3B တွင် ကြည့်ရှုပါ)။

## ၂.၂။ အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများ၏ လုပ်ပိုင်ခွင့် ခိုင်မာစေရန် လုပ်ဆောင်သင့်သည့် အကြောင်းရင်း။

၁။ **စားနပ်ရိက္ခာဖူလုံမှု၊ အသက်မွေးဝမ်းကျောင်းမှု၊ ယဉ်ကျေးမှုဝိသေသများနှင့် သာယာဝပြောမှုတို့ ရရှိခံစား နိုင်ရန် အများပိုင်ဘုံပစ္စည်းများသည် လူအများစုအတွက် အထူးအရေးကြီးပါသည်။** ၎င်းတို့သည် ခက်ခဲကြပ်တည်းသော အချိန်များတွင် အထူးသဖြင့် ချို့တဲ့သောအိမ်ထောင်စုများနှင့် ဘေးဖယ်ခံအုပ်စုများ အတွက်သော်လည်းကောင်း၊ အမျိုးသမီးများ၊ မြေယာမဲ့သူများနှင့် မိမိတို့ကိုယ်တိုင် ရပ်တည်ရန် မြေယာအလုံအလောက် မရှိသူများအတွက်သော် လည်းကောင်း အထောက်အကူပြု ကယ်တင်နိုင်သည့် အရင်းအမြစ် တစ်ခုဖြစ်ပါသည်။ ယင်းတို့သည် ထင်း၊ အစားရေစာ၊ ငါး၊ သစ်သီးများနှင့် ဆေးဝါးများ ကဲ့သို့သော ထွက်ကုန်များကို တိုက်ရိုက်ရရှိနိုင်ပြီး အရင်းအမြစ်များကို အသေးစား စီးပွားဖြစ် အသုံးပြုခြင်းဖြင့် ဝင်ငွေတိုးလာစေရေးအတွက် အကြောင်းအရင်း တစ်ခုဖြစ်ပါ သည်။ တစ်ချိန်တည်းမှာပင် ၎င်း တို့သည် တန်းတူညီမျှရှိမှု၊ တရားမျှတမှုနှင့် လူမှုဆိုင်ရာတည်ငြိမ်မှု၊ ယဉ်ကျေးမှုဆိုင်ရာ ဝိသေသလက္ခဏာများနှင့် ဘာသာရေးဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များအတွက် အလွန်တန်ဖိုးရှိပါသည်။ ၎င်းတို့သည် အရေးကြီးသော ဒေသ ဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ဂေဟာစနစ်ဝန်ဆောင်မှုများကို ထောက်ပံ့ပေးပါသည်။ ဥပမာအားဖြင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေး၊ မြေအောက်ရေအား ပြန်လည်အားဖြည့်ခြင်း၊ ရေတိမ်ရေဝပ်ခြင်းမှ ကာကွယ်ခြင်းနှင့် မြေဆီလွှာ တိုက်စားခြင်းကို ကာကွယ်ခြင်း တို့အား ပံ့ပိုးပေးခြင်း ဖြစ်ပါသည်။ အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများကို “လစ်လပ် နေသော စွန့်ပစ်နေရာများ”၊ ရှေးဟောင်းနေရာ သို့မဟုတ် ခေတ်နောက်ပြန်စနစ်များဖြစ်သည်ဟု ခေါ်ဆိုကြ သည်မှာ မှန်ကန်မှုမရှိပေ။ ယင်း အများပြည်သူဆိုင်ရာ ဘုံပစ္စည်းတို့သည် ကမ္ဘာတစ်ဝှမ်းရှိ လူအများ၏ အသက်မွေးဝမ်း ကြောင်း မှုဆိုင်ရာ အခြေခံများဖြစ်ပြီး အဆိုပါလူအများ၏ ဘုံပစ္စည်းလုပ်ပိုင်ခွင့်များကို တရားဝင် အသိအမှတ်ပြုရန်နှင့် သဘာဝ အရင်းအမြစ်များ

ရောင်းချရန် အပြိုင်အဆိုင်ရယူမှုများနှင့် ကျူးကျော်ဝင်ရောက်ခြင်းတို့မှ ကာကွယ်ရန်လိုအပ်ပါ သည်။ အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများသည် မြေယာသိမ်းဆည်းမှုကြီးများနှင့် စီးပွားဖြစ်ရောင်းဝယ်မှုများပြုလုပ်ရန် အဓိကပစ်မှတ်ဖြစ်လေ့ရှိပြီး အကျိုးဆက်အနေဖြင့် ဒေသခံများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ကန့်သတ် ခြင်း၊ လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ခြင်း၊ သယံဇာတများပျက်စီး ယိုယွင်းလာခြင်းနှင့် အလွန်အကျွံ ထုတ်ယူ သုံးစွဲခြင်း၊ ဒေသခံအသုံးပြုသူများကို ဖယ်ထုတ်ခြင်း နှင့်/သို့မဟုတ် စီးပွားရေးအရ ရွှေ့ပြောင်းနေရာ ချထားခြင်းစသည့် ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေပါသည်။ ဆင်းရဲဒုက္ခရောက်သူများနှင့် အရင်းအမြစ် အသုံးပြုသည့် အားနည်းသူများသည် အလွယ်တကူနှင်ထုတ်ခံရဆုံးသူများ ဖြစ်ကြပေသည်။

၂။ **အများပိုင် ဘုံပစ္စည်းလုပ်ပိုင်ခွင့်များသည် လူ့အခွင့်အရေးများနှင့် ခွဲခြား၍မရနိုင်သောကြောင့် လူ့အခွင့် အရေးများအကောင်အထည်ဖော်ရတွင်လည်း ထည့်သွင်းရမည်ဖြစ်ပါသည်။** နိုင်ငံအများ သည် ဥပမာ အားဖြင့် စားနပ်ရိက္ခာရပိုင်ခွင့်နှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် တို့ပါရှိသည့် ဥပဒေအရ ချည်နှောင်မှု ရှိသည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICESCR) ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့် ကြေညာစာတမ်းများကို လက်မှတ်ရေးထိုးခဲ့ ကြပေသည်။ နိုင်ငံများက သဘောတူလက်မှတ်ရေးထိုးထားသည့် အခြားအပြည်ပြည်ဆိုင်ရာ စာချုပ်များဖြစ်သည့် လူမျိုးရေးအရ ခွဲခြားဆက်ဆံမှုပုံစံအမျိုးမျိုး ပပျောက် ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICERD) နှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (CEDAW) စသည်တို့တွင် တန်းတူညီမျှမှုရှိရေးနှင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ နိုင်ငံများအနေဖြင့် အများပိုင်ဘုံပစ္စည်းများဖြစ်သည့် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ငန်းများနှင့်စပ်ဆိုင်သည့် အဆိုပါအခွင့်အရေးများကို လေးစားလိုက်နာရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းကျင့်ရန် တာဝန်ရှိပါသည်။ လမ်းညွှန်ချက်များသည် တည်ဆဲ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအပေါ် အခိုင်အမာ အခြေခံ၍ အထူးသဖြင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR)၊ ဌာနေတိုင်းရင်းသားများနှင့် တိုင်းရင်းသား လူမျိုးစုများနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း (ILO) ကွန်ဗင်းရှင်းအမှတ် ၁၆၉၊ ဇီဝမျိုးစုံမျိုးကွဲပြားဆိုင်ရာကွန်ဗင်းရှင်း (CBD)၊ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း (UNDRIP) နှင့် အခြားလူ့အခွင့်အရေးစာချုပ်များကို အကိုးအကား ပြုထား ပါသည်။

၃။ **အကယ်၍ အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများကို စုပေါင်း၍ ထိရောက်စွာ စီမံခန့်ခွဲမည်ဆိုပါက အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။** အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများ၏ လုပ်ပိုင်ခွင့် အမျိုးမျိုးရှိခြင်းနှင့် အချို့သောထပ်နေသည့် လုပ်ပိုင်ခွင့်များ၏ ခက်ခဲရှုပ်ထွေးမှုကြောင့် တစ်သီးပုဂ္ဂလဆိုင်ရာ လူမှုအသိုက် အဝန်းနှင့် စီးပွားရေးပုံစံဆီသို့ တဖြည်းဖြည်း ပြောင်းလဲလာရာ မူဝါဒချမှတ်သူများနှင့် သိပ္ပံပညာရှင်များ သည် တစ်သီးပုဂ္ဂလ ပိုင်ဆိုင်မှုအခွင့်အရေးများကို အားပေးတိုက်တွန်းလာပါသည်။ အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများလုပ်ပိုင်ခွင့် စနစ်တွင် အကန့်အသတ်များရှိကြောင်း တင်ပြခြင်းဖြင့် တစ်ဦးတည်းပိုင်စနစ်၏ မြင့်မားသော အကျိုးကျေးဇူးများကို ရပ်ရွာလူထု အသိုင်းအဝိုင်းများက ယုံကြည်လက်ခံလာနိုင်ပါသည်။ သို့ရာတွင် ဤနည်းလမ်းသည် အများပြည်သူဆိုင်ရာဘုံပစ္စည်းများ လုပ်ပိုင်ခွင့်၏ ခက်ခဲသော အခြေအနေကို ရိုးရှင်းလွန်းစွာဖော်ပြခြင်းကြောင့် ပိုမိုရှုပ်ထွေးစေပြီး တရားဝင် လုပ်ပိုင်ခွင့်ရှိသူများအနေဖြင့် ဘုံအရင်းအမြစ်များကို အသုံးပြုရန်နှင့် စီမံခန့်ခွဲရန် အားနည်း လာနိုင်ပါသည်။ မိသားစုနှင့်တစ်ဦးတည်းပိုင် မြေယာပိုင်ဆိုင်မှုသည် ယခင်က အများပိုင်ဘုံပစ္စည်းအဖြစ် စီမံခန့်ခွဲခဲ့သော အရင်းအမြစ် များကို အများအားဖြင့် ကာကွယ်နိုင် စွမ်းမရှိခဲ့ကြပေ။ ထို့ပြင် တစ်ဦးတည်းပိုင် မြေကွက်များအဖြစ် ခွဲခြားထားခြင်းမရှိဘဲ အချို့သော အရင်းအမြစ်များအား စုပေါင်းစီမံခန့်ခွဲမှုပြုလျှင် ပိုမိုထိရောက်၍ အကျိုးရှိသော နည်းလမ်းဖြင့် စီမံခန့်ခွဲနိုင်ပါသည်။ ၎င်းတို့သည် အရင်းအမြစ်များကို ကန့်သတ်မထားခြင်း သို့မဟုတ် ၎င်းတို့ကရွှေ့ပြောင်းနေခြင်း (ဥပမာ၊ ငါးဖမ်းလုပ်ငန်း) သို့မဟုတ် ကြီးမားသော လုပ်ကွက်များ၌ အတူတကွစီမံခန့်ခွဲခြင်းဖြင့်သာ အချို့သောထုတ်ကုန်များနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို ဆောင်ရွက် ပေးနိုင်ခြင်းကြောင့်ဖြစ်နိုင်ပါသည်။ (ဥပမာ၊ ကျွဲနွား ထိန်းကျောင်းသူများအတွက် လမ်းကြောင်းများ သို့မဟုတ် ဇီဝမျိုးစုံမျိုးကွဲများအတွက် ဂေဟစနစ်ဆက်သွယ်မှု)။ ဥပမာအားဖြင့် ရေ၊ မြေဆီလွှာများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဒေသတွင်းရာသီဥတုတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် သစ်တောများကို ကြီးမားသော အပိုင်းများအဖြစ်သာ စီမံခန့်ခွဲရန် လိုအပ်ပါသည်။ အဆိုပါကျိုးကြောင်းဆက်စပ်တင်ပြ မှုများသည် ရေကန်များနှင့် အခြားရေအရင်းအမြစ်များအတွက်လည်း အကျုံးဝင်နိုင်ပါသည်။ အများပိုင်သစ်တောမြေ သို့မဟုတ် စားကျက်မြေတစ်ခုအား အလှည့်ကျ အသုံးပြုခြင်းကဲ့သို့ စုပေါင်း၍ စီမံခန့်ခွဲပါက ပိုမိုသင့်လျော်ပြီး ရေရှည် တည်တံ့သည့် စီမံခန့်ခွဲမှုစနစ်များကို အသုံးချနိုင်မည်ဖြစ်ပါသည်။ ဤနည်းလမ်းသည် အထူးသဖြင့် ပျက်စီးလွယ်သော ပတ်ဝန်းကျင်ရှိရင်းမြစ်များ ထုတ်ယူသုံးစွဲခြင်းအတွက် (ဥပမာ၊ ခြောက်သွေ့သော စားကျက်မြေများ) ဆုံးရှုံးနိုင်ချေရှိသည်များကို ပေါင်းစပ်ဆောင်ရွက်သည့်အခါ အထောက်အကူပြုပါသည်။ အရင်းအမြစ်

စနစ်ရှိရာ နယ်မြေတစ်ခုလုံးကိုမျှဝေခြင်းနှင့် သတ်မှတ်ထားသော အချိန်တွင် မည်သည့်နေရာ၌ အဓိကအသုံးပြုမည်ဖြစ်ကြောင်း အတူတကွဆုံးဖြတ်ခြင်းသည် မြေကွက်ကို သီးခြားအုပ်စုများသို့ ခွဲဝေပေး သောကြောင့် အချို့အသုံးပြုသူများအပေါ် ဘေးအန္တရာယ်ကျရောက် စေခြင်းထက် ပိုမိုသင့်လျော် ကောင်းမွန်ပါသည်။ တစ်သီးပုဂ္ဂလပိုင်ဆိုင်မှု အခွင့်အရေးများကို တရားဝင်ပြုလုပ်ခြင်း–ဥပမာ၊ အမျိုးသားနှင့် အမျိုးသမီးတို့အကြားခြားနားမှုကို ဓလေ့ထုံးတမ်းစနစ်များတွင် ထည့်သွင်းခြင်းသည် ကိုဓဥပဒေတစ်ရပ် ပြဋ္ဌာန်း သကဲ့သို့ဖြစ်စေပြီး ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်၏ စီမံခန့်ခွဲရနိုင်မှုကိုလည်း ထိန်းချုပ်စေခြင်း ဖြစ်ပေါ် နိုင်ပါသည်။ ထို့ပြင် စုပေါင်းလုပ်ပိုင်ခွင့်များသည် ဆုံးဖြတ်ချက်အားတစ်ဦးချင်းစီကမဟုတ်ဘဲ ရပ်ရွာလူထုမှသာ ပြုလုပ်နိုင်သောကြောင့် ပြင်ပလူများအား မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများ ရောင်းချခြင်းကို တားဆီးနိုင်မည်ဖြစ်ပါသည်။

၄။ **အများပိုင် ဘုံပစ္စည်းများ၏လုပ်ပိုင်ခွင့် ခိုင်မာစေခြင်းသည် သယံဇာတ အရင်းအမြစ်များရှိရာ သဘာဝပတ်ဝန်းကျင်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အရင်းအမြစ် ထုတ်လုပ်မှုစနစ်တွင် ရင်းနှီးမြှုပ်နှံရန် တွန်းအားပေးနိုင်ပါသည်။** အခြေခံအားဖြင့် ရပ်ရွာလူထုအဖွဲ့အစည်းများသည် ထိုသယံဇာတများကို ဆက်လက်အသုံးပြုရန် စိတ်ဝင်စားကြပါသည်။ ဓလေ့ထုံးတမ်း စနစ်များစွာတွင် မျိုးဆက်များကြား သာတူညီမျှမှုရရှိရေး သမိုင်းအစဉ်အလာ ယုံကြည်မှုသည် အရင်းအမြစ်များ ထိန်းသိမ်းရေးအတွက် ပံ့ပိုးပေးနိုင်ပါသည်။ သို့ရာတွင် အလွန်အကျွံ သုံးစွဲမှုအား ကာကွယ်ရန် လုပ်ပိုင်ခွင့်များ၊ စုပေါင်းလုပ်ဆောင်မှုများနှင့် ခိုင်မာသော ရပ်ရွာလူထုအဖွဲ့အစည်း၏ စီမံအုပ်ချုပ်မှု စနစ်များ တရားဝင်ဖြစ်ရန် လိုအပ်ပါသည်။ (အခန်း ၂.၁ "မည်သူမဆိုဝင် ရောက်အသုံးပြုနိုင်မှု" ပြဿနာ တွင်ကြည့်ပါ။) အထက်ပါ အတိုင်းဆောင် ရွက်ပြီးစီးပါက ရေရှည်တည်တံ့ရေးအတွက်ထိန်းသိမ်း အသုံးပြုရန် အများပိုင်သယံဇာတမှ အကျိုးအမြတ် ခံစားရရှိသူများအား အားပေးနိုးဆော်နိုင်ပါသည်။ လုပ်ပိုင်ခွင့်ရှိသူများအားလုံးမှ အတူတကွ သဘောတူထားသည့် တာဝန်ခံမှုနှင့် ထိန်းချုပ်စစ်ဆေးမှုအတွက် ရှင်းလင်းသော စည်းမျဉ်းများနှင့် ယန္တရားများ လိုအပ်ပါသည်။ သယံဇာတအရင်းအမြစ်ဆိုင်ရာ လုပ်ပိုင်ခွင့်အမျိုးမျိုးအား စီမံခန့်ခွဲရာတွင် ရပ်ရွာလူထု အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်ယူမှု ပိုမိုတိုးတက် စေရန် သာမက အများပိုင်သယံဇာတအရင်း အမြစ်များအား ရေရှည်အသုံးပြုနိုင်သော၊ အားလုံးပါဝင်သည့် အကျိုးရှိသော အသုံးပြုမှု၊ ထိရောက်သော စီမံခန့်ခွဲမှုနှင့် အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများအား ကာကွယ်မှုအစရှိသည့် တာဝန်ဝတ္တရားများ ကိုပါ ထည့်သွင်း လွှဲအပ်သင့်ပါသည်။

## ၂.၃။ အများပြည်သူဆိုင်ရာ ဘုံ ပစ္စည်း၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်များတွင် ဖော်ပြထား သည့် အချက်များ ။

လမ်းညွှန်ချက်များသည် အများပြည်သူဆိုင်ရာ ဘုံသယံဇာတ လုပ်ပိုင်ခွင့်ကို စီမံခန့်ခွဲရာတွင် လိုက်နာရ မည့် အရေးကြီးသော အချက် ငါးချက်ကို ဖော်ပြထားပါသည်။

### ၁။ လုပ်ပိုင်ခွင့်နှင့် အုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်မှုများအားလုံးသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး တာဝန်ဝတ္တရားများနှင့် ကိုက်ညီမှုရှိစေခြင်း။

လမ်းညွှန်ချက်များသည် မိမိဆန္ဒအလျောက်လိုက်နာနိုင်သော သဘောသဘာဝရှိသော်လည်း လက်ရှိတည်ဆဲ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများတွင် အခိုင်အမာ အခြေပြုထားခြင်းကြောင့် အရေးပါသော ဥပဒေ ဆိုင်ရာ ထူးခြားသည့် ဝိသေသများပါရှိပါသည်။ အဆိုပါလမ်းညွှန် ချက်များ ချမှတ်နိုင်ရေးအတွက် အစိုးရများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တောင်သူလယ်သမား လှုပ်ရှားမှုနှင့် ပုဂ္ဂလိကကဏ္ဍ တို့အကြား မကြုံစဖူး အားလုံးပါဝင်သည့် ညှိနှိုင်းဆွေးနွေးမှု လုပ်ငန်းစဉ်များကို ၃ နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံမှုကော်မတီ (CFS) က တညီတညွတ် တည်း လက်ခံအတည်ပြုပေးခဲ့ခြင်း ဖြစ်ပါသည်။ "အစိုးရများအနေဖြင့် လုပ်ပိုင်ခွင့်နှင့် ၎င်းတို့အားစီမံခန့်ခွဲရေးဆိုင်ရာ လုပ်ဆောင်မှုများအားလုံးသည် တည်ဆဲ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများအရထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများနှင့် ကိုက်ညီမှုရှိစေရန်အလို့ငှာ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာစာချုပ်များအရ မိမိဆန္ဒအလျောက် လိုက်နာနိုင်သော ကတိကဝတ်ပြုမှုများနှင့် ကိုက်ညီမှုရှိစေသင့်သည်" ဟု လမ်းညွှန်ချက်များတွင် ထပ်ခါတလဲ ဖော်ပြပါ ရှိပါသည်။ (ဥပမာ §§ ၄.၂၊ ၄.၃၊ ၉.၃)။ ဥပမာအားဖြင့် လမ်းညွှန်ချက်များသည် ကမ္ဘာ့လူ့အခွင့် အရေးကြေညာစာတမ်း (UDHR)၊ ဌာနေတိုင်းရင်းသား

များနှင့် တိုင်းရင်းသားလူမျိုးစုများနှင့် ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း (ILO) ကွန်ဗင်းရှင်းအမှတ် ၁၆၉၊ ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း (UNDRIP) နှင့် ဇီဝမျိုးစုံမျိုးကွဲပြားဆိုင်ရာကွန်ဗင်းရှင်း (CBD) တို့ကို ရည်ညွှန်းထားပါသည်။ ၎င်းတို့တွင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (CEDAW)၊ ပွင့်လင်းမြင်သာမှုနှင့် အစိုးရ၏ ဂုဏ်သိက္ခာရှိမှုစံနှုန်းများနှင့်ကိုက်ညီသော အဂတိ လိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (UNCAC) နှင့် လွတ်လပ်၍ ကြိုတင်အသိပေးရယူထား သောခွင့်ပြုချက် (FPIC)နှင့်စပ်လျဉ်း၍ လူ့အခွင့်အရေး ဆိုင်ရာခုံရုံးများ သတ်မှတ်သော တရားမျှတမှုစံနှုန်းများ ပါဝင်ပါသည်။

ပထမဦးဆုံးအနေဖြင့် လမ်းညွှန်ချက်များတွင် အစိုးရများ၏ တာဝန်ဝတ္တရားများကို ဖော်ပြထားသည့်အပြင် "လယ်သမားများနှင့် အသေးစား လုပ်ငန်းထုတ်လုပ်သူများ၊ ငါးဖမ်းသူများနှင့် သစ်တောသုံးစွဲသူများနှင့် သက်ဆိုင် သော အဖွဲ့အစည်းများတွင်ပါဝင်သည့် ဌာနေတိုင်းရင်းသားများနှင့် အခြားရပ်ရွာလူ ထုအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ပညာရှင်များ၊ အုပ်ချုပ်ပိုင်ခွင့်နှင့်သက်ဆိုင်သူအားလုံး" (§ ၁.၂) တို့ အပါအဝင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ တာဝန်ဝတ္တရားများကိုလည်း ဖော်ပြထားပါသည်။ လမ်းညွှန်ချက်များတွင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် လူ့ဂုဏ်သိက္ခာရှိမှု၊ ခွဲခြားဆက်ဆံခြင်းကင်းမဲ့မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှု၊ ကျား၊ မတန်းတူညီမျှမှု၊ ပြီးပြည့်စုံ၍ ရေရှည်တည်တံ့သောနည်းလမ်းပါဝင်မှု၊ တိုင်ပင်ဆွေးနွေးမှုနှင့် အများပါဝင်နိုင်မှု၊ တရားဥပဒေစိုးမိုးရေး၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့်စဉ်ဆက်မပြတ်တိုးတက်မှုများ (§ ၃ ခ) ဆိုင်ရာ တာဝန်ယူမှုရှိသည့် လုပ်ပိုင်ခွင့်စီမံခန့်ခွဲမှုအတွက် မည်သည့် လုပ်ငန်းစဉ်များကို ထူထောင်သင့်ကြောင်း လူ့အခွင့်အရေးအခြေခံသည့် အကောင်အထည်ဖော်ရေး မူဝါဒ (၁၀) ချက်ကို ရေးသားတင်ပြထားပါသည်။

ဇယားကွက် ၂။ **တာဝန်ယူမှုရှိသော လုပ်ပိုင်ခွင့်စီမံခန့်ခွဲမှု အကောင်အထည်ဖော်ရေး မူဝါဒ (၁၀) ချက်**

အရင်းအမြစ် – FAO/CFS, ၂၀၁၂/၄-၅.

၁။ **လူ့သားဂုဏ်သိက္ခာ** – မွေးရာပါလူ့ဂုဏ်သိက္ခာနှင့် လူသားတိုင်းအတွက် တန်းတူညီမျှသော၊ ခွဲခြား၍မရသော လူ့အခွင့်အရေးကို အသိအမှတ်ပြုခြင်း။

၂။ **ခွဲခြားဆက်ဆံမှုမရှိခြင်း** – ဥပဒေ၊ မူဝါဒများနှင့်လက်တွေ့ကျင့်သုံးမှုများအရ မည်သူကိုမျှ ခွဲခြားဆက်ဆံ ခြင်းမပြုရန်။

၃။ **သာတူညီမျှမှုနှင့် တရားမျှတမှု** – လူတစ်ဦးချင်းစီအကြား တန်းတူညီမျှမှုကို အသိအမှတ်ပြုရာတွင် အမျိုးသားရေးအခြေအနေတွင် ပါဝင်သည့် အမျိုးသမီးများနှင့် အမျိုးသားများ၊ လူငယ်များနှင့် ထိခိုက်လွယ်ပြီး အစဉ်အလာအရဖယ်ကျဉ်ခံထားရသူများ၏ တန်းတူညီမျှသော လုပ်ပိုင်ခွင့်နှင့် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ငန်းတို့ကို ရရှိပိုင်ခွင့်ပိုမိုတိုးမြှင့်နိုင်ရေးအတွက် လူတစ်ဦးချင်းစီ၏ ကွဲပြားခြားနားမှုများကို နားလည်သဘောပေါက်ရန်နှင့် အပြုသဘောဆောင်သည့် အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် လုပ်ပိုင်ခွင့်အာဏာပေးအပ်ရန်အစရှိသည်တို့ လိုအပ်ပါသည်။

၄။ **ကျား၊ မ ရေးရာ တန်းတူညီမျှရှိမှု** – လိုအပ်ပါက တရားဝင် တန်းတူညီမျှမှုကို အရှိန်အဟုန်မြှင့်စေမည့် သီးခြားဆောင်ရွက်မှုများ ပြုလုပ်ပြီး– အမျိုးသမီးနှင့် အမျိုးသားများအကြား ကွဲပြားခြားနားမှုများကို အသိအမှတ် ပြုလျက် အမျိုးသမီးများနှင့် အမျိုးသားများ လူ့အခွင့်အရေးအားလုံးတွင် တန်းတူအခွင့် အရေးကို ခံစားခွင့် ရရှိစေရမည်။ အစိုးရများအနေဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ၎င်းတို့၏ အိမ်ထောင်ရေး အခြေအနေပေါ်မူတည်ခြင်းမရှိဘဲ မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ငန်းများကို တန်းတူလုပ်ပိုင်ခွင့်နှင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိစေရပါမည်။

၅။ **ပြီးပြည့်စုံ၍ ရေရှည်တည်တံ့သောနည်းလမ်း** – သဘာဝသယံဇာတအရင်းအမြစ်များနှင့် ၎င်းတို့အား အသုံးပြုမှုများသည် အပြန်အလှန် ဆက်နွယ်နေသည်ကို အသိအမှတ်ပြုခြင်းနှင့် ၎င်းတို့အား စီမံခန့်ခွဲနိုင်ရေးအတွက် စုပေါင်း၍ ရေရှည်တည်တံ့သော နည်းလမ်းကိုချမှတ်ခြင်း။

၆။ **ဆွေးနွေးတိုင်ပင်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်း**– ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ဆုံးဖြတ်ချက်မချမီ ကြိုတင် ဆောင်ရွက်ခြင်းနှင့် တရားဝင်လုပ်ပိုင်ခွင့်ရှိသူများ၏ ပံ့ပိုးမှုများရရှိခြင်းသည် တရားဝင် လုပ်ပိုင်ခွင့်ရှိသူ တို့နှင့်ချိတ်ဆက် ဆောင်ရွက်ရန်နှင့် ၎င်းတို့၏ အကူအညီများကို ရယူရာတွင် သက်ရောက်မှုရှိကြောင်း အသိအမှတ်ပြုခြင်း၊ တစ်ဦးချင်းစီနှင့် အစုအဖွဲ့တို့ ပေါင်းစပ်၍ ဆုံးဖြတ်ချက်လုပ်ငန်းစဉ်များ ချမှတ်ရာတွင် အဖွဲ့အစည်းအမျိုးမျိုးအကြား လုပ်ပိုင်ခွင့်အာဏာ မညီမျှမှုများကို ထည့်သွင်းစဉ်းစားခြင်းနှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် တစ်သီးပုဂ္ဂလများ၊ အစုဖွဲ့များက လွတ်လပ်တက်ကြွ၍ ထိရောက် အဓိပ္ပာယ်ရှိစွာ ကြိုတင်သိရှိပြီး ပါဝင်ဆောင်ရွက်စေခြင်း။

၇။ **တရားဥပဒေစိုးမိုးရေး**– ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများပါ လက်ရှိတာဝန်ဝတ္တရားများနှင့် ကိုက်ညီစွာ အများနားလည်နိုင်သည့် ဘာသာစကားများဖြင့် ရေးသားထုတ်ပြန်ပြီး လွတ်လပ်စွာ စီရင်ဆုံးဖြတ်သည့် ဥပဒေများမှ

တစ်ဆင့် သက်ဆိုင်ရာဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာစာချုပ်များအရ မိမိတို့၏ ဆန္ဒအလျောက် လိုက်နာရန် ရေးဆွဲထားသည့် ဥပဒေများကျင့်သုံးလျက် စည်းမျဉ်းစည်းကမ်းများ အခြေခံသည့် လူတိုင်းအတွက် အညီအမျှပြဋ္ဌာန်းပေးသည့် နည်းလမ်းအားကျင့်သုံးခြင်း။

၈။ **ပွင့်လင်းမြင်သာမှု** – မူဝါဒများ၊ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့်ဖော်ပြ၍ ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ ဘာသာစကားများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ကာ လူတိုင်းအတွက် အလွယ်တကူ သိရှိစေနိုင်ခြင်း။

၉။ **တာဝန်ခံမှု** – တစ်ဦးချင်း၊ အများပြည်သူဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များနှင့် အစိုးရမဟုတ်သောအဖွဲ့ဝင်များကို တရားဥပဒေစိုးမိုးရေး အခြေခံမှုများနှင့်အညီ ၎င်းတို့၏လုပ်ဆောင်မှုများနှင့် ဆုံးဖြတ်ချက်များအတွက် တာဝန်ယူစေခြင်း။

၁၀။ **စဉ်ဆက်မပြတ်တိုးတက်မှု** – အစိုးရများအနေဖြင့် သက်သေအထောက်အထားကို အခြေခံသည့် လုပ်ငန်း အစီအစဉ်များကို ရေးဆွဲရန်နှင့် ဆက်လက်တိုးတက်မှုများရှိစေရန် အလို့ငှာ လုပ်ပိုင်ခွင့်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်အား စောင့်ကြည့်လေ့လာခြင်းနှင့် ခွဲခြမ်းစိတ်ဖြာသည့် ယန္တရားများ ပိုမိုကောင်းမွန်ရန် ပြုလုပ်သင့်ပါသည်။

## ၂။ အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများ လုပ်ပိုင်ခွင့်သည် တရားဝင်ဖြစ်ခြင်း။

လမ်းညွှန်ချက်များတွင် အစိုးရများအနေဖြင့် တရားဝင်လုပ်ပိုင်ခွင့်များအားလုံး၊ လုပ်ပိုင်ခွင့်ရှိသူများနှင့် ၎င်းတို့နှင့်ဆက်စပ်နေသည့် လုပ်ပိုင်ခွင့်စနစ်များကို ဥပဒေအရအသိအမှတ်ပြု၍ လေးစားလိုက်နာပြီး ကာကွယ်မှုပေးရန်နှင့် ၎င်းတို့၏လုပ်ပိုင်ခွင့်များ ရရှိခံစားနိုင်ရေးအတွက် အပြည့်အဝ အကောင် အထည်ဖော် ဆောင်ရွက်ရန် တိုက်တွန်းထားပါသည်။ (§ ၃က) ဆိုလိုသည်မှာ–

- တရားဝင်လုပ်ပိုင်ခွင့်သည် အများပြည်သူနှင့်ပုဂ္ဂလိကအတွက် ဖြစ်ရုံသာမက ရပ်ရွာတစ်ရပ် လုံးဆိုင်ရာ၊ စုပေါင်း၍လုပ်ကိုင်ရသော၊ ဌာနေတိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့် အခွင့်အရေး များလည်း ဖြစ်ပေသည်။ (§§ ၂.၄၊ ၈.၂၊ ၈.၃၊ ၉.၂၊ ၉.၄)။ ၎င်းတွင် ဘိုးဘွားပိုင်အခွင့်အရေးများ (§ ၉.၅)၊ ရိုးရာအခွင့်အရေးများ (§§ ၈.၇၊ ၈.၈)၊ ခူးဆွတ်ကောက်ယူခွင့်အစရှိသည့် တစ်ဆင့်ခံလုပ်ပိုင်ခွင့်များ (စုပေါင်းအခွင့်အရေးများ (§§ ၇.၁၊ ၁၂.၉)၊ အသုံးပြုခွင့် (§ ၁.၂ / ၁)၊ ထပ်နေသည့် အခွင့်အရေးများနှင့် အခါအားလျော်စွာရရှိသည့် အခွင့်အရေးများ (§ ၂၀ / ၃)၊ လုပ်ပိုင်ခွင့်ရှိသူနှင့် အလားတူကျင့်သုံး နိုင်သည့် အခွင့်အရေးများ (§ ၉.၄)၊ မှတ်ပုံတင်မရှိသောအခွင့်အရေးများ (§ ၇.၃)၊ လက်ရှိဥပဒေအရ အကာအကွယ်ထားခြင်းမရှိသော ဓလေ့ထုံးတမ်းဆိုင်ရာလုပ်ပိုင်ခွင့်များ (§§ ၄.၄၊ ၅.၃)၊ အရပ်သုံးဆိုင်ရာ အခွင့်အရေးများ (§ ၁၀.၁)၊ နိုင်ငံသား၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ (§ ၄.၈) နှင့် အမျိုးသမီးများနှင့် အမျိုးသားများတန်းတူ မြေယာလုပ်ပိုင်ခွင့် များ (§ ၇.၄) တို့ ပါဝင်သည်။
- လူပုဂ္ဂိုလ်တစ်ဦးချင်းသာမက အစုအဖွဲ့ (သို့မဟုတ် ရပ်ရွာအဖွဲ့အစည်းတစ်ခု) သည် အခွင့်အရေး ပိုင်ဆိုင်သူ ဖြစ်နိုင်ပါသည် (§ ၈.၂)၊
- အများပြည်သူပိုင်ဆိုင်သည့် ဘုံပစ္စည်းများဖြစ်သည့် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ငန်းများအား စုပေါင်းအသုံးပြုခွင့်နှင့် စီမံခန့်ခွဲခွင့်များနည်းတူ ဓလေ့ထုံးတမ်းစနစ်များနှင့် ဘုံအရင်းအမြစ်များအပါအဝင် ၎င်းတို့နှင့် သက်ဆိုင်သည့် မြေယာလုပ်ပိုင်ခွင့်ရရှိမှုစနစ်များကို အသိအမှတ်ပြုရန် နှင့် ကာကွယ်ရန် လိုအပ်ပါသည် (§ ၈.၃)။

ဤတရားဝင်လုပ်ပိုင်ခွင့်များအား ချိုးဖောက်ခြင်း၊ ဖျက်ဆီးခြင်း၊ အတင်းအကြပ် သို့မဟုတ် မတရားနှင်ထုတ်ခြင်းများ (§§ ၄.၄ ၊ ၄.၅၊ ၇.၁၊ ၇.၆၊ ၉.၅၊ ၁၀.၆) နှင့် ခွင့်ပြုချက်မရှိဘဲ အသုံးပြုခြင်း (၉.၈) တို့အား ဥပဒေအရ ကာကွယ်ပေးသင့်ပါသည်။ ၎င်းတို့ကို အကွာအဝေးဆိုင်ရာစီမံကိန်း (§ ၂၀.၃) တွင် ထည့်သွင်း စဉ်းစားသင့်ပါသည်။

နိုင်ငံ၏အနေအထားအရ တရားဝင်သည်ဟု သတ်မှတ်ထားသည့် အခွင့်အရေးအမျိုးအစားများကို ပွင့်လင်းမြင်သာမှုရှိသော၊ ပူးပေါင်းပါဝင်၍ ညှိနှိုင်းတိုင်ပင်သည့်လုပ်ငန်းစဉ်မှတစ်ဆင့် လမ်းညွှန်ချက်များနှင့်အညီ အစိုးရများက ရှင်းလင်းစွာ သတ်မှတ်ထုတ်ပြန် ကြေညာပေးရန် တိုက်တွန်းထားပါသည်။ (§§ 3B, 4.4, 8.2)။

## ၃။ ရပ်ရွာလူထုအဖွဲ့အစည်းများမှ ပူးပေါင်း ပါဝင်၍ တိုင်ပင်ဆွေးနွေးရန်လိုအပ်ခြင်း။

လမ်းညွှန်ချက်များတွင် အဓိကလုပ်ထုံးလုပ်နည်းဆိုင်ရာလိုအပ်ချက်များထဲမှ တစ်ခုမှာ ပါဝင်ဆွေးနွေး တိုင်ပင်ခြင်း ဖြစ်ပါသည်။ ၎င်းတို့မှာ "ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ဆုံးဖြတ်ချက်မချမီ ကြိုတင်ဆောင်ရွက်ခြင်းနှင့် တရားဝင်လုပ်ပိုင်ခွင့်ရှိသူများ၏ ပံ့ပိုးမှုများရရှိခြင်းသည် တရားဝင် လုပ်ပိုင်ခွင့်ရှိသူ တို့နှင့်ချိတ်ဆက် ဆောင်ရွက်ရန်နှင့် ၎င်းတို့၏ အကူအညီများကို ရယူရာတွင် သက်ရောက်မှုရှိကြောင်း အသိအမှတ်ပြုခြင်း၊ တစ်ဦးချင်းစီနှင့် အစုအဖွဲ့တို့ ပေါင်းစပ်၍ ဆုံးဖြတ်ချက်လုပ်ငန်းစဉ်များ ချမှတ်ရာတွင် အဖွဲ့အစည်းအမျိုးမျိုးအကြား လုပ်ပိုင်ခွင့်အာဏာ မညီမျှမှုများကို ထည့်သွင်းစဉ်းစားခြင်းနှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် တစ်သီးပုဂ္ဂလများ၊ အစုဖွဲ့များက လွတ်လပ်တက်ကြွ၍ ထိရောက်အဓိပ္ပာယ်ရှိစွာ ကြိုတင်သိရှိပြီး ပါဝင်ဆောင်ရွက်စေခြင်း။ " (§ 3B.6) တို့ဖြစ်ပါသည်။

ဤအချက်သည် ရပ်ရွာလူထုအဖွဲ့အစည်းမှ တရားဝင်လုပ်ပိုင်ခွင့်ရှိသူများကို မူဝါဒများနှင့် ဥပဒေများရေးဆွဲ အကောင်အထည်ဖော်ရာတွင် ပါဝင်စေခြင်း၊ လုပ်ပိုင်ခွင့်များ ခွဲဝေချထားပေးခြင်းနှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက် ရေး (§§ ၄.၁၀၊ ၅.၅၊ ၉.၂၊ ၉.၁၀၊ ၈.၆၊ ၈.၇) တို့နှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များချရာတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးစေနိုင်မည် ဖြစ်ပါသည်။ လမ်းညွှန်ချက်များတွင် ဌာနေတိုင်းရင်းသားများ အတွက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၌ ဤစံနှုန်းကို အသုံးပြုခြင်း အပါအဝင် ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း (UNDRIP) အရ "(လမ်းညွှန်ချက်၏ § ၉.၉) လွတ်လပ်၍ ကြိုတင်အသိပေးထားသော သဘောတူညီချက်" (FPIC) နှင့်ဆက်စပ်သည့် လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များကိုလည်း ထပ်မံထည့်သွင်းရန် လိုအပ်ပါသည်။ FPIC စံနှုန်းသည် သယံဇာတ ခွင့်ပြုချက်ဇုန် နယ်မြေများ ခွဲခြင်းနှင့် ရောင်းချခြင်း၊ မြေသိမ်းယူခြင်း၊ မြေယာငှားရမ်း ခြင်းနှင့် အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး သို့မဟုတ် ထုတ်ယူခြင်း အစိုးရစီမံကိန်းများနှင့်လည်း သက်ဆိုင်ပါသည်။ (FAO, ၂၀၁၄ ကိုလည်းရှုပါ။)

ရပ်ရွာလူထုအဖွဲ့အစည်းများ၏ အထူးသဖြင့် အားနည်း၍ ဘေးဖယ်ခံရသည့် အုပ်စုများအတွက်နှင့် ၎င်းတို့၏ ပါဝင်ဆောင်ရွက်နိုင်မှု လွယ်ကူချောမွေ့စေရန် နည်းပညာပိုင်းဆိုင်ရာနှင့် ဥပဒေရေးရာ အထောက်အပံ့များ ပေးရန် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့ဝင်နှစ်ဦးစလုံးကို တိုက်တွန်း ထားပါသည်။(§ ၉.၁၀)

## ၄။ အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများအတွက် တာဝန်နှင့် လုပ်ပိုင်ခွင့်အာဏာအပ်နှင်းခြင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ကို အသိအမှတ်ပြုခြင်းနှင့် ဓလေ့ထုံးတမ်းများနှင့် ပြဋ္ဌာန်းထားသော စနစ်များ ထည့်သွင်း ဆောင်ရွက်သင့်ခြင်း။

ယေဘုယျအားဖြင့် လမ်းညွှန်ချက်များသည် အများပြည်သူဆိုင်ရာ မြေယာ၊ ရေလုပ်ငန်းနှင့် သစ်တောလုပ်ငန်း များကို စီမံခန့်ခွဲခြင်းနှင့် အုပ်ချုပ်ခြင်းတို့တွင် အဓိကအခန်းကဏ္ဍမှပါဝင်၍ အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများနှင့် စုပေါင်းလုပ်ကိုင်မှု အစီအစဉ်များအတွက် တာဝန်နှင့် အခွင့်အာဏာကိုလွှဲအပ်ပေးရန် ရည်ရွယ်ထားပါသည်။ (§§ ၈.၇၊ ၈.၈၊ ၉.၂၊ ၉.၄) အစိုးရများအနေဖြင့် ပိုင်ဆိုင်မှုများကို အကန့်အသတ်ဖြင့် အသုံးပြုခြင်းမှ အပြည့်အဝပိုင်ဆိုင်မှုအထိ အမျိုးမျိုးသောပုံစံများဖြင်း လုပ်ပိုင်ခွင့် ခွဲဝေချထားမှု ပေးပိုင်ခွင့်ရှိပါသည် (§ ၈.၈)။ အစိုးရများအနေဖြင့် မူဝါဒများရေးဆွဲရာတွင် မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက်တာဝန်ဝတ္တရားများနှင့် အခွင့်အရေးများအား လွှဲအပ်ခြင်း (§ ၈.၇)နှင့် ခွဲဝေထားသည့် မြေယာ၊ ငါးဖမ်းလုပ်ငန်းနှင့် သစ်တောလုပ်ငန်းများကို (§ ၉.၇) မည်သည့် ပုံစံဖြင့် ဆက်လက်ထိန်းသိမ်းထားမည်ကို ဆုံးဖြတ်သင့်ပါသည် (§ ၈.၈)။ အစိုးရများအနေဖြင့် မြေယာခွဲဝေချထားပေးခြင်းဆိုင်ရာ မူဝါဒများတွင် ပိုမိုကျယ်ပြန့်သော လူမှုရေး၊ စီးပွားရေးနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရည်ရွယ်ချက်များ(§ ၈.၁) ထည့်သွင်းချမှတ်နိုင်ရန် လိုအပ်ပြီး ၎င်းတို့၏ မူဝါဒများတွင် မြေယာ၊ ငါးဖမ်းလုပ်ငန်းနှင့် သစ်တောလုပ်ငန်းဆိုင်ရာ လူမှုရေး၊ ယဉ်ကျေးမှု၊ စိတ်ဓာတ်ရေးရာ၊ စီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင်နှင့် နိုင်ငံရေးတန်ဖိုးများကို သေချာစွာထည့်သွင်း စဉ်းစားရမည့်အပြင် အရင်းအမြစ်များ(§ ၈.၇) တရားဝင်ရရှိနိုင်ခွင့် ဆုံးရှုံးစေခြင်းကြောင့် ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းမှုများကို ခြိမ်းခြောက်ခံရခြင်း မဖြစ်ရန်လိုအပ်ပါသည်။

ထို့ပြင် လမ်းညွှန်ချက်များသည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အခြား ရပ်ရွာလူထု အဖွဲ့အစည်းများ၏ ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်စနစ်များ (§ ၉.၂) ကို အသိအမှတ်ပြုရန်နှင့် ကာကွယ်ပေးရန် နိုင်ငံတော်အစိုးရများအား အကြံပြုတိုက်တွန်းထားပါသည်။ ဤကိုယ်ပိုင်အုပ်ချုပ်ခွင့်သည် လူ့အခွင့်အရေး စံနှုန်းများနှင့် ဆက်စပ်နေပါသည်။ ဥပမာအားဖြင့် "ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သို့မဟုတ် ဥပဒေဆိုင်ရာ ပြုပြင် ပြောင်းလဲမှုသည် အမျိုးသမီးများ၏ အခွင့်အရေးကို ပိုမိုအားကောင်းစေပြီး ဓလေ့ထုံးတမ်းများနှင့် ဆန့်ကျင်ဖက် ဖြစ်လာပါက ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်စနစ်များ (§ ၉.၆) တွင် ထိုကဲ့သို့သော အပြောင်းအလဲများကို ထည့်သွင်းနိုင်စေရန် စာချုပ်ဝင်နိုင်ငံများအားလုံးမှ ပူးပေါင်းဆောင်ရွက် သင့်ပါသည်" ဟူ၍ဖြစ်သည်။ အဆိုပါအခွင့် အရေးများသည် တန်းတူညီမျှသော ခိုင်မာသော၊ ရေရှည်ရရှိနိုင်သော လုပ်ပိုင်ခွင့်များ ဖြစ်

ရန်နှင့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် အများအားလုံး ပူးပေါင်းပါဝင်မှု ရှိရေးအတွက် ပံ့ပိုးသည့် ရည်မှန်း ချက်များ ပါဝင်ရမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် "နိုင်ငံတော်အစိုးရများအနေဖြင့် ဌာနေတိုင်းရင်းသားများ လုပ်ပိုင်ခွင့် စနစ်များနှင့် အခြားရပ်ရွာလူထု အဖွဲ့အစည်းများ၏ ဓလေ့ ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်စနစ်များကို အသိအမှတ်ပြုနိုင်ရေးအတွက် ၎င်းတို့၏မူဝါဒများ၊ ဥပဒေဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များအား ကိုက်ညီစွာ ချမှတ်ပေးရန် ထည့်သွင်းစဉ်းစား သင့်ပါသည်။(§ ၉.၆)

## ၅။ အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများ၏လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ရာတွင် စီမံခန့်ခွဲရေးတာဝန် များစွာ ရှိခြင်း။

အများပြည်သူ ဆိုင်ရာ ဘုံပစ္စည်းများ၏ လုပ်ပိုင်ခွင့်ကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရာတွင် အောက်ပါ စီမံခန့်ခွဲရေး ဆိုင်ရာ တာဝန်များကို ဖြည့်ဆည်းရန် အထူးအရေးကြီးကြောင်း လမ်းညွှန်ချက် များတွင် ထပ်မံထည့်သွင်းထားပါသည်။


- စုပေါင်းလုပ်ပိုင်ခွင့်များ၊ တစ်ဦးချင်းပုဂ္ဂလိကပိုင်ဆိုင်ခွင့်များနှင့် အများပြည်သူလုပ်ပိုင်ခွင့်များကို အတူတကွ မှတ်တမ်း တင်၍ အပြိုင်ဖြစ်နေခြင်း သို့မဟုတ် ထပ်နေသည့် အခွင့်အရေး များကို (§§ ၁၇.၁၊ ၁၇.၂၊ ၁၇.၄၊ ၉.၈) ခွဲခြားသတ်မှတ် ခွင့်ပေးရန် တစ်ခုတည်းသောစနစ် သို့မဟုတ် တစ်ခုတည်းသော မူဘောင်ကို ရေးဆွဲရမည်ဖြစ်ပါသည်။ သက်ဆိုင်ရာ သတင်းအချက်အလက် စီးဆင်းမှုစနစ်တကျ ဖြစ်စေပြီး သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာမှု ရှိစွာဖြင့် နားလည် လွယ်၍ လက်တွေ့အသုံးချနိုင်သည့် ဘာသာစကားများဖြင့် ထုတ်ပြန်ပေးရမည်ဖြစ်သည်။ (§§ ၈.၄၊ ၈.၉၊ ၉.၄၊ ၉.၈၊ ၁၁.၅၊ ၁၇.၁) အခွင့်အရေးများနှင့်ပတ်သက်သော အချက်အလက်များ၊ အဆိုပါ အခွင့်အရေး များကို ပိုင်ဆိုင်သူများနှင့် သက်ဆိုင်ရာ အကွာအဝေးယူနစ်များကိုလည်း ချိတ်ဆက်ထားသင့်ပါသည် (§ ၁၇.၄)။
- ဒေသတွင်း ပိုင်ဆိုင်မှုအခွင့်အရေးနှင့် အရင်းအမြစ်အသုံးပြုမှုများကို သင့်လျော်သော နည်းလမ်းများဖြင့် မြေပုံဆွဲခြင်း (§§ ၇.၄၊ ၉.၈၊ ၁၇.၃) နှင့် အကွာအဝေးစီမံကိန်းများသည် အများပြည်သူဆိုင်ရာ ဘုံပစ္စည်း များ၏ လုပ်ပိုင်ခွင့်များကို ထည့်သွင်း စဉ်းစားခြင်း၊ အမျိုးမျိုးသော အသုံးပြုမှုများနှင့် အကျိုးစီးပွား များကို ပြန်လည်ညှိနှိုင်းခြင်းနှင့် ထောက်ပံ့ ပေးခြင်းအပြင် ဓလေ့ထုံးတမ်းဆိုင်ရာ နည်းလမ်းများ (§§ ၂၀.၁, ၂၀.၂, ၂၀.၃) ဖြင့်စီမံကိန်းရေးဆွဲခြင်းကို ထည့်သွင်း စဉ်းစားသင့်ပါသည်။ ရပ်ရွာလူထုအဖွဲ့အစည်းများအပေါ် အကျိုးသက် ရောက်စေသည့် အမဲလိုက်သည့်ကွင်းပြင်များ၊ တိရိစ္ဆာန်ကျောင်းသည့်စားကျက်မြေများ၊ တိရိစ္ဆာန်မွေးမြူသူများ ရာသီအလိုက်ရွှေ့ ပြောင်းလာသော လမ်းကြောင်းများနှင့် အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်ကို ကျော်ဖြတ်ဝင်ရောက်သည့် တံငါသည်ငယ်လေးများ၏ ငါးဖမ်းရေပြင်ကွက်များ ကဲ့သို့သော နယ်နမိတ်ချင်း ထိစပ်နေသော နယ်မြေကျော်လုပ်ပိုင်ခွင့်ပြဿနာဆိုင်ရာ အစရှိသည့် အကြောင်းအရင်း များကို သိရှိနားလည်ထားရန် လိုအပ်ပါသည်။ (§ ၂၂.၂)။
- လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ စိတ်ပိုင်းဆိုင်ရာ၊ နိုင်ငံရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုး များစသည့် ဈေးကွက်မဟုတ်သည့် တန်ဖိုးများအတွက် တန်ဖိုးသတ်မှတ်သည့်စနစ်များကို ထည့်သွင်း စဉ်းစားရန် လိုအပ်ပါသည် (§§ ၁၈.၂၊ ၉.၁)။
- လုပ်ပိုင်ခွင့်များ လွှဲပြောင်းခြင်းသည် ဒေသခံပြည်သူများအပေါ် ဆိုးကျိုးသက်ရောက်ခြင်း မရှိစေဘဲ လုပ်ကွက်ငယ် သို့မဟုတ် အသေးစားလုပ်ကိုင်သူများ၏ လုပ်ပိုင်ခွင့်များကို ကာကွယ်ရန်နှင့် လုပ်ငန်းစဉ်အတွင်း တရားဝင် ရပ်ရွာအဖွဲ့ အစည်းများက မျှတ၍တန်းတူညီမျှစွာ ပါဝင်မှုရှိစေရန် ဆောင်ရွက်ပေးသင့်ပါသည် (§§ ၁၁.၂၊ ၁၁.၃၊ ၁၁.၈)။ ထိခိုက်ခြင်း မရှိသော တာဝန်ယူမှုရှိ၍ ပွင့်လင်းမြင်သာသည့် ရင်းနှီးမြှုပ်နှံမှုများကိုသာ လုပ်ကိုင်ခွင့်ပေးပြီး၊ တရားဝင် လုပ်ပိုင်ခွင့်ရှိသူများ၏ လုပ်ပိုင်ခွင့် မပျောက်ပျက်စေရန် ကာကွယ်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက် ပျက်စီးမှုမှ ကာကွယ်ပေးခြင်းတို့အပြင် လူ့အခွင့်အရေးကို လေးစားလိုက်နာသင့်ပါသည် (§§ ၁၂.၄၊ ၂၁)။ ရင်းနှီးမြှုပ်နှံသူ များအား လုပ်ပိုင်ခွင့်လွှဲပြောင်းပေးရာတွင် လုပ်ပိုင်ခွင့်များကို အကြီးစား လွှဲပြောင်း ပေးခြင်းမပြုသော ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပုံစံများပိုမိုမြှင့်တင်ရေးအတွက်နိုင်ငံတော်အစိုးရများကထည့်သွင်းစဉ်းစားသင့်ပြီးရင်းနှီးမြှုပ်နှံသူများသည် ဒေသခံ လုပ်ပိုင်ခွင့် ရှိသူများနှင့် လုပ်ငန်းများပူးပေါင်း ဆောင်ရွက်ရန် အားပေးသင့်ပါသည် (§ ၁၂.၆)။
- အငြင်းပွားမှုများ ဖြေရှင်းရာတွင် ဓလေ့ထုံးတမ်းနှင့် ဒေသဆိုင်ရာနည်းလမ်းများအပြင် အခြားသော တရားမျှတ၍ ယုံကြည်စိတ်ချရသော၊ အချိန်နှင့်တစ်ပြေးညီဖြစ်သော၊ ကျားမရေးရာထည့်သွင်း စဉ်းစားသော၊ လက်လှမ်းမီနိုင်မှုရှိသော၊ ခွဲခြားဆက်ဆံမှုကင်း၍ ထိရောက်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီသော နည်းလမ်းများ ကို အသုံးပြုကြရမည် ဖြစ်ပါသည်။ တရားသူကြီးများ၊ ရှေ့နေများ၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေး လုပ်ငန်းများ အပါ

အဝင် တရားမျှတမှု ရရှိစေရန်နှင့် ၎င်းအတွက်နည်းပညာနှင့် ဥပဒေရေးရာ အထောက်အပံ့များနှင့် အကူအညီများ ပေးအပ်ရန် (§§ ၆.၆၊ ၄.၇၊ ၁၀.၃၊ ၂၁.၆) လည်း လိုအပ်ပါသည်။

- လုပ်ပိုင်ခွင့်ခွဲဝေပေးခြင်းနှင့် အငြင်းပွားမှုဖြေရှင်းရာတွင် အဂတိလိုက် စားမှုများကို တားဆီးရန် (§§ ၆.၉၊ ၉.၁၂၊ ၁၀.၅၊ ၂၁.၅) လည်း လိုအပ်ပါသည်။
- လုပ်ပိုင်ခွင့်စီမံခန့်ခွဲမှုအတွက် တာဝန်ရှိသော အဖွဲ့အစည်းများသည် အရည်အချင်းပြည့်မီသည့် လူအင်အား၊ ရုပ်ဝတ္ထုပစ္စည်းများ၊ ဘဏ္ဍာရေးနှင့် စွမ်းရည်များ လုံလောက်စွာရှိရန်နှင့် အထူးသဖြင့် တာဝန်ပေးအပ်ရန် သင်တန်းများပေးခြင်း (§ ၈.၁၀) တို့ကိုလည်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ အခွင့်အရေးများကို ခံစားရန်နှင့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန် နည်းပညာနှင့် ဥပဒေရေးရာ အထောက်အပံ့များပေးရမည်ဖြစ်ပြီး (§§ ၇.၄၊ ၇.၅) ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် စီမံခန့်ခွဲရေးတွင် ရပ်ရွာလူထု၏ ပါဝင်နိုင်စွမ်းတိုးမြှင့်ရေးအတွက် ကူညီပေးရမည် ဖြစ်ပါသည် (§§ ၉.၂၊ ၉.၁၀)။
- မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ငန်းများအား ရေရှည်ကာကွယ်ပေးရေးနှင့် ကြာရှည်အသုံးပြုနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် ဂေဟစနစ်ထည့်သွင်းစဉ်းစားသည့် နည်းလမ်းများနှင့် ရေရှည်တည်တံ့သည့် စိုက်ပျိုးထုတ်ကုန်တိုးမြှင့်ရေး အပါအဝင် အမျိုးမျိုးသော ရေရှည်တည်တံ့ရေး စီမံခန့်ခွဲမှုအားတိုးမြှင့်လုပ်ဆောင်ရန် (§ ၂၀.၅)၊ မြေယာ၊ ငါးလုပ်ငန်း၊ သစ်တောလုပ်ငန်းနှင့် ၎င်းတို့အားသုံးစွဲမှုတို့အကြား အပြန်အလှန် ဆက်စပ်မှုများကို မူဝါဒ၊ ဥပဒေရေးရာနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များတွင် ထင်ဟပ်ပေါ်လွင်စေရန်နှင့် ၎င်းတို့အား စီမံခန့်ခွဲမှု အတွက် စုစည်းထားသည့် နည်းလမ်းတစ်ခု ရေးဆွဲပေးရန် လိုအပ်ပါသည် (§ ၅,၃)။
- ထိရောက်စွာဆောင်ရွက်နိုင်ရန် မူဝါဒ၊ ဥပဒေရေးရာနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များကို စောင့်ကြည့်စစ်ဆေးပြီး ပုံမှန် ပြန်လည်သုံးသပ်ရမည်ဖြစ်ပြီး (§ ၅.၈) လုပ်ပိုင်ခွင့် ခွဲဝေချထားပေးခြင်း အစီအစဉ်များသည် ပိုမိုကျယ်ပြန့်သော လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရည်ရွယ်ချက်များ နှင့်ကိုက်ညီမှုရှိမရှိ ၎င်းတို့၏ ရလဒ်ကို လေ့လာစောင့်ကြည့်ရန် လိုအပ်ပါသည် (§ ၈.၁၁) ။

# ၃

# အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ တာဝန်ယူမှုရှိသော မြေလုပ်ပိုင်ခွင့်ဆိုင်ရာ စီမံအုပ်ချုပ်မှုအတွက် မဟာဗျူဟာများ





# အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့် စပ်လျဉ်း၍ တာဝန်ယူမှုရှိသော မြေလုပ်ပိုင်ခွင့်ဆိုင်ရာ စီမံအုပ်ချုပ်ရေးအတွက် မဟာဗျူဟာများ

အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ မြေလုပ်ပိုင်ခွင့်များအပေါ် နားလည်လက်ခံမှုသည် နိုင်ငံနှင့် အခြားတက်ကြွဆောင်ရွက်သူများ သို့မဟုတ် အဖွဲ့အစည်းများ၏ အစဉ်တစိစိုက်ရည်မှန်းထားသည့် လုပ်ဆောင်မှုများရှိရန် လိုအပ်ပါသည်။ လမ်းညွှန်ချက်များပါ ဖော်ပြချက်များကိုအခြေပြု၍ ဤအခန်းတွင် အခြားသူများ၏ ကိုယ်ပိုင်အကြောင်းအရာ တစ်ခုချင်းစီ ထင်ဟပ်ဖော်ပြထားသော အရင်းအမြစ်များ အဖြစ်အသုံးပြုသည့် ကမ္ဘာတစ်ဝှမ်းရှိအတွေ့အကြုံများမှ ပေါ်ပေါက်လာသော မဟာဗျူဟာများကို လမ်းညွှန်ဖော်ပြထားပါသည်။ အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုများ ခိုင်မာမှုများရှိစေရန်၊ တာဝန်ယူမှုရှိသော မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ စီမံအုပ်ချုပ်မှု၏ အဓိကကျ သောလက္ခဏာရပ်များအနေဖြင့် အားကောင်းလာရန် သို့မဟုတ် ပြုပြင်ပြောင်းလဲရန် လိုအပ်သည့် လက်တွေ့နယ်ပယ်မှ ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားပါသည်။ ဆက်နွယ်မှုရှိပြီး ပြည့်စုံသည့် လက္ခဏာရပ်များနှင့်အတူ ဖော်ပြခြင်းဖြင့် အလုံးစုံပါဝင်သောပြည့်စုံသည့် ကမ်းလှမ်းချက်တစ်ခု အဖြစ် ၎င်းတို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

အတိုချုပ်အားဖြင့်ဆိုသော် မဟာဗျူဟာများသည် ဆောင်ရွက်မှုနယ်ပယ် ၃ ရပ်တို့တွင် လမ်းညွှန် ချက်အဖြစ် ပံ့ပိုးပေးပါသည်။

- ဥပဒေမူဘောင်အရ ဆီလျော်အောင်ပြုပြင်ပေးခြင်းနှင့်အတူ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ မြေယာလုပ်ပိုင်ခွင့်များကို ဥပဒေရေးရာ အသိအမှတ်ပြုမှုနှင့် ကာကွယ်စောင့်ရှောက်မှုရရှိရေး( မဟာဗျူဟာများ ၁–၅)
- အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ မြေယာလုပ်ပိုင်ခွင့်များကို မြေပြင်တွင် ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှု သေချာစေရေး (မဟာဗျူဟာများ ၆–၈)
- ဥပဒေရေးရာမူဘောင်၏ ကောင်မွန်သောအသုံးပြုဆောင်ရွက်နိုင်မည့် လူ့အဖွဲ့အစည်း တစ်ရပ်ကို အထောက်အပံ့ပြုရေးနှင့် ၎င်းတို့၏အခွင့်အရေးများကို ခံစားခွင့်ရရှိရေးနှင့် ကျင့်သုံးဆောင်ရွက်နိုင်ရေး (မဟာဗျူဟာများ ၉–၁၂)

အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရမြေယာ လုပ်ပိုင်ခွင့်အခွင့်အရေးရရှိထားသူများ၏ မြေယာလုပ်ပိုင်ခွင့်များသေချာစေမှုရှိစေရေး အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်သည့် အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ ၏အတိုင်းအတာအရ လမ်းညွှန်ချက်တွင် နိုင်ငံများ၏ တာဝန်များနှင့် တက်ကြွဆောင်ရွက်သူ သို့မဟုတ် အဖွဲ့အစည်းများ၏တာဝန်ဝတ္တရားများ နှင့်ပတ်သတ်၍ ရှင်းလင်းသည့်လက္ခဏာရပ်ကို ဖော်ညွှန်းထားပါသည်။ အောက်ဖော်ပြ ပါ မဟာဗျူဟာများသည် အဆိုပါဖော်ပြချက်များအပေါ်တွင် ရေးဆွဲထားခြင်းဖြစ်ပြီး အများပိုင်ဘုံ မြေယာများနှင့်စပ်လျဉ်း၍ မြေယာလုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်သည့် ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံများ၊ လူ့အဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ တာဝန်များနှင့် ဝတ္တရားများကို ရှင်းလင်းဖော်ထုတ်ပေးထားပါသည်။ အကိုးအကားများကို အခြားပါဝင် ပတ်သတ်သူများ ဖြစ်ကြသည့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသော စီမံအုပ်ချုပ်မှု ပြုလုပ်ရေးတွင် လမ်းညွှန်ချက် ဖြစ်မြောက်စေရန် တန်ဖိုးကြီးသည့်ထည့်ဝင်ငွေများ ထည့်ဝင်ပေးသော ကျေးဇူး တင်ထိုက်သည့် အလှူရှင်များနှင့် ပညာရေးအဖွဲ့အစည်းများသို့ ပေးပို့သွားမည်ဖြစ်ပါသည်။

ဇယားကွက် ၃
**အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်အခွင့်အရေး များကို တာဝန်သိစွာ မည်သို့ ထိန်းချုပ်မည်။ နိုင်ငံများလူ့အဖွဲ့အစည်း များနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကဏ္ဍမှ ဆောင်ရွက် သူများအတွက် မဟာဗျူဟာများ**

**၃.၁ ဥပဒေရေးရာအသိအမှတ်ပြုရေးနှင့် ကာကွယ်စောင့်ရှောက်မှုရရှိရေး မဟာဗျူဟာများ**

၁ အများပြည်သူဆိုင်ရာသည့် မြေယာ ဘုံပစ္စည်းများနှင့်သက်ဆိုင်သည့် အခွင့်အာဏာနှင့်တာဝန် ဝတ္တရားများကို လွှဲပြောင်းရယူထားသော ဥပဒေရေးရာ လုပ်ပိုင်ခွင့် အခွင့်အရေးများနှင့် အဆိုပါအခွင့်အရေးများကို ရရှိထား သူများ ကို လည်းကောင်း၊ ပြည့်စုံမှု၊ တာဝန်ခံနိုင်မှုနှင့် ရေရှည် တည်တံ့ခိုင်မြဲသော စီမံအုပ်ချုပ်မှုတို့အတွက် ဥပဒေရေးရာလိုအပ်ချက် များကို ပျိုးထောင်ပေးခြင်းဖြင့် ဥပဒေအရ အသိအမှတ်ပြုရန်၊

၂ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်အခွင့်အရေးများ၏ ရှုပ်ထွေးမှု၊ ကွဲပြားမှုနှင့် ပြုပြင်ပြောင်းလဲလွယ်မှုတို့ကို ထည့်သွင်းစဉ်းစားရန်၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း များ ကို အလေးပေးသည့် ဥပဒေရေးရာမူဘောင်တစ်ခုကို အားကောင်းလာစေရန် သို့မဟုတ် တည်ဆောက်ရန်

၃ ဆွေးနွေးညှိနှိုင်းထားပြီး ပြည့်စုံသည့်ဒေသဆိုင်ရာလုပ်ငန်းစဉ်တစ်ခုအပေါ် အခြေပြုထားသည့် နယ်နိမိတ်များ ဆိုင်ရာမြေပုံနှင့် မှတ်ပုံတင်ထားမှု၊ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအသုံးပြုမှုတို့အတွက် စည်းမျဉ်းစည်းကမ်းများကို လက်ခံအတည်ပြုရန်

၄ လူ့အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများပါဝင်နိုင်စေမည့် ပွင့်လင်းမြင်သာမှုရှိသော မူဝါဒလုပ်ငန်း စဉ်များနှင့် ဥပဒေလုပ်ငန်းစဉ်များ တည်ထောင်ရန်

၅ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများဆိုင်ရာလုပ်ပိုင်ခွင့်အခွင့်အရေးများကို အထောက်အပံ့ ပြုရန် ဥပဒေအကြံပေး လုပ်ငန်းများဆောင်ရွက်ရန်

**၃.၂ နိုင်ငံများနှင့်အခွင့်အရေးရရှိထားသူများ၏ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် မဟာဗျူဟာများ**

၆ ပြည့်စုံကောင်းမွန်ပြီး တာဝန်ခံမှုရှိသည့်လူ့အဖွဲ့အစည်းမှ စီမံအုပ်ချုပ်သည့်ပုံစံများ တစ်ဖြည်းဖြည်း အားကောင်း လာရန် သို့မဟုတ် ဖွံ့ဖြိုးတိုးတက်လာရန်

၇ လူ့အဖွဲ့အစည်းမှ အသင်းအဖွဲ့များကို ထိရောက်သည့်အသုံးပြုမှုအတွင်းခံစားခွင့်ရှိရန် အဖွဲ့အစည်းအတွင်းရှိ ခွဲခြားဆက်ဆံခံရပြီး ထိခိုက်လွယ်သောအုပ်စုများ၏လုပ်ပိုင်ခွင့်များ ရရှိစေရန်

၈ ပြည်နယ်အရာရှိများ၏အရည်အချင်းများ၊ အခွင့်အာဏာနှင့် တာဝန်ဝတ္တရားများကို လွှဲပြောင်းရယူထားသော ဥပဒေရေးရာလုပ်ပိုင်ခွင့်အခွင့်အရေးများနှင့် ဘဏ္ဍာရေးအရင်းအမြစ်များ အကောင်အထည်ဖော်ဆောင်ရွက်မှု အားကောင်းလာစေရန် သို့မဟုတ် ဖွံ့ဖြိုးစေရန်

**၃.၃ အခွင့်အရေးများခံစားပိုင်ခွင့်ကို အထောက်အပံ့ပြုမည့် မဟာဗျူဟာများ**

၉ တရားမျှတမှုရရှိစေရေး၊ ဒေသဆိုင်ရာအဆင့်ယန္တရားများကို အသိအမှတ်ပြုပြီး ပေါင်းစပ်ဆောင်ရွက်ရေးနှင့် ဥပဒေရေးရာအကြံပေးရေးတို့ ရယူနိုင်ရန်

၁၀ ရပ်ရွာလူ့အဖွဲ့အစည်းမှအဖွဲ့ဝင်များအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမှုများကို ထိန်းသိမ်းရန်နှင့် ဖန်တီးရန် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများကို ပတ်ဝန်းကျင်အနေအထားအားဖြင့် စဉ်ဆက် မပြတ် သော၊ စီးပွားရေးအားဖြင့်လည်း အလားအလာကောင်းသော အသုံးပြုခြင်းများ အားကောင်းလာစေရန်

၁၁ ဒေသဆိုင်ရာအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို အထောက်အပံ့ပြုသည့် ရင်းနှီးမြှုပ်နှံသူများနှင့် ချုပ်ဆို ထားသော စာချုပ်များ သို့မဟုတ် ဆောင်ရွက်သည့်အစုစပ်လုပ်ငန်းများ အနေဖြင့် အများပြည်သူဆိုင်ရာ ဘုံမြေ နှင့် ပစ္စည်းများနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်အခွင့်အရေးများကို ချိုးဖောက်မှုမရှိစေရေး သို့မဟုတ် လူ့အခွင့်အရေး များအပေါ်ချိုးဖောက်မှုမရှိစေရေးတို့ကို သေချာစေရန်

၁၂ ဥပဒေပြုခြင်းနှင့် အဖွဲ့အစည်းများအပေါ် စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ သုံးသပ်ချက်၊ လုပ်ငန်းစဉ်များ၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးမျိုးသောပါဝင်ပတ်သတ်သူများပါဝင်ရေး လုပ်ငန်းစဉ်များ တွင် အဆင်ပြေလွယ်ကူ စေရေးကို ဆောင်ရွက်ရန်

# ၃.၁ ဥပဒေရေးရာအသိအမှတ်ပြုရေးနှင့် ကာကွယ်စောင့်ရှောက်မှုရရှိရေး မဟာဗျူဟာများ

## ၁ မဟာဗျူဟာ ၁– အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာနှင့် ဘုံပစ္စည်းများနှင့် စပ်လျဉ်းသည့် အခွင့် အာဏာနှင့် တာဝန်ဝတ္တရားများကို လွှဲပြောင်းရယူထားသော ဥပဒေရေးရာလုပ်ပိုင်ခွင့် အခွင့်အရေးများနှင့် အဆိုပါအခွင့်အရးများရရှိထားသူများကိုလည်းကောင်း၊ ပြည့်စုံမှု၊ တာဝန်ခံနိုင်မှုနှင့် ရေရှည်တည်တံ့ ခိုင်မြဲသောစီမံအုပ်ချုပ်မှုတို့အတွက် ဥပဒေရေးရာ လိုအပ်ချက်များကို ပျိုးထောင်ပေးခြင်းဖြင့်လည်းကောင်း ဥပဒေအရ အသိအမှတ်ပြုရန်

### အခြေခံသဘောတရား

အများပိုင်မြေယာနှင့် ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ တရားဝင်လုပ်ပိုင်ခွင့်အခွင့်အရေးများနှင့် အခွင့် အရေးရရှိ ထားသူများ အပေါ် ဥပဒေ ရေးရာအသိအမှတ်ပြုခြင်းသည် ချိန်ညှိဆောင်ရွက်ရန်လိုအပ်သည့် လိုအပ်ချက် ၂ ရပ်နှင့် ကိုက်ညီမှုရှိရမည် ဖြစ်ပါသည်။ တစ်ဖက်တွင် ရပ်ရွာလူအဖွဲ့အစည်းအား ၎င်းတို့၏ တည်ဆဲ အလေ့အထများနှင့် ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေအရ သက်ဆိုင် သည့် အများပြည်သူ နှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများတွင်ရှိသော လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကိုခွဲဝေပေးထားမှု တို့နှင့်အတူ အခွင့်အရေးရရှိထားသူများအဖြစ် ဥပဒေရေးရာအားဖြင့် အသိအမှတ်ပြုရန် လိုအပ်ပါသည်။ အခြားတစ်ဖက်တွင် လည်း တည်ဆဲဓလေ့ထုံးတမ်းဆိုင်ရာ စီမံအုပ်ချုပ်မှုပုံစံမှ အမြဲအာမခံ ပေးနိုင်ခြင်းမရှိသည့် အများပိုင်ဘုံမြေ များကို တရားဝင်အသုံးပြုသူများအားလုံးအတွက် လုံခြုံ၍သာတူ ညီမျှမှုရှိသောလုပ်ပိုင်ခွင့် အခွင့်အရေး များကို အထောက်အပံ့ပြုနေစဉ်၌ပင် ဥပဒေရေးရာ အသိအမှတ်ပြုခြင်းတွင် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ နှင့်စပ်လျဉ်း၍ ပြည့်စုံမှုရှိသော၊ ပွင့်လင်းမြင်သာသော၊ တာဝန်ခံနိုင်သော၊ ရေရှည်တည်တံ့ခိုင်မြဲသော စီမံခန့်ခွဲမှုနှင့် စီမံအုပ်ချုပ်မှု အသေအချာရရှိရန် လိုအပ်ပါသည်။ ထို့ကြောင့် ဥပဒေရေးရာမူဘောင်သည် တရားဝင် အတည်ဖြစ်မှု၊ ပြီးပြည့်စုံမှု၊ တာဝန်ခံမှု နှင့် ခွဲခြားဆက်ဆံ ခြင်းမရှိမှုတို့အတွက် ဥပဒေရေးရာ လိုအပ်ချက်များအားဖြင့် သတ်မှတ်ထားပြီးဖြစ်ရာ ရပ်ရွာလူအဖွဲ့အစည်းအဖွဲ့အစည်းများမှ အများပိုင် ဘုံမြေများနှင့်စပ်လျဉ်း၍ စီမံအုပ်ချုပ်ရန် လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရား များကိုခွဲဝေပေးရေးအတွက် သတ်မှတ် ဖော်ပြပေးရန် လိုအပ်ပါသည်။

### သီးခြား အကြံပြုချက်များ

၁. **ပြည်တွင်းဥပဒေပြုခြင်းသည် ရပ်ရွာလူအဖွဲ့အစည်းများအနေဖြင့် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအပေါ် စုပေါင်းထားသော လုပ်ပိုင်ခွင့်အခွင့်အရေးများကို ကိုင်ဆောင်ရရှိထားနိုင်သည့် ဥပဒေရေးရာ ဥပဓိရုပ်ရရှိသူများအဖြစ် အသိအမှတ်ပြုသင့်ပြီး ဖော်ထုတ်သတ်မှတ် ပေးသင့်ပါသည်။** ယင်းသည် ရပ်ရွာလူအဖွဲ့အစည်းတစ်ရပ်က စုပေါင်းထားသည့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို စီမံအုပ်ချုပ်ရန် အခွင့်အာဏာနှင့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည့်အခွင့်အရေး ရရှိနိုင်သူတစ်ဦးအဖြစ် ဥပဒေရေးရာအားဖြင့် အသိအမှတ်ပြုရမည်ကို ရည်ညွှန်းပြဆိုပြီး ဆန့်ကျင်ဘက်အားဖြင့် ပုဂ္ဂိုလ်တစ်ဦးချင်းအဖြစ် ရည်ညွှန်းပြဆိုသည်ကို ( စာမျက်နှာ ၁၁၊ အခန်း ၂.၁ ဤ၊လမ်းညွှန်ချက်ပါ “ရပ်ရွာလူအဖွဲ့အစည်း” ၏အဓိပ္ပာယ်ကို ကြည့်ပါ)။ လူမှုအသိုင်းအဝိုင်းများသည် မြေအသုံးချမှု၊ စီမံခန့်ခွဲမှု နှင့် ပိုင်ဆိုင်မှုဆိုင်ရာအခွင့်အရေးများနှင့် အများပိုင် ဘုံမြေများနှင့်စပ်လျဉ်း၍ တိကျသောအခွင့်အရေးများ ခွဲဝေပေးခြင်းအပေါ် စီမံခန့်ခွဲရန် လုပ်ထုံးလုပ်နည်းဆိုင်ရာအခွင့်အရေးများ(လုပ်ထုံးလုပ် နည်းဆိုင်ရာစည်းမျဉ်း စည်းကမ်း များကို မဟာဗျူဟာ ၂ တွင် ကြည့်ပါ) တို့ကဲ့သို့ တိကျသောအခွင့်အရေးများရရှိနိုင်မည်ဖြစ်ပါသည်။ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ စီမံအုပ်ချုပ်ရန် အခွင့်အာဏာနှင့် တာဝန်ဝတ္တရားများကို ခွဲဝေပေးခြင်းတွင် အရင်းအမြစ်များအခွင့်အရေးနှင့်သက်ဆိုင်သည့် အတိုင်းအတာအပြည့်အစုံ ပါဝင်ရမည်ဖြစ်ပါသည်။ ဆိုလိုသည်

မှာ စဉ်ဆက်မပြတ် ပေါင်းစည်းထားသော စီမံခန့်ခွဲမှုနှင့် အများပြည်သူ နှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို အသုံးပြုမှုရာတွင် အထောက်အပံ့ပေးနိုင်ရန် အမျိုးမျိုးသောဆက်စပ် သည့်အရင်းအမြစ်များ (ဥပမာ မြေယာ၊ သစ်တောများ၊ တောရိုင်းတိရစ္ဆာန်များ နှင့် ဒေသဆိုင်ရာ ရေပေးဝေရေးနေရာများ) အတွက် တိကျသည့်အခွင့်အရေးများဖြစ်ပါသည်။

၂. **ပြည်တွင်းဥပဒေပြုခြင်းသည် ပုံမှန်ပြဌာန်းသည့်ဥပဒေစနစ်မှတဆင့် ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် သက်ဆိုင်သည့် ရရှိနိုင်သည့် ပုဂ္ဂလိကအခွင့်အရေးများဆီသို့ ဥပဒေရေးရာစွမ်းရည်၊ တရားဝင်မှုနှင့် အသုံးပြုဆောင်ရွက်မှုဖြင့် အများပြည်သူနှင့်သက်ဆိုင် သည့် မြေယာ ဘုံပစ္စည်းများအပေါ် လုပ်ပိုင်ခွင့် အခွင့်အရေးများတွင် တန်းတူညီမျှဖြစ်စေမည့်အခြေအနေများကို ထပ်မံချမှတ်ဆောင်ရွက် သင့်ပါသည်။** ရပ်ရွာလူအဖွဲ့အစည်းများက ဒေသဆိုင်ရာလက်ခံကျင့်သုံးဆောင်ရွက်လျက် ရှိသည့် စည်းမျဉ်းစည်းကမ်းများ၊ စံသတ်မှတ်ချက်များ၊ အလေ့အထများ နှင့် အခွင့်အာဏာ ဆိုင်ရာစနစ်များ ပါဝင်သော တည်ဆဲဓလေ့ထုံးတမ်းဆိုင်ရာလုပ်ပိုင်ခွင့် စနစ်များအရ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့် စပ်လျဉ်း၍ လုပ်ပိုင်ခွင့်အခွင့်အရေးများကို စီမံအုပ်ချုပ်ရမည် ဖြစ်ပါသည်။ ဥပဒေပြုခြင်းသည် ယင်းနည်းလမ်းများအားဖြင့် ဥပဒေရေးရာအသိအမှတ် ပြုရမည်ဖြစ်ကာ ပြည့်စုံမှုရှိသော၊ တာဝန်ခံမှုရှိသော၊ ပွင့်လင်းမြင်သာမှုရှိသော စီမံအုပ်ချုပ် မှု( မဟာဗျူဟာ ၂ ကို ကြည့်ပါ) အတွက် ဥပဒေရေးရာလိုအပ်ချက်များက ၎င်းတို့ကို လက်တွေ့ကျင့်သုံးဆောင်ရွက် စေပြီး ပျိုးထောင်ဖန်တီးပေးသည်ဖြစ်ပြီး အဆိုပါ တရားဝင်ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်စနစ်များကို အထောက်အပံ့ပြုပေးရမည်ဖြစ်ပါသည်။ အစိုးရများနှင့် တရားရုံးများက ဓလေ့ထုံးတမ်းဆိုင်ရာလုပ် ပိုင်ခွင့်အခွင့်အရေးများကို မှတ်ပုံတင်ထားခြင်း သို့မဟုတ် အမည်ပေး ထားခြင်းမရှိသော်လည်း တရားဝင်ပြီး အတည်ပြု ထားသည်ဟု သုံးသပ်စဉ်းစားရမည်ဖြစ်ပါသည်။

၃. **အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်းသည့် အခွင့်အာဏာနှင့် တာဝန်ဝတ္တရားများကို လူမှုအသိုင်း အဝိုင်းသို့ ခွဲဝေပေးခြင်းသည် ရပ်ရွာလူအဖွဲ့အစည်းများ၏ အသုံးပြုဆောင်ရွက်မှုများအပေါ် အခြေပြုရန် လိုအပ်ပါသည်။ အဆိုပါအသုံးပြုဆောင်ရွက်မှုများသည် လူမှုရေးနှင့် ပထဝီဝင် ဆိုင်ရာနယ်နိမိတ်များ၊ အများပိုင်ဘုံမြေကြားရှိ ဇုန်နယ်မြေများအတွက် သက်သေအထောက် အထားအဖြစ်ခွင့်ပြုပေးပြီး ရပ်ရွာလူအဖွဲ့အစည်းအခြေပြုအဖွဲ့အစည်းများ၏ တရားဝင်မှု အပါအဝင် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည့်စုံမှုရှိပြီး တာဝန်ခံနိုင်သော စီမံအုပ်ချုပ်မှု နှင့် စဉ်ဆက်မပြတ်စီမံခန့်ခွဲမှုများအတွက် ရပ်ရွာလူအဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းဥပဒေများကို ရေးဆွဲတည်ဆောက်ရန် လုပ်ငန်းစဉ်များ၏ သက်သေအထောက်အထားအဖြစ်လည်း ခွင့်ပြုပေးထားပါသည်။** အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်းသည့် အခွင့်အာဏာနှင့် တာဝန်ဝတ္တရားများကို လူမှုအသိုင်း အဝိုင်းသို့ခွဲဝေပေးရာတွင် အဓိကကျသော လုပ်ဆောင်မှုတစ်ရပ်သည် ရပ်ရွာလူအဖွဲ့အစည်း၏ ပိုင်ဆိုင်မှု ဆိုင်ရာ ဖွံ့ဖြိုး တိုးတက်လုပ်ငန်းစဉ် ဆောင်ရွက်မှုများ (ဆိုလိုသည်မှာ လူမှုရေးနှင့် ပထဝီဝင်ဆိုင်ရာနယ်နိမိတ်များ ( မဟာဗျူဟာ ၃ ကိုကြည့်ပါ) ကို တရားဝင်အသိအမှတ်ပြုပြီး သတ်မှတ်ဖော်ထုတ်ပေးရန်ဖြစ်ပါသည်။ ယင်းတွင် လမ်းညွှန်ချက်များ၏ စည်းမျဉ်းစည်းကမ်းများ နှင့်အညီ ( စာမျက်နှာ ၁၅၊ ပုံ၊ ၂ တွင် ကြည့်ပါ) စည်းကမ်းချက်များအရ တရားဝင်အသိအမှတ်ပြုထားသော အဆိုပါနယ်နိမိတ်များပါဝင်သည့် ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများနှင့် ပုံစံများကို ရိုးရှင်းစွာထည့်သွင်းခြင်း ပါဝင်ရမည်ဖြစ်ပါသည်။ နိုင်ငံအနေဖြင့် နယ်နိမိတ်များကို ဖွဲ့စည်းတည်ဆောက်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်တာဝန်ရှိပြီး ရပ်ရွာလူအဖွဲ့အစည်းအဆင့်တွင် တည်ရှိပြီး သည့်ဆောင်ရွက်မည့် အဖွဲ့များ နှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားပြီး အားပေးရမည် ဖြစ်ပါသည်။လမ်းညွှန်ချက်များတွင် အနှစ်ချုပ်တွင်ဖော်ပြထားပြီးဖြစ်သကဲ့သို့ အချို့သောလူမှု အသိုင်းအဝိုင်းများ၌ ပြည့်စုံ၍ တာဝန်ခံမှုရှိသော၊ ပွင့်လင်းမြင်သာသော စီမံအုပ်ချုပ်မှုပုံစံများသည် တည်ရှိပြီး အသုံးပြုဆောင် ရွက်ပြီးဖြစ်ပါသည်။ အခြားရပ်ရွာလူအဖွဲ့အစည်းများ သည် (ဥပမာ) တည်ဆဲအမျိုးသားဦးစားပေးသော၊ ခွဲခြားဆက်ဆံမှုရှိသော၊ အဂတိဖြင့် ဆောင်ရွက်သော ဓလေ့ထုံးတမ်းဆိုင်ရာအဖွဲ့အစည်းများကို ချိုးနှိမ်နိုင်ရန် နှင့် (ဥပမာ) ကျားမတန်းတူညီမျှဆိုင်ရာ မူသဘောတရားများကို( မဟာဗျူဟာ ၆ နှင့် ၇ ကိုကြည့်ပါ) အသိအမှတ်ပြုရန် ၎င်းတို့၏အဖွဲ့အစည်းများအနေဖြင့် လိုက်လျောညီထွေရှိစေရေး နှင့် အားကောင်းလာစေရေးတို့အတွက် အထောက်အပံ့များပြုပေးရန် လိုအပ်လာနိုင်ပါသည်။ ရပ်ရွာလူအဖွဲ့အစည်းများသည် ၎င်းတို့၏ကိုယ်စားလှယ်များ၏၊ ရပ်ရွာလူအဖွဲ့အစည်း၏ စည်းမျဉ်း ဥပဒေများ၊ အခွင့်အာဏာနှင့် တာဝန်ဝတ္တရားများကိုခွဲဝေပေးရေးအတွက် မရှိမဖြစ် လိုအပ်ချက်အဖြစ် ဖွဲ့စည်းပုံ သို့မဟုတ် ညှိနှိုင်းချက်များ၏ တရားဝင်မှုအပါအဝင် စီမံအုပ်ချုပ်သည့် ပုံစံများ၊ လုပ်ထုံးလုပ်နည်းများ နှင့် အဖွဲ့အစည်းများကို ဖွဲ့စည်းရန် လုပ်ငန်းစဉ်များကို ချမှတ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄. **ရပ်ရွာလူအဖွဲ့အစည်းမှ စီမံအုပ်ချုပ်မှုပုံစံများသည် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲရေးကော်မတီ သို့မဟုတ် ဘုတ်အဖွဲ့၊ နယ်နိမိတ်ရေးရာကောင်စီ သို့မဟုတ် အဖွဲ့အစည်းများ၏အခြားပုံစံများဖြင့် ပုံဖော်ဆောင်ရွက်နိုင် ပါသည်။ ယင်းသည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများ နှင့်စပ်လျဉ်း၍ တရားဝင်သော၊ ပြည့်စုံသော၊ ပွင့်လင်းမြင်သာသော၊ တာဝန်ခံမှုရှိသော စီမံအုပ်ချုပ်မှုပုံစံအတွက် အသုံးပြုနိုင်သည့် နည်းနာတစ်ခုဖြစ်နိုင်ပါသည်။** နိုင်ငံ၏ အခြေအနေများအပေါ်မူတည်၍ အဆိုပါအဖွဲ့အစည်းတစ်ရပ်ကို တည်ဆဲဓလေ့ထုံးတမ်း ဆိုင်ရာရပ်ရွာလူအဖွဲ့အစည်းအဖွဲ့အစည်းများအရ အခြေပြုနိုင်ပြီး အစိုးရအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအစိုးရဖွဲ့စည်းမှုတွင်း အစိတ်အပိုင်းအဖြစ် ပါဝင်နိုင်ပြီး အစိုးရအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာရပ်ရွာလူအဖွဲ့အစည်းများ၊ ဥပမာ ပူးတွဲစီမံခန့်ခွဲမှု နှင့်အတူ ပေါင်းစပ်ဆောင်ရွက်မှု တစ်ခုလည်း ဖြစ်နိုင်ပါသည်။ အဆိုပါအဖွဲ့အစည်းတစ်ရပ်သည် တည်ရှိပြီးဖြစ်သော်လည်း အားကောင်းဖွံ့ဖြိုးရန် လိုအပ်သည့် အခါတွင်ဖြစ်စေ၊ ရပ်ရွာလူအဖွဲ့အစည်းမှ အသစ်ပြန်လည်ဖွဲ့စည်းရန် လိုအပ်နေသည့်အခါတွင် ဖြစ်စေ လိုအပ်ပါက အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။ ယင်းသည် အဖွဲ့အစည်းများကြား တစ်ပြိုင်တည်းလုပ်ပိုင်ခွင့် ယှဉ်တွဲပါဝင်သည့်ပုံစံမျိုးဖန်တီးခြင်း မဖြစ်စေရန် အရေးကြီးပါသည်။ အဆိုပါအဖွဲ့အစည်းများသည် ရပ်ရွာလူအဖွဲ့အစည်း ဆိုင်ရာ စံနှုန်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ထုတ်ပြန်ထား သည့်လုပ်ထုံး လုပ်နည်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန် ဖိုရမ်(ဆွေးနွေးပွဲ)တစ်ခုကို ပံ့ပိုးကူညီပေး ရမည်ဖြစ်ပါသည်။ တာဝန်ခံမှုရှိသော ဓလေ့ထုံးတမ်းဆိုင်ရာနှင့် ပြည်နယ်အာဏာပိုင်များအတွက် ရပ်ရွာလူအဖွဲ့အစည်း၏ စီမံအုပ်ချုပ်မှုတိုးမြှင့်ရန် နှင့် အခွင့်အရေးရရှိထားသူများနှင့် တာဝန်ရှိသူ များ၏အခွင့်အရေးများ ခိုင်မာစေရန် နည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။ အထူးသဖြင့် ၎င်းတို့သည် ပြည့်စုံသော၊ တာဝန်ခံမှုရှိသော၊ ပွင့်လင်းမြင်သာသော၊ ရေရှည်တည်တံ့ခိုင်မြဲသော အသုံးပြုမှု၏ ရည်ရွယ်ချက်များနှင့်အညီ အများပိုင်ဘုံ မြေများအတွက် စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုအတွက် မရှိမဖြစ် သော နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။

ပြည်တွင်းဥပဒေပြုခြင်းသည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများဆိုင်ရာတရားဝင် မြေလုပ်ပိုင်ခွင့်အခွင့်အရေးများ ရရှိထားသည့် ပုဂ္ဂိုလ်များကို လုံလောက်သည့်ကိုယ်စားပြုမှုရှိသကဲ့သို့ (အနည်းဆုံးကိုယ်စားလှယ်များ) ၎င်းတို့၏ပုံစံများအပေါ်အခြေမပြုဘဲ စီမံခန့်ခွဲရေးပုံစံများတွင် ပါဝင်ဆောင်ရွက်မှုရရှိရေးတို့နှင့်စပ်လျဉ်း၍ သေချာစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအပေါ် အခြေပြု၍ အသက်မွေးဝမ်းကျောင်းမှု ပြုနေသည် မြေယာမဲ့သူများ၊ ရပ်ရွာလူအဖွဲ့အစည်းရှိ အမျိုးသမီးများ၊ လူငယ်များ၊ သက်ကြီး ရွယ်အိုများနှင့် အခြားခွဲခြားဆက်ဆံခံရသည့်သူများအတွက်သာမက ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင်သူများ ကဲ့သို့ အုပ်စုများအတွက်လည်း အရေးကြီးပါသည်။ ဥပမာ စီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်းနှင့် ဦးဆောင်မှုပြုသည့် ပုံစံများတွင် ရပ်ရွာလူအဖွဲ့အစည်းများအနေဖြင့် တရားဝင်အထောက် အထားရရှိခြင်းမရှိချိန်၌ အဖွဲ့အစည်းများဖွဲ့စည်းရာတွင် အမျိုးသမီး အရေအတွက် အချိုးကျပါဝင်ရန် ဥပဒေရေးရာအားဖြင့် လိုအပ်နိုင်မည်ဖြစ်ပါသည်။

၅. **ရပ်ရွာလူအဖွဲ့အစည်းရှိအဖွဲ့အစည်းများက အပိုင်စီးခြင်းနှင့် လွှမ်းမိုးဆောင်ရွက်ခြင်းနှင့် ၎င်းတို့၏ အခွင့်အာဏာများကို အလွဲသုံးစားပြုခြင်းတို့မှ ကာကွယ်ပေးမည့်နည်းလမ်းများနှင့်အညီ ဓလေ့ထုံးတမ်း ဆိုင်ရာအာဏာပိုင်များအနေဖြင့် ပြည့်စုံ၍ ပွင့်လင်းမြင်သာပြီး တာဝန်ခံမှုရှိသောရပ်ရွာလူအဖွဲ့အစည်း ပုံစံများကို စွဲမြဲစွာဆောင်ရွက်ခြင်းဖြင့် ဥပဒေရေးရာ မူဘောင်သည် သေချာစေရမည်ဖြစ်ပါသည်။** သီးခြားဒေသဆိုင်ရာအခြေအနေများနှင့် ပိုမိုပွင့်လင်းမြင်သာ၍ တာဝန်ခံမှုရှိသောနည်းလမ်းများတွင် ၎င်းတို့၏တရားဝင်ဖြစ်မှုနှင့်အညီ ဓလေ့ထုံးတမ်းဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများမှ ဦးဆောင်ဦးရွက်ပြုသည့်အခန်းကဏ္ဍမှ ဆက်လက်ပါဝင်ဆောင်ရွက်ရေးကို ခွင့်ပြုရန်လုံလောက်သော ပြုပြင်ပြောင်းလဲလွယ်မှုရှိသင့်ပါသည်။ သို့ရာတွင် အားနည်းချက်ရှိပြီး အဂတိလိုက်စားမှုရှိသော အာဏာပိုင်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်တွင် အခြားဒေသဆိုင်ရာပါဝင်ပတ်သတ်သူများ နှင့် အစိုးရကိုယ်စားလှယ်များ (လိုအပ်ပါက) ကို ဥပမာအားဖြင့် ပြည့်စုံ၍ ပွင့်လင်းမြင်သာမှုရှိသောစီမံခန့်ခွဲရေး အဖွဲ့အစည်းတွင် ရွေးချယ်ခြင်းမခံရသောအဖွဲ့ဝင်များအဖြစ် ဓလေ့ထုံးတမ်းဆိုင်ရာအာဏာပိုင်များကို ပေါင်းစည်းရာ၌ ကတိကဝတ်များမှတစ်ဆင့်မှသော်လည်းကောင်း၊ ပိုမိုကျယ်ပြန့်သည့် ရပ်ရွာလူအဖွဲ့အစည်းနှင့် အနီးကပ်ဆွေးနွေးညှိနှိုင်းရာတွင် ၎င်းတို့၏အခန်းကဏ္ဍအားကန့်သတ်ခြင်းဆိုင်ရာ ဖြစ်နိုင်ချေ ရှိမှုမှသော်လည်းကောင်း သတ်မှတ်ဖော်ပြနိုင်ပါသည်။ အဆိုပါနည်းလမ်းနှင့်အတူ ဆောင်ရွက်ခြင်းဖြင့် ဓလေ့ထုံးတမ်း ဆိုင်ရာတန်ဖိုးများ၊ အသိပညာများနှင့် ဦးဆောင်မှုများကို လေးစားလိုက်နာ၍ အသုံးပြုဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး အာဏာပိုင်များအနေဖြင့် တာဝန်ခံမှုကိုကိုင်တွယ် ဆောင်ရွက်နိုင်ရမည် ဖြစ်ပါသည်။ ယင်းသည် တိုးတက်ကောင်းမွန် လာသော ဦးဆောင်မှုအတွက် အခွင့်အလမ်းတစ်ရပ်ကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

ဖြစ်ရပ်လေ့လာချက်၁
**ရပ်ရွာလူအဖွဲ့အစည်းပိုင်ဘုံမြေယာများက မည်မျှခိုင်မာမှုရှိသနည်း။**

## အာဖရိကရှိ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ ဥပဒေရေးရာအသိအမှတ်ပြုမှုအပေါ် လျှပ်တပြက်လေ့လာခြင်း

**မှ Liz Alden Wily**

အာဖရိကရှိ ၈ဝ ရာခိုင်နှုန်းနီးပါးသည် ရပ်ရွာလူအဖွဲ့အစည်းပိုင်ဘုံမြေများဖြစ်ပြီး အဆိုပါမြေယာများ၏ ၉၁ ရာခိုင်နှုန်းသည် ဓလေ့ထုံးတမ်းရိုးရာအားဖြင့် ပိုင်ဆိုင်၍ စုပေါင်းအသုံးပြုခဲ့ကြပါသည့် လယ်မြေများ၊ မွေးမြူရေးအတွက်အသုံးပြုသောမြေများ၊ သစ်တောများနှင့် စိမ့်မြေများ (Alden Wily ၊ ၂၀၁၆) ပါဝင်ပါသည်။ ၁၉၉၀ ခုနှစ်ကတည်းကပင် အာဖရိကနိုင်ငံရှိ ပြည်နယ် ၅၄-ခုမှ ၂၁-ခုတွင် (၃၉ ရာခိုင်နှုန်း) ရပ်ရွာလူအဖွဲ့အစည်းပိုင်ဘုံမြေများအပေါ် ဥပဒေရေးရာ အသိအမှတ်ပြုခြင်းသည် တိုးတက်မှုရှိခဲ့ပြီး အခြား ပြည်နယ် ၁၃-ခုတွင် (၂၄ ရာခိုင်နှုန်း) ၎င်းတို့၏ဥပဒေများအနေဖြင့် လက်ရှိအချိန်၌ တိုးတက်လျက်ရှိပါသည်။ အာဖရိကရှိကျေးလက်ဒေသနေ သန်းပေါင်းများစွာပြည်သူတို့သည် ၎င်းတို့အကြား နှင့် နယ်စပ်ဒေသများအကြား ပိုမိုဆက်နွယ်ခဲ့ကြပြီး နှစ်ကာလဖြတ်သန်းလာသည်နှင့်အမျှ လုပ်ပိုင်ခွင့်မလုံခြုံမှုဆိုင်ရာအကျိုးဆက်များအပေါ် ပိုမိုသိရှိနားလည်ခဲ့ကြပါသည်။ မြို့တော်များ တည်ဆောက်သည့်ကုမ္ပဏီများသို့ ကျေးလက်မြေယာများ ဆိုင်ရာပြည်နယ်များ၏မြေခွဲဝေမှုနှင့် ဒေသတွင်းနှင့်နယ်စပ်ဖြတ်ကျော်ဆောင်ရွက်သည့် စိုက်ပျိုးရေးဆိုင်ရာစီးပွားရေးလုပ်ငန်းများသို့ မြေယာဧရိယာအတော်များများကို ခွဲဝေပေးမှုတို့သည် ပြည်နယ်များအနေဖြင့် လေးစားလိုက်နာရမည့် ရပ်ရွာလူအဖွဲ့အစည်းမှ ဆင်းသက်လာသောစံနှုန်းများအရ အဆိုပါမြေများကို ပိုင်ဆိုင်ပြီးဖြစ်သည့် ဥပဒေရေးရာ အသိအမှတ်ပြုမှုအတွက် ထင်ရှားသောတောင်းဆိုမှုများ ကျယ်ပြန့်လျက်ရှိသော ထင်ရှားသည့်အပြောင်းအလဲဖြစ်စေသည့် အထောက်အကူများဖြစ်စေပါသည်။ ကျေးလက်ဒေသနေပြည်သူများ သန်း ၇၀၀ အတွင်း အဆိုပါမြေအသိအမှတ်ပြုခြင်းကို များသောအားဖြင့် ကန့်သတ်နေဆဲဖြစ်ပြီး ကောင်းမွန်၍ သစ်လွင်သောဥပဒေရေးရာအစဉ်အလာထုံးတမ်းကို သတ်မှတ်ထားဆဲဖြစ်ပါသည်။

၁။ ယင်းတို့သည် ရပ်ရွာလူအဖွဲ့အစည်းပိုင်ဘုံမြေများအား ပိုင်ဆိုင်ပြီးဖြစ်သည်ကို အသိအမှတ်ပြု၍ ရပ်ရွာလူအဖွဲ့အစည်းမှ ဆင်းသက်လာသော အခွင့်အရေးများအား ပိုင်ဆိုင်မှုအခွင့်အရေးများအဖြစ် အသိအမှတ်ပြုပြီး ပြည်တွင်းဥပဒေအဖြစ်ကာကွယ်ထားပါသည်။ ပြည်နယ်သို့မဟုတ်ရပ်ရွာလူအဖွဲ့အစည်းမှမဟုတ်ဘဲမြေတောင်းဆိုရရှိထားသူများအနေဖြင့် ရပ်ရွာလူအဖွဲ့အစည်းပိုင် မြေများကို မပိုင်ဆိုင်ကြောင်းသက်သေပြရန်တာဝန်ရှိကြောင်း လိုအပ်သကဲ့သို့ ဆောင်ရွက်ရန် ကန့်သတ်ထားပြီး ပါဝင်ဆောင်ရွက်ခွင့်ရှိသောစုံစမ်းစစ်ဆေးမှု ပါဝင်သော ဥပဒေရေးရာလုပ်ထုံးလုပ်နည်းများမပါဘဲ အဆိုပါမြေယာများကို တမင်ရယူနိုင်ခြင်းမရှိပေ။

မဟာဗျူဟာ ၁၊ ၂ နှင့် ၁၁ ကို ကြည့်ပါ။

၂။ ယင်းတို့သည် သစ်တောများ၊ ထင်းစိုက်ခင်းများ၊ မွေးမြူရေးအတွက်အသုံးပြုသောမြေများ သို့မဟုတ် အခြားဓလေ့ထုံးစံအရ ခွဲဝေသုံးစွဲသည့်မြေများကဲ့သို့ အထက်ပါလယ်ယာမြေမဟုတ်သောမြေများအဖြစ် အသိအမှတ်ပြုခြင်းမှ ခြွင်းချက်ပြုပေးမထားပါ။

မဟာဗျူဟာ ၁ ကို ကြည့်ပါ။

၃။ ယင်းတို့သည် ရပ်ရွာလူအဖွဲ့အစည်းမှ (သို့မဟုတ် သင့်လျော်သည့်မိသားစုဝင်များ) ၎င်းတို့ဆန္ဒရှိပါက ၎င်းတို့၏ အခွင့်အရေးများနှင့် မြေယာများကို အတော်အသင့်လွယ်ကူ၍ နည်းလမ်းတကျမှတ်ပုံတင်ခြင်းမှတစ်ဆင့် လွယ်ကူရိုးရှင်း၍ လိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများ၊ ဒေသဆိုင်ရာအလိုက် ပါဝင်ဆောင်ရွက်နိုင်မှုနှင့် လွတ်လပ်သော သို့မဟုတ် စစ်မှန်သောလက်ခံဆောင်ရွက်နိုင်မှုတို့ကို ထူထောင်ပေးပါသည်။

မဟာဗျူဟာ ၂ နှင့် ၃ ကို ကြည့်ပါ။

၄။ ယင်းတို့သည် ပိုင်ဆိုင်မှုကိုထိန်းသိမ်းရန်အလို့ငှာ ရပ်ရွာလူအဖွဲ့အစည်းတစ်ရပ် သို့မဟုတ် မိသားစုတစ်စု သို့မဟုတ် အခြားအုပ်စုတို့မှ ၎င်းတို့၏မြေယာများကို အပိုင်းလိုက် ခွဲဝေခြင်းကို လည်းကောင်း၊ ဥပဒေရေးရာအဖွဲ့အစည်းတစ်ခုထံတွင် အတင်းအကျပ်မှတ်ပုံတင်ခြင်းကိုလည်းကောင်း၊ လိုအပ်မည် မဟုတ်ဘဲ တစ်သီးပုဂ္ဂလ(တစ်ဦးချင်း) ပိုင်ဆိုင်သည့်အခွင့်အရေးအဖြစ် မှတ်ပုံတင်ရန် လွယ်ကူသကဲ့သို့ စုပေါင်းပိုင်ဆိုင်သည့်အခွင့်အရေးများ အတွက် တိုက်ရိုက်ပံ့ပိုးပေးပါသည်။

မဟာဗျူဟာ ၁ ကို ကြည့်ပါ။

၅။ ရပ်ရွာလူအဖွဲ့အစည်းမှ ဆင်းသက်လာသောသောအခွင့်အရေးများအပေါ် တရားဝင်အာဏာပိုင်အဖြစ် ရပ်ရွာလူအဖွဲ့အစည်းဆိုင်ရာ အဖွဲ့အစည်းများကို အသိအမှတ်ပြုထားပေးပြီး ပြည်တွင်းကြီးကြပ်ရေးတာဝန်နှင့် စည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းများကို အထောက်အပံ့ပြုပေးပါသည်။ ဤတွင်

မဟာဗျူဟာ ၁၊ ၆ နှင့် ၇ ကို ကြည့်ပါ။

ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် ပိုမိုပြည့်စုံ၍ ဒီမိုကရေစီအခြေခံရှိမှုသေချာစေရန် နှင့် လူ့အခွင့်အရေးများအပေါ် အလွဲသုံးစားမှုများဖြစ်စေသည့် ဓလေ့ထုံးတမ်းဆိုင်ရာအလေ့အထများကို တရားမဝင်ကြောင်းသတ်မှတ်ရန် စည်းကမ်းချက် အသစ်များ မကြာခဏပါဝင်ပါသည်။

သုတေသနလုပ်ငန်းသည် ပြည်နယ် ၁၄ ခု၌ အထက်ပါအကြောင်းအရာများထဲမှ အနည်းဆုံး ၃ ချက်မှာ ဥပဒေတွင် စွဲမြဲစွာ အမြစ်တွယ် ခိုင်မာလျက်ရှိကြောင်း ဖော်ထုတ်ခဲ့ကြပါသည် (http://www.landmarkmap.org)။ ပြင်သစ်ဘာသာ အများဆုံးသုံးသော ပြည်နယ်များဖြစ်ကြသည့် အထူးသဖြင့် မာဒက်ဂတ်စကာ၊ ဘန်နစ် နှင့် ဘာကီးနားဖာဆိုတို့တွင် သိသာထင်ရှားပြီး ရပ်ရွာလူအဖွဲ့အစည်းအခြေပြုအခွင့်အရေးကို ဖော်ထုတ် သတ်မှတ်ထားနိုင်၍ အသိအမှတ်ပြုထားသော ဒေသဆိုင်ရာ ဥပဒေမူဘောင်များ တည်ဆောက် ခြင်းကို တက်ကြွစွာဆောင်ရွက်နေဆဲ ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာအသုံးအများဆုံးသော အာဖရိကအရှေ့ပိုင်း တွင် ယူဂန်ဒါ၊ တန်ဇန်းနီးယား၊ တောင်ဆူဒန်နှင့် ကင်ညာတို့တွင် မိသားစုအခွင့်အရေးနှင့် အခြားစုပေါင်းအခွင့်အရေး၊ ပြည်နယ်မှ သတ်မှတ်ထားသည့်စနစ်များအရ ပစ္စည်းပိုင်ဆိုင်ရာအခွင့်အရေးကဲ့သို့ တူညီသော ဥပဒေရေးရာအာဏာ သက်ရောက်မှုနှင့် အကျိုးသက်ရောက်မှုများ ပါဝင်သည့် ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်းသော တိကျ ပြတ်သားသော ဥပဒေရေးရာဖော်ပြ ချက်များအပေါ် ချဉ်းကပ်မှုများဖြင့် စတင်ဆောင်ရွက်ခဲ့ကြပါသည်။

မဟာဗျူဟာ ၁၊ ၂၊ ၆ နှင့် ၁၁ ကို ကြည့်ပါ။

တန်ဇန်းနီးယားသည် တိုးတက်လာသည့်အလေ့အထများ၏ ကောင်းမွန်သောဥပမာတစ်ခုဖြစ်ပါသည် (http://www.landmarkmap.org/map/#x=78.42&y=-10.64&l=3)။ အဘယ့်ကြောင့် ဆိုသော် ယင်းသည် ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများအပေါ် အသိအမှတ်ပြုခြင်းကို ရပ်ရွာလူအဖွဲ့အစည်းအခြေပြုအဖွဲ့အစည်း ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ ယင်းသို့အသိအမှတ်ပြုခြင်း အား အထောက်အပံ့ပြုရန် ပေါင်းစပ်ထားသော ကြောင့် ဖြစ်ပါသည်။ အကျိုးကျေးဇူး တစ်ရပ်မှာ ရွေးချယ်ထားသောကျေးလက်ဒေသအစိုးရအဖွဲ့များက မြေယာပြုပြင်ပြောင်းလဲရေးတွင် ဦးဆောင်၍ ပါဝင်ဆောင်ရွက်ခဲ့ပြီးဖြစ်သော ကျေးလက်ဒေသ မြေယာအက်ဥပဒေ ၂၀၀၂ ခုနှစ် တွင် အဆိုပါ အဖွဲ့အစည်း များကို သက်ဆိုင်ရာ ကျေးရွာနယ်ပယ်များအတွင်းရှိ မြေယာအခွင့် အရေးများအားလုံး၏ ဥပဒေရေးရာစီမံဆောင်ရွက်ခွင့်ရှိသူများအဖြစ် သတ်မှတ်ထားပါသည်။ အဆိုပါ ကျေးရွာမြေဧရိယာများတွင် နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းပါဝင်ပြီး ယင်းသို့ သတ်မှတ်ထားသော ကျေးရွာအသီးသီးရှိမြေဧရိယာများသည် ဦးစားပေးတစ်ရပ်ဖြစ်လာခဲ့ပါသည်။ ကျေးရွာအသီးသီးရှိ အစိုးရအဖွဲ့များက တောင်းဆိုမှုများအပေါ် အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန်နှင့် အခွင့်အရေးများ မှတ်တမ်း တင်ရန် ကျေးရွာမြေမှတ်ပုံတင်ရုံးများကို ထူထောင်နိုင်ပါသည်။ သို့ရာတွင် ရပ်ရွာလူအဖွဲ့ အစည်းဆိုင်ရာ အစည်းအဝေး (အရွယ်ရောက်ပြီးသူများပါဝင်သော ၃ လ ၁ကြိမ် အစည်းအဝေး)တွင် ကျေးရွာနေသူများအားလုံး၏ အများပိုင်ပစ္စည်းအဖြစ် မှတ်တမ်းတင်ပေးပြီး ယင်းတို့ကို အသုံးပြုမှု သို့မဟုတ် ခွဲဝေချထားမှုတို့အတွက် စည်းမျဉ်းများရေးဆွဲပြီးသည်အထိ မည်သူတစ်ဦးတစ်ယောက် သို့မဟုတ် မည်သည့်မိသားစု သို့မဟုတ် အခြားမည်သည့်အခွင့်အရေးကိုမျှ အသိအမှတ် မပြုနိုင်ပေ။ ယင်းပစ္စည်းများတွင် သာမန်အားဖြင့် စားကျက်မြေများ၊ ထင်းစိုက်ခင်းမြေများ၊ စိမ့်မြေများနှင့် ကျေးရွာအတွင်း ရှိအများပြည်သူဝန်ဆောင်မှုပေးသည့် ဧရိယာများကို ခွဲဝေအသုံးပြုနိုင်ပါသည်။ ကပ်လျက်ရှိသောကျေးရွာများသည် ဝင်ရောက်ခွင့်နှင့် အသုံးပြုခွင့်ကို ခွဲဝေပေးရန် သဘောတူ ညီချက်များကို ပြုလုပ်နိုင်ပါသည်။ ရေကြည်ရာမြက်နုရာပြောင်းရွှေ့နေထိုင်သူများက ဓလေ့ထုံးတမ်းအရ ဝင်ရောက်ခြင်းကို ငြင်းပယ်ခြင်းမပြုနိုင်ဘဲ စည်းကမ်းချက်များကို ညှိနှိုင်း ဆောင်ရွက်နိုင်ပါသည်။ ဥပဒေသည် ဒေသဆိုင်ရာအစိုးရ သို့မဟုတ် ဗဟိုအစိုးရအပါအဝင် ကျေးလက်ဒေသဆိုင်ရာ အစိုးရ များက မြေကိစ္စရပ်များတွင် ရပ်ရွာလူအဖွဲ့အစည်းပိုင်မြေယာများ၏ တစ်စိတ်တစ်ပိုင်းကိုတောင်းဆိုသည့် ကျေးရွာသူ၊သား မဟုတ်သူများ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ မည်သို့ချမှတ်ဆောင်ရွက်မည်ကို သတ်မှတ်ထားပါသည်။ ဓလေ့ထုံးတမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသည် ဖွဲ့စည်းပုံများဆိုင်ရာ မူသဘောတရားများကို ထိခိုက်မှုမရှိဘဲ အသုံးပြုနိုင်ပါ သည်။ ပိုင်ဆိုင်မှုအပါအဝင် ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများကို သစ်တောများ သို့မဟုတ် သဘာဝတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ်ရေးအတွက် သီးသန့်ချန်လှပ်ထားသောမြေများ၌လည်း အသုံးပြုနိုင်ပါသည်။ ထိန်းသိမ်းစောင့် ရှောက်ရေးအာဏာပိုင်များ၏ သဘောတူညီချက်များအရ ချန်လှပ်ထားသောလုပ်ကွက် သို့မဟုတ် အမျိုးသားရေးအရ အရေးကြီးသောသစ်တောများကို လူမှုအသိုင်း အဝိုင်းတစ်ခုက ရယူပိုင်ဆိုင်ခြင်းမှ ကာကွယ်ထားသော ဥပဒေရေးရာအခြေခံအကြောင်းအချက်များ မရှိပါ။

ယခုအခါ ၎င်းတို့၏အခွင့်အရေးများကို ခံစားခွင့်ရရေးအတွက် ပြည်သူများ၏အရည်အချင်းကို တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ကျေးလက်နေရပ်ရွာလူအဖွဲ့အစည်းများသည် ၎င်းတို့၏ အခွင့်အရေးများကို သတိမူခြင်းမရှိသောကြောင့် အချို့သောခေါင်းဆောင်များ၏ လှည့်စားခြင်းကို ခံရနိုင်ပြီး မြေယာရှာဖွေနေသော ဝယ်ယူသူများနှင့် ရင်းနှီးမြှုပ်နှံ

သူများ၏ ကတိကဝတ်များကို ယုံကြည်ရန် အသင့်အနေအထားဖြစ်လွန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ အလားတူပင် ဥပဒေ ပြဋ္ဌာန်းချက်များကိုယ်တိုင်က များစွာသောအဓိကအချက်များ၌ ကွဲလွဲမှုများရှိနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ကြံစိုက်ပျိုးခြင်း သို့မဟုတ် အခြားငွေဖြစ်လွယ်သောကောက်ပဲသီးနှံများ စိုက်ပျိုးခြင်းတွင်မြေရယူ ဆောင်ရွက်နိုင်ရန် အာဏာပိုင်များက ကျေးရွာနယ်နိမိတ်များကို ပြင်ဆင်ရေးဆွဲခဲ့သည်ဟူသော စွပ်စွဲထားသည့်အမှုများလည်း ရှိပါသည်။ အမျိုးသားပန်းခြံများအေဂျင်စီသည် ပန်းခြံများကိုတိုးချဲ့ခဲ့ပြီး ပုဂ္ဂလိကဟိုတယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ သို့မဟုတ် ကုန်သွယ်ရေး ဆိုင်ရာအမဲလိုက်သည့် အကျိုးစီးပွား အဖြစ်ပြောင်းလဲရန် ရည်ရွယ်များအတွက် ကပ်လျက်ရှိသောကျေးရွာမြေများအတွင်းထိ အကြိမ်များစွာ ချန်လှပ်ထားခဲ့ပါသည် (**https://intercontinentalcry.org/just-conservation/**)။ တရားရုံးရှိအမှုများသည်လည်း တိုးပွားလာသည့် အနေအထားရှိပါသည်။

မဟာဗျူဟာ ၉ ကို ကြည့်ပါ။

တန်ဇန်းနီးယားနှင့် အာဖရိကတိုက်အထက်ပိုင်းနှင့် အောက်ပိုင်းတို့တွင် ပြုပြင်ပြောင်းလဲထားသော ဥပဒေတွင် ရပ်ရွာလူအဖွဲ့အစည်း၏မြေယာအခွင့်အရေး၏ အဓိကကျသောရည်ရွယ်ချက်၊ အသိပညာပေးမြှင့်တင်ဆောင်ရွက်ခြင်း နှင့် သတိဝီရိယရှိမှု တို့ပါဝင်သော ရပ်ရွာလူအဖွဲ့အစည်းများ နှင့် ထောက်ခံသူများအကြား အသိအမှတ်ပြုခြင်းသည် တိုးပွား လျက်ရှိပြီး ယင်းသည် လွန်စွာအရေးကြီးပါသည်။

### ထပ်မံဖတ်ရှုသင့်သော စာအုပ်များ


Alden Wily, L. 2012. From State to People's Law: Assessing Learning-By-Doing as a Basis of New Land Law. In J.M. Otto and A. Hoekema, eds. *Fair Land Governance: How to Legalize Land Rights for Rural Development,* pp. 85–110. Leiden, Leiden University Press. (available at **http://press.uchicago.edu/ucp/books/book/distributed/F/bo13215775.html**)

Alden Wily, L. 2014. The Law and Land Grabbing: Friend or Foe? *Law and Development Review* 7(2): 207–242. (available at **http://www.degruyter.com/view/j/ldr.2014.7.issue-2/ldr-2014-0005/ldr-2014-0005.xml?format=INT**)

Alden Wily, L. 2016. Customary tenure: remaking property for the 21st century. In M. Graziadei and L. Smith, eds. *Comparative Property Law: Global Perspectives.* Cheltenham (UK), Edward Elgar. (available prior to formal publication at: **https://www.researchgate.net/publication/285584601_Customary_tenure_remaking_property_for_the_21_st_century**)




# ၂ မဟာဗျူဟာ ၂ – အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများနှင့် စပ်လျဉ်း၍ လုပ်ပိုင်ခွင့် အခွင့်အရေးများ၏ ရှုပ်ထွေးမှု၊ ကွဲပြားမှုနှင့် ပြုပြင်ပြောင်းလဲလွယ်မှုတို့ကို ထည့်သွင်း စဉ်းစားရန် လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အလေးပေးသည့် ဥပဒေရေးရာမူဘောင်တစ်ခု အားကောင်းလာစေရန် သို့မဟုတ် တည်ဆောက်ရန်

## အခြေခံသဘောတရား

အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ မြေလုပ်ပိုင်ခွင့်အခွင့်အရေးများနှင့် ဓလေ့ထုံးတမ်းဆိုင်ရာစနစ်များ၏ လွှမ်းမိုးသက်ရောက်မှုသည် ရှုပ်ထွေး၍ ကွဲပြားခြားနားပြီး ပြုပြင်ပြောင်းလဲလွယ်ရမည်ဖြစ်ပါသည်။ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့် စပ်လျဉ်း၍ အရင်းအမြစ်အသုံးပြုသူများအားလုံးတွင် သာတူညီမျှ အခွင့်အရေးများနှင့် လုပ်ပိုင်ခွင့်ခိုင် မာမှုများရှိစေမည့် အဆိုပါပြုပြင်ပြောင်းလဲလွယ်သောလုပ်ပိုင်ခွင့်အခွင့်အရေးများ တစ်နေရာတည်းတွင် တစ်ထပ်ထည်း တူညီနေသည့်အချက်ကို ထည့်သွင်းစဉ်းစားရန် အလွန်အရေး ကြီးပါသည်။ ဥပမာအားဖြင့် အုပ်စုတစ်ခုမှ အသုံးပြုသူများသို့ သီးသန့်ပေးထားသည့်ပိုင်ဆိုင်ခွင့်များကို ခွင့်ပြုပေးရာတွင် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအပေါ်အခြားအသုံးပြုသူများစွာ၏ အသုံးပြုသည့်အခွင့်အရေးများကို လျော့ပါးစေနိုင် ပါသည်။ ထို့ပြင် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအသုံးပြုခြင်းနှင့် စီမံခန့်ခွဲခြင်းအတွက် သင့်လျော်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော စည်းမျဉ်းစည်းကမ်းများသည် ပြုပြင်ပြောင်းလဲလွယ်သော အကြောင်းအရာပိုင်း ဆိုင်ရာ သီးခြားညှိနှိုင်းဆောင်ရွက်ချက်များကို လိုအပ်ပါသည်။ ပြည်တွင်းဥပဒေပြုခြင်းသည် ဓလေ့ထုံးတမ်းဆိုင်ရာ ရပ်ရွာ လူအဖွဲ့အစည်း၏ စည်းမျဉ်းစည်းကမ်းများအားဖြင့် ဒေသဆိုင်ရာအဆင့် ညှိနှိုင်းဆောင်ရွက် ချက်များနှင့် အဆိုပါပြုပြင် ပြောင်းလဲလွယ်မှုနှင့် ကွဲပြားမှုတို့အတွက် လုံလောက်သည့် ဥပဒေရေးရာ နယ်ပယ်တစ်ရပ်ကို ထောက်ပံ့ပေးခြင်းဖြင့် ယင်းအချက်ကို စဉ်းစားရန်လိုအပ်ပါသည်။ အကျိုးဆက်အားဖြင့် ဥပဒေရေးရာမူဘောင်၏ သဘောသဘာဝသည် အရင်းခံစည်းမျဉ်းစည်းကမ်း များထက် လုပ်ထုံးလုပ်နည်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို အဓိကအားဖြင့် ဆောင်ရွက်ရ မည်ဖြစ်ပါသည်။ ယင်းသည် ဥပဒေက စည်းမျဉ်းသတ်မှတ်မှုအပေါ် အနှစ်သာရအနေဖြင့် မည်သည်တို့ကို ဆောင်ရွက်ပြီးသည် သို့မဟုတ် မပြီးသည်ကို အလေးထားခြင်းမှာ လျော့နည်းထားသင့်ပြီး မည်သို့၊ မည်သည့်လုပ်ထုံးလုပ်နည်းများက အဆိုပါ အရင်းခံစည်းမျဉ်းစည်းကမ်းများကို ဒေသဆိုင်ရာ အဆင့်တွင် ထူထောင်ဆောင်ရွက်သင့်သည်ကို ဆိုလိုခြင်းဖြစ်ပါသည်။

## သီးခြားအကြံပြုချက်များ

၁။ **လုပ်ထုံးလုပ်နည်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများသည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့် ဆက်စပ်မြေလုပ်ပိုင်ခွင့် အခွင့်အရေးများနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ရပ်ရွာလူအဖွဲ့အစည်းများက တိကျသော သီးခြားအနိမ့်ဆုံးလိုအပ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းကို သေချာစေရမည်ဖြစ်ပါသည်။** အဆိုပါ လုပ်ထုံးလုပ်နည်း အနိမ့်ဆုံးလိုအပ်ချက်များသည် ဥပမာအားဖြင့် ထိခိုက်လွယ်ပြီး ခွဲခြားဆက်ဆံခြင်းခံရသည့် အုပ်စုများ၏အကျိုးစီးပွားအပေါ် လေးစားမှုရှိခြင်း၊ အိမ်နီးချင်းလူမှုအသိုင်းအဝိုင်းများ၏ တရားဝင်အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားခြင်း၊ ဓလေ့ထုံးတမ်း ဆိုင်ရာ အာဏာပိုင်များက တာဝန်ခံမှုရှိခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို ရေရှည်တည်တံ့ခိုင်မြဲသောနည်းလမ်းဖြင့် စီမံခန့်ခွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေကဲ့သို့ အခြားသက်ဆိုင်ရာဥပဒေများကို လေးစားလိုက်နာမှုရှိခြင်းတို့ကို သေချာစေရေးအတွက် လမ်းညွှန်ချက်များ၏မူသဘောတရားများနှင့် ကိုက်ညီမှုရှိရန် လိုအပ်ပါသည်။

၂။ **အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ တွင် ဆုံးဖြတ်ချက်ချမှတ်နိုင်မည့်အဖွဲ့များ ဖွဲ့စည်းခြင်း၊ ပါဝင်ဆောင်ရွက်မှု၊ ဆက်သွယ်မှုနှင့် တိုင်ပင်ညှိနှိုင်းမှု၊ စီမံကိန်းနှင့် စောင့်ကြည့်လေ့လာရေး၊ အငြင်းပွားမှုဖြေရှင်းရေး ယန္တရားများဖွဲ့စည်းခြင်း တို့အတွက် လုပ်ထုံးလုပ်နည်းများ ပါဝင်ရ မည်ဖြစ်ပါသည်။** အဆိုပါ လုပ်ထုံးလုပ်နည်းဆိုင်ရာအခွင့်အရေးများသည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များရရှိနိုင်ရန်၊ ပါဝင် ဆောင်ရွက်နိုင်ရန်၊ အစည်းအဝေး များတွင် ပြောဆိုခွင့်နှင့်မဲပေးခွင့်ရရန်၊ ဆုံးဖြတ်ချက်ချမှတ် နိုင်မည့်အဖွဲ့ကို ရွေးချယ်တင်မြှောက်နိုင်ရန်၊

အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို တစ်ဦးတစ်ယောက်၏ မူလ(အရင်းခံ) အသုံးပြုမှုအခွင့်အရေးများအဖြစ် တောင်းဆို ရန်နှင့် ခံစားခွင့်ရရန်၊ အခွင့်အရေးများချိုးဖောက်သည့် ကိစ္စရပ်များတွင် တိုင်ကြားရန်နှင့် အကိုးအကားဖြင့် တောင်းခံရန်၊ အခြားမြေလုပ်ပိုင်ခွင့်အခွင့်အရေး ရရှိထားသူများနှင့် ညှိနှိုင်းဆွေးနွေးရန်နှင့် အပြန်အလှန်ဆောင်ရွက် ပေးနိုင်ရန် တို့ကို ပြုလုပ်ပေးနိုင်ပါသည်။ လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများသည် မူလ(အရင်းခံ) အခွင့်အရေး အဖြစ် စာရွက်ပေါ်တွင်သာ ဖော်ပြထားရုံမျှမဟုတ်ဘဲ လက်တွေ့တွင် အမှန်တစ်ကယ်အကောင်အထည်ဖော်ပြီး ဆောင်ရွက်နိုင်မှုရှိစေရန် လိုအပ်ပါသည်။ အဆိုပါ လုပ်ထုံးလုပ်နည်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများသည် ပထမဦးစွာ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများအား မူလ(အရင်းခံ)အသုံးပြုခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ကို ခွဲဝေပေးသည့် လုပ်ငန်းစဉ်အပေါ် စီမံခန့်ခွဲပေးမည့် စည်းမျဉ်းစည်းကမ်းများနှင့် ယန္တရားများကို အဓိပ္ပာယ်ဖွင့်ဆိုရန်နှင့် သဘောတူညီမှုရရန် ဥပဒေရေးရာကွာဟမှုအတွက် ရပ်ရွာလူအဖွဲ့အစည်းကို အထောက်အပံ့ပြုပေးပြီး ဒုတိယအချက်အနေဖြင့် ယင်းနောက်ပိုင်းရှိ အမျိုးမျိုးသော အသုံးပြုသူများ၏ အဆိုပါအခွင့်အရေးများကို ခွဲဝေပေးရေးတွင် အထောက်အပံ့ပြုပေးပါသည်။

၃။ **ပြည်တွင်းဥပဒေမူဘောင်ရှိ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများသည် ဓလေ့ထုံးတမ်းဥပဒေတွင် အသုံးပြုလျက်ရှိသော လုပ်ထုံးလုပ်နည်းများမှ မှီငြမ်းလေ့လာသင့်ပြီး အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ အတွက် ရေရှည်တည်တံ့ခိုင်မြဲသော စီမံခန့်ခွဲမှုဆိုင်ရာအလေ့အထများကို အထောက်အကူပြုပြီး ပြည့်စုံ၍ တာဝန်ခံမှုရှိသောစီမံအုပ်ချုပ်မှုဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ ကွဲလွဲမှုမရှိသမျှကာလပတ်လုံး ယင်းတို့ကို ပေါင်းစပ်ဆောင်ရွက်သင့်ပါသည်။** ဓလေ့ထုံးတမ်း ဥပဒေနှင့် ပြဋ္ဌာန်းထားသည့် ဥပဒေစနစ်များကို ပေါင်းစပ်ဆောင်ရွက်ခြင်းသည် လမ်းညွှန်ချက်များ၏ မူသဘောတရား များတွင် ဖော်ပြထားသည့် လူ့အခွင့်အရေးအခြေပြုစံနှုန်းများနှင့် ကိုက်ညီမှုရှိသည့် ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် စနစ်နှစ်ခုလုံးတွင် လိုအပ်နိုင်သည်ကို သွယ်ဝိုက်၍ ညွှန်းဆိုပြထားပါသည်။ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းဥပဒေသည် မှီငြမ်းလေ့လာခြင်းနှင့် အထောက်အပံ့ပြုခြင်းတို့မှအပ ဓလေ့ထုံးတမ်းဥပဒေကို လျော့ပါးစေခြင်းမရှိပါ။ တစ်ချိန်တည်းမှာပင် ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေသည် ဥပမာအားဖြင့် နောက်ခံအခြေအနေ အားနည်း၍ ခွဲခြားဆက်ဆံခံရသည့် ထိခိုက်လွယ်သောအုပ်စုများ (အမျိုးသမီးများ၊ မြေယာမဲ့သူများ၊ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင်ကြသူများ နှင့် အခြားလူမှုရေးအုပ်စုများကဲ့သို့) အပေါ် ခွဲခြားဆက်ဆံခြင်း မပြုရပါ။ ထိုနည်းတူစွာ အငြင်းပွားမှုဖြေရှင်းရေးယန္တရားများ (မဟာဗျူဟာ ၉ ကို ကြည့်ပါ) ကဲ့သို့ တရားဝင်ဓလေ့ထုံးတမ်း ဆိုင်ရာအဖွဲ့အစည်း များနှင့် ဖွဲ့စည်းပုံများအတွက် ဖြောင့်မှန်မှုကို လက်ကိုင်ထား၍ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ပေါင်းစပ်ဆောင် ရွက်ခြင်းတွင် တစ်ဦးတစ်ယောက်က တစ်ဦးတစ်ယောက်၏ အကျိုးစီးပွားများကို အကောင်းဆုံးဖြည့်ဆည်းပေးသည့် ဥပဒေရေးရာ စနစ်ကို ရွေးချယ်ရာတွင် ဥပဒေဟန်ပြပုံစံများကို ရှောင်ရှားရန်လည်း အကူအညီပြုပေးပါသည်။

၄။ **အရင်းခံစည်းမျဉ်းစည်းကမ်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာရေရှည်တည်တံ့ခိုင်မြဲမှု၊ ကျား၊မ တန်းတူညီမျှမှု၊ လူနည်းစုဖြစ်သောအုပ်စုများ၏ အကျိုးစီးပွားများကိုလေးစားမှု နှင့် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအပေါ် မြေလုပ်ပိုင်ခွင့်အခွင့်အရေးကို လွှဲပြောင်းပေး ခြင်းနှင့်စပ်လျဉ်း၍ ကန့်သတ်ချက်များ ကဲ့သို့ ယေဘူယျအသုံးပြုသော မူသဘောတရားများနှင့် အနိမ့်ဆုံးလိုအပ်ချက်များ၊ နှင့် အခြေခံကျသော ထည့်သွင်းစဉ်းစားမှုများ သေချာမှုရှိစေရန် လိုအပ်ပါသည်။** အရင်းခံအခွင့်အရေးများသည် ဥပမာအားဖြင့် အမျိုးသမီးများ၊ အမျိုးသားများ သို့မဟုတ် မြေယာမဲ့သူများကဲ့သို့ အမျိုးမျိုးသောအခွင့်အရေး ရရှိထားသူများအတွက် စားကျက်မြေဆိုင်ရာ အခွင့်အရေးများနှင့် ထင်းစုဆောင်ခွင့် အခွင့်အရေးများ ပါဝင်သော အများပိုင်ဘုံ သဘာဝ အရင်းအမြစ်များအပေါ် အရေးယူနိုင်သောအသုံးပြုမှုများကိုလည်း ရည်ညွှန်းထား ပါသည်။ ၎င်းတို့သည် ဥပမာ စိုက်ပျိုးသည့်ရာသီအတွင်း သီးနှံ စိုက်ပျိုးနိုင်သောမြေကို သီးသန့်အသုံးပြုမှုနှင့် စိုက်ပျိုးရာသီမဟုတ် ချိန်တွင် မျှဝေသုံးစွဲသည့်စားကျက်မြေတို့ကဲ့သို့ ခံနိုင်အားရှိမှု၊ လုံခြုံမှုနှင့် သီးသန့်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ပြောင်းလဲနိုင်ပါသည်။ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့် စပ်လျဉ်း၍ အရင်းခံအခွင့်အရေးများခွဲဝေပေးရာတွင် ဥပမာအားဖြင့် အမျိုးသမီးများ အခွင့်အရေး တန်းတူညီမျှရရှိခြင်း ရှိ၊ မရှိကိုလည်း လွှမ်းမိုးသက်ရောက်ပါသည်။

ဖြစ်ရပ်လေ့လာချက် ၂

**ဆာမိလူမျိုးတို့၏ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင်သည့် ဝါဒ နှင့်အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအပေါ် အမြင်သဘောထား**

## ဆာမိလူမျိုးတို့၏ ရေကြည်ရာမြက်နုရာရွှေ့ပြောင်းနေထိုင်သည့်ဝါဒ နှင့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအပေါ် အမြင်သဘောထား

**မှ Ivar Bjørklund**
**Tromsø Museum, University of Tromsø**

စကင်ဒီနေးဗီးယားမြောက်ပိုင်းရှိ ဆာမိလူမျိုးတို့၏ရေကြည်ရာမြက်နုရာရွှေ့ပြောင်းနေထိုင်သည့်ဝါဒသည် ၎င်းတို့၏အဓိက ဘဝနေထိုင်မှုအဖြစ် ယဉ်ပါးအောင်မွေးမြူထားသော တန်ဒြာဒေသ သမင်ကြီးများကို မွေးမြူ၍ စီမံခန့်ခွဲခြင်းအပေါ် ဘဝရပ်တည်နေထိုင်ကြကြောင်း ညွှန်ပြလျက်ရှိပါသည်။ ယင်းသို့ သင့်လျော်အောင်စီစဉ်မှုသည် ဓလေ့ရိုးရာအားဖြင့် နှစ်ဦးနှစ်ဖက်ကြားသွေးသားတော်စပ်မှုစနစ်အပေါ် အခြေပြု၍ အဖွဲ့ဝင်အပြောင်းအလဲရှိသည့်အနေအထားဖြင့် ဖွဲ့စည်းထား သော ဆီအီဒါ ဟုခေါ်သည့် ပြုပြင်ပြောင်းလဲလွယ်သောစီမံခန့်ခွဲမှုစနစ်မှ တစ်ဆင့် အသိအမှတ်ပြုခဲ့ပါသည်။ အဆိုပါ စနစ် သည် မတည်ငြိမ်ဘဲ ပြောင်းလဲလွယ်သောစားကျက်မြေနှင့် တိရစ္ဆာန်များကို စီမံခန့်ခွဲနိုင်မည့် ပြုပြင်ပြောင်းလဲရ လွယ်သော အလုပ်သမားအုပ်စုများဖွဲ့စည်းရန် ၎င်းတို့ကို ခွင့်ပြုပေးခဲ့ပါသည်။ တန်ဒြာဒေသ သမင်ကြီးများသည် လူတစ်ဦးချင်းစီ၏ပိုင်ဆိုင်သည့်ပစ္စည်းဖြစ်သော်လည်း ဥပဒေအရ ဘုရင်/နိုင်ငံကသာ ပိုင်ဆိုင်ပါသည်။ အဆိုပါပြုပြင်ပြောင်းလဲရ လွယ်သော အဖွဲ့အစည်းသည် နှစ်စဉ်ရာသီစက်ဝန်းအရ စားကျက်မြေနှင့် တန်ဒြာသမင်ကြီးများနှင့်လူအများကြား ဆက်နွယ်မှု သင့်မြတ်စေရန် ဖြစ်နိုင်သမျှ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မြေလုပ်ပိုင်ခွင့်အခွင့်အရေး စနစ်များ အသီးသီးတွင် ပုံမှန်မဟုတ်သော အဆိုပါရွှေ့ပြောင်းနေသည့်စနစ်များသည် လက်ရှိအချိန်ထိတိုင်အောင် တည်ရှိနေခဲ့ပြီးဖြစ်ပါသည်။ (Bjørklund ၊ ၁၉၉၀)

၎င်းတို့၏စုပေါင်းမြေလုပ်ပိုင်ခွင့်အခွင့်အရေးများအတွက် ဆီအီဒါစနစ်၏ အဖွဲ့ဝင်များသည် တစ်နှစ်ပတ်လုံး မည်သည့် ဧရိယာကိုမဆို ရယူအသုံးပြုနိုင်သော်လည်း အခြေအနေအရပ်ရပ်နှင့် ပုံမှန်မဟုတ်သောဆွေးနွေးညှိနှိုင်းချက်များအပေါ် မူတည်၍ အရင်းအမြစ်များကို (စားကျက်မြေ၊ ငါးလုပ်ငန်း၊ မြေလုပ်ကွက်များ) အခြားသူများကလည်း ထုတ်ယူသုံးစွဲ နိုင်ကြောင်း ဆာမိဓလေ့ထုံးတမ်းဥပဒေတွင် မွေးရာပါအခွင့်အရေးအဖြစ်ဖော်ပြထားပါသည်။ တစ်နည်းဆိုရလျှင် ဆာမိလူမျိုးတို့၏စီရင်ပိုင်ခွင့်နှင့် တရားမျှတမှုဆိုင်ရာအမြင်သဘောထားများသည် ၎င်းတို့၏ရေကြည်ရာ မြက်နုရာရွှေ့ပြောင်းနေထိုင်သည့်အလေ့အထများတွင် စွဲမြဲစွာလက်ခံထားပြီးဖြစ်ပါသည် (၂၀၁၅)

သို့ရာတွင် တစ်နေရာ၌ကြာကြာထိန်းကျောင်းမရသည့် တန်ဒြာသမင်ကြီးအုပ်များသည် ၂၀ ရာစု အစပိုင်းတွင် နိုင်ငံရှိ ပြည်နယ်များ၏အကျိုးစီးပွားနှင့် ပဋိပက္ခဖြစ်ခဲ့ပြီး စကင်ဒီနေးဗီးယားအစိုးရများက ရေကြည်ရာမြက်နုရာရွှေ့ပြောင်း နေထိုင် သည့်အလေ့အထများအပေါ် ထိန်းချုပ်မှုရရှိရန် စတင် ဆောင်ရွက်ခဲ့ပါသည်။ နယ်စပ်ဒေသဖြတ်ကျော်မှုနှင့် လယ်ယာမြေ အကျိုးစီးပွားများကြား ပဋိပက္ခဖြစ်မှု တို့သည် ဆာမိရွှေ့ပြောင်းနေထိုင်သူများနှင့် စားကျက်မြေများအပေါ် ၎င်းတို့၏ ရယူအသုံးပြုမှုများကို ကန့်သတ်ထိန်းချုပ်ရေးရည်ရွယ်ထားသည့် ဥပဒေရေးရာဆောင်ရွက်ချက်များကို ဦးတည် လာခ ဲ့ပါသည်။ ဤလုပ်ငန်းစဉ်သည် ပြည်နယ်များဆီသို့ နိုင်ငံရေးနှင့် စီးပွားရေးပေါင်းစပ်မှုတစ်ခု၏ အစကနဦး အဖြစ် ဖြစ် ပေါ်ခဲ့ပြီး ယနေ့အချိန်ထိတိုင် ဆက်လက်ဆောင်ရွက်ဆဲဖြစ်ပါသည်။ ယင်းဖွံ့ဖြိုးတိုးတက်မှုသည် စကင်ဒီနေးဗီးယာ ပြည်နယ်တစ်ခုချင်းစီတွင် ထပ်တူကျခဲ့သည် မဟုတ်ပါ။ သို့ရာတွင် အများပြည်သူပိုင်ဘုံမြေအပေါ် ရှိသောဆောင်ရွက်ချက် အားလုံးသည် ဆီအီဒါ ဟုခေါ်သည့် ဆာမိလူမျိုးတို့၏ကိုယ်ပိုင်ရိုးရာ စီမံခန့်ခွဲမှုပုံစံများအပေါ်၌ လျစ်လျူရှုခဲ့ကြပါသည်။ ဆီအီဒါသည် ပြုပြင်ပြောင်းလဲရလွယ်ပြီး တိရစ္ဆာန်အုပ်များလွှတ်ကျောင်းရာတွင် စီမံခန့်ခွဲသည့်စနစ်များအရ အရေးပါသော်လည်း အာဏာပိုင်များက စားကျက်မြေအဖြစ်သတ်မှတ်ထားသောမြေတွင် သတ်မှတ်ထားသော စီမံခန့်ခွဲရေးအဖွဲ့ များကိုသာ စတင်အသုံးပြုခဲ့ကြပါသည်။ ဆွီဒင်တွင် အဆိုပါအဖွဲ့များကို စိမ်းဗျား ဟုခေါ်ဆိုကြပြီး နော်ဝေးတွင် ရက်ဘက်ဒစ်စတစ်ကာနှင့်ဖင်လန်တွင်ပါလစ်ကွန်းတားဟုခေါ်ဆိုကြပါသည်။ ဤနည်းအားဖြင့် စီမံခန့်ခွဲမှုစနစ်နှစ်ရပ်တွင် ရာစုနှစ်တစ်နှစ်စာ ယှဉ်တွဲတည်ရှိခဲ့ပါသည် သို့မဟုတ် တစ်ခုနှင့်တစ်ခုလုံးဝမတူညီဘဲ တည်ရှိခဲ့ပါသည်။

တန်ဒြာသမင်ကြီးများမွေးမြူရေးဆိုင်ရာဥပဒေများကို ၁၉၇၁ ခုနှစ်တွင် ဆွီဒင်မှစတင်မိတ်ဆက်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် နော်ဝေးတွင် မြေယာနှင့်စီမံခန့်ခွဲမှုဆိုင်ရာအခွင့်အရေးများနှင့်စပ်လျဉ်း၍ အရေးပါသော စံထားရသည့် အပြောင်းအလဲ တစ်ခုကို စတင်ပြုလုပ်ခဲ့ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် တန်ဒြာသမင်ကြီးများအုပ်ကို လွှတ်ကျောင်းခြင်းအား ဆာမိ လူမျိုးတို့၏သီးသန့်အခွင့်အရေးအဖြစ် ထားရှိခဲ့ပြီး စီမံခန့်ခွဲရေးအဖွဲ့ဝင်၏ အဖွဲ့ဝင်များကို တိရစ္ဆာန်အုပ်များလွှတ်ကျောင်း

ခြင်းနှင့် ငါးလုပ်ငန်း တို့ကို သတ်မှတ်ထားသောဧရိယာအတွင်း ဆောင်ရွက်ခွင့်ပြုပေးခဲ့ပါသည်။ ယင်းသည် ရေကြည်ရာမြက်နုရာရွှေ့ပြောင်းနေထိုင်သူ ဆာမိလူမျိုးတို့၏ စုပေါင်း သို့မဟုတ် တစ်ဦးချင်း၏ဓလေ့ ထုံးတမ်းဆိုင်ရာ အခွင့်အရေးများကို အသိအမှတ်မပြုခဲ့ပါ။ ရေကြည်ရာမြက်နုရာရွှေ့ပြောင်းနေထိုင် သူအားလုံး၏ အလေ့အထများသည် ယခုအခါ နိုင်ငံ၏ဥပဒေပြုရေး ဆိုင်ရာအဆုံးအဖြတ်များအပေါ် တည်မှီလျက် ပေါ်ထွက်လာခဲ့ရပါသည်။

ထို့ပြင်နော်ဝေရှိ ၎င်းတို့ပိုင်ဆောင်းရာသီစားကျက်မြေ (ယခုအခါ ပြည်နယ်ကပိုင်ဆိုင်သည်) ကို ယခုအခါ အများပြည်သူပိုင် ဘုံစားကျက်မြေများ ဟုခေါ်ဆိုခြင်းဖြင့် ဥပဒေအရသတ်မှတ်ခဲ့ပါသည်။ သို့ရာတွင် အများပြည်သူပိုင်ဘုံစားကျက်မြေသည် အမျိုးမျိုးသော ဆီအီဒါ လူမျိုးစုများအကြား ဓလေ့ထုံးတမ်းဆိုင်ရာ အခြေပြု၍ စုပေါင်းစီမံခန့်ခွဲမှုအလေ့အထများနှင့် ၎င်းတို့၏သမားရိုးကျမြေခွဲဝေသုံးစွဲမှုတို့နှင့်စပ်လျဉ်း၍ တည်ရှိမှုထက် မည်သူမဆိုရယူအသုံးပြုနိုင်သည့် ဧရိယာအဖြစ် ဖန်တီးပုံဖော်ခဲ့ကြခြင်းဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် အငြင်းပွားမှုအရေအတွက်များ များပြားလာခြင်းသည် တိရစ္ဆာန်မွေးမြူလွှတ်ကျောင်းသူများအနေဖြင့် ဥပဒေ၏အနှစ်သာရကို အကိုးအကားပြု၍ အခြားသူများအသုံးပြုလျက် ရှိသည့် စားကျက်မြေဧရိယာများကို သိမ်းယူရန် စတင်ဆောင်ရွက်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။

ထို့ပြင် "အများပိုင်ဘုံပစ္စည်း" ဟူသောအခေါ်အဝေါ်အဖြစ် ဆောင်ရာသီစားကျက်မြေများ၏ ဥပဒေရေးရာအဓိပ္ပာယ်ကောက်ယူမှုမှာ အာဏာပိုင်များက "အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဆိုင်ရာဘုံပစ္စည်းများ၏ဆိုးရွားသောဖြစ်ရပ်" အဖြစ်သတ်မှတ်ခဲ့မှုကို ရှောင်ရှားရန်အလို့ငှာ တန်ဖြာ သမင်ကြီးများ၏အရေအတွက် အတင်းအကျပ် လျှော့ချရေးကိုသာ ဦးတည်လာခဲ့ပါသည်။ အဆိုပါစည်းမျဉ်းစည်းကမ်းများ၏အကျိုးဆက်မှာ ဆာမိလူမျိုးများ၏ဓလေ့ရိုးရာ စီမံခန့်ခွဲမှုစနစ်နှင့် ဓလေ့ထုံးတမ်းဥပဒေ၏မူလဘောတရားများကို ထပ်မံလျော့ပါးစေသကဲ့သို့ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင်သူများနှင့် အာဏာပိုင်များအကြား နိုင်ငံရေးဆိုင်ရာပဋိပက္ခများကိုလည်း လျော့ပါးစေခဲ့ပါသည်။

မဟာဗျူဟာ ၉ ကို ကြည့်ပါ။

ချိုးဖောက်မှုများသည် တိရစ္ဆာန်မွေးမြူရေးလုပ်သောရွှေ့ပြောင်းမြေများအပေါ်တွင် များပြားလာခဲ့ပြီး အမှုများကိုလည်း တရားရုံးကစစ်ဆေး ဆောင်ရွက်လျက်ရှိကာ ဆာမိလူနည်းစုလူမျိုးတို့၏ ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းသည့်ပြဿနာများသည်လည်း လွန်ခဲ့သော ဆယ်စုနှစ် ၂ ခုကတည်းကပင် ပိုမိုထင်ရှားလာခဲ့ပြီး အထူးသဖြင့် နော်ဝေနိုင်ငံသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကွန်ဗင်းရှင်းများ၏ အဖွဲ့ဝင်ဖြစ်သည်ဆိုသော အထောက်အထားအပေါ် အခြေပြုခဲ့ကြပါသည်။ အမှုအနည်းငယ်၏ရလာဒ်မှာ ရေကြည်ရာမြက်နုရာရွှေ့ပြောင်းနေထိုင်သူများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ အလေ့အထများနှင့် အခွင့်အရေးများကို လက်ခံနိုင်ပေးနိုင်သမျှ လက်ခံ၍ ဖြေရှင်းပေးခဲ့သော်လည်း ဥပဒေရေးရာရှင်းလင်းဖော်ပြချက်တွင် နိုင်ငံရေးနှင့် ဥပဒေရေးရာအပြောင်းအလဲကို အစပျိုးပေးလိမ့်မည်ဟု သုံးသပ်ရန် အနေအထားအဖြစ် ဆက်လက်တည်ရှိနေပါသည်။

မဟာဗျူဟာ ၁ ကို ကြည့်ပါ။

နော်ဝေးနိုင်ငံ၏မြောက်ပိုင်းအကျဆုံးဒေသဖြစ်သော ဖင်းန်မက်ခ် တွင် ပြည်နယ်ပိုင်အငြင်းပွားလျက် ရှိသော မြေယာပိုင်ဆိုင်မှုများ၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကွန်ဗင်းရှင်းများ (ဥပမာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း ကွန်ဗင်းရှင်း၊ အမှတ် ၁၆၉) မှ လိုက်နာရမည့် တာဝန်ရှိမှုတို့အရ ၂၀၀၅ ခုနှစ် ဥပဒေအသစ်တွင် ဖင်းန်မက်ခ်ရှိ အခြေချနေထိုင်သူများ၏ပိုင်ဆိုင်မှုအရ ၎င်းတို့ပိုင်ဆိုင်ကြောင်း သတ်မှတ်ခဲ့ပါသည်။ စားကျက်မြေအားလုံးကို ယခုအခါတွင် ဆာမိလွှတ်တော်အဖွဲ့နှင့် နော်ဝေးဒေသ ဆိုင်ရာဘုတ်အဖွဲ့တို့မှ ကိုယ်စားလှယ် ၃ ဦးစီပါဝင်သော ဘုတ်အဖွဲ့က စီမံခန့်ခွဲ ပေးလျက်ရှိပါသည်။ သို့ရာတွင် သတ္တုတွင်း၊ လေအားလျှပ်စစ် နှင့် အပန်းဖြေစခန်းတည်ဆောက်ရေးတို့ ကဲ့သို့ စက်မှု လက်မှုလုပ်ငန်း အကျိုးအမြတ်ရှိသော တူညီသည့်ဧရိယာတွင် အကျိုးစီးပွားယှဉ်ပြိုင်ခြင်းနှင့် ပေးအပ်ထားသော အကျိုးစီးပွားများကြောင့် ဘုတ်အဖွဲ့၏ဆုံးဖြတ်ချက်များသည် ဆာမိလူမျိုး ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင်သူ များ၏ အကျိုးစီးပွားအတွက် အမြဲဆောင်ရွက်ပေးလေ့မရှိပေ။

ဆာမိလူမျိုးတို့၏အခြေအနေမှ သင်ယူလေ့လာခွင့်ရသည့်သင်ခန်းစာအချို့မှာ –

မဟာဗျူဟာ ၁၂ နှင့် ၃ ကို ကြည့်ပါ။

၁။ ပြီးခဲ့သည့်ရာစုနှစ်တွင် အမျိုးသားဗျူရိုကရေစီယန္တယား အတွင်းသို့ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းနေထိုင် သူများကို ပေါင်းစည်းရန် အစိုးရပိုင်းဆိုင်ရာကြိုးပမ်းအားထုတ်သည် များပြားသော ပြဿနာများကို ဖန်တီးခဲ့ပါသည်။ ၎င်းတို့၏ ပြုပြင်ပြောင်းလဲရလွယ်သော တိရစ္ဆာန်ထိန်းကျောင်းရေး အဖွဲ့များသည် ပြည်နယ်များ၏စီမံခန့်ခွဲရေးဆိုင်ရာ စနစ်များနှင့် အံဝင်ဂွင်ကျကိုက်ညီခြင်းမရှိခဲ့ပါ။

မဟာဗျူဟာ ၁၅ နှင့် ၈ ကို ကြည့်ပါ။

၂။ "အများပိုင်" အဖြစ် ဆာမိလူမျိုးများ၏ ဆောင်းရာသီစားကျက်မြေများကို ဥပဒေအားဖြင့် သတ်မှတ်ခြင်းတွင် (ဆိုလိုသည်မှာ ရေကြည်ရာမြက်နုရာရွှေ့ပြောင်းနေထိုင်သူ ဆာမိလူမျိုးများအားလုံး လွတ်လပ်စွာရယူသုံးစွဲရန် ခွင့်ပေးခြင်း) တိရစ္ဆာန်မွေးမြူလွှတ်ကျောင်းသူများအကြား ပဋိပက္ခများကို ဖန်တီးခဲ့ပြီး အဓိပ္ပာယ်သတ်မှတ်ချက်အသစ်တွင်

မြေယာအသုံးပြုမှုနှင့်စပ်လျဉ်း၍ ဓလေ့ထုံးတမ်းအရ ရေကြည်ရာမြက်နုရာရွှေ့ပြောင်းနေထိုင်သည့်အလေ့အထများကို အသိအမှတ်မပြုခဲ့သောကြောင့်ပင် ဖြစ်ပါသည်။

၃။ လက်ရှိပဋိပက္ခများကိုဖြေရှင်းရန်နှင့် ပဋိပက္ခအသစ်များထပ်မံမဖြစ်ပေါ်စေရန် ဆာမိလူမျိုးတို့၏ မြေယာ အခွင့်အရေးများနှင့် ဥပဒေမှ ဓလေ့ထုံးတမ်းဆိုင်ရာစီမံခန့်ခွဲမှုအလေ့အထများကို အသိအမှတ်ပြုရန် ဆောင်ရွက်သင့်ပါသည်။

မဟာဗျူဟာ ၁ နှင့် ၉ ကို ကြည့်ပါ။

**ထပ်မံဖတ်ရှုသင့်သော စာအုပ်များ**

**Marin, A. & Bjørklund, I.** 2015. A tragedy of errors? Institutional dynamics and land tenure in Finnmark, Norway. *International Journal of the Commons,* 9(1): 19–40. (available at http://munin.uit.no/bitstream/handle/10037/7977/article.pdf?sequence=1&isAllowed=y)

**Bjørklund, I.** 1990. Sami Reindeer Pastoralism as an Indigenous Resource Management System in Northern Norway: A Contribution to the Common Property Debate. *Development and Change* 21(1): 75–86. (available at http://dlc.dlib.indiana.edu/dlc/bitstream/handle/10535/1594/Sami_Reindeer_Pastoralism_as_an_Indigenous_Resource_Management_System_in_Nothern_ Norway.pdf?sequence=1)

## ၃ မဟာဗျူဟာ ၃ - ဆွေးနွေးညှိနှိုင်းထားပြီး ပြည့်စုံသည့်ဒေသဆိုင်ရာလုပ်ငန်းစဉ်တစ်ခုအပေါ် အခြေပြုထားသည့် နယ်နိမိတ်များဆိုင်ရာမြေပုံနှင့် မှတ်ပုံတင်ထားမှု၊ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ အသုံးပြုမှုတို့အတွက် စည်းမျဉ်းစည်းကမ်းများကို လက်ခံအတည်ပြုရန်

### အခြေခံသဘောတရား

အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့် အခွင့်အရေးများ သေချာစွာ ရရှိစေရန် ဥပဒေပြဋ္ဌာန်းရာတွင် သင့်လျော်သော အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် အပြန်အလှန်ဆက်နွယ်မှုရှိသော မရှိမဖြစ်လိုအပ်ချက် ၂ ရပ်အပေါ် မူတည်လျက်ရှိပါသည်။ ပထမအချက်မှာ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ ဥပဒေရေးရာ အသိအမှတ်ပြုရေးသည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ နယ်နိမိတ်ဆိုင်ရာမြေပုံနှင့် ရေကြည်ရာမြက်နုရာရွှေ့ပြောင်းနေထိုင်သူများ၊ ငါးလုပ်ငန်းလုပ်ကိုင်သည့် ရပ်ရွာလူအဖွဲ့အစည်းများနှင့် လယ်သမားများကဲ့သို့ အမျိုးမျိုးသောအသုံးပြုသူ အုပ်စုများ၏ တရားဝင်လုပ်ပိုင်ခွင့်အခွင့်အရေးများကို မှတ်ပုံတင်ခြင်းတို့ လိုအပ်ပါသည်။ ဒုတိယအချက်မှာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ငါးလုပ်ငန်းများနှင့် သစ်တောစိုက်ပျိုးလုပ်ကိုင်ခြင်းများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအသုံးပြုခြင်းအတွက် ရှင်းလင်းပြီး အလေးထားရမည့်စည်းမျဉ်းစည်းကမ်းများအပေါ်တွင် သဘောတူညီချက်တစ်ရပ်ရှိရန် လိုအပ်ပါသည်။ အဆိုပါ ညှိနှိုင်းရမည့်သဘောတူညီချက်များသည် ပုံမှန်အားဖြင့် တရားဝင်မှတ်ပုံတင်ခြင်းအတွက် အခြေခံအချက်များ ပါဝင်ရမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် တရားဝင်မှတ်ပုံတင်ခြင်းတွင် သဘောတူညီချက်များအနေဖြင့် ယေဘူယျအားဖြင့် လိုက်နာပြီးဖြစ်ပြီး သေချာမှုရှိစေရေးအတွက် အရေးကြီးသော မရှိမဖြစ်လိုအပ်ချက်တစ်ရပ် ဖြစ်နိုင်ပါသည်။ အထက်ပါ မရှိမဖြစ်လိုအပ်ချက် ၂ ရပ်လုံးတွင် မြေပုံနှင့် မှတ်ပုံတင်ခြင်းကဲ့သို့ပင် စုပေါင်းစီမံအုပ်ချုပ်သည့်စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ဖော်ထုတ်ခြင်းသည်လည်း တရားဝင်လုပ်ပိုင်ခွင့် အခွင့်အရေး ရရှိထားသူအားလုံး ပါဝင်သည့် ဆွေးနွေးညှိနှိုင်းထားသောမြေယာစီမံကိန်းလုပ်ငန်းစဉ်နှင့် ဒေသဆိုင်ရာပါဝင်ဆောင်ရွက်မှုတို့မှတစ်ဆင့် အကောင်းဆုံးဖန်တီး တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

## သီးခြားအကြံပြုချက်များ

၁။ **ပြည်နယ်အာဏာပိုင်များက အထောက်အပံ့ပြုပေးထားသော ရပ်ရွာလူအဖွဲ့အစည်းများသည် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ဧရိယာများကို သတ်မှတ်ရန်၊ လူမှုရေးနှင့် ပထဝီဝင်ဆိုင်ရာ နယ်နိမိတ်များ၏ မြေပုံရေးဆွဲရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေမည့် ပြည့်စုံထိရောက်သော နည်းလမ်းများဖြင့် အများပိုင်ဘုံမြေ ဧရိယာများ အသုံးပြုရန် စည်းမျဉ်းစည်းကမ်းများ အပေါ် သဘောတူညီချက်ချမှတ်ရေးအတွက် ပါဝင်ဆောင်ရွက်ခွင့်ရှိပြီး ဒေသဆိုင် ရာ အခြေပြုသော မြေယာနှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုစီမံကိန်း လုပ်ငန်းစဉ်တွင်လည်း ပါဝင်ခွင့်ရှိပါသည်။** ယင်း စီမံကိန်း လုပ်ငန်းစဉ်သည် စည်းမျဉ်းစည်းကမ်းများ မတည်ရှိမီကာလကို ထည့်သွင်းစဉ်းစား၍ အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ တရားဝင်မြေလုပ်ပိုင်ခွင့် အခွင့်အရေးရရှိထားသူများနှင့် အိမ်နီးချင်းတွင် နေထိုင်သည့်အရင်းအမြစ်သုံးစွဲသူများ၏မြေပုံသည် ဖော်ထုတ်ချက်တစ်ရပ်နှင့် သဘောတူ ညီထားသည့်အချက်တို့ အပါအဝင် ဒေသဆိုင်ရာအခြေပြုသည့် ပြီးပြည့်စုံသောလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပေါ်ထွက်လာရမည်ဖြစ်ပါသည်။

- အများပိုင်ဘုံမြေဧရိယာတွင် တရားဝင်မြေလုပ်ပိုင်ခွင့်အခွင့်အရေးများကိုရရှိထားသည့် သို့မဟုတ် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ အရင်းအမြစ်များကို စုပေါင်းစီမံအုပ်ချုပ်သည့် မြေလုပ်ပိုင်ခွင့်အခွင့်အရေး များရရှိထားသည့် အမျိုးမျိုးသောလူမှုရေးဆိုင်ရာနှင့် အကျိုးခံစားခွင့်ရှိသော အုပ်စုများအားလုံး ပါဝင်သော အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ လူမှုရေးနှင့် ပထဝီဝင်ဆိုင်ရာနယ်နိမိတ်များ။ နယ်နိမိတ်များကို အတိအကျဖော်ထုတ်နိုင်သည် သို့မဟုတ် ပြုပြင်ပြောင်းလဲလွယ်သောပုံစံဖြင့် သတ်မှတ်ရမည် သို့မဟုတ် ဥပမာ ပထဝီဝင်ဧရိယာ၊ အသုံးပြုခဲ့သည့်ကာလများ၊ တည်ဆောက်ပုံဖွဲ့စည်းပုံအမျိုးအစား၊ အကျိုးဆက် ပမာဏ၊ အဖွဲ့ဝင်ဖြစ်သောအုပ်စု တို့ကဲ့သို့နည်းလမ်းပေါင်းစုံဖြင့် သတ်မှတ်နိုင်ပါသည်။
- အရင်းအမြစ်အသုံးပြုခြင်း၊ ကြားခံဇုန်များနှင့် အနာဂတ်လိုအပ်ချက်များနှင့်အတူ ယှဉ်တွဲပါဝင်သောမြေလုပ်ပိုင်ခွင့် အခွင့်အရေး အမျိုးအစားပေါင်းစုံပြီး ပြုပြင်ပြောင်းလဲလွယ်သောပုံစံများ။
- တရားဝင်မြေလုပ်ပိုင်ခွင့်အခွင့်အရေးရရှိထားသူများနှင့် ဆက်နွယ်မှုရှိသော ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ မြေကွက် နေရာများ။

အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ဧရိယာများကို သတ်မှတ်ရာတွင် ဥပမာအားဖြင့် ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းနေထိုင်သူများက အသုံးပြုသော ဖြတ်သန်းသွားလာခွင့် သို့မဟုတ် ရေအရင်းအမြစ်များရယူ သုံးစွဲခွင့်တို့ ကို တောင်းဆိုနိုင်သည့် အချို့စုပေါင်းအခွင့်အရေးများရှိသည့် ဧရိယာများကို တစ်သီးပုဂ္ဂလ အသုံးပြုခြင်း အတွက် သီးခြား စည်းမျဉ်းများအပါအဝင် တစ်ဦးတစ်ယောက်၏အသုံးပြုမှုအတွက် ဧရိယာများကို သတ်မှတ်ခြင်းလည်း ယေဘူယျအားဖြင့် သွယ်ဝိုက်ညွှန်းဆိုထားပါသည်။

မြေပုံများနှင့်ယှဉ်တွဲပါဝင်သောမြေလုပ်ပိုင်ခွင့်သည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများ၏ နယ်နိမိတ် များ၊ အမျိုးမျိုးသော မြေလုပ်ပိုင်ခွင့်အခွင့်အရေးများ၊ အခွင့်အရေးရရှိထားသူများနှင့် အရင်းအမြစ်အသုံးပြုခြင်းတို့နှင့် စပ်လျဉ်း သည့် စာရွက်စာတမ်းများကို မှတ်တမ်းပြုခြင်း ဖြစ်ပါသည်။ မြေပုံနှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ရပ်ရွာ လူအဖွဲ့အစည်း အခြေပြု သဘာဝအရင်း အမြစ်စီမံခန့်ခွဲရေးကော်မတီ သို့မဟုတ် အခြားစုပေါင်းဖွဲ့စည်း ထားသော အဖွဲ့အစည်း (မဟာဗျူဟာ ၁ ကိုကြည့်ပါ) က စီမံဆောင်ရွက်နိုင်ပါသည်။ ပြည်နယ် အာဏာပိုင်များ (လိုအပ်ပါက အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူ ပေါင်းခြင်း)သည် နည်းပညာဆိုင်ရာ သတင်းအချက်အလက်နှင့် လမ်းညွှန်ချက် များကို ထောက်ပံ့ပေးရေးအလို့ငှာ ပါဝင် ဆောင်ရွက်ရန်နှင့် စီမံကိန်း အကောင်အထည်ဖော်ရေး တို့အတွက် လိုအပ်သော ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနိုင်စေရေး တို့ကို သေချာဆောင်ရွက်ရန် လိုအပ်ပါသည်။ ပြည်နယ်များအနေဖြင့် ဒေသဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဥပဒေနှင့်အညီ လိုက်နာမှုရှိစေရန် နှင့် အဆင့်မြင့်မြေယာစီမံကိန်းနှင့်ရည်ရွယ်ချက်များကဲ့သို့ ပြည့်စုံမှု၊ ပွင့်လင်းမြင်သာမှုနှင့် ရေရှည်တည်တံ့ ခိုင်မြဲမှုတို့၏မူသဘောတရားများနှင့်အတူ (မဟာဗျူဟာ ၁ ကိုကြည့်ပါ) သေချာမှုရှိစေရန်လည်း လိုအပ်ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ပါဝင်မှုမှာ စီမံကိန်းလုပ်ငန်းစဉ်များလွယ်ကူအဆင်ပြေစေရန် လိုအပ်နိုင်မည်ဖြစ်ပြီး အခွင့်အရေးရရှိ ထားသူများ ပါဝင်လာစေရေးအတွက် ကူညီပေးနိုင်သကဲ့သို့ ၎င်းတို့၏အကျိုးစီးပွားများကို ကိုယ်စားပြုနိုင်ပြီး ၎င်းတို့၏မြေ လုပ်ပိုင်ခွင့်အခွင့်အရေးကို မှတ်တမ်းပြုပေးနိုင်ကာ နယ်နိမိတ်များ ညှိနှိုင်းရာတွင်လည်း ခွဲခြားဆက်ဆံဆောင်ရွက်ခြင်းမျိုး မရှိ နိုင်ပါ။ ယင်းသည် အထူး သဖြင့် အမျိုးသမီးများ၊ မြေယာမဲ့ပြည်သူများအပါအဝင် ခွဲခြားဆက်ဆံခံရသောပြည်သူများအတွက် နှင့် ယာယီ အရင်းအမြစ် သုံးစွဲသူများနှင့် အခြားသူများအကြားတွင် အရေးကြီးပါသည်။

ပြည်နယ်အာဏာပိုင်များသည် ဒေသဆိုင်ရာတရားဝင်အထောက်အထား (ဥပမာ မြေပုံများ၊ သမိုင်းကြောင်းမှတ်တမ်းများ၊ နှုတ်သက်သေခံချက်များ) အမျိုးအစားအားလုံးကို အသိအမှတ်ပြုသင့်ပြီး ဂျီပီအက်စ်၊ မိုဘိုင်းဖုန်းတွင်ပြသပေးသည့်မြေပုံ၊ မြေယာလုပ်ပိုင်ခွင့်မှတ်တမ်းဆိုင်ရာ ဆော့ဖ်ဝဲလ် အသုံးပြုမှုများ၊ ဝေဟင်မှရိုက်ကူထားသောမြေပုံများကဲ့သို့ ဒေသ ဆိုင်ရာ အဆင့်တွင် သင့်လျော်၍ ငွေကြေးအကုန် အကျသက်သာသော နည်းပညာများအပြင် လိုအပ်သော ဘဏ္ဍာရေး အရင်းအမြစ်များကို ထောက်ပံ့ပေးရမည်ဖြစ်ပါသည်။ ပဋိပက္ခများဖြေရှင်းရာတွင် ပြည်နယ်အာဏာပိုင်များသည် ဖြန်ဖြေ ညှိနှိုင်းရေး အခန်းကဏ္ဍတွင် အသွင်ယူဆောင်ရွက်ရမည်ဖြစ်ပြီး အငြင်းပွားမှုများမှာ ဆက်လက်ဖြစ်ပွားနေပါက ဥပဒေရေးရာဝန်ဆောင်မှုများကိုပါ ပံ့ပိုးပေးရမည်ဖြစ်ပါသည်။

၂။ **သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးဆိုင်ရာ စီမံကိန်းလမ်းကြောင်းတွင် ဆွေးနွေးပြီး သဘောတူညီနိုင်မည့်အချို့အချက်များနှင့် ရပ်ရွာလူအဖွဲ့အစည်းမှ သဘောတူညီချက် သို့မဟုတ် စည်းမျဉ်းဥပဒေတို့အား မှတ်တမ်းပြုထားသည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

- အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများမှ အရင်းအမြစ်များအပေါ် တရားဝင်မြေလုပ်ပိုင်ခွင့် အခွင့်အရေး ရရှိထားသူများ၊ ၎င်းတို့၏မြေလုပ်ပိုင်ခွင့်အခွင့် အရေးများ၊ အများပိုင်ဘုံ မြေမှအရင်းအမြစ်များကို သက်ဆိုင်ရာ အသုံးပြုမှု(အရင်းအမြစ်အမျိုးအစား၊ အသုံးပြုမှု၊ လက်ရှိအချိန် နှင့် ကာလတို့အပါအဝင်) အားလုံး နှင့် အများဆန္ဒအရပြုလုပ်ထားသော သာတူညီမျှမှုရှိသော ရယူသုံးစွဲမှုနှင့် အသုံးပြုမှုတို့၏ မှတ်တမ်းမှတ်ရာများ။ အိမ်နီးချင်းတွင် နေထိုင်အသုံးပြုသူများ၏ တရားဝင် အခွင့်အရေးများ ၏ မှတ်တမ်းမှတ်ရာများကိုလည်း ထည့်သွင်းသင့်ပါသည်။
- အရင်းအမြစ်အသုံးပြုသူများအားလုံးက အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို ရေရှည်တည်တံ့သော အသုံးပြုမှုနှင့် စီမံခန့်ခွဲမှုအတွက် သတ်မှတ်ထားသော စီမံကိန်းများ၊ သတ်မှတ်ပြဋ္ဌာန်း ချက်များနှင့် အနိမ့်ဆုံးသဘာဝပတ်ဝန်းကျင်ဆိုင်ရာစံနှုန်းများ။ နိဂုံးချုပ်ဆိုရလျှင် ယင်းသည် စာမှတ်စာတမ်းများကို သတ်မှတ ် ဖော်ထုတ်ရန်နှင့် အချိန်ကာလကျော်လွန်သည့်တိုင် ရေရှည်တည်တံ့ခိုင်မြဲကြောင်း သက်သေပြ နိုင်သော ဓလေ့ထုံးတမ်းဆိုင်ရာ စီမံခန့်ခွဲမှုအလေ့အထများကို စဉ်းစားရန် သင့်လျော်ပါသည်။
- အပြန်အလှန်အပေးအယူ သဘောတရား၊ အခကြေးငွေအခြေပြုစနစ်များ ပါဝင်သောဆွေးနွေး ညှိနှိုင်းမှုများ၏ မူဝါဒသဘောတရားများနှင့် လမ်းစဉ်များ၊ နှင့် အနာဂတ်တွင်ပြုလုပ်မည့် ဆွေးနွေးညှိနှိုင်း မှုအကြိမ်ရေ။
- အထူးသဖြင့် ရပ်ရွာလူအဖွဲ့အစည်းမှ မြေယာမဲ့အဖွဲ့ဝင်များ (ဥပမာ၊ ထင်းစုဆောင်းရေးအတွက် အများပိုင်သစ်တောများကို အသုံးပြုခြင်း နှင့် သစ်မာသား မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကို အသုံးပြုခြင်း) တို့အတွက် အကျိုးစီးပွားခွဲဝေပေးရေး အစီအစဉ်များ။
- ဒေသဆိုင်ရာတန်ဖိုးကွင်းဆက်များသို့ ထိုးဖောက်ဝင်ရောက်ရန် (မဟာဗျူဟာ ၁၀ ကိုကြည့်ပါ) ဥပမာ အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို ကုန်သွယ်ရေးအရ အသုံးပြုမှုနှင့် အထောက်အပံ့ပြုရေး အစီအစဉ်အရ လိုအပ်သောရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ အများဆန္ဒအပါအဝင် ကာလကြာရှည်အသုံးပြုရာတွင် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအတွက် ဝင်ငွေကို မည်သို့လည်ပတ်ဆောင်ရွက်မည်ဆိုသည့် စီမံကိန်းတစ်ရပ်။
- ရပ်ရွာလူအဖွဲ့အစည်းက ဦးဆောင်၍စောင့်ကြည့်လေ့လာမည့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်ခြင်း၊ နယ်နိမိတ်ဆိုင်ရာစီမံကိန်း၊ မြေအသုံးချမှုစီမံကိန်း သို့မဟုတ် ရေရှည်တည်တံ့ခိုင်မြဲသော အသုံးချမှုစီမံကိန်း၏ အခြားအမျိုးအစားတို့အတွက် စံနှုန်းများနှင့် အလားတူထုတ်လုပ်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်သောသဘာဝအရင်းအမြစ်များ၏ အခြေအနေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် သဘောတူညီချက်များကို ချိုးဖောက်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာ စံနှုန်းများ

၃။ **အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏တရားဝင် မြေလုပ်ပိုင်ခွင့်အခွင့် ကိုင်ဆောင်ထားသူများသည် အများပိုင်ဘုံမြေဧရိယာများနှင့်သက်ဆိုင်ရာ စုပေါင်းမြေလုပ်ပိုင်ခွင့် အခွင့်အရေးများ၏ မှတ်ပုံတင်ခြင်းကို အစပျိုးရန် အားပေးခဲ့ကြပါသည်။** အများပိုင်ဘုံမြေဧရိယာများနှင့် သက်ဆိုင်ရာစုပေါင်းမြေလုပ်ပိုင်ခွင့် အခွင့်အရေးများကို ချိုးဖောက်ခံရခြင်းမှ ဥပဒေအရအကာ အကွယ်ရရှိရန်အလို့ငှာ တရားဝင် မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သင့်ပါသည်။ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို အများပိုင်ဘုံမြေဧရိယာ၏ တရားဝင်မြေ လုပ်ပိုင်ခွင့် အခွင့်အရေး ရရှိထားသူများအားလုံးကိုယ်စား ဥပဒေရေးရာအဖွဲ့အစည်း (ဥပမာ သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးကော်မတီ

သို့မဟုတ် အခြားစုပေါင်းဖွဲ့စည်းထားသောအဖွဲ့အစည်း) ၏ အမည်ဖြင့် မှတ်ပုံတင်သင့်ပြီး ရိုးရာဓလေ့အရ ဦးဆောင် သူကဲ့သို့ တစ်ဦးတစ်ယောက်အမည်ဖြင့် မှတ်ပုံတင်နိုင်ပြီး ကြားခံဖုန်များ စီမံအုပ်ချုပ်မှုဆိုင်ရာပုံစံများကို ဖွဲ့စည်းတည်ဆောက်ရန် လုပ်ထုံးလုပ်နည်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများ ယှဉ်တွဲပါဝင်နိုင်ပါသည်။ အမျိုးမျိုးသောမြေလုပ်ပိုင်ခွင့်အခွင့်အရေးများနှင့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများ၏ အရင်းအမြစ်များအသုံးပြုမှုတွင် တရားဝင် အခွင့်အရေးရရှိ ထားသူများ(ရပ်ရွာလူအဖွဲ့အစည်းအဖွဲ့ဝင်များ) အပေါ် သဘောတူညီချက်များကို တရားဝင်မှတ်ပုံတင်ရုံးတွင် မှတ်တမ်းမတင်သင့်ပါ။ သို့ရာတွင် ရပ်ရွာလူအဖွဲ့အစည်းမှ သဘောတူညီချက်များ သို့မဟုတ် စည်းမျဉ်းဥပဒေတို့ကို မှတ်တမ်းပြုသင့်ပါသည် (အချက် ၂ ကို ကြည့်ပါ)။ စုပေါင်းမြေလုပ်ပိုင်ခွင့် အခွင့်အရေးများသည် သတ်မှတ်ဧရိယာ အတွင်းတစ်ဦးတစ်ယောက်ချင်း အသုံးပြုမှုအတွက် ဖွဲ့စည်း တည်ဆောက်ထားခြင်းဖြစ်ပါက အဆိုပါ စုပေါင်းမြေလုပ်ပိုင်ခွင့်အခွင့်အရေးများကို တစ်ဦးတစ်ယောက်၏ အခွင့်အရေးအဖြစ်မှတ်ပုံတင်ရန် ကွယ်ဝှက်ထားခြင်း မရှိစေသင့်ကြောင်း ရှင်းရှင်းလင်းလင်း အသိအမှတ်ပြုပေးရမည်ဖြစ်ပါသည်။

ဖြစ်ရပ်လေ့လာချက် ၃ ကမ္ဘောဒီးယားရပ်ရွာလူအဖွဲ့အစည်း၏ ငါးလုပ်ငန်းများ၊ အများပိုင်မြစ်ဘေးရှိ သောင်ခုံများတွင် နေထိုင်သည့်လူမျိုးစုတစ်ခုအတွင်း အတည်တကျမရှိဘဲ ပြောင်းလဲလျက်ရှိသော နယ်နိမိတ်များအတွက် ယှဉ်ပြိုင်ရင်ဆိုင်ရသော စိန်ခေါ်မှုများကို ကျော်လွှားခြင်း

## ကမ္ဘောဒီးယားရပ်ရွာလူအဖွဲ့အစည်း၏ ငါးလုပ်ငန်းများ၊ အများပိုင်မြစ်ဘေးရှိ သောင်ခုံများတွင် နေထိုင်သည့်လူမျိုးစုတစ်ခုအတွင်း အတည်တကျမရှိဘဲပြောင်းလဲလျက်ရှိသောနယ်နိမိတ်များအတွက် ယှဉ်ပြိုင်ရင်ဆိုင်ရသော စိန်ခေါ်မှုများကို ကျော်လွှားခြင်း

**မှ John Kurien Azim Premji University, Bengaluru, India**

*ကမ္ဘောဒီးယားရှိ လက်ရှိငါးလုပ်ငန်းအခွင့်အရေးဆိုင်ရာစနစ်များသည်အလွန်အမင်းချဲ့ထွင်ထားပြီး ငါးလုပ်ငန်းဆိုင်ရာရပ်ရွာလူအဖွဲ့အစည်း၏ စနစ်လည်း ကောင်းစွာဖွံ့ဖြိုးပြီးဖြစ်ပါသည်။* (EU Representative to Cambodia at the FAO/UN User Rights 2015 Conference held in Siem Reap. See: http://www.icsf.net/images/samudra/pdf/english/issue_70/252_Sam70_E_ALL.pdf pp. 34–41)

ရေပေါ်ရေအောက်အကြောင်းအရာများတွင် လုပ်ပိုင်ခွင့်နယ်နိမိတ်သတ်မှတ်ခြင်းသည် ကြောက်စရာကောင်းလောက်သည့် တာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။ ယင်းကို သိသာထင်ရှားသည့်ရာသီအလိုက် ဒီရေအတက်အကျအားဖြင့် အမှတ်အသားပြုထားပြီးပြောင်းလဲလွယ်သည့် ကုန်းမြေ–ရေမျက်နှာပြင်အနေ အထားတို့နှင့်စပ်လျဉ်းသည့်အခါ ပို၍ခက်ခဲစေရန် ဖန်တီးထားပါသည်။ မည်သို့ပင်ဖြစ်စေ အဆိုပါမြေပြင်အနေအထားများအားလုံး၌ ယင်းသို့ လုပ်ပိုင်ခွင့်ကျော်လွှန်သောထိန်းချုပ်မှုမှ အကျိုးကျေးဇူးရယူရာတွင် နိုင်ငံသည် ကွဲပြားလျက်ရှိသောသောင်ခုံများပေါ်ရှိရပ်ရွာလူအဖွဲ့အစည်းများမှ အခွင့်အရေးပေါင်းချုပ်တွင် အဆိုပါမပီပြင်သောမျက်နှာပြင်အနေအထားအား ရယူပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်တို့နှင့်အတူ “စုပေါင်းလုပ်ပိုင်ခွင့်” ကို ခွင့်ပြုပေးရန် အခွင့်အရေးတစ်ရပ်ကို ချန်လှပ်ထားပါသည်။ အရှေ့တောင်အာရှတွင် ကမ္ဘောဒီးယားရှိ ထင်ရှားသောစမ်းသပ်ချက်တစ်ရပ်မှာ ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကနဦးအစပြုသူပင် ဖြစ်ပါသည်။

ကမ္ဘောဒီးယား၏ကြီးမားသော ရေပေါ်ရေအောက်အရင်းအမြစ်များသည် ကြီးမားသော မဲခေါင်မြစ်ဝှမ်း၏ အစိတ်အပိုင်းများဖြစ်ကြပြီး သာမန်ထက်ပိုထူးကဲသောကမ္ဘာမြေပေါ်ရှိ ဂေဟစနစ်များထဲမှတစ်ခုပင် ဖြစ်ပါသည်။ အဆိုပါဧရိယာ၏ အဓိကနေရာမှာ အရှေ့တောင်အာရှတွင် အကြီးဆုံးရေချိုထွက်ရှိသည့် ရေကန် တွန်လဲဆပ်(တွန်လဲသစ်စေး) ဖြစ်ပြီး ကမ္ဘာ့အကျိုးပြုဇီဝမျိုးစုံအများဆုံးရှိသည့် ရေချိုကန်ဖြစ်ပါသည်။ ဖွန်လမှ စက်တင်ဘာလထိ မုတ်သုံရာသီ၏ ရေအကြီးဆုံးကာလတွင် မဲခေါင်မြစ်နှင့် ယင်း၏မြစ်လက်တက်များတွင် တူးမြောင်းများအထိရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိ ပါသည်။ ယင်းသို့ဖြစ်ပွားသည့်အခါ တွန်လဲဆပ် (ယခုအခါ ယူနက်စကိုမှ သက်ရှိဇီဝများအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေအဖြစ် သတ်မှတ်ထားသော) သည် မြေမျက်နှာပြင် ၂၅၀၀ ကီလိုမီတာမှ ၁၆၀၀၀ ကီလိုမီတာကျော်အထိ ကျယ်ပြန့်လာသည့် သို့မဟုတ် ကမ္ဘောဒီးယားရှိစုစုပေါင်းမြေဧရိယာ၏ ၇ ရာခိုင်နှုန်းအထိ ကျယ်ပြန့်လာပါသည်။ အဆိုပါအကြောင်းကိစ္စရပ်တွင် နယ်နိမိတ်အတိုင်းအတာသတ်မှတ်ခြင်းသည် မဖြစ်နိုင်သောအခြေအနေမဟုတ်သော်လည်း အခက်အခဲ များစွာရှိပါသည်။

တွန်လဲဆပ်သည် ကမ္ဘောဒီးယားလူဦးရေအားလုံးကို အထောက်အပံ့ပြုသည့် အာဟာရဓါတ်ပြည့်ဝသော ငါးများ ပေါကြွယ်ပြီး ကမ္ဘောဒီးယားကို ကမ္ဘာ့အကြီးဆုံးရေချိုကုန်းတွင်းငါးစားသုံးသူအသိုက်အဝန်းလည်း ဖြစ်စေပါသည်။ ၁၉၈၇ ခုနှစ်တွင် ပြင်သစ်ထိန်းသိမ်းခံခဲ့ရခြင်းသည့် ရေကန်၏ကြီးမားသောဧရိယာများကို ထိန်းချုပ်ရေးအတွက် တစ်ဦးတစ်ယောက်

မဟာဗျူဟာ ၁ နှင့် ၄ ကို ကြည့်ပါ။

ချင်းစီသို့ (လေလံပေးသည့် လိုင်စင်များဖြင့်) ရေကန်၏ ထုတ်လုပ်နိုင်စွမ်းအားအမြင့်ဆုံးအစိတ်အပိုင်းများ၌ လုပ်ပိုင်ခွင့် အခွင့်အရေးများကို စတင်အသုံးပြုလာခဲ့ကြပါသည်။ ဘုရင်စနစ်သည် တိုင်းပြည်မှရရှိသောအခွန်များဖြင့် လည်ပတ်ခဲ့ရသော်လည်း တိုက်ရိုက်အကျိုးစီးပွားမှာ အသွင်တူလူ နည်းစုတွင်သာ တိုးပွားလာခဲ့ပါသည်။ ငါးဖမ်းရယူခြင်းအပေါ် လုပ်ကွက်များ၏ပိုင်ရှင်များနှင့် ကျေးလက်ဒေသဆင်ရဲသားလူတန်းစားများအကြား ပဋိပက္ခများသည် ရေကန်ဝန်းကျင်ရှိ ဒေသအလိုက် ဖြစ်ပွားခဲ့ပါသည်။ ကာလကြာရှည်တည် ရှိခဲ့သော ရိုးရာဓလေ့များနှင့် အလေ့အထများပါဝင်သော လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာပြဿနာများသည် နောက်ဆုံးတွင် ပြောင်းလဲခဲ့ကြပြီး ယုတ္တိမတန်စွာ ဆောင်ရွက်ခဲ့ကြပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယား ဝန်ကြီးချုပ်သည် ရာဂဏန်းအနည်းငယ်မျှရှိသော အခွင့်အာဏာရှိသူများပိုင်ဆိုင်သည့် ငါးဖမ်းလုပ်ကွက် များအားလုံး၏ထက်ဝက်ကို ပယ်ဖျက်ကြောင်း မမျှော်လင့်ထားသောကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး ထောင်ဂဏန်းမျှရှိသောကျေးလက်ဒေသရှိ ဆင်းရဲသားမိသားစုများ၏ ငါးဖမ်းရယူခွင့်ကို ခွင့်ပြုပေးခဲ့ပါသည်။ ယင်းဆောင်ရွက်ချက်သည် ဒေသတွင်းမြစ်ဘေးသောင်ခုံများတွင်နေထိုင်သည့် ရပ်ရွာလူအဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်ပေးရန် ချက်ချင်းစတင်ခဲ့ပါသည်။

ယင်းသည်နိုင်ငံမှ အကုန်အကျခံပံ့ပိုးပေးမည့် ရေပေါ်ရေအောက်ဆိုင်ရာပြုပြင်ပြောင်းလဲရေး ဖြစ်ပေါ်စေခဲ့ပါသည်။ ပထမခြေလှမ်းကို ငါးလုပ်ငန်းစီမံခန့်ခွဲရေးအတွင်း ရပ်ရွာလူအဖွဲ့အစည်းအခြေပြုဖွံ့ဖြိုးရေးဌာနတစ်ခုကို တည်ထောင်ဆောင်ရွက်ခဲ့ပါသည်။ ယင်းရုံးဌာနသည် အရပ်ဘက်လူမှုအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့် ရပ်ရွာလူအဖွဲ့အစည်းများနှင့်ညှိနှိုင်းဆွေးနွေးထားသည့် ငါးလုပ်ငန်းဆိုင်ရာဥပဒေအရ ငါးလုပ်ငန်းအဖွဲ့ အစည်းများဆိုင်ရာအသိုင်းအဝိုင်းကို ဖန်တီးရေးအတွက် ဝန်ကြီးချုပ်ကထုတ်ပြန်သော အထူးအမိန့်တစ်ရပ်ကို သတ်မှတ်ရန် လျင်မြန်စွာဆောင်ရွက်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် သဘာဝအရင်းအမြစ်များကို ရယူသုံးစွဲရန် ၎င်းတို့၏လွတ်လပ်မှုအသစ်အပေါ် တွန်းအားဖြစ်ပေါ် စေခဲ့ပြီး ရပ်ရွာလူအဖွဲ့အစည်းများစွာတို့သည် ငါးလုပ်ငန်းအသိုင်းအဝိုင်းအသစ်များကို ဖန်တီးသည့်လုပ်ငန်းစဉ်ကို အစိုးရ မဟုတ်သောအဖွဲ့အစည်းများမှ အထောက်အပံ့များနှင့်အတူစတင်ချဉ်းကပ်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရန် အကျိုးခံစားခွင့် ရှိသောအဖွဲ့ဝင်များက လက်မှတ်ရေးထိုးထားသော အကျိုးခံစားခွင့်လျှောက်ထားလွှာကို ပုံမှန်အားဖြင့် ပြောင်းလဲမှုမြန်ဆန် သည့် ကုန်းမြေ–ရေပြင်ပထဝီဝင်အနေအထားတစ်ရပ်ဖွဲ့စည်းပါဝင်သော ၎င်းတို့၏အများပိုင်ဘုံမြေအဖြစ် အဆိုပြုထား သည့်လက်ဖြင့်ရေးဆွဲထားသောမြေပုံကြမ်းနှင့်အတူ တင်ပြကြပါသည်။ စီမံခန့်ခွဲရေးအဖွဲ့သည် တောင်းဆိုမှုများကို စစ်ဆေးခြင်း၊ လျှောက်ထားသူများနှင့်လိုအပ်ချက်များကို စစ်ဆေးခြင်းကို လုပ်ဆောင်ပေးခြင်းသို့မဟုတ် ရက်ပေါင်း ၃၀ အတွင်း ငြင်းပယ်ကြောင်း အကြောင်းကြားစာပေးပို့ခြင်းကို ပြုလုပ်ရပါသည်။ သဘောတူခွင့်ပြုချက်ကိုရရှိပါက ငါးလုပ်ငန်း စီမံခန့်ခွဲရေးအဖွဲ့သည် ဝန်ကြီးချုပ်က ထုတ်ပြန်သည့်အမိန့်တွင် ဖော်ပြထားသကဲ့သို့ အခွင့်အရေးနှင့် တာဝန်များနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသောအဖွဲ့ဝင်များထံသို့ ပေးပို့ဖြန့်ဖြူးရန် စီစဉ်ဆောင်ရွက်ရပါသည်။ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနမှ ၎င်းတို့၏ငါးလုပ်ငန်းအသိုင်းအဝိုင်းအပေါ် တရားဝင်အသိအမှတ်ပြုမှုရရှိရန် ငါးလုပ်ငန်း အသိုင်းအဝိုင်းအနေဖြင့် အောက်ပါတို့ကိုဆောင်ရွက်ရမည်။

ငါးလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၏အကူအညီဖြင့် အဖွဲ့ဝင်များသည် အထွေထွေအစည်းအဝေးတစ်ရပ်ကို ဖွဲ့စည်းပါသည်။ ယင်းအစည်းအဝေးသည် ၎င်းတို့၏ငါးလုပ်ငန်းအသိုင်းအဝိုင်းအတွက် အမည်တစ်ခု သတ်မှတ်ဆုံးဖြတ်ရန်၊ ရည်ရွယ်ချက်များချမှတ်ရန်၊ ၎င်းတို့အဖွဲ့အတွင်း စည်းမျဉ်းစည်းကမ်းများနှင့် စည်းကမ်းသတ်မှတ်ချက်များနှင့် အဖွဲ့ဝင်များအကြား ငါးလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၏အဖွဲ့ဝင်များအဖြစ် ရွေးချယ်ရန် ပွင့်လင်းလွတ်လပ်သောလုပ်ငန်းစဉ်တစ်ရပ်ဖြင့် အစပြုခဲ့ပါသည်။ အဖွဲ့ဝင်များအားလုံး၏ အမည်စာရင်းနှင့် ကော်မတီကိုလည်း ဖွဲ့စည်းရန် ပြင်ဆင်ထားရှိခဲ့ပါသည်။ အသိအမှတ်ပြုသော မြေပုံတစ်ခုပေါ်ထွက်လာရန် ငါးလုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့နှင့် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုများကို ကန့်သတ်ထားရန် အိမ်နီးချင်းရပ်ရွာလူအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရပ်ပိုင်းဆိုင်ရာတိကျသောမြေပုံကို ရေးဆွဲခဲ့ကြပါသည်။ ဒေသဆိုင်ရာအာဏာပိုင်များ၊ အရည်အချင်းပြည့်ဝသော အစိုးရမဟုတ်သည့်အဖွဲ့အစည်းများနှင့် နည်းပညာဆိုင်ရာအေဂျင်စီများသည် ဘဏ္ဍာရေးအထောက်အပံ့များနှင့် မြေပုံရေးဆွဲသည့် အတတ်ပညာများကို ရရှိရန် မကြာခဏကူညီပံ့ပိုးပေးပါသည်။ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများမှ အကူအညီပေးမှုနှင့်အတူ ဝေဟင်မှမြေပုံကို ဖမ်းယူရိုက်ကူးသည့်နည်းပညာအသုံးပြုခြင်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင် ရွက်ခဲ့ကြပါသည်။ အင်္ဂတေဖြင့်ပြုလုပ်ထားသော ကြီးမားသည့် နယ်နိမိတ်အမှတ်အသားများကို ရေအောက်တွင် ၂ နှစ်တာခံနိုင်ရည်ရှိသော အမှတ်အသားဖြစ်စေရန် ဆောင်ရွက်ခဲ့ကြပါသည်။

ဝန်ကြီးဌာနတွင် နည်းလမ်းတကျ တစ်ကြိမ်တစ်ခါမှတ်ပုံတင်ပြီးပါက လုပ်ငန်းအသိုင်းအဝိုင်းသည် တရားဝင်အသိအမှတ်ပြု ထားသော ၃ နှစ်တာကာလအတွင်း ၎င်းသတ်မှတ်ထားသော စီရင်ပိုင်ခွင့် အတွင်းရှိ ငါးဖမ်းလုပ်ငန်း

မဟာဗျူဟာ ၁၊ ၃ နှင့် ၆ ကို ကြည့်ပါ။

မဟာဗျူဟာ ၁ နှင့် ၃ ကို ကြည့်ပါ။

နယ်ပယ်၌ သီးသန့် အသုံးပြုခွင့်များနှင့် စီမံခန့်ခွဲခွင့်များကို ရယူဆောင်ရွက်နိုင်ပြီး ယင်းကာလကျော်လွန်ပါက သက်တမ်းတိုး ဆောင်ရွက်နိုင် ပါသည်။ လုပ်ငန်းအသိုင်းအဝိုင်းထဲ၌ ဝမ်းရေးဖူလုံမှုကျော်လွန်သည့်ငါးဖမ်းခြင်းကို တင်းတင်းကျပ်ကျပ်တား မြစ်ထားပြီး အလွန် နည်းသော နှုန်းထားဖြင့် ပိုက်ကွန်နှင့်ညွတ်ကွင်းများအသုံးပြု ငါးဖမ်းခြင်းကိုသာ တရားဝင်ခွင့်ပြုပေးထားပါသည်။ တစ်ဆက်တည်းမှာပင် အလွန်အကျွံငါးဖမ်းခြင်းအန္တရာယ်သည် ကျန်းမာရေးနှင့် ညီညွတ်၍ အကျိုးရှိသောဂေဟစနစ်အား အနည်းငယ်မျှသာ ထိခိုက်မှုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ငါးလုပ်ငန်းအသိုင်းအဝိုင်းတစ်ခုချင်းစီတွင် ၎င်းတို့အနေဖြင့် အများပိုင်ဘုံနယ်ပယ်များနှင့် အရင်းအမြစ်များကို မည်သို့မည်ပုံအသုံးပြုပြီး မည်သို့ထိန်းသိမ်း မည်ဆိုသော အစီအစဉ် ရေးဆွဲရန် ကိုယ်ပိုင်စီမံခန့်ခွဲ စီမံကိန်းတစ်ရပ်ကို ပြင်ဆင်ရန်လိုအပ်ပါသည်။ အဆိုပါစီမံကိန်းသည် ဧရိယာအတွင်း အမျိုးမျိုးသော ဂေဟစနစ်များကို ရှာဖွေဖော်ထုတ်ခြင်း၊ ငါးမျိုးစိတ်များနှင့် ရာသီအလိုက်ပုံစံကွဲပြားသော အမျိုးအစား များကို စာရင်းပြုစုခြင်း၊ အဖွဲ့ဝင်များရရှိနိုင်မည့်စုစုပေါင်း ငါးဖမ်းဧရိယာများကို ရှင်းလင်းပြသခြင်းနှင့် ရိတ်သိမ်းဆွတ်ခူး နိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲသော အရင်းအမြစ် ပမာဏများအပေါ် အကြမ်းဖျင်းစစ်တမ်းကောက်ယူခြင်း စသည်တို့ ပါဝင်ပါသည်။ ငါးလုပ်ငန်း အသိုင်းအဝိုင်း၌ပါဝင်သော အရပ်သားအားလုံးသည် ၎င်းတို့၏အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ ထိခိုက်ပျက်စီးခြင်းမှ ကာကွယ်ရန် တာဝန်ရှိပါသည်။ အဖွဲ့ဝင်များဖြင့်ဖွဲ့စည်းထားသော တရားဝင် ကင်းထောက်အဖွဲ့များသည် ငါးလုပ်ငန်း အသိုင်းအဝိုင်းကိစ္စအားလုံးတွင် တက်ကြွစွာ ဆောင်ရွက်ရ မည်ဖြစ်ပါသည်။

လက်ရှိစစ်တမ်းများတွင် ကြီးမားသောအလုပ်လုပ်ကိုင်ဆောင်ရွက်မှုနှင့် အမျိုးသမီးများအတွက် ဝင်ငွေအခွင့်အလမ်းများ များပြားလာခြင်းနှင့်အတူ သဘာဝတောရိုင်းအပင်များနှင့် တိရစ္ဆာန်များအတွက် ကြီးမားကျယ်ပြန့်သောအောင်မြင်မှုရှိမည့် ထိန်းသိမ်းစောင့်ရှောက်မှု စတင်ဆောင်ရွက်ခြင်းအပါအဝင် များစွာသေးငယ်သောါလည်းထင်ရှားသည့် "အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ အတွက်ကောင်းကျိုးများ" ရှိနေသည်ကို ဖော်ပြထားပါသည်။ ကိုယ်ထူကိုယ်ထငွေစု၊ငွေချေးအဖွဲ့များသည် အိမ်သူအိမ်သားများ၏ အရေးကြီးသောလိုအပ်ချက်များကို ပြည့်စုံစေရန်အကူအညီများ ပံ့ပိုးပေးခဲ့ကြပါသည်။ ၎င်းတို့၏ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများဆိုင်ရာစီမံအုပ်ချုပ်မှုအား စုပေါင်းဆောင်ရွက်မှု၏ကောင်းကျိုးများနှင့်အတူ တွန်းအားဖြစ်စေသည့် ကျေးလက်နေပြည်သူများအကြားရှိ ခေါင်းဆောင်အသစ်များထံသို့ ပေးအပ်ထားပြီး ယင်းသည် အငြင်းပွားမှုများနှင့် စစ်ပွဲကာလအတွင်းလွှမ်းမိုးထားသော "ယုံကြည်မှုလျော့ပါးလာခြင်း" ကိစ္စရပ်တွင် သိသာထင်ရှားသောအပွန်းအပဲ့တစ်ရပ်ကို ဖြစ်စေခဲ့ပါသည်။ သို့ရာတွင် တရားမဝင်ငါးဖမ်းခြင်းဆိုင်ရာပြဿနာနှင့် ယင်းကိစ္စမှပေါ်ပေါက်လာ သောအငြင်းပွားများ ကဲ့သို့ ရင်ဆိုင် ကျော်လွှားရမည့် စိန်ခေါ်မှုများစွာလည်း ရှိပါသည်။ အငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့် နည်းလမ်းတစ်ကျ ဆောင်ရွက်မည့် ပိတ်ဆို့အရေးယူမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရှိသော်လည်း ရပ်ရွာလူအဖွဲ့အစည်းမှ အရပ်သားများ၏ သဘော တူညီမှုသည် အားကောင်းသော တွန်းအား တစ်ရပ်နှင့် နှိုင်းယှဉ်ရာတွင် မေးမိန်လျက်သာရှိပါသည်။ အခြားသက် ဆိုင်သည့်ပြဿနာမှာ ငါးလုပ်ငန်း အဖွဲ့အစည်း ကဲ့သို့ အဖွဲ့အစည်းအပေါ် တိကျသောအဓိပ္ပာယ်ဖွင့်ဆိုမှုပင်ဖြစ်ပြီး အရပ်သား အများစုအနေဖြင့် စားသုံးရန်အတွက်သာ ငါးဖမ်းရသော်လည်း ယင်းသည် လယ်ယာ စိုက်ပျိုးရေးနှင့် ၎င်းတို့၏ အဓိကအသက်မွေး ဝမ်းကျောင်းမှုအတွက် အခြားဝန်ဆောင်မှု လုပ်ငန်းများ အပေါ်၌လည်း တည်မှီလျက်ရှိပါသည်။

မဟာဗျူဟာ ၁၀ ကို ကြည့်ပါ။

၂၀၁၂ ခုနှစ်တွင် ဝန်ကြီးချုပ်၏မူဝါဒကြေညာချက်များမှ ရပ်ရွာလူအဖွဲ့အစည်းဆီသို့ ကျယ်ပြန့်စွာ တိုးပွားလာသော အာဟာရပြည့်ဝမှုဆိုင်ရာ၊ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများကို မှတ်သားရာတွင် ဝန်ကြီးချုပ်သည် ငါးလုပ်ငန်းနေရာများ၏ကျန်ရှိနေသည့်တစ်ဝက်ခန့်ကို ရယူခြင်းနှင့် ယင်းနေရာများကို ရေကန်၏ထိန်းသိမ်းစောင့်ရှောက်ရေးဇုန်များအဖြစ် ပြောင်းလဲပစ်ခြင်းဖြင့် ၎င်း၏ပြုပြင်ပြောင်းလဲမှုကို ပြည့်စုံအောင်ဆောင်ရွက်ခဲ့ပါသည်။ ၎င်း၏စကားများအရ ရည်ရွယ်ထားသည်မှာ "ငါးဖမ်းလုပ်သားများ၏ဝမ်းရေးဖူလုံမှုအတွက် ဖြေရှင်းနေသည့် ၁ သောင်းကျော်မှ ၁ သိန်းကျော်ထိအန္တရာယ်များသောစည်းကမ်းမဲ့ငါးဖမ်းလုပ်ငန်းများကို ကာကွယ်ရန်" ဖြစ်ပါသည်။ ယနေ့ချိန်တွင် ကမ္ဘောဒီးယားနိုင်ငံတွင် ငါးလုပ်ငန်းအသိုင်းအဝိုင်းများ ၅၀၀ ကျော်ခန့်ရှိပါသည်။ သို့ရာတွင် ယင်းအသိုင်းအဝိုင်းအားလုံး အနေဖြင့် လုပ်ငန်း ဆောင်တာများကို ဆောင်ရွက်နိုင်ခြင်း မရှိသေးဘဲ "အသက်ရှိရုံမျှ" အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအဖြစ်လည်းကောင်း၊ များစွာသောအသိုင်းအဝိုင်း များသည်လည်း ခေါင်းဆောင်မှုမရှိခြင်းနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ အချိန်မီပံ့ပိုးပေးမှုမရှိခြင်းတို့ကြောင့် "ဘာမျှမရှိသည့် အခြေအနေ" အဖြစ်သာကျန်ရှိခဲ့ပါသည်။ ယင်းအများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၌ နိုင်ငံ၏စီရင်စု ၂၅ စုတွင် ၁၉ စု၊ ဟက်တာ ၈၅၀၀ ကျော် ကျယ်ပြန့်စွာ ပါဝင်ခြင်းမရှိသေးပါ။ ရပ်ရွာလူအဖွဲ့အစည်းတွင် အရပ်သား ၁၈၈၀၀ ရှိပြီး ၎င်းတို့မှ ၆၁၀၀၀ ကျော်မှာ အမျိုးသမီးများဖြစ်ကြပါသည်။ ခေတ်မီသောရပ်ရွာလူအဖွဲ့အစည်း အတွက် ဤမှုဘောင်နှင့် လွန်ခဲ့သော ၁၅ နှစ်ကျော်အတွင်း ပူးပေါင်းဆောင်ရွက်ခဲ့သော အရပ်သားထောင်ပေါင်း များ



စွာ၏ပြည့်စုံသောအတွေ့ အကြုံများသည် အဆင်ပြေချောမွေ့စေရန် အထောက်အပံ့ ပြုပေးသည့် အခွင့်အရေးနှင့်အတူ အနာဂတ်တွင် ဖော်ထုတ်လာနိုင်မည့် လူမှုရေးဆိုင်ရာဆက်သွယ်ရေး ကွန်ရက်များ ၏ ကြီးမားသောအဓိက အနှစ်သာရပင် ဖြစ်ပါသည်။

**ထပ်မံဖတ်ရှုသင့်သော စာအုပ်များ**

**Fisheries Administration of Cambodia.** 2013. Participatory Assessment of Community Fisheries. Phnom Penh.

**Kurien, J. & Khim, K.** 2012. *A Community Future: A participatory national-level information gathering and consultative process attempts to develop guidelines for Cambodia's small-scale fisheries.* SAMUDRA Report No. 63. Chennai (India), International Collective in Support of Fishworkers. (available at **http://www.icsf.net/images/samudra/pdf/english/issue_63/3795_ art_Sam63_E_art02.pdf**)

**Kurien, J., So, N. & Mao, S.O.** 2006. *Cambodia's Aquarian Reforms: The Emerging challenges for policy and research.* Phnom Penh, Inland Fisheries Research and Development Institute (IFReDI), Department of Fisheries. (available at **http://ifredi-cambodia.org/wp-content/uploads/2004/01/Jurien_etal_2006_Cambodia_Aquarian%20Reforms_Eng.pdf**)

# ၄ မဟာဗျူဟာ ၄ – လူ့အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများပါဝင်နိုင်စေမည့် ပွင့်လင်းမြင်သာမှုရှိသော မူဝါဒလုပ်ငန်းစဉ်များနှင့် ဥပဒေလုပ်ငန်းစဉ်များ တည်ထောင်ရန်

## အခြေခံသဘောတရား

မူဝါဒချမှတ်ခြင်းနှင့် ဥပဒေပြုလုပ်ခြင်းသည် ရရှိထားသောအကျိုးအမြတ်များကို ကာကွယ်ပေးမည့် လုပ်ငန်းစဉ်အပေါ် လွှမ်းမိုးရန်ကြိုးစားသည့် အမျိုးသားရေး သို့မဟုတ် ဒေသဆိုင်ရာ အကျိုးခံစားခွင့်ရှိသောအုပ်စုများ ကဲ့သို့ အင်အားကြီးလုပ်ရှားဆောင်ရွက်သူများနှင့် များစွာသော အငြင်းပွားဖွယ်လုပ်ငန်းစဉ်များဖြစ်ပါသည်။ အမျိုးသမီးများ၊ အမျိုးသားများ၊ လူငယ်များနှင့် သက်ကြီးရွယ်အိုများအပါအဝင် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ ပါဝင်ပတ်သတ် သူများနှင့် အခွင့်အရေးရရှိထားသူများအားလုံး၏ အသံများကို ထည့်သွင်းစဉ်းစားမှုကို သေချာစေမည့် ပွင့်လင်းမြင်သာမှုရှိ၍ ပြည့်စုံပြီး မှန်ကန်မျှတမှုရှိသောဥပဒေပြုလုပ်ငန်းစဉ်ကို တည်ထောင်ဆောင်ရွက် ရန် အရေးကြီးပါသည်။ အဆိုပါလုပ်ငန်းစဉ်တစ်ရပ်သည် မူဝါဒနှင့် ဥပဒေ၏အရည်အသွေးကို တိုးတက်စေပြီး ဒေသဆိုင်ရာအကြောင်းအရာများကိုလည်း အံဝင်ခွင်ကျစီမံပေးထားပါသည်။ ယင်းသည် သာတူညီမျှမှုကို ကြီးမားစွာအထောက်အကူပြုပြီး စုပေါင်းဆောင်ရွက်မှုကိုလည်းတိုးမြှင့်ပေးသကဲ့သို့ အဂတိလိုက်စားမှုအလားအလာများ လျှော့ချပေးပြီး အခွင့်ထူးခံအုပ်စုများ၏ မတော်မတရား လွှမ်းမိုးမှုများကိုလည်း လျှော့နည်းစေပါသည်။ ယင်းသည် ပိုင်ဆိုင်မှု၏တရားဝင်မှုနှင့် သဘောထားအမြင်တို့အပြင် ဥပဒေပြုခြင်း၏အကျိုး သက်ရောက်မှု (FAO နှင့် ITTO၊ ၂၀၁၅/ အခန်း ၁၄) တို့ကိုလည်း တိုးတက်စေပါသည်။ အဆုံးသတ်အနေဖြင့် သီးခြားသတ်မှတ်ထားသောဥပဒေတစ်ရပ်သည် ယင်း၏မူဝါဒနှင့် ဥပဒေများပြုလုပ်သည့်လုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာ၍ ပြည့်စုံပြီ မှန်ကန်မျှတ မှုရှိရမည်ဖြစ်ကာ နိုင်ငံနှင့် နိုင်ငံမဟုတ်သောလှုပ်ရှား ဆောင်ရွက်သူများက ပံ့ပိုးကူညီပေးသည့် လုပ်ငန်းစဉ်တွင် ပါဝင်မှုတို့ကို သေချာစွာဆောင်ရွက်ရန် လိုအပ်ပါသည်။

## သီးခြားအကြံပြုချက်များ

**၁။ ထိရောက်သောပါဝင်ဆောင်ရွက်မှုများရှိစေရန်နှင့် ပေါင်းစည်းဆောင်ရွက်သော ချဉ်းကပ်ဆောင်ရွက်မှုများဆောင်ရွက်စေရန် ဥပဒေ၊ မူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း သို့မဟုတ် ပဋိညာဉ် တစ်ရပ်ရပ်ကို ရေးဆွဲချမှတ်ရာတွင်**

**ဥပဒေပြုခြင်းသည် အဓိပ္ပာယ်ပြည့်ဝသော ပါဝင်ဆောင်ရွက်မှုနှင့် စီမံဆောင်ရွက်မှုအတွက်အနေအထားကို ဖွင့်လှစ်ပေးမည့် ဥပဒေရေးရာ လိုအပ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများပါဝင်ရန် လိုအပ်ပါသည်။ ယင်းသို့ ဥပဒေပြုခြင်းမှ တစ်ဆင့် နိုင်ငံများသည် အောက်ပါအချက်များကို သေချာဆောင်ရွက်ရမည်ဖြစ်ပါသည်။**

- စီမံကိန်းများချမှတ်ဆောင်ရွက်ရာတွင် တရားဝင်အခွင့်အရေးရရှိထားသူများနှင့် ပါဝင်ပတ်သတ် သူများ (အထူးသဖြင့် အကျိုးထိခိုက်သောလူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ) ကို ပါဝင်ခွင့် ရှိစေရမည်ဖြစ်ပြီး ယဉ်ကျေးမှု ဓလေ့အရ သင့်လျော်ပြီး ရယူဆောင်ရွက်နိုင်မည့် ဘာသာစကားတစ်ခုခုနှင့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် အကြောင်းကြားရမည်ဖြစ်ပါသည်။
- သင့်လျော်စွာခန့်အပ်ထားသော ကိုယ်စားလှယ်များမှတစ်ဆင့် အနည်းဆုံးအဆင့်၌ တရားဝင်အခွင့်အရေးရရှိထားသူများနှင့် ပါဝင်ပတ်သတ်သူများသည် အမျိုးမျိုးသောပါဝင်ပတ်သတ်သူ များဆိုင်ရာလုပ်ငန်းစဉ်မှတစ်ဆင့် လုပ်ငန်းစဉ် အစပိုင်းတွင်ပင် ပါဝင်ခွင့်ရရှိစေရမည်ဖြစ်ကာ ဥပဒေကြမ်းရေးဆွဲခြင်း သို့မဟုတ် ဥပဒေပြုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတို့ကို လမ်းညွှန်မှုပြုရန် သဘောတူညီထားသည့်မူဘောင်တစ်ရပ်အဖြစ် ဆောင်ရွက်ရမည့် အဓိက ကျသော မူ သဘောတရား များအပေါ်တွင် လက်ခံရမည်ဖြစ်ပါသည်။
- တရားဝင်အခွင့်အရေးရရှိထားသူများနှင့် ပါဝင်ပတ်သတ်သူများသည် ဥပဒေကြမ်းတစ်ရပ် မရေးဆွဲမီနှင့် ရေးဆွဲထုတ်ဝေပြီးနောက် သုံးသပ်ရန် အချိန်ကာလ ၂ ရပ်လုံးတွင် တုံ့ပြန်ချက်ပေးရမည့် အချိန်ကို ကြိုတင်သိရှိရမည်ဖြစ်ပါသည်။ ကန့်ကွက်ချက်များဖော်ထုတ်ရန် နှင့် အထောက်အကူပြုသော အကြောင်းအချက်များပြုလုပ်ပေးရန် မည်သို့ပြုလုပ်ရမည်နှင့် မည်သည့်နေရာတွင် ပြုလုပ်ရမည်နှင့် စပ်လျဉ်းသည့် ရွေးချယ်ပိုင်ခွင့်ကို ရှင်းလင်းစွာ အကြောင်းကြားပေးထားရမည်ဖြစ်ပါသည်။
- တရားဝင်အခွင့်အရေးရရှိထားသူများနှင့် ပါဝင်ပတ်သတ်သူများသည် ဘဏ္ဍာရေးအရင်းအမြစ် များနှင့် ၎င်းတို့၏အချက်အလက်များဖြည့်သွင်းရာတွင် တိုးတက်မှုရှိစေနိုင်မည့် လုံလောက်သောအချိန် ကာလအပါအဝင် နည်းပညာဆိုင်ရာနှင့် ဥပဒေဆိုင်ရာအထောက်အပံ့များကို ရယူနိုင်ပါသည်။ နိုင်ငံသည် ဒေသဆိုင်ရာအဆင့်သို့ ရောက်ရှိစေရန် လိုအပ်သော နည်းလမ်းအားလုံးကို ထောက်ပံ့ပေးရမည် ဖြစ်ပါသည်။
- ခွဲခြားဆက်ဆံခြင်းခံရသောအုပ်စုများသည် အမျိုးမျိုးသောပါဝင်ပတ်သတ်သူများဆိုင်ရာလုပ်ငန်းစဉ်တွင် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နိုင်ခွင့်နှင့် ပြောရေးဆိုခွင့် မရှိကြပါ။ ဥပဒေရေးရာနှင့် မူဝါဒရေးရာ ဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးတည်ထားသော ၎င်းတို့၏အမြင်သဘောထားများနှင့် ဦးစားပေးမှုများကို သေချာမှုရှိစေရန် အလေးပေးထည့်သွင်းစဉ်းစားခြင်းကို သီးသန့်အလေး ပေးထား သည့်အုပ်စုများ ဖွဲ့စည်းဆောင်ရွက်ရန် ခွင့်ပြုနိုင်ပါသည်။

၂။ **ဥပဒေပြုရေးဆွဲသောလုပ်ထုံးလုပ်နည်းများတွင်ပင် ပါဝင်ဆောင်ရွက်သောပုံစံများပါဝင်နေသော်လည်း အခွင့်အရေး ရရှိထားသူများနှင့် ပါဝင်ပတ်သတ်သူများအနေဖြင့် ယင်းပုံစံများကို ရယူဆောင်ရွက်ရန် ခက်ခဲနိုင်ပြီး ပါဝင်ရေးအတွက် ၎င်းတို့၏ အခွင့်အရေးကိုအောင်မြင်စွာ အသုံးပြုမှုဖြစ်ရန် အထောက်အပံ့ များလည်း လိုအပ်နိုင်ပါသည်။ နိုင်ငံ၏ လှုပ်ရှားတက်ကြွသူများ၊ ရပ်ရွာလူအဖွဲ့အစည်းအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ပါဝင်ရေးအတွက် အထောက်အပံ့ပြုရန် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါသည်။**

- အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ရပ်ရွာလူအဖွဲ့အစည်းများအကြား အသိပညာများမြှင့်တင် ပေးနိုင်ပြီး အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့် စပ်လျဉ်း၍ မြေလုပ်ပိုင်ခွင့်အခွင့် အရေးများ သေချာမှုရှိစေရန် ဥပဒေရေးရာပြုပြင်ပြောင်းလဲမှုများတောင်းဆိုရန် ၎င်းတို့ကို စုစည်း၍ အထောက်အပံ့ပြုနိုင်ပါသည်။ ယင်းသည် အစိုးရနှင့် ဥပဒေပြုရေးဆွဲသူများ နားထောင်ပေးရန် တိုက်တွန်းမှုဖြစ်စေမည့် ရွေးကောက်ပွဲနှင့်ဆိုင်သောဆွဲဆောင်မှု တစ်ရပ်ကိုလည်း ပံ့ပိုးပေးနိုင်ပါသည်။ ရပ်ရွာလူအဖွဲ့အစည်းများ ကိုယ်တိုင်ကလည်း အစကတည်းကပင် မူဝါဒ ပြောင်းလဲမှုများအတွက် တောင်းဆိုမှုအစိတ်အပိုင်းကို ပုံဖော်ရန် လိုအပ်ပါသည်။ အဆုံးသတ်အနေဖြင့် ရပ်ရွာလူအဖွဲ့အစည်းများကို ၎င်းတို့၏အကျိုးစီးပွားများ ရှင်းလင်းစွာထုတ်ဖော်ပြောဆိုရန် နှင့် အသိပညာနှင့် အတွေ့အကြုံများကို ဝေမျှရန် လုပ်ပိုင်ခွင့် ပေးရမည်ဖြစ်ပါသည်။
- လက်ရှိဥပဒေပြုရေးမူဘောင်များကိုအကဲဖြတ်ရန် စီစဉ်ချမှတ်ထားသောလုပ်ငန်းစဉ်များကို အထောက်အပံ့ပေးရန်နှင့် အဆင်ပြေချောမွေ့စေရန်၊ လုံလောက်သော ဥပဒေပြုရေးမူဘောင်များ မူကြမ်းရေးဆွဲရန် နည်းပညာဆိုင်ရာအရည်အသွေးများ တည်ဆောက်ရန်။ အရပ်ဘက်လူမှုအဖွဲ့ အစည်းများသည် ဥပဒေများ၊ မူဝါဒများနှင့် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများကို မှတ်ပုံတင်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အသုံးပြုခြင်းအတွက် လမ်းညွှန်ချက်များကို

မူကြမ်းရေးဆွဲရန်နှင့် သုံးသပ်ရန် သာတူညီမျှရှိသော အနေအထားတစ်ရပ်အပေါ် အစိုးရနှင့် ရပ်ရွာလူအဖွဲ့အစည်းများက အတူတကွဆောင်ရွက်နိုင်မည့် အလယ်အလတ်လမ်းစဉ်တစ်ရပ်ကို စတင်ဆောင်ရွက်နိုင်ပါသည်။

- အခွင့်အရေးရရှိထားသူများနှင့် ပါဝင်ပတ်သတ်သူအုပ်စုများ၏ အဖွဲ့အစည်းများကို ဖွဲ့စည်းခြင်းနှင့် ကွန်ရက်များ၊ ယာယီညွန့်ပေါင်းအဖွဲ့များနှင့် ဆွေးနွေးပွဲများ ဖွဲ့စည်းဆောင်ရွက်ခြင်းတို့ကို အထောက်အပံ့ပြုရန်။ ယင်းသည် ဥပဒေများနှင့် မူဝါဒများစီမံချမှတ်ဆောင်ရွက်ခြင်းအတွက် မူဝါဒလမ်းစဉ်နှင့် လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်မည်ဖြစ်ပြီး ပြည်တွင်းဥပဒေနှင့် မူဝါဒချမှတ်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များတွင် ၎င်းတို့၏ကဏ္ဍအလိုက် ကိုယ်စားပြုခြင်းကို ဆွေးနွေး၍ ရွေးချယ်သတ်မှတ်မည်ဖြစ်ပါသည်။

## ၅ မဟာဗျူဟာ ၅ – အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများဆိုင်ရာ လုပ်ပိုင်ခွင့် အခွင့်အရေးများကို အထောက်အပံ့ပြုရန် ဥပဒေအကြံပေး လုပ်ငန်းများဆောင်ရွက်ရန်

### အခြေခံသဘောတရား

ဥပဒေအကြံပေးခြင်းလုပ်ငန်းသည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ တရားဝင်မြေလုပ်ပိုင်ခွင့် အခွင့်အရေးများ၏ အသိအမှတ် ပြုခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အထောက်အပံ့ပြုပေးရန် အရေးကြီးပါသည်။ ဥပဒေအကြံပေးခြင်းလုပ်ငန်းသည် အများပိုင်ဘုံမြေများနှင့်စပ်လျဉ်း၍ တရားဝင်မြေလုပ်ပိုင်ခွင့် အခွင့်အရေး များအပေါ် အသိပညာနှင့် နားလည်မှုများတိုးမြှင့်လာရန်နှင့် တန်ဖိုးများနှင့် သဘောထားအမြင်များကို ရည်ညွှန်းထားမှု အပါအဝင် ယဉ်ကျေးမှုဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အဆင့်များကဲ့သို့ အများပြည်သူဆိုင်ရာနှင့် နိုင်ငံရေး ဆိုင်ရာအဆင့်များ၌ အဆိုပါအခွင့်အရေးများ လက်ခံမှုရရှိရန် အကူအညီပေးနိုင် ပါသည်။ ယင်းသည်နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်သူများကို ပြည့်စုံ၍ ပွင့်လင်းမြင်သာသော လုပ်ငန်းစဉ်မှတစ်ဆင့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများအတွက် အားကောင်းပြီး အံဝင်ခွင်ကျကိုက်ညီမှုသော ဥပဒေပြုခြင်းကို ဖန်တီးရန် သို့မဟုတ် ပြုပြင်ပြောင်းလဲရန်နှင့် ထိရောက်သောဥပဒေရေးရာ အကောင်အထည်ဖော်မှုကို သေချာစေရန် အတည်ပြုဆောင်ရွက်မှုပုံစံများ တိုးတက်ရန် အထောက်အပံ့ပြုပေးပါသည်။

### သီးခြားအကြံပြုချက်များ

အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်အခွင့်အရေး များကို အသိအမှတ်ပြုရန်နှင့် ကာကွယ်စောင့်ရှောက်ရန် ဥပဒေပြုရေးဆွဲခြင်းတွင် ဆန္ဒရှိသော ပြောင်းလဲမှုတစ်ရပ်ကို ထောင့်ပေါင်းစုံမှ ချဉ်းကပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဥပဒေအကြံပေးခြင်းလုပ်ငန်းသည် နောက်ဆုံးတွင် နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်သူများဆီသို့ တိုက်ရိုက်အထောက်အပံ့ပေးနိုင်မည်ဖြစ်ပြီး အသိပညာမြှင့်တင်ပေးခြင်းသည် အမျိုးမျိုးသော လမ်းကြောင်းများမှ တစ်ဆင့် ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ဥပဒေအကြံပေးခြင်းလုပ်ငန်းကို အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အစိုးရအကြံပေး ပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့် စည်းရုံးဆောင်ရွက် ပေးသူများအထိ အမျိုးမျိုးသော ပါဝင်ပတ်သက်သူများက ဆောင်ရွက်နိုင်ပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အထူးသဖြင့် အမျိုးသမီးများကဦးဆောင်သည့် ကနဦး ဆောင်ရွက်မှုများသည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများအတွက် အလေးပေးသည့်ဆွေးနွေးငြင်းခုံမှု ပြုလုပ်ပါဝင်ရန် ခိုင်မာသော အသက်မွေးဝမ်းကျောင်းများကို အထောက်အပံ့ပြုရာတွင် ၎င်းတို့၏တန်ဖိုး နှင့်အရေးပါမှုကိုပြသခြင်းဖြင့် အထူးကဏ္ဍတစ်ရပ်ရှိရမည်ဖြစ်ပါသည်။ သိပ္ပံပညာရှင်များသည် အဖိုးတန်ပြီးယုံကြည်စိတ်ချရသော သတင်းအချက်အလက်နှင့် အချက်အလက်များ ပို့ပေးရန် အရေးကြီးပါသည်။ ဒေသဆိုင်ရာ၊ ပြည်တွင်းဆိုင်ရာအစီရင်ခံစာနှင့် အပြည်ပြည်ဆိုင်ရာမီဒီယာတို့ကို ဥပဒေပြုရေးဆွဲသည့် လမ်းကြောင်းတွင် အကျိုး သက်ရောက်မှုရှိနိုင်သော ဆွေးနွေးငြင်းခုံမှုများနှင့် သက်သေအထောက်အထား များဖြန့်ဖြူးရေးအတွက် အဓိကကျသော ကိရိယာတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

၁။ **ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်သူများနှင့် များစွာသောပြည်သူများအတွက် သတင်းစကားတွင် အောက်ပါတို့ ပါဝင်နိုင်ပါသည်။ (အခန်း၂.၂ ကိုလည်းကြည့်ပါ။)**

- အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာနှင့် ဘုံပစ္စည်းများ၏ စီးပွားရေးတန်ဖိုး။အထူးသဖြင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာအခြေအနေများ၌ လယ်ယာစိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ သစ်တောနှင့် မွေးမြူရေးအခြေပြုထုတ်လုပ်ရေးစနစ်များ ရေရှည်တည်တံ့ရေး၊ ပြင်းထန်သောရာသီဥတုဒေများ ကြုံတွေ့ရချိန်တွင် အရင်းအမြစ် လုံခြုံရေး အရံအတားကွန်ရက်များ ပံ့ပိုးပေးရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရန် ကူညီထောက်ပံ့ခြင်းနှင့် အစားအသောက်ဖူလုံရေး။ ရပ်ရွာလူအဖွဲ့အစည်းသည် ယင်းတန်ဖိုးအတွက် သက်သေအထောက် အထားများ၊ ဥပမာ – အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများမှဖြစ်ပေါ်လာသော ထုတ်ကုန်အားလုံးနှင့်ဝန်ဆောင် မှုများကို ဝယ်ယူသည့်ကုန်ကျစရိတ်များကို တွက်ချက်ခြင်း (သူရဲကောင်း၊ ၂၀၁၅)
- အငြင်းပွားမှုဆိုင်ရာဆုံးဖြတ်ချက်တွင် စုပေါင်းဆောင်ရွက်ချက်များ၌ အရေးကြီးသော ပါဝင်ဆောင်ရွက်မှု၊ စံထားသော လူမှုရေးဆိုင်ရာသဘောတူညီချက်များမှတစ်ဆင့် ဥပဒေရေးရာ သဘောတူညီချက်များကို တွန်းအားပေးရာတွင် အကူအညီပေးရန်နှင့် သဘောဝအရင်းအမြစ်များကို ကုန်ကျစရိတ်ထိရောက်သက်သာသော ဒေသဆိုင်ရာ စီမံအုပ်ချုပ်မှု
- သာတူညီမျှမှု၊ တရားမျှတမှု၊ လူမှုဘဝတည်ငြိမ်မှု၊ ယဉ်ကျေးမှုဆိုင်ရာလက္ခဏာရပ်များနှင့် ဘာသာရေး အဓိပ္ပာယ်များ၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ကောင်းကျိုးချမ်းသာရှိခြင်းဆိုသည့် စကားရပ်များနှင့်စပ်လျဉ်း၍ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ လူမှုရေးဆိုင်ရာ တန်ဖိုး
- ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာဂေဟစနစ်ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်း၊ ရေချိုထုတ်လုပ်ရေး (ဥပမာ)၊ တောရိုင်းတိရစ္ဆာန်များဆိုင်ရာနေရာများ၊ မြေဆီလွှာထိန်းသိမ်း စောင့်ရှောက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ပါးသက်သာရေး တို့တွင် ပါဝင်ဆောင်ရွက်ခြင်း ဆိုသည့်စကားရပ်များနှင့် စပ်လျဉ်း၍ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ ဂေဟပဗေဒဆိုင်ရာ တန်ဖိုး
- “စွန့်ပစ်မြေများ”၊ အသုံးမပြုသည့်မြေများ သို့မဟုတ် အသုံးပြုမှုအောက်တွင်ရှိသော မြေများ၊ နောက်ကြောင်းပြန်သောစနစ်များ၊ ဖြစ်ရပ်ဆိုးအဖြစ် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများအပေါ် ကျယ်ပြန့်သော အယူအဆအလွဲများနှင့် ရပ်ရွာလူအဖွဲ့အစည်းများက မြေလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုကို အလေးပေးခြင်းအစား တစ်ဦးတစ်ယောက်နှင့် နိုင်ငံတော်ကထိန်းချုပ်သည့် မြေလုပ်ပိုင်ခွင့်ဆီသို့ အလားအလာရှိသော အခြားနည်းလမ်းတစ်ရပ်ဖြစ်ကြောင်း အယူအဆအလွဲများကို တုံ့ပြန်ခြင်း နှင့် ပပျောက်စေခြင်း
- လမ်းညွှန်ချက်ကပင် မူသဘောတရားများ၊ ဖော်ပြချက်များနှင့် အကြံပြုချက်ဖြစ်ခြင်း
- လူ့အခွင့်အရေးမူဘောင်ကို အကိုးအကားပြုခြင်း၊ အစားအသောက်ရရှိခြင်းနှင့် အခြားဆက်စပ် အခွင့်အရေးများကို ထည့်သွင်းတင်ပြခြင်း

၂။ **နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်ချမှတ်သူများထံသို့ လက်လှမ်းမီရရှိစေရန်နှင့် အတိုချုပ်ဖြစ်ပြီး ရည်ရွယ်ရင်းပါဝင်သော သတင်းစကားကို ဆက်သွယ်ပေးရန် စာချုပ်စာတမ်းများ ဥပမာ–**

- အစိုးရ၏ရည်ရွယ်ချက်များ (သို့မဟုတ် သက်ဆိုင်ရာနိုင်ငံရေးပါတီ၏ မူဝါဒလမ်းညွှန်ချက်များ) ကို ခိုင်မာစေရန် ရည်ညွှန်းသော မူဝါဒအကျဉ်းချုပ်များ၊ ရှည်လျားသော စာရွက်စာတမ်းများထက် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအပေါ် ၎င်းတို့၏ အကျိုးသက်ရောက်မှု
- အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို အသိအမှတ်ပြုခြင်းနှင့် အသုံးပြုခြင်းသည် မည်သို့အလုပ်လုပ်နိုင်ပုံကို ဖော်ပြသောဥပမာများ၊ မည်သည့် အကျိုးအမြတ်များက အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများကို အထောက်အပံ့ ပြုသည်ကို ဖော်ပြသောဥပဒေများ၊ ၎င်းတို့က အသိအမှတ်မပြုပါက မည်သည့်ဆိုးကျိုးများ တိုးပွားလာမည်ကို ဖော်ပြသောဥပမာများနှင့် ပုံနှိပ်စာသားများနှင့် ရုပ်သံအထောက်အကူပြုပစ္စည်းများ အသုံးပြုခြင်းဆိုင်ရာဥပဒေများ၊
- အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအပေါ် မြေလုပ်ပိုင်ခွင့်အခွင့်အရေးများနှင့် ဒေသဆိုင်ရာ အခြေအနေမှန်များ အတွက် ၎င်းတို့၏အရေးပါမှု (ဥပမာ – ဗွီဒီယိုဇာတ်လမ်းတိုလေးများနှင့် ရုပ်ပုံများကိုလှုပ်ရှားသက်ဝင်သောပုံရိပ်များအဖြစ် ဖန်တီးထားသော ရုပ်ရှင်များမှတစ်ဆင့်) ဆိုင်ရာ သီးခြားလက္ခဏာ ရပ်များအပေါ် အချက်အလက်များဖြည့်သွင်းခြင်း

- နိုင်ငံ၏အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးများဆိုင်ရာ တာဝန်ဝတ္တရားများနှင့် စာချုပ်စာတမ်းများအပေါ် သတင်းအချက်အလက် များပေးပို့ဖြန့်ဖြူးခြင်း

**၃။ ဂျာနယ်လစ် (သတင်းဆရာများ) သည် အထူးသဖြင့် သုတေသနပြုလုပ်ခြင်းနှင့် စာရေးသားခြင်းမှတစ်ဆင့် ဥပမာအားဖြင့် အောက်ပါတို့ကို ရေးသားပါဝင်နိုင်ပါသည်။**

- အလေ့အထကောင်းများအပေါ် ဆွဲဆောင်မှုကောင်းသောဇာတ်လမ်းများ
- အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ အလွဲသုံးစားပြုခံရခြင်း တို့နှင့်စပ်လျဉ်း၍ ပဋိပက္ခများနှင့် မကောင်းသတင်းများဆိုင်ရာ သတင်း အချက်အလက်များ
- ယုံကြည်နိုင်သည့် သုတေသနရလာဒ်များအပေါ် အခြေခံထားသော အချက်အလက်များနှင့် ပုံများ

**၄။ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဥပဒေအကြံပေးခြင်းလုပ်ငန်းသည် များပြားသော ပြည်သူများ နှင့် ဆုံးဖြတ်ချက်ချမှတ် ဆောင်ရွက်သူများအကြား နှစ်ဘက်လုံးတွင် ဦးတည်ဆောင်ရွက် ပေးခြင်းဖြစ်ပါသည်။ ဆောင်ရွက်ချက်များတွင် အောက်ပါအချက်များ ပါဝင်နိုင်ပါသည်။**

- အများပြည်သူများမှ ပါဝင်သည့်ဆွေးနွေးညှိနှိုင်းပွဲများနှင့် အများပြည်သူရှေ့မှောက်တွင် ပြုလုပ်သောကြားနာပွဲများ၊ မူဝါဒနှင့် ဥပဒေကြမ်းများအပေါ် အကြံပြုချက်များပေးရန် ဖိတ်ခေါ်ခြင်း၊ ဘုတ်အဖွဲ့ဝင်များနှင့် အမျိုးမျိုးသော ပါဝင်ပတ်သက်သူများ၏ မူဝါဒလမ်းစဉ်များ၊ တိုင်ကြားမှုလမ်းကြောင်းများနှင့် စောင့်ကြည့်သည့် ယန္တရားများကို အသုံးပြုခြင်းတို့ကဲ့သို့ တရားဝင်အထောက်အပံ့ပြုပေးထားသော ပါဝင်ဆောင်ရွက်မှုပုံစံများကို အသုံးပြုဆောင်ရွက်ခြင်း၊ပုံမှန်သမာရိုးကျနည်းဖြင့်ပါဝင်ဆောင်ရွက်ရန် အခွင့်အရေးမရှိသည့်ကိစ္စရပ်များတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ဥပဒေကြမ်းရေးဆွဲခြင်းဆိုင်ရာ သတင်းအချက် အလက်များ အချိန်မီရရှိနိုင်ရေးအတွက် ကြိုးပမ်းနိုင်ပြီး ယင်းသို့ ပြုလုပ်ခြင်းအားဖြင့် ၎င်းတို့သည် တုံ့ပြန်ဆောင်ရွက်နိုင်ပြီး အများပြည်သူ၏သဘောထားနှင့် သက်ဆိုင်ရာ ပါဝင် ပတ်သက်သူများ၏ ပါဝင်ဆောင်ရွက်မှုများကို ရယူရန်စုစည်း၍ အရေးကြီးသော ပြဿနာရပ်များတွင် အများပြည်သူဆိုင်ရာ အငြင်းအခုံ ဆွေးနွေးပွဲများဖြစ်မြောက်ရန် လှုံ့ဆော်ပေးကာ မိတ်ဖက်အဖွဲ့အစည်းများကို တည်ဆောက်နိုင်ပါသည်။
- ယခင်အတိုင်းရှိသော မီဒီယာများ သို့မဟုတ် လူမှုရေးကွန်ရက်အသုံးပြုမီဒီယာများမှတဆင့် တင်ပြထားသော အများပြည်သူဆိုင်ရာ ဆုံးဖြတ်ချက်များ၊ လျှောက်ထားလွှာများနှင့် သတင်းအချက်အလက်များရယူနိုင်ရေးကမ်ပိန်းများ (စည်းရုံးလှုံ့ဆော်ပွဲများ)
- အဓိကအားဖြင့် နိုင်ငံရေးသမားများ၏ မဲဆန္ဒနယ်များသို့ အတွေ့အကြုံများဖလှယ်ရေးအတွက် မြေပြင်ကွင်းဆင်းခြင်း
- နိုင်ငံရေးနှင့် စီမံအုပ်ချုပ်ရေးအပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ အလေးထားသော ဆွေးနွေးတိုင်ပင်မှုဆိုင်ရာ အစည်းအဝေးများ
- သတင်းထုတ်ပြန်ချက်၊ ရေဒီယိုရှိုးပွဲများနှင့် အခြားသော မီဒီယာအသုံးပြုသော ပုံစံများ
- မူဝါဒဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်း၊ သိပ္ပံနှင့် မီဒီယာများမှဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်သူများအကြား ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ယင်းနည်းလမ်းအားဖြင့် အသိပညာဖလှယ်ခြင်းနှင့် အမျိုးမျိုးသော အမြင်များကို ဝေမျှခြင်းကို တိုးမြှင့် ဆောင်ရွက်ခြင်း
- အားကောင်းသော ဆွေးနွေးချက်များတည်ဆောက်ရန်နှင့် ပြဋ္ဌာန်းဥပဒေနှင့် စီရင်ထုံး အခြေပြုဥပဒေတို့အပေါ် သုံးသပ်ချက်များ ပံ့ပိုးပေးရန်ရှေ့နေများ၊ ဥပဒေနှင့် တရားမျှတရေး ကဏ္ဍတွင်ပါဝင်သော အဖွဲ့ဝင်များနှင့် လူ့အခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်းများ ပါဝင်သည့်ကွန်ရက်များ
- အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ မြေလုပ်ပိုင်ခွင့်အခွင့်အရေးများ ထည့်သွင်းခြင်းဖြင့် ရပ်ရွာလူအဖွဲ့အစည်းများနှင့် အခွင့်အရေးရရှိထားသူများကို အထောက်အကူပြုရန် ဥပဒေရေးရာအကြံပေးခြင်း။ ယင်းသည် အချိန်ယူဆောင်ရွက်ရမည်ဖြစ်သော်လည်းပြည်တွင်းဥပဒေ ရေးရာမူဘောင်များ၏ပြုပြင်ပြောင်းလဲရေးကို (မဟာဗျူဟာ ၉ တွင် ကြည့်ပါ) ဦးတည်နိုင်သည့် တိုးတက်ကောင်းမွန်သည့် စီရင်ဆုံးဖြတ်ချက်များတွင် ရလာဒ် ပေါ်ထွက်လာနိုင်ပါသည်။

- ဥပဒေအကြံပေးခြင်းလုပ်ငန်းကိုဆောင်ရွက်ရန် တရားဝင်အခွင့်အရေးရရှိထားသူများနှင့် ၎င်းတို့၏ကိုယ်စားပြုအဖွဲ့အစည်းများကို အထောက်အပံ့ပြုပေးခြင်း၊ နှစ်နိုင်ငံ နှင့် နိုင်ငံအများပါဝင်တဲ့သဘောတူညီချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ သဘာဝပတ်ဝန်းကျင်နှင့် ကုန်သွယ်ရေး (ဥပမာ – FLEGT သဘောဆန္ဒလျော့ကြ် သဘောတူညီချက်များပါအဖွဲ့ဝင်များ၊ REDD၊ အခြားဓါတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးသဘောတူညီချက်များ၊ ဂေဟာစနစ်ဆိုင်ရာဝန်ဆောင်မှုများ၊ ဒေသဆိုင်ရာပေါင်းစပ်ရေး အစပြုခြေလှမ်းများ၊ ကာကွယ်ထားသော ဧရိယာများ ဆိုင်ရာ အစီအစဉ်များတွင် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများအပေါ် မြေလုပ်ပိုင်ခွင့်အခွင့်အရေးများကို အသိအမှတ်ပြုရေးနှင့် အကာအကွယ်ရရှိရေး တောင်းဆိုခြင်း၊

မှတ်သားသင့်သည်မှာ ရှည်လျားသောဥပဒေပြုရေးဆွဲရေးလုပ်ငန်းစဉ်များသည် အလွန်လေးနက်သော ဥပဒေရေးရာအသိပညာနှင့်အတူ ကိုယ်စားလှယ်များ၊ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ ဥပဒေရေးရာသွင်ပြင်လက္ခဏာရပ်များနှင့် အကျွမ်းဝင်သိရှိသူများနှင့် အောက်ခြေလူတန်းစား များ၏ အတွေ့အကြုံများကို စဉ်ဆက်မပြတ်သော ရရှိရန် ပါဝင်ဆောင်ရွက်မှုများ မကြာခဏလိုအပ်ပါသည်။

## ၃.၂ နိုင်ငံများနှင့်အခွင့်အရေးရရှိထားသူများ၏ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် မဟာဗျူဟာများ

### ၆ မဟာဗျူဟာ ၆ – ပြည့်စုံကောင်းမွန်ပြီး တာဝန်ခံမှုရှိသည့်လူ့အဖွဲ့အစည်းမှ စီမံအုပ်ချုပ်သည့်ပုံစံများ တစ်ဖြည်းဖြည်းအားကောင်းလာရန် သို့မဟုတ် ဖွံ့ဖြိုးတိုးတက်လာရန်

**အခြေခံသဘောတရား**

အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာနှင့် ဘုံပစ္စည်းများကိုစီမံအုပ်ချုပ်ရန် အခွင့်အာဏာနှင့် တာဝန်ဝတ္တရားများနှင့်အတူ စုပေါင်းအခွင့်အရေး ရရှိထားသူတစ်ဦးအဖြစ် ရပ်ရွာလူအဖွဲ့အစည်း၏ အသိအမှတ်ပြုခြင်းသည် လမ်းညွှန်ချက်များ (မဟာဗျူဟာ ၁ ကို ကြည့်ပါ။) ၏ မူဝါဒသဘောတရားများနှင့်အညီ တရားဝင် ပြီးပြည့်စုံမှုရှိကာ တာဝန်ခံမှုပြည့်ဝသော ရပ်ရွာလူအဖွဲ့အစည်း စီမံအုပ်ချုပ်ရေး ပုံစံများလိုအပ်ပါသည်။ ယင်းသည် အကျိုးခံစားခွင့်ရှိသော လူအုပ်စုများခံစားခွင့်များကို ရယူထားခြင်းမှ ရှောင်ရှားရန်၊ ဓလေ့ထုံးတမ်းဆိုင်ရာ အာဏာပိုင်များက ၎င်းတို့အခန်းကဏ္ဍကို ထည့်သွင်းနိုင်ရန်နှင့် ထိန်းညှိနိုင်ရန်နှင့် တရားဝင်မြေလုပ်ပိုင်ခွင့် အခွင့်အရေးရရှိထားသူများအနေဖြင့် လူမှုအသိုင်း အဝိုင်းအဖွဲ့အစည်းများတွင် ပါဝင်နိုင်စေရန်နှင့် ကိုယ်စားပြုနိုင်စေရန်တို့ကို ကူညီပံ့ပိုးပေးပါသည်။ အကြောင်းအရာများအပေါ် မူတည်၍ အဆိုပါရပ်ရွာလူအဖွဲ့အစည်း၏ စီမံအုပ်ချုပ်မှုပုံစံများသည် တည်ရှိပြီးဖြစ်နိုင်ပါသည် သို့မဟုတ် ၎င်းတို့သည် အားကောင်းလာရန်နှင့် တဖြည်းဖြည်းဖွံ့ဖြိုး တိုးတက်လာရန် လိုအပ်နိုင်ပါသည်။ သို့ရာတွင် ယင်းသည်ရပ်ရွာလူအဖွဲ့အစည်းအတွင်း အမြစ်တွယ်ခိုင်မာပြီးဖြစ်သည့် အခွင့်အာဏာဆိုင်ရာဆက်နွယ်မှုကို ယှဉ်ပြိုင် စိန်ခေါ်မှုသာဖြစ်ပေါ်ပြီး ပါဝင်ပတ်သက်သူများအားလုံးနှင့် တရားဝင်မြေ လုပ်ပိုင်ခွင့် အခွင့်အရေးရရှိထားသူများအားလုံး၏ ပြည့်စုံသောကိုယ်စားပြုမှုသည် ရပ်ရွာလူအဖွဲ့အစည်းမှ အဖွဲ့အစည်းများမှ အကျိုးခံစားခွင့်ရှိသောလူအုပ်စုများက ခံစားခွင့်များ ရယူထားခြင်းကို ရှောင်ရှားရန်လုံလောက်မှုမရှိနိုင်ပေ။ စီမံအုပ်ချုပ်မှုပုံစံများ ပေါင်းစည်းခြင်းနှင့် လမ်းညွှန်ချက်များတွင် ဖော်ပြထားသကဲ့သို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းများကို ဆီလျော်အောင်ပြုပြင်ခြင်းသည် ရပ်ရွာလူအဖွဲ့အစည်းမှအဖွဲ့အစည်းများ၏ အရည်အချင်း အသစ်များလိုအပ်နိုင်ပါသည်။ ထို့ပြင်လူမှုအသိုင်း အဝိုင်း၏ စည်းလုံးညီညွတ်မှုနှင့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ စည်းမျဉ်းစည်းကမ်း များကို တစ်သီးပုဂ္ဂလပြုခြင်း၊ စီးပွားဖြစ်ပြုခြင်း၊ ပြောင်းရွှေ့နေထိုင်ခြင်းနှင့် စတင်ကျင့်သုံးပြီးဖြစ်သည့် ဆက်စပ်သောမူဝါဒများကဲ့သို့ လုပ်ငန်းစဉ်များက ယှဉ်ပြိုင်စိန်ခေါ်လေ့ရှိပါသည်။ ထို့ကြောင့် ရပ်ရွာလူအဖွဲ့အစည်းမှ အဖွဲ့အစည်းများ အားကောင်း လာခြင်းနှင့် လုပ်ငန်းစဉ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် တို့သည် အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေး၊ အဆင်ပြေချောမွေ့စေရေးနှင့် အသိပညာပေးမြှင့်တင်ရေး တို့မှတစ်ဆင့် အထောက်အပံ့ပြုရန် လိုအပ်ပါသည်။

## သီးခြားအကြံပြုချက်များ

၁။ ပြင်ပမှပါဝင်ပတ်သက်သူများက ဆောင်ရွက်မည့် ရှေ့ဆက်သွားမည့် အထောက်အပံ့၊ အရည်အသွေးဖွံ့ဖြိုးတိုးတက်မှု အဆင်ပြေချောမွေ့မှုနှင့် ညှိနှိုင်းဖြန်ပေးမှုတို့ကို ပြည့်စုံ၍ တာဝန်ခံမှု ပြည့်ဝသောရပ်ရွာလူအဖွဲ့အစည်း စီမံအုပ်ချုပ်မှု ပုံစံများ အားကောင်းလာခြင်း၊ လက်တွေ့တွင် ကိုယ်တိုင်ပေါင်းစပ်၍ အကောင်အထည်ဖော်နိုင်လာခြင်းနှင့် ထိခိုက်လွယ် ၍ ခွဲခြားဆက်ဆံခံရသော အုပ်စုများ၏ အခွင့်အရေးများကို လေးစားခြင်းတို့ ပေါ်ပေါက်လာသည့်တိုင်အောင်လိုအပ်ပါသည်။ ဒေသဆိုင်ရာအစိုးရများ သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာဝန်ကြီးဌာနများ (ဥပမာ – မြေအသုံးချမှု စီမံကိန်း အရာရှိများ) မှ ကိုယ်စားလှယ်များသည် နည်းပညာဆိုင်ရာ အကြံပေးဝန်ဆောင်မှုများ၊ အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေး နှင့် အဆင်ပြေချောမွေ့စေရေး (မဟာဗျူဟာ ၈ ကို ကြည့်ပါ) တို့တွင် အထောက်အပံ့ပြု၍ ရင်းနှီးမြှုပ်နှံထားသင့်ပါသည်။ တရားဝင်အသိအမှတ်ပြုဥပဒေရေးရာ အထောက်အကူပြုသူ သင်တန်းသည် ဥပမာ ဓလေ့ထုံးတမ်းနှင့် ပြဋ္ဌာန်းထားသော စီမံအုပ်ချုပ်မှုပုံစံများ၏ ပေါင်းစည်းမှုကို အထောက်အပံ့ပြုနိုင်ပြီး ဥပဒေအထောက်အကူနှင့် အကြံပေးနိုင်ကာ ရပ်ရွာလူအဖွဲ့အစည်းများအတွင်း ပဋိပက္ခများ၏ဆုံးဖြတ်ချက်ချမှတ်ပေးရာတွင် ပါဝင်ဆောင်ရွက် နိုင်သကဲ့သို့ လူမှုအသိုင်းအဝိုင်းများနှင့် အစိုးရအဖွဲ့အစည်းများကြားတွင်လည်း ပါဝင်ဆောင်ရွက် နိုင်ပါသည်။ စီမံအုပ်ချုပ်မှု အားနည်းသော နိုင်ငံများတွင် အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် အဆင်ပြေချောမွေ့မှုနှင့် ညှိနှိုင်းဖြန်ဖြေပေးမှုတို့ကဲ့သို့ အရည်အသွေးဖွံ့ဖြိုးတိုးတက်မှု တို့မှတဆင့် လုပ်ငန်းစဉ်များကို အထောက်အပံ့ပြုရန်လိုအပ်နိုင်ပါသည်။ ရပ်ရွာလူအဖွဲ့အစည်းမှ စီမံအုပ်ချုပ်မှု ပုံစံများ၌ ရပ်ရွာလူအဖွဲ့အစည်း အဖွဲ့ဝင်များ၏ အရည်အသွေးများကို ခေါင်းဆောင်ပိုင်း ဆိုင်ရာအရည် အသွေး ဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်တည်တံ့ခိုင်မြဲသော သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု စီမံကိန်း အကောင်အထည်ဖော ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း၊ ရပ်ရွာလူအဖွဲ့အစည်း၏ အကျိုးစီးပွားကို တင်ပြနိုင်မည့် ကိုယ်စားပြုခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ အပါအဝင် သင်ကြားနိုင်သော အခွင့်အလမ်းများမှတစ်ဆင့် ထိထိရောက် ရောက် အထောက်အပံ့ပြုနိုင်ပါသည်။

၂။ **အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာနှင့် ဘုံပစ္စည်းများ၏တန်ဖိုး၊ မြေလုပ်ပိုင်အခွင့်အရေးနှင့် စုပေါင်းဆောင်ရွက်မှု တို့ကို ရပ်ရွာလူအဖွဲ့အစည်းတွင် အသိပညာပေးမြှင့်တင်ခြင်းတို့သည် အရေးကြီးသောဖြည့်စွက်ချက်တစ်ခုဖြစ်ပြီး ဆောင်ရွက်ရန် အထောက်အပံ့ပြုသော ကဏ္ဍတစ်ရပ် ဖြစ်ပါသည်။** ရပ်ရွာလူအဖွဲ့အစည်းမှ အဖွဲ့ဝင်များ ကိုယ်တိုင် သို့မဟုတ် အရပ်ဘက်လူမှု အဖွဲ့အစည်းများသည် ဥပမာအလုပ်ရုံဆွေးနွေးပွဲများ၊ အများပြည်သူ ဆိုင်ရာရိုးရာပွဲတော်များ၊ ရေဒီယို၊ သက်ဆိုင်ရာဒေသသုံး ဘာသာစကားဖြင့် ဓါတ်ပုံများအသုံးပြုပြီး ဇာတ်လမ်းပြောသည့် ပုံစံတို့မှတစ်ဆင့် အမြစ်တွယ်ခိုင်မာပြီးဖြစ်သော တန်ဖိုးများ၊ သဘောထားများနှင့် ဓလေ့ထုံးတမ်းများကို ရည်ညွှန်းရန် ရည်ရွယ်ချက်နှင့်အတူ အသိပညာပေးမြှင့်တင်နိုင်ပါသည်။ ယင်းချဉ်းကပ်မှုသည် ရေးသားထားသည့် စာအုပ်များထက် လူများစွာထံ အထူးသဖြင့် လှည့်လည်နေထိုင် သည့်အုပ်စုများ၊ ဝေလံခေါင်းဖျား ဒေသများတွင် နေထိုင်ကြသူများနှင့် စာတတ်မြောက်သူများ သို့မဟုတ် အနည်းငယ်စာတတ် မြောက်သူများထံသို့ ကောင်းစွာ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

၃။ **ရပ်ရွာလူအဖွဲ့အစည်းမှညှိနှိုင်းချက်များ သို့မဟုတ် စည်းမျဉ်းဥပဒေများ ဖွံ့ဖြိုးတိုးတက်လာ ခြင်းသည် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများ၏ စီမံအုပ်ချုပ်မှုအတွက် ၎င်းတို့၏အတွင်းပိုင်းရှိ ရပ်ရွာလူအဖွဲ့အစည်းစည်းမျဉ်း စည်းကမ်းများကို ပါဝင်ဆောင်ရွက်သည့် နည်းလမ်းဖြင့် ချမှတ်ဆောင်ရွက်ရန် ရပ်ရွာလူအဖွဲ့အစည်းအတွက် အရေးကြီး သောနည်းလမ်း တစ်ရပ်ဖြစ်နိုင်ပါသည်။** ယင်းသည် လုပ်ထုံးလုပ်နည်းဆိုင်ရာ နှင့် အတည်ပြု ပြဋ္ဌာန်းခြင်းဆိုင်ရာ အခွင့်အရေးများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ ရေရှည်တည်တံ့ခိုင်မြဲသော စီမံခန့်ခွဲမှု အတွက် စည်းမျဉ်းစည်းကမ်းများ၊ ဒေသဆိုင်ရာအားဖြင့် သတ်မှတ်ထားသော မျှော်မှန်းချက်များနှင့် ဦးစားပေးအချက်များနှင့် အမျိုးမျိုးသော ပါဝင်ပတ်သက်သူများနှင့် မည်သို့ချိတ်ဆက်ဆောင်ရွက်မည် စသည်တို့ ပါဝင်နိုင်ပါသည်။ အဆိုပါ ရပ်ရွာလူအဖွဲ့အစည်းမှ ညှိနှိုင်းချက်များ သို့မဟုတ် စည်းမျဉ်းဥပဒေများဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို ပြည့်စုံသောနည်းလမ်းတစ်ရပ်ဖြင့် ရပ်ရွာလူအဖွဲ့အစည်းက ထိန်းကျောင်းမောင်းနှင်ပြီး ဒေသဆိုင်ရာ အကြောင်းအရာများကို အဆိုပါလုပ်ငန်းစဉ် တစ်ရပ်တွင် ချိတ်ဆက်ဆောင်ရွက်မှု ရှိ မရှိ ဆုံးဖြတ်သည့်အခါ ထည့်သွင်းစဉ်းစားနိုင်ရန် အရေးကြီးပါသည်။ ဒေသဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ ရပ်ရွာလူအဖွဲ့အစည်းတွင် ချမှတ်ထားသော ညှိနှိုင်းချက်များ သို့မဟုတ် စည်းမျဉ်းဥပဒေများသည် ပြည်တွင်းဖွဲ့စည်းပုံဥပဒေနှင့် လမ်းညွှန်ချက်များ၏မူသဘော တရားများနှင့်အညီ ဖြစ်စေရန် နိုင်ငံရှိအာဏာပိုင်များက အထောက်အပံ့ပြုရန် လိုအပ်ပါသည်။ ရပ်ရွာလူအဖွဲ့အစည်းမှ ညှိနှိုင်းချက်များနှင့် စည်းမျဉ်းဥပဒေများကို သုံးလတစ်ကြိမ်သုံးသပ်ရန် လိုအပ်ပြီး ယင်းတို့သည် ရပ်ရွာလူအဖွဲ့အစည်းများအနေဖြင့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့် စပ်လျဉ်း၍ ၎င်းတို့၏ မြေလုပ်ပိုင်ခွင့် အခွင့်အရေးများကို အကြံပြုရန်နှင့် ခုခံချေပရန် အကူအညီပေးနိုင်ပြီး တူညီသောအချက်အပေါ် အခြေပြု၍ အခြားသူများနှင့် ဆွေးနွေးညှိနှိုင်းနိုင်ပါသည်။

၄။ **သတင်းအချက်အလက်ကွန်ရက်သည် ပြည့်စုံ၍တာဝန်ခံမှုပြည့်ဝကာ ရေရှည်တည်တံ့ ခိုင်မြဲသောနည်းလမ်းဖြင့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို စီမံအုပ်ချုပ်ရန် ရပ်ရွာလူအဖွဲ့အစည်းများ၏ သဘောတူ ထားသည့် လုပ်ငန်းတစ်ရပ်ကို အားကောင်းလာစေနိုင်ပါသည်။** ပြည်တွင်းနှင့် တကမ္ဘာလုံးဆိုင်ရာ အဆင့်နှစ်ခုလုံးရှိ သတင်းအချက်အလက်ကွန်ရက်သည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၌ မြေလုပ်ပိုင်ခွင့်အခွင့်အရေးများကို အသိအမှတ်ပြုရေးနှင့် ကာကွယ်စောင့်ရှောက်ပေးရေးတို့တွင် ပြည်တွင်းနှင့်ကမ္ဘာလုံးဆိုင်ရာ အကျယ်တဝင့် ရေးသားချက်များအပေါ် စုစည်းထားသော ရပ်ရွာလူအဖွဲ့အစည်း၏အသံများကို မီးမောင်းထိုးပြရန် အကူအညီပေး နိုင်ပါသည်။ သင်ကြားထားသည့် သင်ခန်းစာများနှင့် အောင်မြင်သော အလေ့အထများကို အဆိုပါကွန်ယက်များမှတစ်ဆင့် ရပ်ရွာလူအဖွဲ့အစည်းများကြား ထိထိရောက်ရောက် ဖလှယ်နိုင်ပါသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် အသိအမှတ်ပြုထားပြီး အထောက်အပံ့ပြုထားသော ၎င်းတို့၏ကြိုးပမ်းအားထုတ်မှုများကို သိရှိခြင်းဖြင့် ရပ်ရွာလူအဖွဲ့အစည်းများကို အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့် စပ်လျဉ်း၍ ၎င်းတို့၏ညှိနှိုင်းချက်များ အားကောင်းလာစေရန်နှင့် ပြဿနာများဖြေရှင်းရေးတွင် ပူးတွဲပါဝင်ဆောင်ရွက်ရန် တွန်းအားပေးနိုင်မည် ဖြစ်ပါသည်။

ဖြစ်ရပ်လေ့လာချက် ၄
**အငြင်းပွားမှုဖြစ်နေသည့် မြေပေါ်တွင် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအပေါ် စီမံခန့်ခွဲမှုအရ ဖွဲ့စည်းထားသော ရိုးရာဓလေ့အရ အုပ်ချုပ်သူများက ရပ်ရွာလူအဖွဲ့အစည်းအတွင်း တရားမျှတမှုမရှိခြင်းကို လျော့ပါးစေခြင်း**

မဟာဗျူဟာ ၁ ကို ကြည့်ပါ။

## အငြင်းပွားမှုဖြစ်နေသည့်မြေပေါ်တွင် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအပေါ်စီမံခန့်ခွဲမှုအရ ဖွဲ့စည်းထားသော ရိုးရာဓလေ့အရအုပ်ချုပ်သူများက ရပ်ရွာလူအဖွဲ့အစည်းအတွင်း တရာမျှတမှုမရှိခြင်းကို လျော့ပါးစေခြင်း

**မှ Téodyl Nkuintchuaa[က], His Majesty Bruno Mvondob[ခ], and Samuel Nguiffo[က]**

[က] Centre pour l'Environnement et le Développement (CED), [ခ] Réseau des Chefs Traditionnels pour la gestion des ressources naturelles / Conseil National des Chefs Traditionnels

အငြင်းအခုံဖြစ်နေသည့်မြေပေါ်တွင် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအပေါ် စီမံခန့်ခွဲမှုအရ ရပ်ရွာလူအဖွဲ့အစည်းအတွင်း ဖွဲ့စည်းထားသော ရိုးရာဓလေ့ အရအုပ်ချုပ်သူများက တရာမျှတမှုမရှိခြင်းကို လျော့ပါးစေခြင်းကို ကင်မရွန်းနိုင်ငံရှိ မြေယာစီမံခန့်ခွဲမှုတွင် ၎င်းတို့၏ အခန်းကဏ္ဍကို အကောင်းဆုံးပုံဖော်၍ "ရိုးရာဓလေ့အရ အုပ်ချုပ်သူများ" က ဦးတည်ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ရပ်ကိုလည်း တင်ပြထားပါသည်။ လုပ်ငန်းစဉ်သည် အာဖရိကဒေသအတွက် ထူးခြားပြီး ပထမဆုံးအကြိမ်အဖြစ် ရိုးရာဓလေ့အရအုပ်ချုပ်သူများက ၎င်းတို့၏လက်ရှိအခွင့်အာဏာကို ကာကွယ်ရန်နှင့် ကန့်သတ်ရန်အပြင် မြေလုယူခြင်းအန္တရာယ်များမှ ကန့်သတ်ရန် အကာအကွယ်များနှင့်အတူ နိုင်ငံရေးဆိုင်ရာပြုပြင် ပြောင်းလဲမှုအတွက် ခိုင်မာသောခံယူချက်များဖြင့် ၎င်းတို့ကိုယ်တိုင်အသေးစိတ် စီစဉ်ဆောင်ရွက် ခဲ့ကြပါသည်။

မကြာသေးမီနှစ်များတွင် အမျိုးသမီးများနှင့် အခြားထိခိုက်လွယ်သည့် အုပ်စုများကို ဖယ်ထုတ်ခြင်း၊ မြေယာ ကိစ္စရပ်များတွင် တရားမျှတမှုမရှိသော ဆုံးဖြတ်ချက်များနှင့် ရပ်ရွာလူအဖွဲ့အစည်း ပိုင်မြေယာများကို ရောင်းချခြင်းတို့အပါအဝင် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ စီမံခန့်ခွဲမှုတွင် တရားမျှတမှုမရှိခြင်း များအတွက် အစပြုသည့်အချက်မှာ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများဆိုင်ရာမန်နေဂျာများ (စီမံဆောင်ရွက်သူများ ) အဖြစ် ရိုးရာဓလေ့အရအုပ်ချုပ်သူများ၏ တာဝန်ဝတ္တရားများနှင့် မကြာခဏတည်မြဲလျက်ရှိပါသည်။ ကင်မရွန်းနိုင်ငံတွင် ရိုးရာဓလေ့အရအုပ်ချုပ်သူများကဲ့သို့ ဒေသဆိုင်ရာမြေယာစီမံခန့်ခွဲသူများမှ အကျိုးခံစားခွင့်ရှိသောလူအုပ်စုများက မြေဝယ်ယူခြင်းတွင် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ ပိုင်းခြားဆောင်ရွက် မရမှုအပေါ် ဥပဒေရေးရာလုပ်ထုံးလုပ်နည်းများကို သော်လည်းကောင်း၊ ဓလေ့ထုံးတမ်းဆိုင်ရာ မြေလုပ်ပိုင်ခွင့် စည်းမျဉ်းစည်းကမ်းကို သော်လည်းကောင်း လေးစားလိုက်နာမှုမရှိဘဲ မကြာခဏ ဆောင်ရွက်နေကြပါသည်။ ရလဒ်အနေဖြင့် နိုင်ငံအတွင်း ရိုးရာဓလေ့ဆိုင်ရာအဖွဲ့အစည်းများ အားလုံးသည် ၎င်းတို့၏အများယုံကြည်လက်ခံမှုများ လျော့နည်းဆုံးရှုံးလျက်ရှိပြီး ၎င်းတို့၏ အခွင့်အာဏာမှာ အဆင့်ဆင့်လျော့ပါးလျက်ရှိသည်ကိုလည်း ရင်ဆိုင်နေရပါသည်။

ဤအခြေအနေသည် ၂၀၁၂ ခုနှစ်တွင် ကင်မရွန်းနိုင်ငံရှိ ရိုးရာဓလေ့ဆိုင်ရာအုပ်ချုပ်သူများကို ကျေးလက်ဒေသရှိ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့် ဆက်စပ်သည့်အန္တရာယ်များအပေါ် ၎င်းတို့၏ကိုယ်ပိုင်စီမံခန့်ခွဲမှုအပေါ် ဆင်ခြင်သုံးသပ်မှုစတင်ရန် နှိုးဆော်လိုက်ပါသည်။ ၎င်းတို့သည် နိုင်ငံအတွင်းရှိအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (CED) ကို မြေယာလုပ်ပိုင်ခွင့် ပြုပြင်ပြောင်းလဲရေး ဆိုင်ရာ အဆိုပြုချက်တစ်ရပ် ဖွံ့ဖြိုးလာရန်လုပ်ငန်းတစ်ရပ်ကို ၎င်းတို့နှင့်အတူ ပံ့ပိုးဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ပါသည်။

ရိုးရာဓလေ့အရ စီမံအုပ်ချုပ်သူများအနေဖြင့် ယင်းအဆိုပြုချက်သည် ပထမခြေလှမ်းဖြစ်ပြီး ကင်မရွန်းနိုင်ငံတွင် အလွန်ကွဲပြားသော လူမျိုးစုတို့၏ တည်ဆဲမြေယာလုပ်ပိုင်ခွင့်စနစ်များ၏ ရှင်းလင်းတိကျသော မှတ်တမ်းမှတ်ရာများ အပါအဝင် နောက်ထပ်ခြေလှမ်းများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကောင်း ၎င်းတို့အကြားတွင် ထပ်မံသဘောတူခဲ့ပါသည်။

ရိုးရာဓလေ့အရ အုပ်ချုပ်သူများသည် ယင်းတို့ကိုအများပြည်သူထံမှောက်၍ ဆွေးနွေးရာတွင် အောက်ပါဆက်စပ်သော အချက် ၃ ချက်ကိုထည့်သွင်း၍ ကနဦးအားဖြင့် အတိုက်အခံပြုခဲ့ကြပါသည်။

i. မြေယာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အယူအဆများတွင် မြေယာအပေါ် အတွင်းပိုင်း သဘောထားအမြင်များ၊ ဘာသာရေးဆိုင်ရာ အယူအဆများ၊ နိုင်ငံရေးပြောင်းလဲ မှုများနှင့် အခြားသွင်ပြင်လက္ခဏာများ၊ အချို့သောတိမ်မြုပ်နေသော သွယ်ဝိုက်တည်ရှိမှုများ အပါအဝင် နိုင်ငံ၏ယဉ်ကျေးမှုအဖြစ် ခိုင်ခိုင်မာမာစွဲမြဲနေပါသည်။

မဟာဗျူဟာ ၁ ကို ကြည့်ပါ။

ii. ရိုးရာဓလေ့အရအုပ်ချုပ်သူများအနေဖြင့် ၎င်းတို့အကြားဆွေးနွေးမှုများသည် ကင်မရွန်း နိုင်ငံရှိ ယဉ်ကျေးမှုအပိုင်းတွင် ကြီးမားသော ကွဲပြားခြားနားမှုကြောင့် ဆုံးရှုံးသွားမည်ကို စိတ်ပူခဲ့ကြပါသည်။

iii. ဓလေ့ထုံးတမ်းဆိုင်ရာ အခွင့်အာဏာ၏ကျန်ရှိနေသော အနှစ်သာရနှင့် အင်အားသည် ကိုလိုနီနိုင်ငံအဖြစ် သိမ်းပိုက်၍ ယင်း၏အကျိုးဆက်ကြောင့်လွန်ခဲ့သောနှစ်ပေါင်း၁၀၀ကျော်ကတည်းကသိသာထင်ရှားစွာယုတ်လျော့လာခဲ့ပါသည်။

အဆိုပါရှုပ်ထွေးသောပြဿနာများကိုဖြေရှင်းရန် ရိုးရာဓလေ့အရအုပ်ချုပ်သူများသည် ကွဲပြားခြားနားမှုတို့ ထိန်းသိမ်းနိုင်ပြီး ၎င်းတို့၏ကိုယ်ပိုင် ပြည်သူများ၏ လက်တွေ့ဘဝများကို ထင်ဟပ်စေရန် တိကျသော လုံလောက်မှုရယူနိုင်သည့် အထွေထွေလုံလောက်မှုရှိသည့် အဆိုပြုချက်ကို လိုလားခဲ့ကြပါသည်။ အခွင့်အရေးကို ရယူခြင်းဖြင့် ကင်မရွန်းတွင် ရှေ့ဆက်သွားမည့် မြေယာပြုပြင်ပြောင်းလဲရေးက ၎င်းတို့ကိုကမ်းလှမ်းခဲ့ပြီး ရိုးရာဓလေ့အရအုပ်ချုပ်သူများသည် အရေးကြီးသော ကိစ္စရပ်များအတွက် အကျဉ်းချုပ်ဖော်ပြထားသော အဆိုပြုချက်တစ်ရပ် ဖွံ့ဖြိုးအောင် ဆောင်ရွက်ခဲ့ပါသည်။ ဥပဒေအသစ်ပြုစုရေးဆွဲရာတွင် အောက်ပါတို့ကို ထည့်သွင်းသင့်ပါသည်။

၁။ လက်ရှိဗဟိုချုပ်ကိုင်မှုလျော့ချရေးယန္တရားများကို တွန်းအားပေးရန် ကျေးရွာကို အပြည့်အဝ စီမံခန့်ခွဲခွင့်ရှိသော အဖွဲ့တစ်ဖွဲ့ အဖြစ်အသိအမှတ်ပြုခြင်းဖြင့် ဒေသန္တရအုပ်ချုပ်ရေး ယန္တရားတွင် အနိမ့်ဆုံးအဆင့်၊ အနိမ့်ဆုံးဆုံးဖြတ်ချက်ချမှတ်နိုင်သော အဆင့်အဖြစ် ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

၂။ စုပေါင်း၍ပိုင်ဆိုင်သည့် မြေတည်ရှိရာနေရာတွင် ဖြေရှင်းရန် ကျေးရွာတစ်ရွာ၏ အခွင့်အရေးဖြစ်ကြောင်း အသိအမှတ်ပြုပါ။ တရားဝင်မဟုတ်သောပိုင်ဆိုင်မှုမှာ ကျေးရွာတွင် တည်ရှိပြီး အိမ်နီးချင်းကျေးရွာများကလည်း အသိအမှတ်ပြုထားသော မူသဘောတရား အပေါ် အခြေခံကာ ကန့်သတ်ခဲ့ကြပါသည်။ စုပေါင်းပိုင်ဆိုင်မှုသည် တစ်ဦးတစ်ယောက် ပိုင်ဆိုင်မှုကို ဆန့်ကျင်ခြင်းမရှိစေဘဲ တစ်ဦးတစ်ယောက်အားဖြင့် ပိုင်ဆိုင်နိုင်သည့် အများဆုံး မျက်နှာပြင် ဧရိယာကိုသတ်မှတ်ရန် လိုအပ်ပါသည်။

၃။ ထိခိုက်လွယ်သောအုပ်စုများနှင့်စပ်လျဉ်း၍ ကျေးလက်/ ကျေးရွာမြေယာများကို စီမံခန့်ခွဲရာ တွင် ဓလေ့ထုံးတမ်း ဥပဒေ၏ တရားဝင်မှုကို အသိအမှတ်ပြုပါ။

၄။ အဆိုပါအခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ဓလေထုံးတမ်းဥပဒေများအပေါ် အခြေခံထားချိန် အရင်းအမြစ်များ ထုတ်ယူသုံးစွဲမှုဆိုင်ရာတောင်းဆိုမှုများမှ ရပ်ရွာလူအဖွဲ့အစည်းဆိုင်ရာ ဘုံပစ္စည်းပိုင်ဆိုင်မှုအခွင့်အရေးများကို ဆက်စပ်ခြင်းမပြုပါ။ အခြားအာဖရိကဒေသတွင်းရှိ ဥပဒေများကဲ့သို့ ကင်မရွန်းနိုင်ငံသားမြေယာဥပဒေသည် မြေယာကို လယ်ယာစိုက်ပျိုးရေး၊ အိမ်ရာနှင့် အခြားထင်ရှားသည့် အသုံးပြုမှုများအတွက် ယင်း၏ဖွံ့ဖြိုးမှုကို သက်သေပြသည့်အပေါ် ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း သတ်မှတ်ထားပါသည်။ ယင်းသည်သဘာဝပတ်ဝန်းကျင် ကို အန္တရာယ်ဖြစ်စေနိုင်ပြီး နှစ်ပေါင်းများစွာ အကျိုးသက်ရောက်မှုနည်းပါးသည့်ပုံစံဖြင့် သစ်တောများလုပ်ကိုင် ဆောင်ရွက်ခဲ့ကြသော ဌာနတိုင်းသားတို့၏လုပ်ပိုင်ခွင့်ကို အလိုအလျောက် ပိတ်ပင်စေနိုင်ပါသည်။

၅။ မြေယာနှင့်အခြားအရင်းအမြစ်များကို စီမံခန့်ခွဲမှုနှင့် စီမံအုပ်ချုပ်မှုတွင် ရိုးရာဓလေ့အရ အုပ်ချုပ်သူများ၏ နေရာနှင့် အခန်းကဏ္ဍကို ရှင်းရှင်းလင်းလင်းအဓိပ္ပာယ် သတ်မှတ်ပါ။ ၎င်းတို့၏ရပ်ရွာလူအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များအဖြစ် ရိုးရာဓလေ့အရအုပ်ချုပ်သူများကို မြေအရောင်းအဝယ်များနှင့် ရင်းနှီးမြှုပ်နှံမှု စောင့်ကြည့်စစ်ဆေးခြင်းများတွင် ပါဝင်ရမည်ဖြစ်ပြီး ၎င်းတို့ကိုယ်တိုင်အားဖြင့် ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်နိုင်ခြင်းမရှိရပါ။



၆။ မြေပိုင်ဆိုင်မှုတွင် အမျိုးသမီးများ၏ အခွင့်အရေးများကို အသိအမှတ်ပြုပါ။ ယင်းသည် ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာပိုင်ဆိုင်ခွင့်နှင့်ဥပဒေကို မှားယွင်းစွာအသုံးပြုခြင်းမှ ထွက်ပေါ် လာသော ချိုးဖောက်မှုများစွာအား ထုတ်ဖော်ထားသည့်

ဆွေးနွေးချက်များကဲ့သို့ နိုင်ငံအဝှမ်းရှိ ရိုးရာဓလေ့ထုံးတမ်းအရအုပ်ချုပ်သူများနှင့် အမျိုးသမီးအုပ်စုများအကြား အပြန်အလှန် ဆွေးနွေးမှု လိုအပ်ပါသည်။

မဟာဗျူဟာ ၇ ကို ကြည့်ပါ။

မြို့ပြမြေယာများမှ ကျေးလက်မြေယာများကို ခွဲခြားရန်နှင့် အခြားမြို့မြေယာများကို အများပိုင်ဘုံမြေ များအဖြစ်စဉ်းစားရန်၊ မြေယာစီမံခန့်ခွဲမှုသည် လူ့အခွင့်အရေးများကို ထည့်သွင်းစဉ်းစားခြင်း သေချာစေရန်၊ အခွင့်အရေးရရှိထားသူများက မြေယာအသုံးချမှုနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်တွင် အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်ပါက ကျေးလက် မြေယာစီမံခန့်ခွဲမှုသည် ကင်မရွန်းနိုင်ငံ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စေရေးတွင်သာ ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်းကို သေချာစေရန်နှင့်စပ်လျဉ်းသော ယင်းအဆိုပြုချက်သည် ထုချေရှင်းလင်းချက်များစွာကို ဖြစ်ပေါ်စေပါသည်။ (မြေယာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အယူအဆများတွင် မြေယာအပေါ် အတွင်းပိုင်း သဘောထားအမြင်များ၊ ဘာသာရေးဆိုင်ရာ အယူအဆများ၊ နိုင်ငံရေးပြောင်းလဲမှုများနှင့် အခြားသွင်ပြင်လက္ခဏာများ၊ အချို့သောတိမ်မြုပ်နေသော သွယ်ဝိုက်တည်ရှိမှုများ အပါအဝင် နိုင်ငံ၏ယဉ်ကျေးမှုအဖြစ် ခိုင်ခိုင်မာမာစွဲမြဲနေပါသည်။

ရိုးရာဓလေ့ထုံးတမ်းအရအုပ်ချုပ်သူများသည် ကနဦးတွင် ကောင်းမွန်သော နိုင်ငံရေးဆိုင်ရာတုန့်ပြန်ချက်ကို ရရှိခဲ့ပြီး မြေယာ၊ အခြားအရင်းအမြစ်များ စီမံခန့်ခွဲမှုဆိုင်ရာ ငြင်းခုံဆွေးနွေးမှုများတွင် ပိုမိုပါဝင် လာနိုင်ခဲ့ပါသည်။ (မြေယာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အယူအဆများတွင် မြေယာအပေါ် အတွင်းပိုင်း သဘောထားအမြင်များ၊ ဘာသာရေးဆိုင်ရာ အယူအဆ များ၊ နိုင်ငံရေးပြောင်းလဲ မှုများနှင့် အခြားသွင်ပြင်လက္ခဏာများ၊ အချို့သောတိမ်မြုပ်နေသော သွယ်ဝိုက်တည်ရှိမှုများ အပါအဝင် နိုင်ငံ၏ယဉ်ကျေးမှုအဖြစ် ခိုင်ခိုင်မာမာစွဲမြဲနေပါသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီတွင် ဝန်ကြီးချုပ်သည် ဆောင်ရွက်နေသော သတ္တုတွင်း၊ သစ်တောစိုက်ပျိုးလုပ်ကိုင်ခြင်းနှင့် မြေယာ ဥပဒေပြုပြင် ပြောင်းလဲမှုများကို သတင်းအချက်အလက်ပေးရန်အလို့ငှာ ၎င်းတို့၏အဆိုပြုချက်များအပေါ် စဉ်းစားသုံးသပ် ရန် အဆင့်မြင့်သောကော်မရှင် တစ်ရပ်ကို ဖန်တီးခဲ့ပါသည်။ ယင်းသည်ကင်မရွန်နိုင်ငံ၌ ထူးခြားသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ရိုးရာဓလေ့အရ အုပ်ချုပ်သူများ၏ ကနဦး အဆိုပြု ချက်သည် အမျိုးသမီးများ၊ ဒေသခံလူမျိုးစုများ၊ လွှတ်တော်အဖွဲ့ဝင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းကွန်ရက်များအပါ အဝင် အခြားလူမှုအဖွဲ့အစည်းများကတင်ပြသော မြေယာပြုပြင်ပြောင်းလဲရေးအတွက် အခြား အဆိုပြုချက် ၁၆ စောင်ကို ပြန်လည်တင်ပြထားခြင်းဖြစ်ပါသည်။ အဆိုပါအဆိုပြုချက်များတွင် ယေဘုယျတူညီသည့် ကိစ္စရပ်များတွင် ဥပမာအားဖြင့် ကျေးလက်မြေယာကို အများပြည်သူ နှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအဖြစ် စဉ်းစားပေးရန် လိုအပ်ခြင်း၊ လူ့အခွင့်အရေးများကို ကာကွယ်ပေးမည့် တည်ဆဲပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများအရ ဓလေ့ထုံးတမ်းများနှင့် အလေ့အထများ ပေါ်ထွက်လာရေးနှင့် အဆင့် မြှင့်တင်ရေးတို့ လိုအပ်ခြင်း၊ အမျိုးသမီးများလူငယ်များနှင့် ဒေသခံလူမျိုးစုများကဲ့သို့ အခြားဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ အခွင့်အာဏာ အားကောင်းလာရန် လိုအပ်ခြင်းတို့ပါဝင်ပါသည်။

မဟာဗျူဟာ ၁ နှင့် ၁၂ ကို ကြည့်ပါ။

အကျိုးခံစားခွင့်ရှိသောလူအုပ်စုများက ခံစားခွင့်များကိုရယူထားခြင်းနှင့် လူမှုအဖွဲ့အစည်း အတွင်းတရားမျှတမှုမရှိခြင်း ပြဿနာများကို ကျော်လွှားရန် အဆိုပါအပြုသဘောဆောင် အပြောင်းအလဲ များကို အသုံးပြုရန်ကိစ္စမှာ နောက်ထပ်ခြေလှမ်းများဖြစ်ပါသည်။ ပထမဦးတည်ချက်အနေဖြင့် အမျိုးမျိုးသော လူမှုအဖွဲ့အစည်းဆိုင်ရာအုပ်စုများမှတင်ပြသော မြေယာပြုပြင်ပြောင်းလဲရေး အတွက် အဆိုပြုချက်များသည် သဘာဝအရင်းအမြစ်များနှင့်စပ်လျဉ်း၍ ဥပဒေအသစ်များက လွှမ်းမိုးထားသော ပိုမိုအား ကောင်းသည့်ဥပဒေအကြံပေး အစီအစဉ်တစ်ရပ် တည်ဆောက်ရာတွင် သဟာဇာတဖြစ်ရန် လိုအပ်ပါသည်။ ယင်းသည်အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို ကာကွယ်ပေးထား ရုံမျှမက ရိုးရာဓလေ့ဆိုင်ရာ အဖွဲ့အစည်းများ၏ အခွင့်အာဏာကိုကန့်သတ်ခြင်းအားဖြင့် လူမှုအဖွဲ့အစည်းတွင် တရားမျှတမှုကိုလည်း ကာကွယ်ပေးထားပါသည်။ ဒုတိယအချက်အနေဖြင့် ရိုးရာဓလေ့အရအုပ်ချုပ်သူများသည် ၎င်းတို့၏ သက်ဆိုင်ရာ ဓလေ့ထုံးတမ်းများမှ တရားမျှတမှု မရှိသည်များကို ဖယ်ရှားရန်လိုအပ်ချက်တစ်ရပ်အဖြစ် ယုံကြည်လက်ခံရန်လိုအပ်ပါသည်။ နောက်ထပ်ခြေလှမ်းတစ်ရပ်မှာ ရိုးရာဓလေ့အရအုပ်ချုပ်သူများအနေဖြင့် အခြားလူမှုအဖွဲ့အစည်းများနှင့် ၎င်းတို့၏အဆိုပြုချက်များအပေါ် ဆက်လက် ဆွေးနွေး ဆောင်ရွက်သွားရန်၊ ၎င်းတို့ကျူးလွန်သည်ဟု စွပ်စွဲသော တရားမျှတမှု မရှိခြင်းတို့ကို သက်သေအထောက် အထားပြရန်နှင့် ၎င်းတို့၏အလေ့အထ များကို ပြောင်းလဲရန်ဝန်လေးနေသော သီးခြား ရိုးရာဓလေ့အရ အုပ်ချုပ်သူများနှင့် ညှိနှိုင်းဆွေးနွေးမှုများ စတင်ဆောင်ရွက်ရန် ကြိုတင်တွက်ဆထားခဲ့ကြပါသည်။ အဆိုပါအတွင်းအပြင်ညှိနှိုင်းဆွေးနွေးမှုများ၏ အဆုံးသတ်သည် ၎င်းတို့၏အဆိုပြုချက်ကို မြေယာဥပဒေတွင် အပြည့်အဝ ပါဝင်သင့် မသင့်ပြဋ္ဌာန်းနိုင်သည့် အပြီးသတ်အဆိုပြုချက်အဖြစ် စဉ်းစားနိုင်ပါသည်။

မဟာဗျူဟာ၆ နှင့် ၇ ကို ကြည့်ပါ။

မဟာဗျူဟာ ၁၊ ၂၊ ၅၊ ၆၊ ၇ နှင့် ၁၂ ကို ကြည့်ပါ။

**ကင်မရွန်းနိုင်ငံ၌ ရိုးရာဓလေ့အရအုပ်ချုပ်သူများက ၎င်းတို့၏ရပ်ရွာလူအဖွဲ့အစည်းများအနေဖြင့် သတ်မှတ်ပေးထားသော ရိုးရာဓလေ့များဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်ကြပါသည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့သည် နိုင်ငံ၏ စီမံ*

*အုပ်ချုပ်မှုကို ဖွဲ့စည်းခြင်းနှင့် ချိတ်ဆက်ထားပြီး အနိမ့်ဆုံးအဆင့်တွင် နေရာယူ ထားပါသည်။ ၎င်းတို့၏အခွင့်အာဏာနှင့် တရားဝင်မှုသည် နိုင်ငံနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံရေးစနစ်များနှင့် ရိုးရာထုံးတမ်းဓလေ့များကြားမှ ဆင်းသက်လာခြင်းဖြစ်ပါသည်။*

**ထပ်မံဖတ်ရှုသင့်သော စာအုပ်များ**

**CED ReCTrad and CNCTC** ၂၀၁၃ *ကင်မရွန်းရှိကျေးလက်ဇရိယာများ၏ မြေယာလုပ်ပိုင်ခွင့် ပြုပြင်ပြောင်းလဲရေးတွင် ရိုးရာဓလေ့အရအုပ်ချုပ်သူများက အဆိုပြုချက်။* ရိုးရာဓလေ့အရအုပ်ချုပ်သူများနှင့် ဒေသခံရပ်ရွာလူအဖွဲ့အစည်း၏ ခေါင်းဆောင်များက ကျေးလက်မြေယာ လုပ်ပိုင်ခွင့်ဆိုင်ရာ ခေါင်းချင်းရိုက်အဖြေရှာသော အလုပ်ရုံဆွေးနွေးပွဲအတွင်း အတည်ပြုထားသည့်အချက်များ Yaoundé, 11–12 December 2013. (available at http://www.cedcameroun.org/wp-content/uploads/2015/01/122013_Proposition-des-chefs_EN.pdf)

## ၇ မဟာဗျူဟာ ၇ – လူ့အဖွဲ့အစည်းအတွင်းရှိ ထိခိုက်လွယ်ပြီး ဖယ်ကျဉ်ခွဲခြားဆက်ဆံခံရသည့်အ စုအဖွဲ့များကို လူ့အဖွဲ့အစည်း၏ အသင်းအဖွဲ့များတွင် ထိရောက်စွာပါဝင်စေခြင်းဖြင့် စွမ်းဆောင်ရည်ဖြည့်ဆည်းခွင့်ရရှိရန်

### အခြေခံသဘောတရား

ရပ်ရွာလူအဖွဲ့အစည်းများအတွင်း အမြစ်တွယ်ခိုင်မာနေသော အခွင့်အာဏာဆက်ဆံရေးများကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ရပ်ရွာလူအဖွဲ့အစည်းများအတွင်း အခွင့်အာဏာအပိုင်းများတွင် လူမှုအဖွဲ့အစည်းများ အပြည့်အဝပါဝင်ဆောင်ရွက်ရေးအတွက် အထောက်အပံ့ပေးရန်နှင့် အားပေးရမည်ဖြစ်သည်။ ပြည့်စုံပြီး ပါဝင်ဆောင်ရွက်ခွင့်ရှိသော မကြာသေးမီဖွံ့ဖြိုးလာသည့် သို့မဟုတ် အားကောင်းလာ သည့်လူမှုအသိုင်း အဝိုင်းပုံစံများအရ ၎င်းတို့၏လုပ်ထုံးလုပ်နည်းအခွင့်အရေးများ၏ လုံလောက်သောအသုံးပြုမှုကို ပြုလုပ်ရန်လိုအပ်ပါသည်။ ယင်းသည်အထူးသဖြင့်အမျိုးသမီးများ၊ လူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မြေယာမဲ့သူများနှင့် အများပိုင်ဘုံမြေများအပေါ် အဓိက တည်မှီနေသည့်အသက်မွေးဝမ်းကျောင်းမှုများနှင့် အစားအသောက်ဖူလုံရေးတို့နှင့်သက်ဆိုင်သည့် အခြားသူများနှင့် သက်ဆိုင်ပါသည်။

### သီးခြားအကြံပြုချက်များ

၁။ **ရပ်ရွာလူအဖွဲ့အစည်းတစ်ရပ်အတွင်း ခွဲခြားဆက်ဆံခံရပြီး ထိခိုက်လွယ်သောသူများကို အခွင့်အာဏာပေးရန် အစိုးရအေဂျင်စီများသည် အထောက်အပံ့များကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။ ယင်းစိန်ခေါ်မှုများပါဝင်သောကိစ္စရပ်တွင် အစိုးရများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် အခွင့်အာဏာပေးမှုကို အထောက်အပံ့ပြုရန် အကောင်းဆုံး ဆောင်ရွက်သူဖြစ်ကြောင်း လုံလောက်စွာဦးတည်ပေးနိုင်ခြင်းမရှိပေ။ အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွင့်အာဏာရရှိရေးသည် များသောအားဖြင့် အချိန်ကိုအတွင်းဆောင်ရွက်သည့်လုပ်ငန်းစဉ်များရှိရမည်ဖြစ်ပြီး ကာလရှည်ဆောင်ရွက်မှုနှင့် အထောက်အပံ့ပြုမှုတို့လည်း လိုအပ်ပါသည်။** ၎င်းတို့တွင် ပြင်ပဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့များ၊ ဖော်ပြချက်ကိုလည်း လိုအပ်နိုင်လိမ့်မည်ဖြစ်ပြီး ပံပိုးပေးထားသည့် ပါဝင်ဆောင်ရွက်မှုစရိတ်များကို (ဥပမာ – အချိန်၊ သယ်ယူပို့ဆောင်ရေး) ထိခိုက်လွယ်သောအုပ်စုများက အများဆုံးခံစားစေရမည် ဖြစ်ပါသည်။

၂။ **ဆောင်ရွက်သည့်တာဝန်များသည် အရည်အသွေးဖွံ့ဖြိုးမှုလိုအပ်ချက်များ၏ ပါဝင်ဆောင်ရွက်ရေး ဆန်းစစ်ချက် တစ်ရပ်ဆောင်ရွက်ခြင်းနှင့် သီးခြားအထောက်အပံ့ဆိုင်ရာ ဆောင်ရွက်ချက်များကို သတ်မှတ်ရန် အခွင့်အာဏာခွဲခြမ်းစိတ်ဖြာချက် တစ်ရပ် ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။** ဆန်းစစ်ချက်သည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ခိုင်မာသောမြေလုပ်ပိုင်ခွင့်အခွင့်အရေးများနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာအခွင့်အရေးများနှင့်စပ်လျဉ်း၍

အသိပညာ၊ ကျွမ်းကျင်မှုများ၊ အာဏာဆက်နွယ်မှုများနှင့် သဘောထားအမြင်များကို ပါဝင်ရမည် ဖြစ်ပါသည်။ အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၏ အသိပညာနှင့်ကျွမ်းကျင်မှု၊ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရား များ၊ သက်ဆိုင်ရာမူဝါဒများ၊ ဥပဒေများနှင့် ဥပဒေရေးရာ ယန္တရားများ၏ အသိပညာများနှင့် အရင်းအမြစ်စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ နည်းပညာဆိုင်ရာအသိပညာနှင့် ကျွမ်းကျင်မှုတို့ကို စဉ်းစားရန်အရေးကြီးပါသည်။ ဥပဒေရေးရာယန္တရားများ အသုံးပြုရန်ရှိရမည့် အရည်အချင်းနှင့် တရားမျှတမှုအချိန်မီရရှိရေးတို့ သည် ထိခိုက်လွယ်ပြီးခွဲခြားဆက်ဆံခံရသည့် ပြည်သူများအတွက် အရေးကြီးပြီး အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ ၎င်းတို့၏အခွင့်အရေးများကို ဥပဒေက ထိန်းသိမ်းပေးမှုရှိစေရန် အရေးကြီးပါသည်။ (မဟာဗျူဟာ ၈ နှင့် ၉ ကိုကြည့်ပါ) အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေး ခြေလှမ်းများနှင့် သင်တန်းများကို ယင်းလိုအပ်ချက်များနှင့် အခွင့် အာဏာမညီမျှမှုများ ဦးတည် ဆောင်ရွက်ရန် ဖွံ့ဖြိုးတိုးတက်စေရမည်ဖြစ်ပြီး အကောင်အထည် ဖော်ပေးရမည်ဖြစ်ပါသည်။ အဆိုပါပြည်သူများ၏ မိမိကိုယ်ကိုတန်ဖိုးထားမှု တည်ဆောက်ပေးရန် မှာလည်း အရေးကြီးပြီး သို့မှသာ၎င်းတို့သည် ၎င်းတို့၏ အကျိုးစီးပွားများကို ယုံယုံကြည်ကြည် ထုတ်ဖော်ပြောဆိုနိုင်မည်ဖြစ်ပြီး ဓလေ့ထုံးတမ်းဆိုင်ရာပုံစံများကို ကျော်လွှန်သော အခန်းကဏ္ဍများကို သတ်မှတ်နိုင်မည်ဖြစ်ပါသည်။

၃။ **ပါဝင်ပတ်သက်သူအုပ်စုများနှင့် ကွန်ရက်များဖွဲ့စည်းရာတွင် အထောက်အပံ့ပြုခြင်းသည်လည်း အရေးကြီးပါသည်။** ယင်းတို့တွင် အမျိုးသမီးအသင်းအဖွဲ့များ၊ လူငယ်အဖွဲ့အစည်းများနှင့် ရွှေ့ပြောင်းနေထိုင်ကြသည့် အသင်းအဖွဲ့များ ပါဝင်ပါသည်။ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ ပေါ်တည်မှီ နေသောသူများ အများဆုံးပါဝင်သည့် အကျိုးကျေးဇူး မခံစားရသည့်အုပ်စုများသည် ၎င်းတို့၏တရားဝင်ကိုယ်စားလှယ်များမှတစ်ဆင့် ၎င်းတို့၏ အကျိုးစီးပွားကို ပြည့်စုံစွာနှင့် ယုံကြည်စွာတင်ပြစေရန် ၎င်းတို့ကိုယ်တိုင်ဖွဲ့စည်းပေးရန် ပုံမှန်အားဖြင့် လိုအပ်ပါသည်။ အဆိုပါကိုယ်စားလှယ်များသည် ၎င်းတို့၏ခေါင်းဆောင်ပိုင်းဆိုင်ရာ လုပ်ငန်းတာဝန်များသိရှိ နားလည်ရန် အထူးသင်တန်းများ လိုအပ်နိုင်ပါသည်။ အမျိုးမျိုးသော ဒေသများနှင့်နိုင်ငံများမှလူမှု အသိုင်းအဝိုင်းရှိ အရပ်သားများအကြား အတွေ့အကြုံဖလှယ်ရေးသည် အလွန်အင်အားကောင်းသော အတွေ့အကြုံတစ်ရပ် ဖြစ်သည်နှင့်အညီ ယင်းကွန်ရက်များနှင့် အဖွဲ့အစည်းများသည် အဆိုပါအတွေ့အကြုံဖလှယ်ရေး ကို အထောက်အပံ့ပြုနိုင်ပါသည်။

၄။ **အဆိုပါကြိုးပမ်းအားထုတ်မှုများကို ဆွေးနွေးပွဲများတွင် ရပ်ရွာလူအဖွဲ့အစည်း၏ ပိုမိုအင်အား တောင့်တင်းသော အဖွဲ့ဝင်များက ဆောင်ရွက်ခြင်းဖြင့် ဖြည့်စွက်ဆောင်ရွက်ပေးနိုင်ပါသည်။** ဥပမာအားဖြင့်အမျိုးသမီးများ၏ မြေလုပ်ပိုင်ခွင့်အခွင့်အရေးများ အားကောင်းလာရေးအတွက်ရလဒ်အဖြေများအကြောင်းဆွေးနွေးပွဲသည်အမျိုးသားများ၏ပါဝင်ဆောင်ရွက်မှုလည်း လိုအပ်နိုင်ပါသည်။ အခြားခြေလှမ်းတစ်ရပ်သည် ဓလေ့ထုံးတမ်းဆိုင်ရာအာဏာပိုင်များနှင့် အပြန်အလှန်ဆွေးနွေးခြင်းစတင်ရန်ဖြစ်ပြီး ဓလေ့ထုံးတမ်းဥပဒေများနှင့် ဆီလျော်အောင်ပြုပြင်သည့် နည်းလမ်းများဖြင့် အဆိုပါဥပဒေများသည် အမျိုးသမီးများအတွက် တရားမျှတမှုရှိရေးသေချာ စေမည်ဖြစ်ပါသည်။ အဆုံးသတ်တွင်ဓလေ့ထုံးတမ်းဆိုင်ရာအာဏာပိုင်များနှင့် အမျိုးသမီးများသည် ခွဲခြားသတ်မှတ်ထားသော ဓလေ့ထုံးတမ်းဆိုင်ရာအလေ့အထများကြားအသိအမှတ်ပြု ထင်ရှားရေးတွင် ပါဝင်ဆောင်ရွက် ရမည်ဖြစ်ပြီး ယင်းတို့သည် အမျိုးသမီးများ၏အခွင့်အရေးများ ကို အထောက်အပံ့ပြုပါသည်။

အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ထပ်မံဆွေးနွေးချက်များအတွက် နည်းပညာလမ်းညွှန် အမှတ် ၁ အမျိုးသမီးများနှင့် အမျိုးသားများအတွက် သက်ဆိုင်သည့်မြေယာတွင်လည်း အကြံဉာဏ်ရယူပါ။ (FAO ၂၀၁၃ က)

# ၈ မဟာဗျူဟာ ၈ – ပြည်နယ်အရာရှိများ၏အရည်အချင်းများ၊ အခွင့်အာဏာနှင့် တာဝန်ဝတ္တရားများကို လွှဲပြောင်းရယူထားသော ဥပဒေရေးရာလုပ်ပိုင်ခွင့်အခွင့်အရေးများနှင့် ဘဏ္ဍာရေးအရင်းအမြစ်များ အကောင်အထည်ဖော်ဆောင်ရွက်မှု အားကောင်းလာစေရန် သို့မဟုတ် ဖွံ့ဖြိုးစေရန်

## အခြေခံသဘောတရား

မြေယာ၊ ငါးလုပ်ငန်း သို့မဟုတ် သစ်တောစိုက်ပျိုးလုပ်ကိုင်ခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု များကဲ့သို့ ဥပဒေရေးရာပြုပြင်ပြောင်းလဲမှုများအနေဖြင့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများအပေါ် မြေလုပ်ပိုင်ခွင့် အခွင့်အရေးကို အသိအမှတ်ပြုရေးအတွက် ရည်ရွယ်ချက်ကို မြေပြင်အနေအထားအပေါ် အလိုအလျောက်ထိရောက်အောင် ဆောင်ရွက်နိုင်သည်မဟုတ်ပေ။ နိုင်ငံ၏စီမံအုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဌာနခွဲများသည် စီမံခန့်ခွဲရေးဆိုင်ရာလမ်းကြောင်းများတွင် ပြောင်းလဲမှုအတွက် ကောင်းစွာပြင်ဆင်ထားနိုင်မှုမရှိခြင်း သို့မဟုတ် ဥပဒေအသစ် သို့မဟုတ် ပြုပြင်ပြောင်းလဲထားသော ဥပဒေတွင် ပြောင်းလဲထားသော စီရင်ဆုံးဖြတ်ပိုင်ခွင့် လိုအပ်ပါသည်။ ၎င်းတို့သည် ဥပဒေမှ ထွက်ပေါ်လာသော တာဝန် အသစ်များအတွက် လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုများမရှိကြသကဲ့သို့ ယင်းတာဝန်များအတွက်လိုအပ်သောလူသား၊ ပစ္စည်းများနှင့် ဘဏ္ဍာရေးအရင်းအမြစ်များကို သင့်လျော်စွာ အပြည့်အစုံထားရှိနိုင်ခြင်းလည်း မရှိပါ။ ၎င်းတို့သည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို အကာအကွယ်ပေးရန် ရည်ရွယ်သော ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှု၏ သက်ဆိုင်မှုနှင့် သင့်လျော်မှုတို့ ထည့်သွင်းနိုင်ခြင်းမရှိသောကြောင့် အဆိုပါဥပဒေအားဖြင့် အကောင် အထည်ဖော်ရန် ကြိုးပမ်းအားထုတ်မှုများကိုလည်း ဖယ်ထုတ်ထားနိုင်ပါသည်။

မည်သို့ဖြစ်ဆိုစေကာမူ အစိုးရ၏စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးတို့သည် အများပိုင်ဘုံမြေ များအပေါ် မြေယာလုပ်ပိုင်ခွင့် အခွင့်အရေးများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်စေရန် အမျိုးမျိုးသောစီမံခန့်ခွဲရေးအဆင့်များ၌ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက် လျက်ရှိပါသည်။ ယင်းတို့တွင်စီမံခန့်ခွဲရေး၊ တရားစီရင်ရေး၊ စီမံကိန်းနှင့် အထောက်အပံ့ပြုရေးတာဝန်များ ပါဝင်ပါသည်။ ဤတာဝန်များကို ဆောင်ရွက်ရသည့်နိုင်ငံမှကြီးကြပ်သူ အရာရှိများသည် အများပိုင်ဘုံမြေများကို စီမံအုပ်ချုပ်မှုအတွက် ဥပဒေရေးရာမူဘောင်ကို ပြဋ္ဌာန်းခြင်းနှင့် ရပ်ရွာလူအဖွဲ့အစည်းများသို့ အခွင့်အာဏာနှင့် တာဝန်ဝတ္တရားများ ခွဲဝေပေးမှုအတွက် အထောက်အပံ့ပေးခြင်းတို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် စွမ်းရည်ပြည့်ဝရမည်ဖြစ်ပါသည်။ ယင်းသည်ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေများ၊ နည်းပညာဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများ၊ သီးခြားတရားစီရင်ရေး ဆိုင်ရာကျွမ်းကျင်မှု၊ ကြီးကြပ်သူအရာရှိများအကြား အသိပညာပေးမြှင့်တင်မှုများနှင့် အရင်းအမြစ်များကို သင့်လျော်သောခွဲဝေသုံးစွဲမှုများ၏ သင့်လျော်သောအဓိပ္ပာယ်ဖွင့်ဆိုမှု လိုအပ်ပါသည်။

## သီးခြားအကြံပြုချက်များ

အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအပေါ် မြေလုပ်ပိုင်ခွင့်အခွင့်အရေးများ လိုအပ်သိရှိနားလည်မှုသည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ ဖွံ့ဖြိုးလာရေးနှင့် တိုးတက်လာရေးဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်နှင့် အစိုးရပိုင်းဆိုင်ရာ၊ လွှတ်တော်ပိုင်းဆိုင်ရာနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်များတွင် သီးခြားအရည်အသွေးများနှင့် အသိပညာများလိုအပ်ပါသည်။

၁။ အစိုးရအရာရှိများအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တရားသူကြီးများ၊ အစိုးရရှေ့နေများ နှင့်မြေယာ၊ သစ်တောစိုက်ပျိုး လုပ်ကိုင်ခြင်းနှင့် ငါးလုပ်ငန်းဆိုင်ရာ ပြဿနာများ၏ ကြီးကြပ်သူတရားရေးအရာရှိများအနေဖြင့် ဥပဒေကို သိရှိနားလည်ခြင်း၊ ၎င်းတို့၏ ကိုယ်ပိုင် အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကိုသိရှိခြင်း၊ ရည်ရွယ်ချက်များကို သိရှိနားလည်ခြင်းနှင့် ဆက်စပ်ပတ်သက်မှုများကို လက်ခံယုံကြည်ခြင်းတို့သေချာစေရန် အစိုးရများသည် လိုအပ်သော သတင်းအချက်အလက်များ အားလုံးနှင့် ဥပဒေအသစ်ရေးဆွဲခြင်းနှင့် မူဝါဒများကို ပြုပြင်ပြောင်းလဲထားခြင်း သို့မဟုတ် လမ်းညွှန်ချက်များပေးရန် လိုအပ်ပါသည်။ ယင်းသည် ဥပဒေပြုရေးဆွဲခြင်းဆိုင်ရာ လက္ခဏာရပ်အသစ်များ အားလုံး အတွက် အထူးသဖြင့်ဓလေ့ထုံးတမ်း ဆိုင်ရာ မြေလုပ်ပိုင်ခွင့်စနစ်များနှင့် ၎င်းတို့၏ ကွဲပြားခြားနားမှုတို့၏ အသိပညာများ အပါအဝင် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့် ယင်းတို့၏ အရေးကြီးမှုနှင့် ရှုပ်ထွေးမှုများနှင့်

စပ်လျဉ်း၍ ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ သင့်လျော်သော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဥပဒေကိုသိရှိနားလည်မှုတို့သည် ရည်ရွယ်ထားသောသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ လက်တွေ့ဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း လမ်းညွှန်ချက်များနှင့် လက်စွဲများနှင့်အတူ အသိပညာ ဖလှယ်မှုရေးအတွက် မူဝါဒလမ်းစဉ်များကို လိုအပ်ပါသည်။ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုတို့၏ သင့်လျော်သောသိရှိနားလည်မှုနှင့်ဥပဒေ၏သက်ဆိုင်ရာအပိုင်းများကောင်းစွာစီမံခန့်ခွဲထားသောအများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများရှိသည့် ရပ်ရွာလူအဖွဲ့အစည်းများသို့ ကွင်းဆင်း လည်ပတ်ခြင်းတို့သည် အထောက်အကူပြုစေနိုင်ပါသည်။

၂။ **အစိုးရများသည် ဥပဒေမှပေါ်ပေါက်လာသောတာဝန်အသစ်များကို လုံလောက်စွာစီမံဆောင်ရွက် နိုင်ရန်နှင့် ယန္တရားအသစ်များနှင့် လုပ်ထုံးလုပ်နည်းအသစ်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပြည်နယ်အရာရှိများ၏ နည်းပညာဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများနှင့် ဥပဒေရေးရာ အရည်အသွေးများ အထူးသဖြင့် မြေယာ၊ ငါးလုပ်ငန်း၊ သစ်တောစိုက်ပျိုးလုပ်ကိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့်တို့ရှိ တရားသူကြီးများ၊ အစိုးရရှေ့နေများနှင့် တရားရေးဝန်ထမ်းများအား အဆင့်မြှင့်တင်ပေးရန် လိုအပ်ပါသည်။** အရည်အသွေးဖွံ့ဖြိုးရေး လိုအပ်ချက်များသည် အလွန်ကွဲပြားခြားနားနိုင်ပြီး တည်ဆဲနှင့်လိုအပ်သော အရည်အသွေးများကြား ကွာဟချက်များ၏ ဆန်းစစ်ချက်တစ်ရပ်အပေါ်အခြေပြု၍ သတ်မှတ်ရမည် ဖြစ်ပါသည်။ ဆန်းသစ်ထားသော လုပ်ထုံးလုပ်နည်းများနှင့် ဆက်စပ်သော ကျွမ်းကျင်မှုများရှိသည့် သီးခြားနယ်ပယ်များကို ပုံမှန်အားဖြင့် လိုအပ်ပြီးပါဝင်သင့်သည်မှာ

- အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ ရှုပ်ထွေးမှုကိုထိန်းညှိဖမ်းယူရန် ဥပဒေဝေါဟာရအသစ်များနှင့် သဘောတရားများဖွံ့ဖြိုးမှု
- မြေလုပ်ပိုင်ခွင့်အခွင့်အရေးများ၏ပါဝင်ခွင့်ရသောမြေပုံရေးဆွဲရေးလုပ်ငန်းစဉ်နှင့်မှတ်တမ်းများ
- မှတ်ပုံတင်ခြင်းအတွက် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းစဉ်များ
- ပါဝင်ဆောင်ရွက်ခဲ့သော မြေယာ အသုံးချမှု/သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု စီမံကိန်းလုပ်ငန်းစဉ်များကိုစီစဉ်ဆောင်ရွက်ခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ ရေရှည်တည်တံ့သောစီမံခန့်ခွဲမှုအတွက် စီမံကိန်းလိုအပ်ချက်များကို အထူးအလေးပေး စဉ်းစားခြင်း
- စီမံအုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပုံစံများကို စုပေါင်းမြေလုပ်ပိုင်ခွင့်၏ လိုအပ်ချက် များနှင့် ဆီလျော်အောင် ဆောင်ရွက်ခြင်း
- အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့် စပ်လျဉ်း၍ အငြင်းပွားမှုများ၏သီးခြားဥပဒေရေးရာ သွယ်ဝိုက် ပတ်သက်မှုနှင့် သက်ဆိုင်သော ဥပဒေရေးရာ သင်တန်း
- တရားမျှတမှုရရှိရေးအဆင်ပြေချောမွေ့စေမည့်လုပ်ထုံးလုပ်နည်းများနှင့်ယန္တရားများကိုတည်ထောင်ဆောင်ရွက်ခြင်း
- ပါဝင်ဆောင်ရွက်ခွင့်ရှိသောစောင့်ကြည့်ရေးယန္တရားများနှင့်လုပ်ထုံးလုပ်နည်းများကို တည်ထောင်ဆောင်ရွက်ခြင်း

၃။ **အဆိုပါတာဝန်များအပြင် နိုင်ငံတော်အစိုးရများသည်အရပ်ဘက်လူမှုအဖွဲ့အစည်းများကဲ့သို့ အခြားလုပ်ရှား ဆောင်ရွက်သူများ၏ အကူအညီဖြင့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို စီမံအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတွင် ၎င်းတို့၏အခန်းကဏ္ဍ အသစ်အား ပြည့်စုံစွာဆောင်ရွက်ရန် အထောက်အကူပြုသော ရပ်ရွာလူအဖွဲ့အစည်းများတွင် ကဏ္ဍတစ်ရပ်ဖြင့် ပါဝင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ယင်းသည် နိုင်ငံ၏ စီမံခန့်ခွဲရေးတွင် ရင်းနှီးကျွမ်းဝင်မှုမရှိသော ပြည်နယ်အရာရှိများနှင့် ရပ်ရွာလူအဖွဲ့အစည်းများကြား အပြန်အလှန်ဆောင်ရွက် သည့်ပုံစံတရပ် လိုအပ်ပါသည်။ တစ်ဆက်တည်းမှာပင်အများပိုင် ဘုံမြေများ၏ ရပ်ရွာလူအဖွဲ့အစည်းအဆင့် စီမံအုပ်ချုပ်မှုကိုအထောက်အပံ့ပြုရန် နှင့် ဥပဒေများနှင့်အတူ ရပ်ရွာလူအဖွဲ့အစည်းများ၏ လေးစားလိုက်နာ မှုသေချာစေရန် အစိုးရအရာရှိများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တရားသူကြီးများ၊ အစိုးရရှေ့နေများနှင့် တရားရေးအရာရှိများ၏ ကျွမ်းကျင်မှုများအားကောင်းရန် လိုအပ်ပါသည်။** ယင်းတွင်အောက်ပါ တို့ကိုရည်ညွှန်းပါသည်။

- ပြည်တွင်းဥပဒေများ၊ လမ်းညွှန်ချက်များ၏မူသဘောတရားများနှင့် ဆက်နွယ်သော အပြည်ပြည်ဆိုင်ရာဥပဒေနှင့် တာဝန်ဝတ္တရားများနှင့် သဟဇာတဖြစ်စေရန်နှင့် ဥပဒေရေးရာ ဝေါဟာရများကို နားလည်သိရှိရေးအတွက် ယင်းလှုပ်ရှားဆောင်ရွက်သူများက ဆောင်ရွက်နိုင်ရန် ဥပဒေရေးရာသင်တန်းပေးခြင်း

- **တရားရုံးများနှင့်မှတ်ပုံတင်ရုံးများရှေ့မှောက်တွင် ဒေသဆိုင်ရာတရားဝင် သက်သေအထောက်အထားကို အသိအမှတ် ပြုရေးအတွက် စံနှုန်းများကိုတည်ထောင်ဆောင်ရွက်ရန်၊ ပြည်တွင်းအဆင့်၌ အချိန်မီဆောင်ရွက်ရေးနည်းလမ်းတွင် အငြင်းပွားမှုများကို ကြားနာရန်နှင့် ဆုံးဖြတ်ရန်**
- ဥပဒေရေးရာလေ့လာဆွေးနွေးမှုများ၊ လှည့်လည်သွားလာ၍ ဆောင်ရွက်ပေးသည့်ရုံးများ၊ ဥပဒေရေးရာ အထောက်အကူများ စသည်တို့ကို ထိခိုက်လွယ်ပြီးခွဲခြားဖယ်ကျဉ် ဆက်ဆံခံရသည့် အုပ်စုများအတွက်ငွေကြေးအကုန်အကျ သက်သာသော ဥပဒေရေးရာ အထောက်အပံ့ကို ပေးရန် သင်တန်းကိုယ်စားလှယ်များ
- အဖက်ဖက်မှပါဝင်ပတ်သက်သူမျိုးစုံပါဝင်သည့် လုပ်ငန်းစဉ်များကိုမည်သို့ဖွဲ့စည်းမည်နှင့် အဆင်ပြေစေမည်ဆိုသော လမ်းညွှန်ချက် ။ သင်တန်းသည် ပါဝင်ဆောင်ရွက်ခွင့်ရသော ဥပဒေပြုရေးဆွဲခြင်းနှင့် မူဝါဒရေးဆွဲခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်နှင့် အများပိုင် ဘုံမြေများနှင့်စပ်လျဉ်း၍ ပြည့်စုံပြီးပါဝင်ဆောင်ရွက်ခွင့်ရသော မြေပုံရေးဆွဲရေး လုပ်ငန်းစဉ်တွင် အဆင်ပြေချောမွေ့စေရန် ပြည်နယ်အရာရှိများကို ဆောင်ရွက်ပေးပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အလှူရှင်များ သို့မဟုတ် အစိုးရအဖွဲ့ အစည်းများက သင်တန်းများကို ဆောင်ရွက်ပေးနိုင်သော်လည်း အစိုးရကအစပြုသည့်အနေအထားနှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အကူပြုသည့်အနေအထားရှိရမည်ဖြစ်ပါသည်။
- အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများပေါ်ရှိ သဘာဝအရင်းအမြစ်ကို ရေရှည်တည်တံ့မှုမရှိသော၊ သာတူညီမျှမှု မရှိသော အသုံးပြုမှုနှင့် ထုတ်ယူသုံးစွဲမှုများကို လျှော့ချရန်နှင့် တားဆီးကာကွယ်ရန် ထိခိုက်ရှနာလွယ်သော ရပ်ရွာလူအဖွဲ့အစည်း၏ ယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာ တန်ဖိုးများရှိသော သင့်လျော်သည့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုယန္တရားများ တည်ထောင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသော လမ်းညွှန်ချက်။ အဆိုပါယန္တရားများတွင် အခွင့်အရေးများချိုးဖောက်ခြင်းကိုစုံစမ်းရန်နှင့် အစိုးရနှင့် လူမှုအဖွဲ့အစည်းသို့ အစီရင်ခံတင်ပြရန် တရားဝင်တာဝန်ရှိသော အစိုးရဌာနများအပေါ် မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် ခန့်ထားသော အရာရှိကဲ့သို့ မကျေနပ်ချက်များ တိုင်ကြားနိုင်သည့်ယန္တရား၊ မှတ်တမ်းများနှင့် မြေပုံများကိုအများပြည်သူရရှိနိုင်ရေး၊ ဒေသဆိုင်ရာ အခြေအနေများနှင့် ဆီလျော်စေမည့်လမ်းကြောင်းမှတစ်ဆင့် အွန်လိုင်းသတင်း အချက်အလက်များ၊ လူမှုအသိုင်း အဝိုင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် လွတ်လပ်၍ အမျိုးမျိုးပါဝင်သော ပါဝင်ပတ်သက်သူများ၊ စောင့်ကြည့်စစ်ဆေးရေး အဖွဲ့များ ဖန်တီးရန် သင်တန်းတို့ပါဝင် ပါသည်။

၄။ **ပါဝင်ခွင့်ရှိသော ရပ်ရွာလူအဖွဲ့အစည်းများနှင့် အပြန်အလှန်ဆောင်ရွက်သည့် ကဏ္ဍအသစ်အတွက် ပြင်ဆင်ရာတွင် ရယူဆောင်ရွက်ခွင့်နှင့် ယဉ်ကျေးမှုအရ ဆင်ခြင်ဆောင်ရွက်ရသောနည်းလမ်း၊ အစိုးရအရာရှိများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တရားသူကြီးများ၊ အစိုးရရှေ့နေများနှင့် တရားရေးအရာရှိများ၏ အရည်အသွေးဖွံ့ဖြိုးရေးသည် ၎င်းတို့၏ သဘောထားအမြင်များနှင့် အမူအကျင့်များအရနည်းလမ်းများဖြင့် ဦးတည်ကိုင်တွယ်ရမည်ဖြစ်ပါသည်။**

- ရပ်ရွာလူအဖွဲ့အစည်းကွန်ရက်များ/အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် အလှူရှင်များမှစီစဉ်ပေးသည့် ကျွမ်းကျင်သူ ပညာရှင်ဆိုင်ရာအစီအစဉ်များ၊ အခြေခံလူတန်းစားအဆင့်တွင်ရှိ သောဌင်း တို့၏ အလုပ်မှ ယင်းပါဝင်ပတ်သက်သူများသည် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ များပြားသော အတွေ့အကြုံရှိပြီး ပြည်နယ်အရာ ရှိများ နှင့်ဆက်စပ်ပတ်သက်သည့် နည်းလမ်းတစ်ရပ်တွင် ၎င်းတို့၏ အသိပညာများ ကိုမျှဝေခြင်းဖြင့် မူဘောင်အဖြစ်ချမှတ် ဆောင်ရွက်ပေးနိုင် လေ့ရှိပါသည်။
- ကွင်းဆင်းလေ့လာခြင်း၊ လေ့လာရေးအစီအစဉ်များဆောင်ရွက်ပေးခြင်းနှင့် အစိုးရ ဝန်ထမ်းများ၊ ရပ်ရွာလူထုအခြေပြုသည့် အဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများ အတွက် ဆက်သွယ်ရေးကွန်ယက်များ ထူထောင် ပေးခြင်းဖြင့် နှစ်ဦးနှစ်ဖက်အပြန်အလှန်သင်ယူခွင့်ရခြင်း၊ အသိပညာ ဗဟုသုတ ဖလှယ်ခွင့် ရရှိခြင်းတို့ကို တိုးမြှင့် ဆောင်ရွက်ပေးနိုင်ပါသည်။

၅။ **အုပ်ချုပ်သူအစိုးရများသည် ၎င်းတို့၏ အတည်ပြုဆောင်ရွက်မှုအရည်အသွေး တိုးမြှင့်ရန် လိုအပ်ပါသည်။** ယင်းတွင် အောက်ပါတို့ပါဝင်ပါသည်-

- အမျိုးသားအဆင့်နှင့် ဒုတိယအမျိုးသားအဆင့်၌ လွှမ်းမိုးပါဝင်သည့် ဘဏ္ဍာရေးခေါင်းစဉ်၏ သတ်မှတ်ဖော်ထုတ်မှုနှင့် အမျိုးသားအဆင့်၊ ခရိုင်နှင့်ဒေသဆိုင်ရာအဆင့်တွင် ဘဏ္ဍာရေးနှင့် လူအရင်းအမြစ်များကိုသင့်လျော်သောခွဲဝေမှု

- အမျိုးသားအဆင့်နှင့် ဒုတိယအမျိုးသားအဆင့်၌ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများတွင် မြေလုပ်ပိုင်ခွင့် အခွင့်အရေးများဆိုင်ရာ သီးသန့်ခန့်အပ်ထားသော မှတ်ပုံတင်အရာရှိများ၊ တရားသူကြီး များနှင့် ရဲအရာရှိများကဲ့သို့ သက်ဆိုင်ရာဝန်ထမ်းများ၏ သင်တန်းနှင့်ဘဏ္ဍာရေး အထောက်အပံ့များ
- မြေလုပ်ပိုင်ခွင့်အခွင့်အရေးကိစ္စရပ်များတွင် လုံလောက်သောသက်သေအထောက်အထားကို ပံ့ပိုးပေးရန်၊ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် ယင်းကိစ္စရပ်များကို တရားရုံးများက သင့်လျော်စွာ ဆုံးဖြတ်ပေးနိုင်ရန် ရဲအရာရှိများ၏ အရည်အသွေးကို ပျိုးထောင်ပေးခြင်း
- အမှုကိစ္စများကိုလျင်မြန်စွာအဆုံးဖြတ်ပေးရန်နှင့် ကာလသတ်မှတ်ချက်များအရ ကျော်လွန်သွားသည့် ကိစ္စရပ်မျိုး မဖြစ်အောင် ရှောင်ရှားရန်တရားရုံးများ၏ အရည်အသွေးကို ပျိုးထောင်ပေးခြင်း
- လုံလောက်သောလူ့အရင်းအမြစ်နှင့် ဘဏ္ဍာရေးအရင်းအမြစ်များ၊ အချိန်မီတရားစွဲ တင်ပို့ရေးအတွက် ပွင့်လင်း မြင်သာ၍ တာဝန်ခံမှုရှိသောပုံစံနှင့် စီရင်ချက်ချမှတ်ပြီးသည့်အခါ ဒဏ်ငွေများကို အချိန်မီကောက်ခံခြင်းစသည့် ရဲဌာနဝန်ဆောင်မှုများ၏ ဖွံ့ဖြိုးတိုးတက်မှု
- မြေလုပ်ပိုင်ခွင့်အခွင့်အရေးများ၏ ပါဝင်ခွင့်ရှိသောစောင့်ကြည့်စစ်ဆေးရေးနှင့် ဝေးလံသည့် ဒေသများအထိရောက် ရှိရေးတို့အတွက် လုံလောက်သောနည်းပညာဆိုင်ရာ ပစ္စည်းကိရိယာ များနှင့် ဘဏ္ဍာရေးအရင်းအမြစ်များ၏ချမှတ် ပေးသောပမာဏ
- အဖြစ်များနေ၊ လူပြောများနေသောအဂတိလိုက်စားမှု၊ လက်တွေ့ဆောင်ရွက်သည့် ဝန်ထမ်းများကို အလှည့်ကျ ထားခြင်းနှင့်မြေလုပ်ပိုင်ခွင့် အခွင့်အရေးများ အကောင်အထည်ဖော်ရေးအတွက် တာဝန်ရှိသောအရာရှိများကို ပုံမှန်ပြောင်းလဲခြင်း သို့မဟုတ် နိုင်ငံ၏အမျိုးမျိုး သောဒေသတစ်ခုမှ ရဲတပ်ဖွဲ့အနေဖြင့် ပြည်ထောင်စုရဲတပ်ဖွဲ့များနှင့် အတူဆောင်ရွက်ခြင်း စသည့်ကိစ္စရပ်များ

## ရပ်ရွာလူအဖွဲ့အစည်းအခြေပြုသစ်တောစီမံခန့်ခွဲရေးအတွက် အမျိုးမျိုးရင်းနှီးကျွမ်းဝင်ပြီးဖြစ်ကာ တစ်ခုတည်းသော အရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာချဉ်းကပ်နည်းမှတစ်ဆင့် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ နှင့်စပ်လျဉ်း၍ မြေလုပ်ပိုင်ခွင့်အခွင့်အရေးများ၏ ကွာဟချက်များ အပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုအား ပြီးမြောက်စေခြင်း

**မှ Reymondo Caraan, Ronnakorn Triraganon, Chheng Channy, MaungMuang Than, Sokchea Tol, Bounyadeth Phoungmala, Warangkana Rattanarat and Kuntum Melati RECOFTC – အများပြည်သူနှင့် သစ်တောများ ဆိုင်ရာစင်တာ**

အာရှပစိဖိတ်ဒေသတွင် ရပ်ရွာလူအဖွဲ့အစည်းများသည် ဒေသအတွင်းရှိ သစ်တောများ၏(RECOFTC ၂၀၁၃) သုံးပုံတစ်ပုံ (၂၄%) တွင် ဥပဒေအရမြေလုပ်ပိုင်ခွင့် အခွင့်အရေးများကို ရယူထားခဲ့ကြပါသည်။ မြေဧရိယာ၏ ၁၈၂ သန်း ဟက်တာကို ဒေသဆိုင်ရာအခြေပြု ရပ်ရွာလူအဖွဲ့အစည်းအခြေပြု သစ်တောအဖြစ်သဘောတူချက်များအရ တရားဝင်စီမံ ဆောင်ရွက်ထားရှိပါသည်။ နိုင်ငံတော်သည် သစ်တောများ၏ ၅၇% ကို ပိုင်ဆိုင်ပြီးစီမံခန့်ခွဲရပါသည်။ ရပ်ရွာအစုအဖွဲ့ပိုင်သစ်တော(CF) အဖြစ် ခွဲဝေပေးရေးအတွက် အလားအလာရှိသည့် ဧရိယာတစ်ခုကို ဥပဒေနှင့်မူဝါဒအထောက်အပံ့တို့ဖြင့် သင့်လျော်သလို ပြောင်းလဲပေးရပါသည်။ သစ်တော မြေအခွင့်အရေးများကို ဒေသဆိုင်ရာလူမှုအသိုင်း အဝိုင်းများသို့ခွဲဝေပေးရသည့် လမ်းစဉ်သည် အဆိုပါသစ်တောမြေများနှင့် ထိစပ်နေသောနေရာတွင် နေထိုင်သည့်၊ အဆိုပါသစ်တောများနှင့် အဓိကပေါင်းစပ်သောအသက်မွေးဝမ်းကျောင်းပြုသည့် ပြည်သူသန်း ၄၅၀ ကျော်ကို ဆက်လက် မျက်နှာသာပေးလုပ်ပိုင်ခွင့်ပေးထားခြင်း ဖြစ်ပါသည်။

သဘာဝအရင်းအမြစ်များပျက်စီးလာခြင်းနှင့် သဘာဝအရင်းအမြစ်များမှ ဒေသဆိုင်ရာအကျိုး စီးပွားမျှဝေသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ ဖိအားများတိုးတက်လာခြင်းတို့ဖြင့် လှုပ်နှိုးရခြင်းခံရသည့်အခါ အာဆီယံအဖွဲ့ဝင်အစိုးရများသည်ဒေသဆိုင်ရာ သစ်တောမြေများ၏ဟက်တာ ၁၅.၉ သန်း (၆%) ကို ၂၀၃၀ ခုနှစ်တွင်ဒေသဆိုင်ရာ ရပ်ရွာလူအဖွဲ့အစည်းသို့ လွှဲပြောင်းပေးရေး စုပေါင်းဘုံရည်မှန်းချက် တစ်ရပ်အား ချမှတ်ခဲ့ကြပါသည်။ ယင်းပူးတွဲသဘောတူညီချက်အရ လုပ်ငန်းအစပြုမှု တစ်ခုကို စတင်စဉ်မှာပင် နယ်မြေချဲ့ထွင်သူများက အဆင်သင့်ရှိနေပြီးဖြစ်နေပါသည်။ ဗီယက်နမ်နှင့် ဖိလစ်ပိုင် အစိုးရတို့ သည် သဘာဝအရင်းအမြစ်များကိုစီမံအုပ်ချုပ်ရန် ဒေသဆိုင်ရာစီမံကိန်းများ၏ ကောင်းမွန်သော အကျိုးသက်ရောက်မှု များကို အသိအမှတ်ပြုခဲ့ပါသည်။ ၎င်းတို့သည် ရပ်ရွာလူအဖွဲ့အစည်း အခြေပြု သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ အထောက် အပံ့များတွင် ဥပဒေမူဘောင်များဖန်တီးပေးခဲ့ပြီး ထိရောက်သောမူဝါဒအထောက်အပံ့နှင့် အကောင်အထည် ဖော်ရေး အတွက် အထောက်အကူပြုသော နည်းလမ်းများမှတဆင့် ရှုပ်ထွေးပြီးအချိန်ကာလ ကြာမြင့်တတ်သော မြေခွဲဝေရေး အစီအစဉ်များကို ကိုင်တွယ်ဖြေရှင်းခဲ့ပါသည်။

မဟာဗျူဟာ ၁၊ ၂ နှင့် ၈ ကို ကြည့်ပါ။

ယင်းပြောင်းလဲမှုအစီအစဉ်တွင် အစိုးရ၊ ရပ်ရွာလူအဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်း များရှိ ပါဝင်ပတ်သက်သူများ၏ အရည်အသွေးဖွံ့ဖြိုးမှုသည် အမျိုးသား အဆင့်နှင့် ဒုတိယအမျိုးသား အဆင့်ရှိ မြေလုပ်ပိုင်ခွင့်အစီအစဉ်များ၏ လုပ်ကွက် အသစ်များကို တည်ထောင်ရေး၊ အကောင်အထည်ဖော်ရေး၊ အတည်ပြုဆောင်ရွက်ရေးများပြုလုပ်ရန် အရေးကြီးပါသည်။

မဟာဗျူဟာ ၈ ကို ကြည့်ပါ။

အရည်အသွေးဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များဆိုင်ရာဆန်းစစ်ချက်(CDNA) ကို RECOFTC က ၂၀၀၉၊၂၀၁၃ ခုနှစ်အထိ ဒေသအတွင်းပြုလုပ်ပြီး ဇီဝဗေဒပြဿနာရပ်များကို ရူပဗေဒဆိုင်ရာ လေ့လာမှုနှင့် လူမှုစီးပွားရေးဆိုင်ရာအခြေအနေများ၊ သစ်တောစီမံခန့်ခွဲရေး တွင် ရေရှည်တည်တံ့ခိုင်မြဲ စေရေးအတွက် စီမံကိန်းပါဝင်ဆောင်ရွက်ခွင့်ဆိုင်ရာ လုပ်ဆောင်ချက်သို့ ရောက်ရှိရေး၊ အငြင်းပွားမှု အဆုံးအဖြတ်နှင့် ညှိနှိုင်းဖြန်ဖြေခြင်း၊ မူဝါဒဆိုင်အကြံပေးခြင်းနှင့် ပြုပြင်ပြောင်းလဲရေး၊ သစ်တောတိုးချဲ့ ရေးဝန်ဆောင်မှုများစသည့်နယ်ပယ်များ၌ ရပ်ရွာလူအဖွဲ့အစည်းအခြေပြု သစ်တောဖွံ့ဖြိုးတိုးတက်ရေး အတွက် အသင်းအဖွဲ့ဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာနှင့် တစ်ဦးတစ်ယောက်ဆိုင်ရာ အရည်အသွေး ကွာဟချက်များကို ကျယ်ကျယ်ပြန့်ပြန့်ဖော်ထုတ်ခဲ့ပါသည်။

အာရှနှင့် ပစိဖိတ်ဒေသတွင် ရပ်ရွာလူအဖွဲ့အစည်းအခြေပြုသစ်တောစီမံခန့်ခွဲမှုများ၏ တိုးမြှင့် ဆောင်ရွက်ခြင်းနှင့် အကောင်အထည် ဖော်ခြင်းတို့တွင် RECOFTC စင်တာ၏အရည်အသွေးဖွံ့ဖြိုးမှု၊ အများ*ပြည်သူနှင့် သစ်တောများဆိုင်ရာ စင်တာသည်* ပြီးခဲ့သည့်ဆယ်စုနှစ်များမှ တစ်ဆင့် အဓိကကျသောဆောင်ရွက်သူဖြစ်လာခဲ့ပါသည်။ ယင်းအဖွဲ့အစည်းကို

ဖြစ်ရပ်လေ့လာချက် ၅
ရပ်ရွာလူအဖွဲ့အစည်း အခြေပြုသစ်တောစီမံ ခန့်ခွဲရေးအတွက် အမျိုးမျိုး ရင်းနှီးကျွမ်းဝင်ပြီးဖြစ်ကာ တစ်ခုတည်းသော အရည်အသွေး ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ချဉ်းကပ်နည်းမှတစ်ဆင့် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ နှင့်စပ်လျဉ်း၍ မြေလုပ်ပိုင်ခွင့်အခွင့်အရေး များ၏ ကွာဟချက်များ အပေါ် အကောင်အထည် ဖော် ဆောင်ရွက်မှုအား ပြီးမြောက်စေခြင်း



မဟာဗျူဟာ ၈ ကို ကြည့်ပါ။

ရပ်ရွာလူအဖွဲ့အစည်း သစ်တောများ အတွက် သုတေသနနှင့် သင်တန်းဆိုင်ရာမဏ္ဍိုင်အဖြစ် ထိုင်းနိုင်ငံရှိ ကာဆပ်အပ်တက္ကသိုလ်မှ ဦးဆောင်မှုအရ ၁၉၈၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်ရ အပြည်ပြည်ဆိုင်ရာအစိုးရအဖွဲ့အစည်းမဟုတ်သော အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရ ပါသည်။ ယနေ့အချိန်တွင် RECOFTC သည် ကမ္ဘောဒီးယား၊ တရုတ် ၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ နီပေါ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများနှင့် အခြားနိုင်ငံများ၌ နိုင်ငံများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်အတူ အလုပ်လုပ်ကိုင် လျက်ရှိပါသည်။ RECOFTC ၏ အဓိကမဟာဗျူဟာသည် အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာရပ်ရွာ လူအဖွဲ့အစည်းများအပါအဝင် ပါဝင်ဆောင်ရွက်ခွင့်၊ အမျိုးမျိုးရင်းနှီးကျွမ်းကျင်ပြီးဖြစ်ကာ တစ်ခုတည်းသော အရည်အသွေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ချဉ်းကပ်နည်းတွင် အစိုးရများနှင့် တရားဝင်မိတ်ဖက် အဖွဲ့အစည်းများထူထောင်ရန်နှင့် ၎င်းတို့နှင့် ၎င်းတို့၏ အဖွဲ့ဝင်များအနေဖြင့် ပါဝင်ခွင့်ရရန်ဖြစ်ပါသည်။ *ရေပန်းစားလူသိများသော အစီအစဉ်တစ်ရပ်သည် ရပ်ရွာလူအဖွဲ့အစည်း အခြေပြုရပ်တည်ကာကွယ်ပေးသူကွန်ရက်ဖြစ်ပြီး* ယင်းတွင်အာရှရှိ သစ်တောကဏ္ဍမှ အစိုးရ အရာရှိများသည် ကွင်းဆင်းခြင်းအခြေပြုသင်ကြားရေးတွင် ပါဝင်ဆောင်ရွက်ရန် အတူတကွ လုပ်ဆောင်ကြရမည်ဖြစ်ကာ ၎င်းတို့သည်ရပ်ရွာလူအဖွဲ့အစည်းအခြေပြုသစ်တောများကို အထောက်အပံ့ပြုရန် ဒေသအတွင်း အကောင်းဆုံးနှင့် ပုံတူပွားဆောင်ရွက်နိုင်သော မဟာဗျူဟာများနှင့် ကြားဝင်ဆောင်ရွက်ချက်များကို တွေ့ကြုံသင် ယူနိုင်ပြီး သတ်မှတ် ဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။ ယင်းသည် ၎င်းတို့၏သက်ဆိုင်ရာနိုင်ငံများတွင် ရပ်ရွာလူအဖွဲ့အစည်း အခြေပြုသစ်တော ဆိုင်ရာ မူဝါဒနှင့် အလေ့အထများနှင့်စပ်လျဉ်း၍ ဆန်းသစ်သော အပြောင်းအလဲများကို ရပ်တည်ကာကွယ်ပေးရန် ၎င်း တို့ကို ခွင့်ပြုပေးနိုင်မည်ဖြစ်ပါသည်။

အခြေခံလူတန်းစား အခြေပြုအရည်အသွေးဖွံ့ဖြိုးတိုးတက်ရေး ပဏာမခြေလှမ်းများသည် ဒေသဆိုင်ရာပြည်သူများအတွက် ပိုမိုခိုင်မာသော အခွင့်အရေးများ ကာကွယ်ပေးရေး၊ အခွင့်အရေးရရှိထားသူများကို အထောက်အပံ့နှင့် ဝန်ဆောင်မှုများ ထောက်ပံ့ပေးရေးနှင့် ၎င်းတို့၏လူမှု အသိုင်းအဝိုင်း အဆိုပြုသစ်တောဆိုင်ရာပြဿနာများနှင့် အခွန်ထမ်းဆောင်သူများနှင့်အတူ ရည်မှန်းချက်ထည့်သွင်း စဉ်းစားရာတွင် ရပ်ရွာလူအဖွဲ့အစည်းအခြေပြုသစ်တောကွန်ရက်များ၏ အရည်အသွေးများအားကောင်း လာစေရန်ရည်ရွယ်ပါသည်။ ဥပမာ ပြည်တွင်းရှိ ဒေသဆိုင်ရာနှင့် အမျိုးသားအဆင့်လူမှုအသိုင်းအဝိုင်းအခြေပြုသစ်တောအသုံးပြုသူ အုပ်စုများဆိုင်ရာကွန်ရက်များသည် ရပ်ရွာလူအဖွဲ့အစည်း အခြေပြုသစ်တော (GACF) များအပေါ် ကမ္ဘာ့ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်းသော အပြည်ပြည်ဆိုင်ရာ ကွန်ရက်နှင့် အတူဆက်နွယ်ပေါင်းခြင်းမှ အကျိုးစီးပွား ဖြစ်ထွန်းစေသကဲ့သို့ RECOFTC မှ ရပ်ရွာလူအဖွဲ့အစည်းအခြေပြုသစ်တောဆောင်ရွက်နေသည့်နေရာများသို့လေ့လာရေးခရီးနှင့် ပူးတွဲ အလုပ်ရုံ ဆွေးနွေးပွဲများကျင်းပ ပြုလုပ်ခြင်းမှတစ်ဆင့်လည်း ရရှိရှိစေနိုင်ပါသည်။ အဆိုပါလုပ်ငန်းများမှတစ်ဆင့် ၎င်းတို့သည် ရပ်ရွာလူအဖွဲ့အစည်း အခြေပြုသစ်တောများ၊ အခွင့်အရေးအခြေပြုချဉ်းကပ်နည်းများနှင့် အခြားသူများအကြား မြေယာ၊ *ငါးလုပ်ငန်းနှင့် သစ်တောစိုက်ပျိုးလုပ်ကိုင်ခြင်းဆိုင်ရာ မြေလုပ်ပိုင်ခွင့် အပေါ်တာဝန်ယူမှုရှိသော စီမံအုပ်ချုပ်မှုဆိုင်ရာ သဘောဆန္ဒရွေးချယ်ခွင့်ပါသော၊ လမ်းညွှန်ချက်များကို*(မဟာဗျူဟာ ၆ နှင့် ၇ ကို ကြည့်ပါ) အကောင်အထည်ဖော်ရာတွင် သစ်ခန်းစာများနှင့်မဟာဗျူဟာများကို ဖလှယ်နိုင်ပါသည်။ ဥပမာ အားဖြင့် ထိုင်းနိုင်ငံ မြောက်ပိုင်းတွင် ရပ်ရွာလူအဖွဲ့အစည်းအခြေပြုငါးလုပ်ငန်းဘေးမဲ့တောများစီမံခန့်ခွဲမှုနှင့် ရပ်ရွာ လူအဖွဲ့အစည်း အခြေပြုသစ်တောများ ပါဝင်ဆောင်ရွက်ရသော ရပ်ရွာလူအဖွဲ့အစည်းများအကြား ကွန်ရက်တည်ထောင် ရေး အတွက် ဒေသဆိုင်ရာမူဝါဒလမ်းစဉ်ကို ဖန်တီးခဲ့ကြပါသည်။ အဆိုပါမူဝါဒ လမ်းစဉ်သည် ရေဝေကုန်းတမ်းဆိုင်ရာပြည်သူ့ညီလာခံတွင်၊ ပြည်တွင်းသက်ဆိုင်သူများ၏ သဘောထားဖြစ်ရန် ဆွေးနွေးပွဲတစ်ရပ်အဖြစ်ဖော်ထုတ်ပေးခဲ့ပြီး ဒေသခံပြည်သူများသည် ရေဝေကုန်းတန်းပေါ်ရှိ ၎င်းတို့၏အခွင့်အရေးများကိုကာကွယ်ထားနိုင်ခဲ့ပါသည်။ ညီလာခံ၏ စုပေါင်းသဘောထားသည် ပြင်ပရင်းနှီးမြှုပ်နှံမှုများမှ ရေဝေကုန်းတန်းကိုကာကွယ်ပေးရန် ကူညီပေးနိုင်ပြီး စိမ့်မြေများရှိရပ်ရွာ လူအဖွဲ့အစည်း အခြေပြုသစ်တောများကို စက်မှုလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးရည်ရွယ်ချက်များအတွက် အထူးစီးပွားရေးဇုန် အဖြစ်အလေးပေးပြောင်းလဲမှုများနှင့် စပ်လျဉ်း၍ မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များမှ ချမှတ်ခြင်းလည်းကာကွယ်ပေးနိုင်ခဲ့ပါသည်။

မဟာဗျူဟာ ၆ နှင့် ၇ ကို ကြည့်ပါ။

ထို့ပြင် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့တွင် ဒုတိယအမျိုးသားအဆင့်နှင့် အမျိုးသား အဆင့်တို့တွင် ပါဝင်ပတ်သက်သူ မျိုးစုံပါဝင်သောမူဝါဒဆိုင်ရာလမ်းစဉ်များကို စတင်ကျင့်သုံးလာခြင်းမှ တစ်ဆင့် အခွင့်အရေးရရှိထားသူများနှင့်အခွန်ထမ်းဆောင်သူများသည် ညီတူညီမျှရှိမှုအရ လူမှုအသိုင်း အဝိုင်းအခြေပြုသစ်တောများဆိုင်ရာမူဝါဒများနှင့် (မဟာဗျူဟာ ၄ နှင့် ၁၂ ကို ကြည့်ပါ) အလေ့အထများအကြောင်းကို လက်ခံလာပြီး ထည့်သွင်း စဉ်းစားလာကြပါသည်။ အဆိုပါ ပါဝင်ပတ်သက်သူမျိုးစုံပါဝင်သော မူဝါဒလမ်းစဉ်များသည် အခြားအရည်အသွေးဖွံ့ဖြိုးတိုးတက်ရေးပဏာမခြေလှမ်းများနှင့်အတူ ပေါင်းစပ်ထားခြင်းဖြင့် ဒေသအတွင်းရပ်ရွာလူအဖွဲ့အစည်းအခြေပြုသစ်တောများဆိုင်ရာမူဝါဒနှင့်

မဟာဗျူဟာ ၄ နှင့် ၁၂ ကို ကြည့်ပါ။

အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက် ရေးတွင် လွှမ်းမိုးဆောင်ရွက်မှုရှိသော အပြောင်းအလဲပြုနိုင်သော ကိုယ်စားလှယ်များ ဖြစ်သည့် အထူးလေ့ကျင့်သင်ကြားပေးထား သောသူများကို ဖန်တီးခဲ့ ပါသည်။

အဆိုပါ ပါဝင်ဆောင်ရွက်ခွင့်ရှိသော အမျိုးမျိုးသောရင်းနှီးကျွမ်းကျင်ပြီးဖြစ်ကာ တစ်ခုတည်း သော အရည်အသွေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာချဉ်းကပ်နည်းတစ်ရပ်၏ လူကြိုက်များမှုကို အစိုးရများနှင့် ရပ်ရွာလူအဖွဲ့အစည်းများနှင့်အနီးကပ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများက ပြုလုပ်ခဲ့ကြပြီး အာရှပစိဖိတ်ဒေသနှင့် အခြားနေရာများတွင် အမျိုးသားအဆင့် RECOFTC စင်တာများ တည်ထောင်ခြင်း အားဖြင့်နိုင်ငံများ၏ အကျိုးစီးပွားများတိုးမြှင့် ခြင်းကို စံပြဖြစ်စေခဲ့ပါသည်။

**ထပ်မံဖတ်ရှုသင့်သော စာအုပ်များ**

**RECOFTC.** 2013. *Capacity Needs for Community Forestry. Findings from assessments in Cambodia, China, Indonesia, Lao PDR, Myanmar, Thailand and Vietnam.* Bangkok. http://www.recoftc.org/

**RECOFTC.** 2014. *Current Status of Social Forestry in Climate Change Mitigation and Adaptation in the ASEAN region.* Bangkok. http://www.recoftc.org/

## ၃.၃ အခွင့်အရေးများခံစားပိုင်ခွင့်ကို အထောက်အပံ့ပြုရန် မဟာဗျူဟာများ

### ၉ မဟာဗျူဟာ ၉ – တရားမျှတမှုရရှိစေရေး၊ ဒေသဆိုင်ရာအဆင့်ယန္တရားများကို အသိအမှတ်ပြုပြီး ပေါင်းစပ်ဆောင်ရွက်ရေးနှင့် ဥပဒေရေးရာအကြံပေးရေးတို့ ရယူနိုင်ရန်

**အခြေခံသဘောတရား**

မြေယာလုပ်ပိုင်ခွင့်အငြင်းပွားမှုများကို ကာကွယ်တားဆီးရန် အမြဲပင်ဆန္ဒရှိကြရာ၌ ဒေသဆိုင်ရာ လူမှုအသိုင်းအဝိုင်းများနှင့် လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သူများအနေဖြင့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ နှင့်ဆက်စပ်သည့် အငြင်းပွားမှုများ၏ ကြီးမားသော ကျယ်ပြန့်မှုသဘောတရားကို လေးစားရမည် ဖြစ်ပါသည်။ တောင်းဆိုမှုများ တိုးတက်များပြားလာခြင်းသည် အစိုးရနှင့် ရင်းနှီးမြှုပ်နှံသူများနှင့်၊ အခြားရပ်ရွာလူအဖွဲ့အစည်းများနှင့် ရပ်ရွာလူအဖွဲ့ အစည်းများ အတွင်း အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအပေါ် မကြာခဏ အငြင်းပွားမှုများဖြစ်ပေါ်စေခဲ့ ပါသည်။ အဆိုပါအငြင်းပွားမှုများသည် ရပ်ရွာလူအဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်အခွင့်အရေးများအပေါ်ချိုးဖောက်မှုနှင့် အထူးသဖြင့် အင်အားနည်းပြီး ခုခံနိုင်စွမ်းမရှိသော လူမှုအသိုင်း အဝိုင်းအဖွဲ့ဝင်များ၏ ယင်းသို့ချိုးဖောက်ခံရမှုတို့တွင် ပုံမှန်ဖြစ်ပေါ်နေပါသည်။ မြေပုံရေးဆွဲထားသည့် နယ်နိမိတ်များနှင့် ဥပဒေရေးအသိအမှတ်ပြုသည့် လမ်းကြောင်းတွင် အခွင့်အရေးများထပ်ကာ ထပ်ကာ ပါဝင်ခြင်းတို့သည် အငြင်းပွားမှုများဖြစ်စေနိုင်သည့် အလားအလာ ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းသည်အကျိုးစီးပွား များဆိုင်ရာပြဿနာများကို မီးမောင်းထိုးပြ ရန် ဖြစ်ပေါ်လာစေသောကြောင့် ဖြစ်ပါသည်။ အမျိုးမျိုးသောအငြင်းပွားမှုကဏ္ဍ များ၏ ဖွဲ့စည်းပါဝင်သော အဆိုပါရှုပ်ထွေးမှုများအရ တရားရုံးများသည် ဒေသဆိုင်ရာလက်တွေ့အနေအထားနှင့် ဓလေ့ ထုံးတမ်းဆိုင်ရာ အလေ့အထများ၏ ကျယ်ပြန့်သောအမျိုးကွဲများတို့မှ တရားရုံးများအနေဖြင့် လက်တွေ့ပိုင်းဆိုင်ရာ အလှမ်း ကွာဟမှုတို့မှ ပေါ်ပေါက်လာသော ရှုပ်ထွေးမှုများကြောင့် များစွာသော အမှုပမာဏများဖြင့် မကြာခဏ ဝန်ပိနေကြ ရပါသည်။ တစ်ချိန်တည်းမှာပင် ရပ်ရွာလူအဖွဲ့အစည်းများသည် ဗျူရိုကရေစီစနစ်၏ မြင့်မားသော အဆင့်များ၊ အမှုကိစ္စတစ်ရပ် တင်သွင်းခြင်း ဆိုင်ရာကုန်ကျစရိတ်များ၊ အဂတိလိုက်စားမှု၊ ပွင့်လင်း မြင်သာမှု မရှိခြင်း၊ ရုံးဌာနများနှင့် ကွာဝေးလွန်းခြင်း၊ ဘာသာစကားအခက်အခဲများနှင့် ကာလကြာရှည် စောင့်ရခြင်းတို့ကြောင့် တရားမျှတမှုကိုမရရှိနိုင်ခြင်းကိုလည်း မကြာခဏ ကြုံတွေ့ခံစားရပါသည်။ အစိုးရဦးဆောင်ခြင်း မဟုတ်သောတရားမျှတရရှိနိုင်သည့်စနစ်များနှင့် အခြားအငြင်းပွားမှု ဖြေရှင်းရေး နည်းလမ်းများကဲ့သို့ ဒေသအဆင့်ယန္တရားများ အောင်မြင်လာသည်ကို သက်သေပြနိုင်ခဲ့သော်လည်း လုပ်ပိုင်ခွင့်ပိုမိုရရှိခြင်းက

အလွဲသုံးစားပြုမှု ဆောင်ရွက်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံများသည် ဒေသဆိုင်ရာအဆင့်ယန္တရားများကို အသိအမှတ်ပြုခြင်းနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း ပြုလုပ်စဉ်မှာပင် အမျိုးသားအဆင့်၊ ခရိုင်နှင့်ဒေသအရာရှိ တရားစီရင်ရေးနှင့် ဥပဒေရေးရာစနစ်များကို လူ့အခွင့်အရေး စံနှုန်းများနှင့်အညီ ဆောင်ရွက်ရေးနှင့် ရရှိရေးကို ကာကွယ်ဆောင်ရွက်ပေးနိုင်ရန်မှာ အရေးကြီးပါသည်။ နိုင်ငံများသည် ရပ်ရွာလူအဖွဲ့အစည်းနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ဥပဒေအကြံပေး ဆောင်ရွက်မှုများကို လုပ်ပိုင်ခွင့်ပေးပြီး အသိအမှတ်ပြုသင့်ပါသည်။

## သီးခြားအကြံပြုချက်များ

၁။ **အငြင်းပွားမှုဖြေရှင်းရေးအတွက် ဒေသအဆင့်ယန္တရားများသည် အငြင်းပွားမှုများကို ဖြေရှင်းရန် အောင်မြင်သောလမ်းကြောင်း တစ်ရပ်ကို ပံ့ပိုးပေးနိုင်သော်လည်း လူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီမှုရှိရမည်ဖြစ်ပါသည်။ ကမ္ဘာတစ်ဝှမ်းရှိရပ်ရွာလူအဖွဲ့အစည်းများစွာသည် အစိုးရဦးဆောင်ခြင်း မဟုတ်သော တရားမျှတမှုစနစ်များနှင့် အခြားအငြင်းပွားမှုဖြေရှင်းရေးနည်းလမ်းများ နည်းလမ်းတစ်ကျ ရှိပြီး ဒေသခံတိုင်းရင်းသား သို့မဟုတ် ဘာသာရေးအဖွဲ့အစည်းများတွင် အမြစ်တွယ်ခိုင်မာစွာ တည်ရှိပါသည်။** ယင်းအဖွဲ့အစည်းများသည် ပိုမိုငွေကြေး အကုန်အကျသက်သာခြင်း၊ လျင်မြန်ခြင်း၊ အကြောင်းတရားများသီးသန့်ဖြစ်ခြင်း၊ ဒေသဆိုင်ရာသက်သေအထောက်အထားနှင့် ယဉ်ကျေးမှုကို ကန့်သတ်မထား ခြင်း၊ ဒေသသုံးဘာသာစကားဖြင့်ဆက်သွယ်နိုင်ခြင်းနှင့် အငြင်းပွားမှုများကိုဖြေရှင်းရန် ယုံကြည်ထိုက်သော အပေးအယူဖြင့် ညှိနှိုင်းခြင်းဆီသို့ ကြိုးပမ်းစဉ်တစ်ခုတည်းသော ခြုံငုံသုံးသပ်ပေး သည့် ဆုံးဖြတ်ချက်များကို ဆွဲထုတ်ခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ သို့ရာတွင် တာဝန်ခံမှုရှိစေရန် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ ဒေသအဆင့်ယန္တရားများတွင် ပြည်တွင်းဥပဒေပြုခြင်းနှင့် လူ့အခွင့်အရေးစံနှုန်းများနှင့် ခိုင်ခိုင်မာမာချိတ်ဆက်ရမည်ဖြစ်ပြီး လမ်းညွှန်ချက်များ၏ မူသဘောတရားများနှင့်လည်းလိုက်ညီစေရမည်ဖြစ်ကြောင်း အတွေ့အကြုံများက ဖော် ပြထားပါသည်။ အဆုံးသတ်တွင် တည်ဆဲဒေသအဆင့်ယန္တရားများသည် ပြုပြင်ပြောင်းလဲရန်နှင့်ဆီလျော်ကိုက်ညီ အောင်ပြုပြင်ရန် လိုအပ်နိုင်ပြီး တာဝန်ရှိသောအကောင်အထည်ဖော်ရေးနှင့် အတည်ပြုဆောင်ရွက်ရေးတို့တွင် သင်တန်းပေးခြင်းနှင့် အရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုများ လိုအပ်နိုင်ပါသည်။

၂။ **တရားဝင်တရားစီရင်ရေးစနစ်နှင့်အတူ ဒေသအဆင့်ယန္တရားများ၏ ပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် ဒေသအဆင့်နှင့် အမျိုးသား အဆင့်တရားရုံးများကြား အခန်းကဏ္ဍများအားခွဲဝေထားခြင်းကို အထောက်အကူပြုသော မူသဘောတရားနှင့်အညီ ဖွဲ့စည်းထားရမည်ဖြစ်ပါသည်။ တရားဝင် တရားစီရင်ရေးစနစ်တွင် အနိမ့်ဆုံးအဆင့်၌ ပေါင်းစပ်ဆောင်ရွက်ခြင်း နှင့် အတူ ဒေသအဆင့်ယန္တရားများသည် ရပ်ရွာလူအဖွဲ့အစည်းများအတွင်းပေါ်ပေါက်သည့် အငြင်းပွားမှုအများစုကို ကိုယ်တွယ် ဖြေရှင်းရန် လုပ်ပိုင်ခွင့်ကိုထိန်းသိမ်းထားရပါသည်။** အမှုကိစ္စရပ်များကို ဒေသအဆင့်တွင်ဖြေရှင်း နိုင်ခြင်း မရှိပါက သို့မဟုတ် ဒေသအဆင့်ယန္တရားများ၏လုပ်ပိုင်ခွင့်အရ အငြင်းပွားမှုအတိုင်းအတာသည် လွှမ်းခြုံထားသော ဧရိယာကိုကျော်လွန်ပါ ယင်းအမှုကိစ္စများကို အဆင့်မြင့်တရားရုံးများသို့ လွှဲအပ်ရမည်ဖြစ်ပါသည်။ ဒေသအဆင့် ယန္တရားများနှင့် အဆင့်မြင့်ပြည်နယ်တရားရုံးများကြား တာဝန်ဝတ္တရားများကို ခွဲဝေခြင်းအား ဥပဒေပြုခြင်းတွင်ထည့်သွင်း ဖော်ပြရမည်ဖြစ်ပါသည်။ တရားဝင်စည်းနှောင်မှုရှိသော တရားရုံး ဆုံးဖြတ်ချက်များကို အတည်ပြု ဆောင်ရွက်စဉ် အခြားအငြင်းပွားမှုဖြေရှင်းရေးနည်းလမ်းများသည် တရားရုံးပြင်ပအငြင်းပွားမှုဖြေရှင်းရေးတွင် ညှိနှိုင်းဖြန်ဖြေရေးဝန်ဆောင်မှုကိုသာပေးပါသည်။ တိုင်ကြားမှု လက်ခံဖြေရှင်းရေးနည်းလမ်းများကို ရပ်ရွာလူအဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့ အစည်းများအနေဖြင့် အခွင့်အရေးချိုးဖောက်မှုများကို အစီရင်ခံတင်ပြရန် ဥပမာအားဖြင့် ဒေသများတွင် ရှိသည့် အစိုးရဌာနများ အပေါ်မကျေနပ်ချက်များကို စုံစမ်းတင်ပြရန်ခန့်အပ်ထားသောအရာရှိမှတစ်ဆင့် တင်ပြရန် တည်ထောင်ထားရမည်ဖြစ်ပါသည်။

၃။ **အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်းသည့် မြေလုပ်ပိုင်ခွင့်အရေးများကို အသိအမှတ်ပြု၍ ထိရောက်စွာထိန်းသိမ်းရမည့်အငြင်းပွားမှုတွင် တရားစီရင်ရေးစနစ်သည် ခိုင်မာကောင်းမွန်သော အယူခံဝင်ခွင့်ယန္တရားများပါဝင်ရန်အရေးကြီးပါသည်။** ဒေသအဆင့်ယန္တရားများအနေဖြင့် အယူခံဝင်သည့် ယန္တရားများမှတစ်ဆင့် အဆင့်မြင့်တရားရုံးများနှင့် နီးကပ်စွာချိတ်ဆက်ထားရေးကို ပြည်နယ်များသည် သေချာစေရမည် ဖြစ်ပါသည်။ တောင်းဆိုမှုတစ်ရပ်ကို တိုင်တန်းသူမှ အဆင့်မြင့်တရားရုံး တစ်ရုံးသို့ယူဆောင်သွားနိုင်ခြင်း သို့မဟုတ် တရားပြိုင်အနေဖြင့် တရားမျှတမှုမရှိစွာ ဆက်ဆံခံရသည်ဟု ထင်မြင်ယူဆပါက အယူခံဝင်ခွင့်တင်ပြလာပါက ယင်းကိစ္စများကို သေချာဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ယင်းအယူခံဝင်ရောက်ရေးယန္တရားသည် ဒေသဆိုင်ရာတရားဝင် သက်သေအထောက် အထားများနှင့် တရားရုံးရှေ့မှောက်တွင် ဥပဒေရေးရာသက်သေခံချက်များကို အသိအမှတ်ပြုခြင်းနှင့် စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲ လွယ်သင့်ပါသည်။ ဥပမာ မြေပိုင်ခွင့်အခွင့်အရေးများနှင့် လူမှုရေးအရ တည်နေရာများ၏ သမိုင်းဝင်မြေပုံများ၊

မြေလုပ်ခွင့်အခွင့်အရေးများ သို့မဟုတ် ပျက်စီးနိုင်သော ထိန်းသိမ်းရေးနယ်မြေများအတွက် အကိုးအကားအချက်အလက်များ တို့ဖြစ်ပါသည်။

၄။ **ပြည်နယ်များသည် ရပ်ရွာလူအဖွဲ့အစည်းများအတွက် တရားစီရင်ရေးစနစ်နှင့် ဥပဒေရေးရာ ဝန်ဆောင်မှုများရရှိရေးကို ထောက်ပံ့ပေးရမည်ဖြစ်ပါသည်။** တရားမျှတမှုရရှိစေရန် တောင်းဆိုမှု တစ်ရပ်အား တင်သွင်းရာတွင် ငွေကြေးအကုန်အကျ သက်သာပြီး ချမှတ်ပေးသော ဆုံးဖြတ်ချက်များသည် အချိန်မီထိရောက်၍ ပွင့်လင်းမြင်သာသောနည်းလမ်းဖြင့် ဆောင်ရွက်ခြင်းဖြစ်စေရန် အစိုးရများအနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ယင်းသည် ထိခိုက်ခံစားလွယ်သော အခြေအနေများတွင် ခွဲခြားဆက်ဆံခံရသသည့်သူများအတွက် တရားမျှတမှု ကိုတန်းတူညီမျှရရှိရေးသေချာစေရန်မှာ အထူးအရေးကြီးပါသည်။ အစိုးရများသည် ဒေသဆိုင်ရာအဆင့်နှင့် အဆင့်မြင့်အဆင့်များရှိတရားရုံးများ သို့ အမှုကိစ္စတစ်ရပ်ကို မည်သို့ဆောင်ရွက်ရမည်နှင့်စပ်လျဉ်း၍၊ ဥပမာ ဥပဒေရေးရာအထောက်အကူ ပြုသူများ၊ ရွှေ့ပြောင်းဆောင်ရွက်ပေးသော ဆွေးနွေးဖြေရှင်းပေးသူများမှတစ်ဆင့် ဥပဒေရေးရာ အထောက်အကူပြုပေးသူများနှင့် သတင်းအချက်အလက်များရရှိမှုတို့ကို သေချာစေရမည်။ ၎င်းတို့သည် တာဝန်ခံမှုရှိသည့် ယန္တရားများ၊ အယူခံဝင်ရောက်ရေးယန္တရားများ၊ ထိခိုက်မှုအတွက်လျော်ကြေးပေးခြင်း၊ လျော်ကြေးငွေ၊ နစ်နာကြေးနှင့် အစားလျော်ပေးခြင်း(ဥပမာ အခွင့်အရေးများကို အများပြည်သူ အကျိုးငှာသိမ်းယူသည့်အခါ) အပါအဝင်ထိရောက်၍ရယူနိုင်သော ကုစားချက်များကို အထောက် အပံ့ ပြုပေးနိုင်ပြီး အာမခံဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ပါသည်။ ထိရောက်သော တရားမျှတမှုရရှိရေးကို အကောင်အထည်ဖော်ရာတွင် အထူးသဖြင့်အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအပေါ်(မဟာဗျူဟာ ၈ ကိုကြည့်ပါ) မြေလုပ်ပိုင်ခွင့် အခွင့်အရေးများနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးကိစ္စရပ်များ၌ တရားသူကြီးများ၊ ဥပဒေဝန်ထမ်းများနှင့် ဥပဒေရေးရာ အထောက်အကူပြုပေးသူများ၏ အရည်အသွေးဖွံ့ဖြိုး တိုးတက်ရေးနှင့် သင်တန်းပေးရေးတို့လိုအပ်ပါသည်။ ဒေသအဆင့် ရှုပ်ထွေးမှုများအပေါ်သက်ဆိုင်ရာ ခေတ်နှင့်အညီအသိပညာများ၏ ကုန်ကျစရိတ် သို့မဟုတ် အဂတိလိုက်စားမှုတို့သည် တရားစီရင်ရေး စနစ်တွင် ပြဿနာတစ်ရပ်ဖြစ်ပြီး ပြည်နယ်များသည် မြေယာများနှင့် အခြားသဘာဝအရင်းအမြစ်များ အပေါ် အငြင်းပွားများအား စီမံအုပ်ချုပ်ရန် အထူးရွေးချယ်ထားသောအဖွဲ့တစ်ရပ်ဖွဲ့စည်းရေးကို စဉ်းစားနိုင်ပါသည်။ အဆိုပါအဖွဲ့အစည်းတွင် ပါဝင်ပတ်သက်သူအုပ်စုများအားလုံးနှင့် တရားဝင်အခွင့်အရေး ရရှိထားသူများအားလုံးမှ ကိုယ်စားလှယ်များ ပါဝင်ရမည်ဖြစ်ပါသည်။ ပြည်နယ်အာဏာပိုင်များအနေဖြင့် လွတ်လပ်မှုနှင့်ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများ၏ တာဝန်များနှင့် စပ်လျဉ်း၍ အထက်ပါ ဆွေးနွေးခဲ့သောစံနှုန်းများအားလုံးကို သေချာစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၅။ **ပြည်နယ်များသည် ရပ်ရွာလူအဖွဲ့အစည်းများနှင့် အခွင့်အရေးရရှိထားသူများကို ၎င်းတို့၏ အခွင့်အရေးများနှင့် ဥပဒေရေးရာစနစ်ကို အသုံးပြုမှုတို့ကို ကျင့်သုံးဆောင်ရွက်ရန် အခွင့်ပေးရမည် ဖြစ်ပါသည်။** ယင်းတွင်အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအပေါ်လုပ်ပိုင်ခွင့် အခွင့်အရေးများကို တောင်းဆိုရန်နှင့် ဆောင်ရွက်ရန်(ဥပမာ တရားစွဲဆိုခြင်း) ရပ်ရွာလူအဖွဲ့အစည်းများ၊ အုပ်စုများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ကြသူများ၏ အသိပညာကိုမြှင့်တင်ခြင်းနှင့် အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ ပြုပေးခြင်းများ ပါဝင်ပါသည်။ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာအရပ်ဘက်လူမှုအဖွဲ့စည်းများ၏ အထောက်အကူပြုခြင်းနှင့် အထောက်အပံ့ပေးခြင်းသည် ဥပဒေအကြံပေးသည့်မဟာဗျူဟာများ၏ သတ်မှတ်ဖော်ထုတ်ရေးနှင့် အကောင်အထည်ဖော်ရေးနှင့် ၎င်းတို့၏ကိုယ်စား ဥပဒေအရအရေးယူ ဆောင်ရွက်နိုင်ရန် ရပ်ရွာလူအဖွဲ့အစည်းများ နှင့်အခွင့်အရေးရရှိထားသူများကို လုပ်ပိုင်ခွင့် အာဏာပေးရေးတို့မှာ အရေးကြီး ပါသည်။ ဥပဒေအကြံပေး လုပ်ငန်းမဟာဗျူဟာများသည် ဥပမာ ဥပဒေရေးရာကိစ္စရပ်များတွင် အရေးကြီးအချက်ကိုရှာဖွေခြင်းနှင့် ကြားဝင်ဖြေရှင်းခြင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးမူဘောင်များအရ နိုင်ငံ၏တာဝန်ဝတ္တရား များနှင့်စပ်လျဉ်း၍ အငြင်းအခုံဆွေးနွေးချက်များရယူခြင်းနှင့် တိုးတက်ကောင်းမွန်သည့် ဥပဒေသိပ္ပံပညာနှင့် ဥပဒေ၏အဓိပ္ပာယ်ဖွင့်ဆိုချက်များ တည်ဆောက်ခြင်းတို့ပါဝင်ပါသည်။ တရားဝင်မြေလုပ်ပိုင်ခွင့် အခွင့်အရေးနှင့် ဒေသဆိုင်ရာအသက်မွေးဝမ်းကျောင်းပြုမှုတို့တွင် ၎င်းတို့၏ကဏ္ဍာမှ အခြားလူ့အခွင့်အရေးသွင်ပြင်လက္ခဏာရပ်များသို့ ချိတ်ဆက်ပေးခြင်း ဥပမာ အစားအသောက်ရရှိပိုင်ခွင့်၊ ဝမ်းရေးဖူလုံမှုနည်းလမ်းရရှိပိုင်ခွင့်၊ ကိုယ်တိုင်ဆုံးဖြတ်ဆောင်ရွက်ပိုင်ခွင့်၊ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေး နှင့်သာတူညီမျှမှုဆိုင်ရာ အခွင့်အရေးတို့သည် ဦးစားပေးဆုံးဖြတ်သည်ကိစ္စရပ်များဖြင့် ဖန်တီးထားသည့် တိုးတက်ပြောင်းလဲသော တရားရုံးမှစီရင်ထုံးများကို အကျိုးသက်ရောက်စေနိုင်ပါသည်။ ယင်းသည် အကျိုးသက်ရောက်မှုများကွာဝေးခြင်း၊ မြေလုပ်ပိုင်ခွင့်ဆိုင်ရာစီမံအုပ်ချုပ်မှုအပေါ်ပြည်တွင်းမူဘောင်အရ ပြောင်းလဲနိုင်သောအပြောင်းအလဲဖြစ်ပေါ်စေခြင်း ဥပမာ၊ အစားထိုးရန် ဥပဒေအရတောင်းဆိုမှုများကို ရှင်းလင်းတင်ပြခြင်းတို့ ရှိနိုင်ပါသည်။

ယင်းနှင့်စပ်လျဉ်း၍ ထပ်မံဆွေးနွေးချက်အတွက် တာဝန်ယူမှုရှိသောစီမံအုပ်ချုပ်မှုဆိုင်ရာ မြေလုပ်ပိုင်ခွင့်နှင့် ဥပဒေ။ *ရှေ့နေများနှင့် အခြားဥပဒေရေးရာ ဝန်ဆောင်မှုအထောက်အကူ ပြုသူများ အတွက် လမ်းညွှန်ချက်* (FAO၊ 2016(ခ))

## တောင်အာဖရိကနိုင်ငံရှိ ဒွယ်ဆာကွယ်လယ် တွင် ပင်လယ်ပြင်နှင့်သက်ဆိုင်သော အများပိုင်ဘုံပစ္စည်းဇရိယာများရှိစုပေါင်းအခွင့်အရေးများ တောင်းဆိုခြင်း၊ အငြင်းပွားမှုဖြစ်ခြင်းနှင့်ထိန်းသိမ်း စောင့်ရှောက်ခြင်း

**မှ Jackie Sunde၊ Cape Town တက္ကသိုလ်**

ဒွယ်ဆာကွယ်လယ်သည်ကမ်းရိုးတန်းသစ်တောကြိုးဝိုင်းတစ်ခုဖြစ်ပြီးပင်လယ်ရေသတ္တဝါများကာကွယ်စောင့်ရှောက်သည့်ဇရိယာ(MPA) သည်တောင်အာဖရိကနိုင်ငံ၏ အရှေ့ပိုင်း "ကိတ်ပ်"ကမ်းခြေတွင်တည်ရှိပါသည်။ မြေသည် လွန်ခဲ့သောရာစုနှစ် များအတွင်း လက်ရှိနေထိုင်သူ များ၏ ဘိုးဘေးဘီဘင်က အခြေချနေထိုင်ခဲ့သော ကြိုးဝိုင်းသစ်တောများ ပါဝင်ပါသည်။ ၎င်းတို့၏ အများပိုင်ဘုံ ပစ္စည်းများဖြစ်သကဲ့သို့ မြေယာ၊ သစ်တော၊ ကမ်းရိုးတန်းနှင့်ဆက်စပ်သော သဘာဝအရင်းအမြစ်များကို နေထိုင်သုံးစွဲလျက်ရှိသော ရပ်ရွာလူအဖွဲ့အစည်း ၇ ခုတို့သည် ၎င်းတို့၏အသက်မွေးဝမ်း ကျောင်းမှုများအတွက် အဆိုပါအရင်းအမြစ်များအပေါ်တည်မှီလျက်ရှိပါသည်။ ယင်းမြေနှင့် ပင်လယ်တို့နှင့် ၎င်းတို့၏ဆက်စပ်မှုများသည် ၎င်းတို့ဘိုးဘေးဘီဘင်များ၏ ဆက်နွယ်မှုတို့နှင့်အတူ ဆင်းသက်လာခြင်းဖြစ်ပြီး ၎င်းတို့၏ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ မြေလုပ်ပိုင်ခွင့်စနစ်တို့တွင် ၎င်းတို့၏ကဏ္ဍများထင်ဟပ်စေပါသည်။

လွန်ခဲ့သောရာစုနှစ် လမ်းကြောင်းအရ ရပ်ရွာလူအဖွဲ့အစည်းများသည် ၎င်းတို့၏အခြေခံအစား အသောက်ဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းမှုများအတွက်မွေနှောက်ဖျက်ဆီးသောအကျိုးဆက်များနှင့်အတူသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအမည်ခံအားဖြင့် ၎င်းတို့၏ မြေယာ၊ သစ်တောများနှင့် ပင်လယ်ပြင်အရင်းအမြစ်များကို လက်လွှတ်ဆုံးရှုံးခဲ့ရပါသည်။

၁၉၉၄ ခုနှစ်၊ အသားအရောင်ခွဲခြားဆက်ဆံသည့်လူမျိုးရေးတော်လှန်ရေးအပြီး ရပ်ရွာလူအဖွဲ့အစည်းမျာသည် ၎င်းတို့၏ မြေယာလုပ်ပိုင်ခွင့် အခွင့်အရေးများ (မဟာဗျူဟာ ၅ နှင့် ၉ ကို ကြည့်ပါ) ပြန်လည်တောင်းခံရန် ထောက်ခံသည့်လှုံ့ဆော်ပွဲတစ်ရပ်ကိုစတင်လုပ်ဆောင်ခဲ့ပါသည်။ ၎င်းတို့သည် ၎င်းတို့၏မြေယာ၊ သစ်တောနှင့် ပင်လယ်ပြင်အရင်းအမြစ်များ အပေါ်စုပေါင်းလုပ်ပိုင်ခွင့် အခွင့်အရေးများအတွက် တောင်းဆိုမှုတစ်ရပ်တင်သွင်းရေးတွင် ပံ့ပိုးကူညီ ပေးသည် ဒေသအဆင့်အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့်အတူမိတ်ဖက်အဖြစ် တည်ထောင်ဆောင်ရွက် ခဲ့ပါသည်။ သို့ရာတွင် အလွန်ဩဇာကြီးမားသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး စည်းရုံးလှုံ့ဆော်သူများက ယင်းဇရိယာကို နိုင်ငံ၏ ကြီးမားသောအကျိုးစီးပွားအရ ထိန်းသိမ်းစောင့်ရှောက်ရေး အခြေအနေဖြင့် ထိန်းသိမ်းရခြင်းဖြစ်ကြောင်း ငြင်းဆိုထားပါသည်။

မဟာဗျူဟာ ၅ နှင့် ၉ ကို ကြည့်ပါ။

ရပ်ရွာလူအဖွဲ့အစည်းသည် ၎င်းတို့၏မြေပိုင်ဆိုင်မှုကို အသိအမှတ်ပြုရေးအတွက် ညှိနှိုင်းဖြေရှင်းမှု တစ်ခုကို လက်ခံဆောင်ရွက်ပေးရန် တွန်းအားပေးခဲ့သော်လည်း ကြိုးဝိုင်းသစ်တောများသည် ထိန်းသိမ်းစောင့်ရှောက်ရေးအခြေအနေအရ ဆက်လက်တည်ရှိနေပါသည်။ အထူးသဖြင့် ဖြေရှင်းဆောင်ရွက်ရေးသဘောတူညီချက်သည် ၎င်းတို့၏ ရေရှည်တည်တံ့ခိုင်မြဲသော သဘာဝအရင်း အမြစ်များအသုံးပြုမှုအတွက်၊ ပြည်နယ်အစိုးရနှင့်အတူ တန်းတူညီမျှသော မိတ်ဖက်အဖြစ် ပူးတွဲစီမံခန့်ခွဲမှုအတွက်နှင့် ကြိုးဝိုင်းသစ်တောအတွင်း ခရီးသွားရေးလုပ်ငန်းမှ အကျိုးအမြတ်အား ၎င်းတို့ရရှိရန်အတွက် ဖော်ပြချက်တစ်ရပ်ကို ပြုလုပ်ပေးခဲ့ပါသည်။

မဟာဗျူဟာ ၁၊ ၁၀ နှင့် ၁၁ ကို ကြည့်ပါ။

သို့ရာတွင် ၎င်းတို့၏မြေလုပ်ပိုင်ခွင့်အခွင့်အရေးများကို ဥပဒေအရအသိအမှတ်ပြုခြင်းမှာ ၂၀၀၁ ခုနှစ်က ဖြစ်သော်လည်း လူမှုအသိုင်းများ၏အခွင့်အရေးများနှင့် ဖြေရှင်းဆောင်ရွက်ရေး သဘောတူညီချက်တို့ကို လက်တွေ့တွင် ဆောင်ရွက်နိုင်ခြင်းမရှိပေ။ ပြည်နယ်မှ ယင်းဇရိယာသည် ပင်လယ်ပြင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးဇရိယာ (MPA) မှ သိမ်းဆည်းထားခြင်း မဟုတ်သော်လည်း အရင်းအမြစ်သုံးစွဲမှုကို ကန့်သတ်ထားကြောင်း ကြေညာခဲ့ပါသည်။ ရပ်ရွာလူအဖွဲ့အစည်းများသည် ၎င်းတို့၏ မြေယာလုပ်ပိုင်ခွင့်အခွင့်အရေးများကို ပြန်လည်တောင်းဆိုရန် များစွာသော အစိတ်အပိုင်းများ ဖွဲ့စည်းပါဝင်သည် လုပ်ငန်းစီမံချက် မဟာဗျူဟာတစ်ရပ်ကိုချမှတ်ခဲ့ကြပါသည်။ (မဟာဗျူဟာ ၅ ကို ကြည့်ပါ) ဓလေ့ထုံးတမ်းဆိုင်ရာ အာဏာပိုင်များ ဒေသအဆင့် စီမံအုပ်ချုပ်ရေး အဖွဲ့အစည်း အသစ်များနှင့်အတူ ၎င်းတို့သည် လျှောက်ထားလွှာအတွဲများကို စီရင်စုဆိုင်ရာနှင့် အမျိုးသားအဆင့် ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေး အာဏာပိုင်များ ထံပေးပို့ခဲ့ကြပါသည်။ ၎င်းတို့သည် အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးနှင့်သဘာဝအရင်းအမြစ်များ စီမံအုပ်ချုပ်ရေးဆိုင်ရာ ပြဿနာရပ်များအပေါ် ပညာရေးဆိုင်ရာသုတေသန လုပ်ငန်းများမှ အကူအညီများကို တောင်းခံခဲ့

မဟာဗျူဟာ ၅ ကို ကြည့်ပါ။

ကြပါသည်။ ယင်းသည် လူ့အခွင့်အရေးကိစ္စရပ်များအပေါ် တရားစွဲဆိုသည့် ဝန်ဆောင်မှုထောက်ပံ့ ပေးသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းအပါအဝင်ကြီးမားသော အထောက်အပံ့ကွန်ရက်နှင့်အတူ မဟာဗျူဟာကျစ္စာငင်းတို့ကို အပြန်အလှန်ဆောင်ရွက်စေနိုင်ခဲ့ပါသည်။

တရားဝင်အရင်းအမြစ်များဆိုင်ရာစင်တာ (LRC)သည် ဥပဒေအကြံပေးမှုနှင့် လုပ်ပိုင်ခွင့်ရှိသော ချဉ်းကပ်မှုများ ချမှတ်ရေးတွင် ရပ်ရွာလူအဖွဲ့အစည်းများကို အထောက်အကူပြုပေးခဲ့ပါသည်။ (မဟာဗျူဟာ ၅၊ ၉ နှင့် ၁၂ ကို ကြည့်ပါ) ၎င်းတို့သည် ဓလေ့ထုံးတမ်းဆိုင်ရာအခွင့်အရေးများနှင့်စပ်လျဉ်း၍ အသိပညာ မြှင့်တင်ပေးရန် ရပ်ရွာလူအဖွဲ့အစည်း များနှင့်အတူ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခဲ့ကြပါသည်။ ၎င်းတို့သည် ရပ်ရွာလူအဖွဲ့အစည်း၏ အရင်းအမြစ်များ ၊ ဓလေ့အပေါ် ထုံးတမ်းဆိုင်ရာအခွင့်အရေးအရ ခုခံချေပရန် ပင်လယ်ပြင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးဧရိယာ (MPA)အတွင်း တရားမဝင် ငါးဖမ်းခြင်းအဖြစ်တရားစွဲဆိုခံရသော ငါးဖမ်းသမား ၃ဦး၏ ရာဇဝတ်မှုများကို အသုံးပြုခဲ့ကြပါသည်။ ၎င်းတို့သည် MPA ၏ကြေညာချက်အပေါ် သုံးသပ်ပေးရေးအတွက် တောင်းဆိုသည့် ဥပဒေရေးရာဆောင်ရွက်ချက်ကို စတင်ဆောင်ရွက်ခဲ့ပြီး အဓိကအလေးပေးသည့်အချက်မှာ ဆွေးနွေးညှိနှိုင်းရန်ရပ်ရွာလူအဖွဲ့အစည်း၏ ဖွံ့ဖြိုးပုံဆိုင်ရာ အခွင့်အရေး ချိုးဖောက် ခံရခြင်းပင်ဖြစ်ပါသည်။ ၎င်းတို့၏ တရားရုံးသို့တင်သွင်းသည့်စာများတွင် ရပ်ရွာလူအဖွဲ့အစည်းသည် ၎င်းတို့၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေလုပ်ပိုင်ခွင့် အခွင့်အရေးအား တောင်းဆိုမှုအပေါ် အထောက်ပံ့ပြုနိုင်သည့် ပြည်တွင်းဆိုင်ရာ၊ ဖွံ့ဖြိုးပုံဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အခြေပြုစာချုပ်များကို ကိုးကားခဲ့ကြပါသည်။ အဆိုပါကိစ္စရပ်တွင် တရားစီရင်ရေး၌ အားကောင်းသော အကျိုးသက်ရောက်မှုတစ်ရပ် ဖြစ်ခဲ့ပါသည်။ စီရင်ချက်တွင် တရားသူကြီးသည် "တောင်အာဖရိကနိုင်ငံရှိ ဖွံ့ဖြိုးပုံဆိုင်ရာ ဖြန့်ဝေပုံနည်းအသစ်မှာ နိုင်ငံရေးတွင်သာမက ဥပဒေရေးရာ အပြောင်းအလဲကို လည်း စတင်စေခဲ့သည် ဟု မှတ်ချက်ပြုခဲ့ပါသည်။ ဖွံ့ဖြိုးပုံတွင် သာတူညီမျှမှုရှိသော နိုင်ငံသားတို့၏ အခြေခံရပိုင်ခွင့်များ ဖော်ပြချက်ကို ထည့်သွင်းထားခြင်းနှင့်အတူ ဥပဒေများ၏ ကျယ်ပြန့်သော အတိုင်းအတာ၏တရားဝင်မှုသည် အများ ပြည်သူကိုဖြစ်စေ၊ ပုဂ္ဂလိကကိုဖြစ်စေ အခြေခံလူ့အခွင့်အရေးစံနှုန်းများရှိမရှိကို ယခု အချိန်တွင်စစ်ဆေး နိုင်ပါသည်။" ၎င်းမှ ယင်းရပ်ရွာလူအဖွဲ့အစည်းများ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာလိုအပ်ချက်များကို အသိအမှတ်ပြုရန် ထိန်းသိမ်း စောင့်ရှောက်ရေးအာဏာပိုင်များက ပျက်ကွက်ခဲ့သည့်အပေါ်ကိုလည်း ပြင်းပြင်းထန်ထန် ဝေဖန်ကြောင်း ဖော်ပြထား ပါသည်။


ယင်းကိစ္စတွင် အများပြည်သူပိုင်ဆိုင်သည့် နယ်မြေအဖြစ်သိရှိလာစေရန် ရပ်ရွာလူအဖွဲ့ အစည်းများ သည် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လက်တွဲ ဆောင်ရွက်ခဲ့ပါသည်။ (မဟာဗျူဟာ ၅ နှင့် ၁၂ ကို ကြည့်ပါ) တရားစွဲမှုသည် ဆက်လက် ဆောင်ရွက် ဆဲဖြစ်ပါသည်။ သို့ရာတွင် နောက်ထပ်တရားရုံးဆောင်ရွက်ချက်နှင့်ရင်ဆိုင်ရသော်လည်း အာဏာပိုင်များ သည် ပင်လယ်ပြင်ဆိုင်ရာ အရင်းအမြစ်များအသုံးပြုမှု အပေါ်၌ အပြည့်အဝတားမြစ်ထားခြင်းကို သုံးသပ်ရန်သဘောတူညီခဲ့ ကြပါသည်။ MPAသည် ရပ်ရွာလူအဖွဲ့အစည်းများမှ အရင်းအမြစ်များကို ရယူသုံးစွဲနိုင်သော ထိန်းချုပ်ဧရိယာများ ဖန်တီးရန်အလို့ငှာ ဇုန်များကိုပြန်လည်သတ်မှတ်ပေးခဲ့ပါသည်။ ရပ်ရွာလူအဖွဲ့အစည်းများအတွက် ၎င်းတို့၏စုပေါင်းပိုင်ဆိုင်သည့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို အသုံးပြုခွင့်နှင့် စီမံအုပ်ချုပ်ခွင့် ပြန်လည်ရရှိရေးလှုံ့ဆော်ပွဲများနှင့် ၎င်းတို့၏ ဒေသဆိုင်ရာပြည်သူများနှင့် နိုင်ငံတစ်ခုလုံးကိုနှစ်ဦးနှစ်ဖက်လုံး၏ အကျိုးစီးပွားများတွင် ယင်းသည်အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ် ပါသည်။

**ထပ်မံဖတ်ရှုသင့်သော စာအုပ်များ**

**Sunde, J.** 2012. *Living Off the Land: A case regarding the customary rights of fishermen In the Dwesa–Cwebe Marine Protected Area of South Africa could be a landmark.* SAMUDRA Report No. 62. Chennai (India), International Collective in Support of Fishworkers. (available at http://igssf.icsf.net/images/samudra/pdf/english/issue_62/3742_art_Sam62_eng-art01.pdf)

မဟာဗျူဟာ ၅၊ ၉ နှင့် ၁၂ ကို ကြည့်ပါ။

မဟာဗျူဟာ ၅ နှင့် ၁၂ ကို ကြည့်ပါ။



# ၁၀ မဟာဗျူဟာ ၁၀ – အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို ရပ်ရွာလူအဖွဲ့အစည်းမှအဖွဲ့ဝင်များအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမှုများကို ဖန်တီးထိန်းသိမ်းရန်နှင့် သဘာဝပတ်ဝန်းကျင်အနေအထားအရ ရေရှည်တည်တံ့ရေး၊ စီးပွားရေးအားဖြင့်လည်း အလားအလာကောင်းသော အသုံးပြုခြင်းများ အားကောင်းလာစေရန်

## အခြေခံသဘောတရား

ကမ္ဘာတစ်ဝှမ်းလုံးတွင် လူသားတို့သည် စားနပ်ရိက္ခာ၊တိရိစ္ဆာန်အစားအစာ၊ သစ်တော၊ ငါးလုပ်ငန်း၊ အိမ်မွေးတိရစ္ဆာန်၊ ဆည်ရေနှင့် တိုင်းရင်းဆေးကဲ့သို့သော လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အကျိုးစီးပွားများသာမက ယဉ်ကျေးမှုဆိုင်ရာဝိသေသလက္ခဏာများ၊ လူမှုကွန်ယက်များ၊ ဘာသာရေးဆိုင်ရာ အကြောင်းအရာ များနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကဲ့သို့သော လက်ဆုပ်လက်ကိုင်ပြ၍မရနိုင်ဘဲ စိတ်ခံစားနိုင်ခြင်းသာရှိသည့် အကျိုးစီးပွားအတွက်ပါ အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအား အမှီသဟဲပြုကြရပါသည်။ အများပြည်သူများသည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများက အသုံးပြုသူများကို အကျိုးစီးပွားများပေးနိုင်သရွေ့၊ ပိုမိုကောင်းမွန်သည့် လူနေမှုအဆင့်အတန်း၊ ရင်းနှီးမြှုပ်နှံမှု/ ဝင်ငွေဖြစ်ပေါ်စေသည့်လုပ်ငန်းများ၊ စားနပ်ရိက္ခာ ဖူလုံမှုနှင့် ယဉ်ကျေးမှုဆိုင်ရာဝိသေသ လက္ခဏာများ ပေးနိုင်သရွေ့ ယင်းတို့အား ထိန်းသိမ်းထားရမည်ဖြစ်ပါသည်။ အသုံးပြုသူတစ်ဦးချင်း တစ်ယောက်ချင်းစီတိုင်းသည် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများထံမှ အကျိုးစီးပွားများကို ကြာရှည်မရနိုင်သောကြောင့် အသုံးမပြုဘဲနေမည်ဆိုပါက အများပိုင်မြေများ အားလုံးသည် အန္တရာယ်မကင်းဖြစ်နိုင်သည်။ အရေးကြီးသည်မှာ ရေရှည်အကျိုးစီးပွားရရှိရန်အလို့ငှာ မြေလုပ်ပိုင်ခွင့် အခွင့်အရေးရရှိသူအားလုံး ပါဝင်၍ စုပေါင်းထိန်းသိမ်းရန်နှင့် စဉ်ဆက်မပြတ်အသုံးပြုရန် လိုအပ်ပါသည်။ ပိုမိုရေရှည်တည်တံ့၍ ထိရောက်မှုရှိသည့် သယံဇာတအရင်းများကို အသုံးချမှုတွင် နည်းပညာ ဆန်းသစ်မှု များ (ဥပမာ– လှေကားထစ်စိုက်ခင်းများ၊ စားကျက်မြေများ တိုးချဲ့ခြင်း၊ ကောင်းမွန်သည့် ငါးဖမ်းကိရိယာများ) နှင့်ဆက်နွှယ်မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများလိုအပ်၍ ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်နိုင်ပြီး တန်ဖိုးသတ်မှတ်နိုင်သည်။ ဒေသခံ အသေးစား ထုတ်လုပ်ရောင်းချသူများသည် ဒေသန္တရစိုက်ပျိုးရေးလုပ်ငန်း၊ သစ်တောစိုက်ပျိုးလုပ်ကိုင်ခြင်းများ၊ ငါးဖမ်းလုပ်ငန်းများနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း (ကုလသမဂ္ဂစိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာအဖွဲ့၊ ၂၀၁၂) တို့တွင် အကြီးစား ရင်းနှီးမြှုပ်နှံသူများ ဖြစ်သည်။ ၎င်းတို့၏အသက်မွေးဝမ်းကျောင်း ဆိုင်ရာလုပ်ငန်းအား ထိန်းထားနိုင်ရန် ယုံကြည်စိတ်ချရသည့် ဝန်ဆောင်မှုလုပ်ငန်းများ(ဥပမာ– အသိပညာ၊ ငွေကြေး၊ သယ်ယူပို့ဆောင်ရေး)နှင့် ရေရှည်တည်တံ့၍ထိရောက်မှုရှိသည့် သယံဇာတအရင်းအမြစ်များကို အသုံးပြုသည့်နည်းပညာများတွင် ရင်းနှီးမြှုပ်နှံမှု/ဝင်ငွေဖြစ်ပေါ်စေသည့်လုပ်ငန်းအား အထောက်အကူပြုနိုင်သည့် တိုးတက်ကောင်းမွန် သည့် အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများ (ဥပမာ– လမ်းမကြီးများ၊ ရေပေးဝေမှု၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာအဆောက်အအုံများ) ရှိရန်လိုအပ်ပါသည်။

## သီးခြားအကြံပြုချက်များ

၁။ **ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရန်အလို့ငှာ ရင်းနှီးမြှုပ်နှံမှု/ဝင်ငွေဖြစ်ပေါ်စေသည့်လုပ်ငန်းများအတွက် အောင်မြင်သည့် ဆန်းသစ်ပြောင်းလဲမှု များသည် စီးပွားရေးအားဖြင့် အလားအလာကောင်းပြီး ပတ်ဝန်းကျင်အနေအထားအားဖြင့်လည်း ရေရှည်တည်တံ့၍ မိတ်ဖက်အနေဖြင့်လည်း ပေါ်များမှုရှိရမည်ဖြစ်ပါသည်။** ကျယ်ပြန့်သည့်အကျိုးစီးပွားခွဲဝေသောနည်းလမ်းသည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ရပ်ရွာလူအဖွဲ့အစည်းမှ ချို့တဲ့သောအဖွဲ့ဝင်အားလုံးအတွက် ဝင်ရောက်ခွင့်ရနိုင်သည့်နေရာဖြစ်ကြောင်း သေချာမှုရှိရမည်။ အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် သဘာဝသယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းထားနိုင်ရန် ပတ်ဝန်းကျင်အနေအထားအားဖြင့် အလားအလာ ကောင်းသော အသုံးပြုခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာအလေ့အထများသည် အားကောင်းလာမှု တစ်စုံတစ်ရာနှင့် ရင်းနှီးမြှုပ်နှံမှု/ ဝင်ငွေဖြစ်ပေါ်စေသည့်လုပ်ငန်း တို့နှင့် စပ်လျဉ်း၍ အဓိကကျသည့်အပိုင်း ဖြစ်ပါသည်။

၂။ **အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို ပူးတွဲစီမံခန့်ခွဲ၍အသုံးချသည့်စနစ်ကို ထည့်သွင်းစဉ်းစားရာ၌ အများပိုင် ဘုံမြေများမှဝင်ငွေရရှိရန် ဆန်းသစ်သည့်မဟာဗျူဟာများသည် မြေယာ၊ ငါးဖမ်းသည့်နေရာများနှင့် သစ်တောများကိုစုပေါင်းအသုံးပြုခြင်းနှင့် စီမံခန့်ခွဲခြင်း(အပြင် အမှန်တကယ်ပိုင်ဆိုင်နိုင်သည်) ဟူသော ရပ်ရွာလူအဖွဲ့အစည်း တစ်**

**ခုလုံး၏ တူညီသည့်ရည်မှန်းချက်၊ ယုံကြည်မှုနှင့် ပိုင်ဆိုင်မှုတို့အပေါ် အခြေခံရမည်။** ရှိနေသည့်သယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းရန် သို့မဟုတ် တိုးပွားစေရန်နှင့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများမှ ဝင်ငွေရရှိမှု မြင့်မားလာစေရန်အလို့ငှာ ရပ်ရွာလူအဖွဲ့အစည်းများသည် ဆန်းသစ်မှုများ ပြုလုပ်ရန် လိုအပ်သည့်နေရာများကို သတ်မှတ်ရန် ခိုင်မာအားကောင်းသည့် နည်းလမ်းများကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ ရပ်ရွာလူအဖွဲ့အစည်းအခြေပြု ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမဟာဗျူဟာ များနှင့် နိုင်ငံတော်အစိုးရ၊ အလှူရှင်များ၊ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ စီးပွားရေး လုပ်ငန်းများနှင့် အခြားပုဂ္ဂိုလ်များကဲ့သို့သော ပြင်ပဝန်ဆောင်မှုပေးသူများနှင့် အပြန်အလှန်အကျိုးပြုမှုနှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်များနှင့် စည်းမျဉ်းများသတ်မှတ်ရန် မဟာဗျူဟာများကိုပြုပြင်ပြောင်းလဲရမည်ဖြစ်ပါသည်။ ဆန်းသစ်ပြောင်းလဲ မှုများသည် သယံဇာတအရင်းအမြစ်များနှင့် ဝင်ငွေရရှိမှု မြင့်မားလာခြင်း အထူးသဖြင့် ဆင်းရဲသားများအတွက် တန်းတူရည်တူနှင့် သာတူညီမျှဖြစ်ရန် လိုအပ်သည်။ အဆိုပါ ရည်မှန်းချက်တွင် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို ရေရှည်တည်တံ့စေ မည့်စီမံခန့်ခွဲမှုအတွက် ပြဋ္ဌာန်းချက်များနှင့် ပူးတွဲချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအား လေးစားလိုက်နာမှုရှိမရှိ စောင့်ကြည့်စစ်ဆေးသည့် စနစ်တစ်ခုပါဝင်ရမည်ဖြစ်ပါသည်။ ယနေ့ခေတ်တွင်သဘာဝသယံဇာတအရင်းအမြစ်များလျော့နည်းနေသော်လည်းသဘာဝသယံဇာတအရင်းအမြစ်များကို လက်တွေ့ပြန်လည်ရရှိအောင် ပြုလုပ်ခြင်းအပေါ်အခြေပြုသည့် အချိန်တိုအတွင်း အောင်မြင်မှုပေး နိုင်သည့် ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာများနှင့် ကာလရှည်မဟာဗျူဟာများနှင့်ပတ်သက်၍ ကွဲပြားခြားနားမှုရှိရန်လိုအပ်ပါသည်။ အဆိုပါရည်မှန်းချက်သည် အစိုးရနှင့်/သို့မဟုတ် အရပ်ဘက်လူ့အဖွဲ့အစည်းများက သက်သေအဖြစ် ရှိနေသည့် လူမှုအဖွဲ့အစည်းအခြေပြုစာချုပ် သို့မဟုတ် အလားတူစာရွက်စာတမ်းတွင် (မဟာဗျူဟာ ၃ နှင့် ၆ ကိုကြည့်ပါ) သက်သေခံအထောက်အထား ဖြစ်နိုင်သည်။ လူမှုအဖွဲ့အစည်းအခြေပြု စာချုပ်များကိုထောက်ခံရန်နှင့် လေးစားလိုက်နာမှုများကို သက်သေပြရန် နိုင်ငံများသည် ဤလုပ်ငန်းစဉ် များနှင့် စေ့စပ်ဆွေးနွေးမှုများတွင် လူမှုအဖွဲ့အစည်း အခြေပြုစာချုပ်များအား အသိအမှတ်ပြုမှုကို သက်သေပြသည့်နေရာ၌ မူဝါဒဆောင်ရွက်ချက်များ ထားရှိရန်လိုအပ်ပါသည်။

အခြေအနေအပေါ်မူတည်၍ သယံဇာတအရင်းအမြစ်ရရှိနိုင်မှု၊ အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အထောက်အကူပြုအဖွဲ့များ ပြောင်းလဲနိုင်သည့်အလားအလာရှိသောကြောင့် ရင်းနှီး မြှုပ်နှံမှု/ဝင်ငွေဖြစ်ပေါ်စေသည့် လုပ်ငန်းများတွင် တရားဝင်ကမ်းလှမ်းချက်တစ်ရပ် မလိုအပ်ပေ။ **သယံဇာတအရင်းအမြစ်ပစ္စည်းများကို ထိန်းသိမ်း၍ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ယဉ်ကျေးမှုနှင့် လူမှုရေး ဆိုင်ရာစံသတ်မှတ်ချက်များကို အလေးထားသည့်အပြင် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများမှ စီးပွားရေးနှင့် ဆိုင်သော အကျိုးအမြတ်များ တိုးပွားရရှိနိုင်သည့်နည်းလမ်းအချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။**

၃။ **အောင်မြင်သည့်ဆန်းသစ်ပြောင်းလဲမှုများသည် လူမှုအဖွဲ့အစည်းများ၏ ဓလေ့ထုံးတမ်းနှင့် ဒေသန္တရဗဟုသုတများ အပေါ် ဖြစ်နိုင်သမျှအခြေခံရမည်ဖြစ်ပြီး မြေယာ၊ ငါးဖမ်းလုပ်ငန်းများနှင့် သစ်တောများကို ရေရှည်တည်တံ့စေမည့်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ရရှိနိုင်သည့် ကျယ်ပြန့်သည့် သိပ္ပံပညာရပ်များကို တတ်နိုင်သမျှ အသုံးချရမည်ဖြစ်ပါသည်။** ဆန်းသစ် ပြောင်းလဲထားသည့် သယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှုအလေ့အထများနှင့် ဆက်နွယ်မှုရှိသည့် နည်းပညာများသည် သဘာဝသယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းထားစဉ် သို့မဟုတ် ပြန်လည်ရရှိအောင် ပြုလုပ် နေစဉ် ယင်းတို့အား ထုတ်လုပ်နိုင်မှုနှုန်းထားမြင့်မားလာအောင်ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ဒေသန္တရ အသိပညာ၊ ဗဟုသုတနှင့် ရာသီဉ တု အခြေအနေများအပေါ်မူတည်၍ ဆန်းသစ်သော ပြောင်းလဲမှုများ သည် သိပ္ပံနည်းပညာဆိုင်ရာ တိကျမှန်ကန်မှုများနှင့် ပေါင်းစပ်ရမည်ဖြစ်ပြီး ဒေသခံသုံးစွဲသူများအတွက် ဗဟုသုတ၊ သတင်းအချက်အလက်များနှင့် နည်းပညာများ ရရှိအောင် မြှင့်တင်ဆောင်ရွက်နေဆဲ ဖြစ်ရမည်ဖြစ်ပါသည်။ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်အသိပညာများရှိလာခြင်း၊ အသိပညာ ဖလှယ်ခြင်း လုပ်ငန်းများသည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို စီးပွားရေးအားဖြင့် အကျိုးပြု၍ ပတ်ဝန်းကျင်အနေအထား အားဖြင့်လည်း ရေရှည်တည်တံ့ စေမည့်အသုံးချမှုဖြစ်အောင် ပြုလုပ်ရန် လိုအပ် ပါသည်။

၄။ **သယံဇာတအရင်းအမြစ်သုံးစွဲသူများကို အထောက်အကူပြုရန် အဖွဲ့အစည်းများဖွဲ့စည်းခြင်း။** သယံဇာတအရင်းအမြစ်သုံးစွဲသူအဖွဲ့များ၊ သမဝါယမလုပ်ငန်းများ၊ လူမှုအဖွဲ့အစည်း ‘စီးပွားရေး လုပ်ငန်းများ’ သို့မဟုတ် စီးပွားရေးစွန့်ဦးတီထွင်မှုများသည် က) သတင်းအချက်အလက်များ ပေးခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့ကို ပူးတွဲဆောင်ရွက်နိုင်စေရန် အထောက်အကူပြုနိုင်ပါသည်၊ ခ) သယံဇာတအရင်းအမြစ်သုံးစွဲသူများကို နည်းပညာအကူအညီများနှင့် သတင်းအချက်အလက် ဝန်ဆောင်မှုများအတွက် ညှိနှိုင်းတိုင်ပင်နိုင်သူတစ်ဦးကို စီစဉ်ပေးနိုင်ပါသည်၊ ဂ) ရေရှည် တည်တံ့စေမည့် စီမံအုပ်ချုပ်မှု အလေ့အထများနှင့် စီးပွားရေးလုပ်ငန်းများအတွက် အသိပညာများ မျှဝေသည့် အဖွဲ့အစည်းများဖြစ်လာနိုင်ပါသည်၊ ဃ) သယံဇာတအရင်းအမြစ်သုံးစွဲသူများနှင့် အသိပညာများ ဖလှယ်ရန် လူမှုကွန်ယက်တစ်ခုဖန်တီးပေးနိုင်ပါသည်။ အဆိုပါအဖွဲ့အစည်းများသည် သဘာဝအရင်း အမြစ်များပြန်လည်ရရှိအောင်ဆောင်ရွက်ခြင်းနှင့် အခြား

အလားတူဆောင်ရွက်ချက်များတွင် များစွာ လိုအပ်နေသည့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်း၍ အသိပညာပေးမှု တိုးမြှင့်၍ ထောက်ခံမှုမြင့်မား အောင်ပြုလုပ်ရမည်ဖြစ်ပါသည်။

၅။ **အမျိုးအမျိုးအပြားပြားသော နေရာများမှဝင်ငွေရရှိစေခြင်း။** စားနပ်ရိက္ခာနှင့်ဝင်ငွေရရှိရာနေရာများကို အမျိုးအစားခွဲခြား ဖော်ထုတ်ခြင်းနှင့်စပ်လျဉ်း၍ ရွေးချယ်ပိုင်ခွင့်များစွာရှိပါသည်၊ ဥ_ပမာ– လယ်ယာထုတ်ကုန် များတိုးချဲ့ထုတ်လုပ်ခြင်းတွင် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့်။ ဒေသခံများအတွက်သာမက အလှမ်းကွာ ဝေးသောဈေးများအတွက်ပါ ရည်ရွယ်ချက်ပြောင်းလဲ နိုင်သော်လည်း ဒေသအလိုက် ပြောင်းလဲ သတ်မှတ်ထားသည့် တန်ဖိုး သတ်မှတ်ချက်ပြုလုပ်ထားရန်သာလိုအပ်ပါ သည်။ ရောင်းချသည့် ထုတ်ကုန်များကို တန်ဖိုးသတ်မှတ်ခြင်းသည် ရောင်းဝယ်ဖောက်ကားမှုပြုလုပ်ရာတွင် ထောက်ပံ့ ပို့ဆောင် ရေးနည်းလမ်းအသစ်၏ သတ်မှတ်ချက်တစ်ရပ်ဖြစ်လာပါသည်။

၆။ **အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများမှ ထုတ်ကုန်များအတွက် ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ မဟာဗျူဟာများ။** ရောင်းဝယ်ဖောက်ကားမှုပြုလုပ်ခြင်းသည် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများမှ ဝင်ငွေရရှိသည့်အဓိကအချက် ဖြစ်ပါသည်။ ဒေသဆိုင်ရာ၊ ပြည်နယ်ဆိုင်ရာ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာတန်ဖိုး သတ်မှတ်ချက်များကို အသုံးပြုရန် သို့မဟုတ် အသုံးချရန်နှင့် လူမှုအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ရွေးချယ်မှုနှင့် ပတ်သက်၍ တန်ဖိုးသတ်မှတ်ချက်များပြုလုပ်ရာ၌ အပြည့်အဝပါဝင်စေရန် အားထုတ်ကြိုးပမ်းမှုများပြုလုပ်ရန် လိုအပ်ပါသည်။အဆိုပါအားထုတ်ကြိုးပမ်းမှုများတွင်ခေါင်းပုံဖြတ်ခြင်းကိုရှောင်ရှားနိုင်၍ဒေသန္တရလူမှုအဖွဲ့အစည်းများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ပြီး အထူးသဖြင့် အမျိုးသမီးများ နှင့် ထိခိုက်လွယ်သူများ ရောင်းဝယ်ဖောက်ကားခြင်းမှ အကျိုးအမြတ်ရရှိစေနိုင်သည့် သင့်လျော်သည့် မူဝါဒဆောင်ရွက်ချက်များ ပါရှိရမည်။ အချို့ထင်ရှားသည့်ကိစ္စရပ်များတွင် မြေယာမဲ့သူများအနေဖြင့် သစ်သားဖြင့်ပြုလုပ်ထားခြင်းမဟုတ်သည့်ထုတ်ကုန်များ ကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်းသည် ၎င်းတို့၏ သက်ဆိုင်ရာတန်ဖိုးသတ်မှတ်ချက်များနှင့် ဆက်နွယ်ချိတ်ဆက်မှု ရှိပါသည်။ အဆိုပါကိစ္စရပ်များတွင် ဒေသခံအထက်တန်းလွှာလူတန်းစားများသည် ယင်းသစ်တောထွက်ပစ္စည်းများကို ထုတ်လုပ်သည့် လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် မြေယာမဲ့များကို အထောက်အပံ့ပေးသည်။

ဖြစ်ရပ်လေ့လာချက် ၇– **သစ်တောမြေများအပေါ် မှီခိုအားထားနေရသည့် ဒေသဆိုင်ရာအသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို အကာအကွယ်ပေးခြင်း။ ဘရာဇီးနိုင်ငံအနောက်ပိုင်းအမေဇုန်သစ်တောရှိ အေကာ (Acre) ပြည်နယ်မှ ‘သစ်တောစီမံအုပ်ချုပ်မှု’ ဆိုင်ရာအခြေအနေ Benno Pokorny ရေးသားသည**

### သစ်တောမြေများအပေါ် မှီခိုအားထားနေရသည့် ဒေသဆိုင်ရာအသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို အကာအကွယ်ပေးခြင်း။ ဘရာဇီးနိုင်ငံအနောက်ပိုင်းအမေဇုန်သစ်တောရှိ အေကာ (Acre) ပြည်နယ်မှ ‘သစ်တောစီမံအုပ်ချုပ်မှု’ ဆိုင်ရာအခြေအနေ

မှ Benno Pokorny
Freiburg တက္ကသိုလ်

လက်တင်အမေရိကတွင် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံလူမှုအဖွဲ့အစည်းများသည် ဘရာဇီးနိုင်ငံ (သစ်တောပိုင်ဆိုင်ခွင့်နှင့် အရင်းအမြစ်များဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊၂၀၁၅) တွင်ရှိသည့် မြေဧရိယာ ၄၄ ရာခိုင်နှုန်းအနက် ၂၃ ရာခိုင်နှုန်းကို ဥပဒေအရ/တရားဝင် ပိုင်ဆိုင်သည် သို့မဟုတ် ထိန်းချုပ်ထားပါသည်။ နှိုင်းယှဉ်ကြည့်မည်ဆိုပါက မြေယာအဖြစ် ဥပဒေအရ/တရားဝင် အသိအမှတ်ပြုမှုရာခိုင်နှုန်းမြင့်မားခြင်းသည် ဘရာဇီးအစိုးရအနေဖြင့် ဓလေ့ထုံးထမ်းဆိုင်ရာ အခွင့်အရေး များကို တရားဝင်အသိအမှတ်ပြုသည့် အမှန်တကယ် ဦးတည်ဆောင်ရွက်နေသည့် ဆောင်ရွက်ချက် တစ်ရပ်ဖြစ်ကြောင်း ထင်ရှားပါသည်။ လက်တွေ့အားဖြင့် အဆိုပါဒေသအများစုသည် အခြားစီးပွားရေး လုပ်ကိုင်သူများက ၎င်းတို့၏မြေယာများနှင့် သယံဇာတအရင်းအမြစ်များကို အမြတ်ထုတ်နိုင်ဖွယ်ရှိသည့် ပြင်းထန်ရက်စက်သည့် ပဋိပက္ခများကို ကြုံတွေ့ကြရပါသည်။ သို့သော်လည်း ပိုမိုကျယ်ပြန့်သည့် နယ်မြေ/ဒေသတစ်ခုကို ဒေသခံမျိုးနွယ်များနှင့် လူမှုအဖွဲ့အစည်းအခြေပြုစနစ် (သစ်တော ပိုင်ဆိုင်ခွင့်နှင့် သယံဇာတအရင်းအမြစ်များဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေအဖွဲ့၊ ၂၀၁၅) က စီမံခန့်ခွဲ သည်ဟု ခန့်မှန်းရပါသည်။

လက်ရှိအခြေအနေသည် ဘရာဇီးနိုင်ငံ အေကာ (Acre) ပြည်နယ်က လူ့အဖွဲ့အစည်းနှင့် စီးပွားရေးဆိုင်ရာ ယန္တရားများကို နေရာတကျထားရန်၊ သဘာဝသစ်တောစီမံခန့်ခွဲမှုဆိုင်ရာ လူမှုအဖွဲ့အစည်းများ၏ လူမှုဘဝများကို ၎င်းတို့၏ အကျိုးစီးပွားများနှင့် လုပ်နိုင်စွမ်းများနှင့်အညီ အကာအကွယ်ပေးရန် မှတ်သားဖွယ်ကြိုးပမ်းအားထုတ်မှုများပြုလုပ်ခဲ့ကြောင်း သိမြင်လာစေခဲ့ပါသည်။

အေကာ (Acre) ၏ ၈၇ ရာခိုင်နှုန်းအထိ (INPE, PRODES, ၂၀၁၆) – ဘရာဇီးနိုင်ငံအနောက်ပိုင်း အမေဇုန်သစ် တောထဲတွင် ရှိသည့် ပြည်နယ်တစ်ခုဖြစ်ပြီး သီးသန့်တည်ရှိနေရုံသာမက တိုင်းရင်းသားမျိုးနွယ်စုများ တွင် အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်ရှိပြီး သစ်တောများဖြင့် ဖုံးလွှမ်းနေဆဲဖြစ်ပါသည်။ သမိုင်းကြောင်းအရ ၂၀ ရာစု၏ အစောပိုင်းကာလများတွင် အေကာ (Acre) သည် ရာဘာထုတ်လုပ်နိုင်ပြီး စီးပွားရေး တောင့်တင်းခိုင်မာမှုကြောင့် လူသိများပါသည်။

အခွင့်အာဏာရှိသည့် ရာဘာလုပ်ငန်းကိုချုပ်ကိုင်ထားသူများ၏ အကူအညီဖြင့် ပြည်နယ်အတွင်းသို့ ရွှေ့ပြောင်းလုပ်သား ထောင်နှင့်ချီ၍ အလုပ်အကိုင်ရှာဖွေရန် ဝင်ရောက်လာသည့်အချိန်၌ ဒေသခံ မျိုးနွယ်စုဦးရေများလျော့နည်း/ကျဆင်းလာ ခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်၌ ရာဘာလုပ်ငန်း ပျက်စီးသွားပြီးနောက် အဆိုပါ ရွှေ့ပြောင်းလုပ်သား မိသားစု များသည် သစ်တောနယ်မြေများထဲတွင် ကျန်ရှိနေခဲ့ကြပြီး အသေးစားသစ်တောစီမံခန့်ခွဲမှုဆိုင်ရာ လူမှုအဖွဲ့အစည်းများ ကို ဖွဲ့စည်းခဲ့ကြပါသည်။ ၁၉၈၀ခုနှစ်များတွင် ဒုတိယအဖွဲ့ ရွှေ့ပြောင်းလာချိန်၌ စိုက်ပျိုးရေးလုပ်ကိုင်နိုင်သည့် မြေယာ များ ကိုရှာဖွေရန် ပြည်နယ်အတွင်းသို့ သစ်ခုတ်သမားများနှင့် ကျွဲနွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ အတူတကွ ဝင်ရောက်လာခဲ့ကြပါသည်။ ရွှေ့ပြောင်းအဖွဲ့သည် အမေဇုန်သစ်တောရှိ ကျေးလက် ဒေသများအား သိမ်းပိုက်အုပ်ချုပ်ခြင်းကို အထောက်အကူပြုသည့် ပိုမိုကျယ်ပြန့်/ကြီးမားသော အများပြည်သူဆိုင်ရာ မူဝါဒလုပ်ငန်းစဉ်တစ်ရပ်တွင် အဖွဲ့ဝင်ဖြစ်လာ ခဲ့ပါသည်။

အဆိုပါခြိမ်းခြောက်မှုအသစ်ကို တုန့်ပြန်ရာ၌ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်း များက ထောက်ပံ့ကူညီပေးသည့် သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ လူမှုအဖွဲ့အစည်းများသည် ၎င်းတို့၏ မြေယာများနှင့် သစ်တောများကို သိမ်းပိုက်ရန် နိုင်ငံရေးအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများဖြစ်လာပါသည်။ ပြင်းထန်သည့် အကျိုးဆက်ဖြစ်ပေါ်စေသော ပဋိပက္ခများသည် အဖွဲ့အစည်းခေါင်းဆောင် Chico Mendes အား သတ်ဖြတ်မှုကြောင့် ၁၉၈၈ခုနှစ်တွင် အထွတ်အထိပ်သို့ရောက်ရှိခဲ့သည်။ စုပေါင်းလုပ်ကိုင်ကြသည့် မြေယာ နှင့် သယံဇာတအရင်းအမြစ် ပိုင်ဆိုင်ခွင့်တို့ကို ကာကွယ်ရန် ဥပဒေရေးရာပြုပြင် ပြောင်းလဲမှုများကို ထောက်ခံအား ပေးနေသည့် ကာလ၌ များစွာ လေးစားဖွယ်ကောင်းသည့် သစ်တောများကိုကာကွယ်သူအား (တမင်) သတ်ဖြတ်ခြင်း သည် ပြည်နယ်အဆင့်၊ နိုင်ငံ အဆင့်နှင့် တစ်ကမ္ဘာလုံးအဆင့်တွင် လူထုလှုပ်ရှားမှုများကို ဖြစ်ပေါ်စေခဲ့သည်။ အဆိုပါ လှုပ်ရှားမှုများကို တုန့်ပြန်ရာ၌ သာမက စုပေါင်းလုပ်ကိုင်ကြသည့် သစ်တောများစီမံခန့်ခွဲမှုစနစ်များ ရေရှည်တည်တံ့မှုနှင့် ပတ်သက်သည့် သိပ္ပံနည်း ပညာဆိုင်ရာ အထောက်အထားများကို ထုတ်ဖော်ရာ၌လည်း ဘရာဇီးနိုင်ငံ ဖက်ဒရယ်အစိုးရ သည် လူမှုအသိုင်းအဝိုင်း များမှ စီမံခန့်ခွဲသည့် သစ်တောကြိုးဝိုင်းကဲ့သို့သော စုပေါင်းမြေလုပ်ပိုင်ခွင့် အခွင့်အရေးများ ကို တရားဝင်အသိအမှတ်ပြု ရန် ဥပဒေရေးအရဆောင်ရွက်ချက်/ စီမံချက်များကို ထည့်သွင်းခဲ့သည်။

မဟာဗျူဟာ ၁ နှင့် ၅ ကို ကြည့်ပါ။



၂၀၀၁ခုနှစ်တွင် သစ်တောဥပဒေအသစ်တစ်ရပ်သည် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေပေးခဲ့ပြီး မဟာဗျူဟာဆိုင်ရာနည်းလမ်းတစ်ရပ်ဖြင့် စီးပွားရေးအလားအလာရှိသော သစ်တောများ တိုးပွားလာစေသည့် ဆောင်ရွက်ချက် အားလုံးနှင့် ပတ်သက်၍ ဥပဒေအရေးရာ အကြောင်းအရာ တစ်ရပ်/အခြေအနေတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့ ပါသည်။ အေကာ (Acre) တွင် မဟာဗျူဟာဆိုင်ရာမြေယာအသုံးပြုမှု အမျိုးအစားခွဲနှင့်ပတ်သက်၍ အဆိုပါ တစ်ဦးတစ် ယောက်ချင်းစီပါဝင်နိုင်သည့် လုပ်ငန်းစဉ်သည် အေကာ (Acre) ၏ မြေယာအသုံးပြုမှု စီမံကိန်းပုံစံကို အစပြုခဲ့ခြင်းဖြစ် ပါသည်။ အဆိုပါတစ်ဦး တစ်ယောက်ချင်းစီ ပါဝင်နိုင်သည့်/ ဒီမိုကရေစီစနစ်ကိုအခြေခံသည့် လုပ်ငန်းစဉ်တွင် ဒေသခံအဖွဲ့ အစည်းများမှ ကိုယ်စား လှယ်များ၊ ဒေသခံလူမှုအဖွဲ့အစည်းများ၊ လယ်သမားများ၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာ အစိုးရ မဟုတ်သည့် အဖွဲ့အစည်း များ၊ တက္ကသိုလ်များ၊ စိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်းများပါဝင်ပါသည်။ ယင်းလုပ်ငန်းစဉ် သည် ၂၀၀၆ခုနှစ်တွင် အောင်အောင်မြင်မြင်ပြီးဆုံးခဲ့ပါသည်။ ZEE သည် ပြည်ထောင်စုအစိုးရအကူအညီဖြင့် အတည်ပြု ထားသည့် ပြည်နယ်ဥပဒေ တစ်ရပ်ဖြစ်လာခဲ့ပြီး အေကာ (Acre) တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခြေခံ အကြောင်းအရင်းတစ်ရပ် ဖြစ်လာခဲ့ ပါသည်။ (မဟာဗျူဟာ ၁၊ ၁၀ ကို ကြည့်ပါ) ရလဒ်အနေ ဖြင့် Acre ၏ ၅၀ ရာခိုင်နှုန်း ခန့်ကို ဥပဒေအမျိုးအစားအမျိုးမျိုးအရ သစ်တောထိန်းသိမ်းကာကွယ် ရေးဒေသများအဖြစ် သတ်မှတ်၍ အများအားဖြင့် စုပေါင်းလုပ်ကိုင်နိုင်သည့် ဒေသန္တရ အခွင့်အလမ်းများနှင့် သုံးစွဲသူအခွင့်အရေးများကို ရေရှည်တည်တံ့စေမည့် စီးပွားရေး လုပ်ငန်းဆောင်ရွက်မှုများ အတွက် နေရာသတ်မှတ်ပေးခဲ့ပါသည်။ ဘရာဇီးနိုင်ငံရှိ သစ်တောလုပ်ငန်းသည် အများပိုင် သစ်တော သယံဇာတအရင်းအမြစ်များ အသုံးပြုပိုင်ခွင့်ကို တရားဝင်ခွင့်ပြုပေးပြီး သစ်တောများ ရေရှည် တည်တံ့စေမည့် စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ သင်တန်းများ၊ နည်းပညာဆိုင်ရာအကူအညီများ/ အထောက်အပံ့များနှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုများပေးခဲ့ပါသည်။ (မဟာဗျူဟာ ၁၀ နှင့် ၈ ကို ကြည့်ပါ) သစ်တောများကို စီးပွားရေး လုပ်ငန်းအတွက် အသုံးပြုခြင်းကို အထောက်အကူ ပြုရန် စီးပွားရေးယန္တရားအသစ်တစ်ရပ်ကိုလည်း အကောင်အထည် ဖော်ဆောင်ရွက်ခဲ့

မဟာဗျူဟာ ၁၀ ကို ကြည့်ပါ။

မဟာဗျူဟာ ၁၀ နှင့် ၈ ကို ကြည့်ပါ။

သည်။ စံချိန်စံညွှန်းသတ်မှတ်ထားခြင်းနှင့် အရည် အသွေး ထိန်းသိမ်းခြင်း၊ အနည်းဆုံး ဈေးပေးခြင်းနှင့် Natex ကွန်ဒုံး စက်ရုံ ဆောက်လုပ်ခြင်းတို့နှင့်သက်ဆိုင် သည့်စနစ် တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် သဘာဝ ရာဘာကဲ့သို့သော သစ်သားဖြင့် ပြုလုပ်ထားခြင်း မဟုတ်သည့် သဘာဝထုတ်ကုန်များကို တစ်ဖန်ပြန်၍ တန်ဖိုးထား တတ်စေရန် အထူးကြိုး ပမ်းဆောင်ရွက်ခဲ့ပါသည်။

စီးပွားဖြစ်သစ်တောထွက်ပစ္စည်းများကို တန်ဖိုးသတ်မှတ်ရာ၌ ဒေသခံသစ်တောထွက်ပစ္စည်း သုံးစွဲသူများကို ပါဝင်စေခြင်း အတွက် နည်းပညာဆိုင်ရာအကူအညီများပေးခြင်းသည် *the Cooperativa dos Produtores Florestais Comunitarios* (COOPERFLORESTA) နှင့် t*he Cooperativa Central de Comerializacao Extrativista do Acre* (COOPERACE) ကဲ့သို့ သော အမြတ်အစွန်းအတွက် မရည်ရွယ်သည့် သမဝါယမလုပ်ငန်းများ တည်ထောင်ခြင်းအားဖြင့် ပညာရှင် လုပ်ငန်း အခြေအနေသို့ ရောက်ရှိစေခဲ့ပါသည်။ အဆိုပါသမဝါယမလုပ်ငန်းများသည် သစ်တောထွက်ပစ္စည်းများ ရောင်းဝယ် ဖောက်ကားရာ၌ အေကာ (Acre) ရှိလူမှုရေးအသင်းအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများနှင့်အတူ ပါဝင်ပါသည်။ ၎င်းတို့သည် ဆင်းရဲနွမ်းပါးသည့် သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ လူမှုအဖွဲ့ အစည်းများကို ဝန်ဆောင်မှုများ၊ ထောက်ပံ့ပို့ဆောင်မှုများနှင့် စက်ယန္တရားများ ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ သစ်တော စီမံခန့်ခွဲမှု ဆိုင်ရာ လူမှုအဖွဲ့အစည်းများအကြား သတင်းအချက်အလက်များဖလှယ်ခြင်း၊ နည်းပညာနှင့် ဥပဒေရေးရာ ပြဿနာများပေါ်ပေါက်လာပါက အကြံဉာဏ်ပေးခြင်းနှင့် အများပြည်သူဆိုင်ရာမူဝါဒများ အကျိုးသက် ရောက်မှုရှိစေရန် ပြုလုပ်သည့် လုပ်ဆောင်ချက်တို့သည်လည်း သမဝါယမလုပ်ငန်း အဖွဲ့များ၏ လုပ်ငန်းကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ အချုပ် အားဖြင့်ဆိုသော် သမဝါယမလုပ်ငန်းများ၏ အဓိကတာဝန်မှာ တန်ဖိုးအမြင့်ဆုံး သတ်မှတ်ခြင်း အပြင် ဒေသ ထွက်သစ်သားဖြင့်ပြုလုပ်ထားသော ထုတ်ကုန်များနှင့် သစ်သားဖြင့်ပြုလုပ်ထားခြင်း မဟုတ်သည့် ထုတ်ကုန်များ ရောင်းဝယ်ဖောက်ကားခြင်းကို တိုးမြှင့်ဆောင်ရွက်ရန် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ ကုန်သည်များနှင့် အခြားသက်ဆိုင် ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ သစ်တောထွက်ပစ္စည်းများ တန်ဖိုးသတ်မှတ်ခြင်း အဆင့် ဆင့် ဆောင်ရွက်နေစဉ် တစ်လျှောက်လုံး၌ သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ လူမှုအဖွဲ့အစည်းများအနေဖြင့် ပိုမိုလွတ်လပ်စွာ လုပ်ဆောင်နိုင်စေရန် လူမှုအဖွဲ့အစည်းများမှ နည်းပညာရှင်များကို စနစ်တကျ လေ့ကျင့်သင်ကြား ပေးရမည်ဖြစ်ပါသည်။

အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများအား အသုံးပြုခြင်းကို အားကိုးအားထားပြုရသဖြင့် လူမှု အဖွဲ့အစည်းများသည် ၎င်းတို့၏လူမှုဘဝများကို အကာအကွယ်ပေးရန် အထောက်အပံ့များ လိုအပ်နေကြောင်း အေကာ (Acre) ၏ အခြေအနေက ညွှန်ပြနေပါသည်။ မြေလုပ်ပိုင်ခွင့်အခွင့်အရေးကို အလွယ်အကူ အသိအမှတ်ပြုရန် လိုအပ်သော်လည်း ၎င်းကိုယ်တိုင် လုံလောက်မှုမရှိနိုင်ပေ။ အတိအကျဆိုရလျှင် အများပိုင်ဘုံမြေများအား လုပ်ပိုင်ခွင့်အခွင့်အရေးများကို နောက်ဆုံးတွင် တရားဝင်အသိအမှတ်ပြု၍ အာမခံချက် ရှိကြောင်းသေချာစေရန် ဥပဒေရေးရာ၊ စီးပွားရေးနှင့် လူမှုရေး ဆိုင်ရာအားထုတ်ကြိုးပမ်းမှုများကို စဉ်ဆက်မပြတ်၊ ပုံမှန်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အခြေအနေသည် ဒေသခံ အခွင့်အရေးရရှိ ထားသူများ၏ အကျိုးစီးပွားများနှင့် လုပ်နိုင်စွမ်းတို့အပေါ် မူတည်နေသည့် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ် တစ်ရပ်ဖြစ်ပေါ်လာခြင်းသည် လက်တွေ့၌ ခက်ခဲရှုပ်ထွေးမှုရှိကြောင်း ညွှန်ပြနေပါသည်။

**ထပ်မံဖတ်ရှုသင့်သော စာအုပ်များ**


**INPE/PRODES.** 2016, *Acre ပြည်နယ်* (**http://www.dpi.inpe.nbr/prodesdigital/prodesmunicipal.php** တွင်ဖတ်ရှုနိုင်သည်) Imazon.2010 ကိုလည်းကြည့်ပါ။ Fatos florestais da Amazônia 2010, p. 23. Belém (Brazil), Instituto do Homem e Meio Ambiente da Amazônia (Imazon) (**http://imazon.org.br/PDFimazon/Portugues/livros/atos-florestais-da-amazonia-2010.pdf** တွင်ဖတ်ရှုနိုင်သည်။)

**Acre ပြည်နယ်အစိုးရ တရားဝင် website:** **http://www.ac.gov.br/wps/portal/acre/Acre/home**

**သစ်တောပိုင်ဆိုင်ခွင့်နှင့် သယံဇာတအရင်းအမြစ်များဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊** ၂၀၁၅။ *လက်တင်အမေရိကတွင် မြေယာများကို မည်သူပိုင်ဆိုင် သနည်း။ လက်တင်အမေရိကတွင် တိုင်းရင်းသားမျိုးနွယ်စုများ နှင့် လူမှုအဖွဲ့အစည်းများ၏ မြေယာပိုင်ဆိုင်ခွင့် အခြေအနေ။* ဝါရှင်တန်ဒီစီ၊ သစ်တောပိုင်ဆိုင်ခွင့်နှင့် သယံဇာတအရင်းအမြစ် များဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (RRI). **http://www.rightsandresources.org/wp-content/uploads/FactSheet_English_WhoOwn-stheLandinLatinAmerica_web.pdf** တွင်ဖတ်ရှုနိုင်သည်။)

**The Economist.** 2012. *The Brazilian Amazon: The new rubber boomlet.* 29 November 2012. (**http://www.economist.com/news/americas/21567380-brazilian-state-acre-pioneering-approach-development-seeks-make-most** တွင်ဖတ်ရှုနိုင်သည်။)

**Duchelle, A.E., Greenleaf, M., Mello, D., Gebara, M.F. & Melo, T.** 2014. Acre's State System of Incentives for Environmental Services (SISA), Brazil. In E.O. Sills, S.S. Atmadja, C. de Sassi, A.E. Duchelle, D.L. Kweka, I.A.P. Resosudarmo and W.D. Sunderlin, eds. *REDD+ on the ground: A case book of subnational initiatives across the globe,* pp. 33–50. Bogor (Indonesia), Centre for International Forestry Research. (**http://www.cifor.org/publications/pdf_files/books/BCIFOR1403.pdf** တွင်ဖတ်ရှုနိုင်သည်။)

**Verocai, I., TLudewigs, T. & de Fátima Gomes Pereira, V.** 2012. *Programa de desenvolvimento sustentável do Acre – PDSA II. Expansão da economia florestal. Relatório de avaliação ambiental e social.* Rio Branco, Secretaria de Estado de Planejamento e Secretaria de Estado de Meio Ambiente do Estado do Acre. (**http://idbdocs.iadb.org/wsdocs/getdocument.aspx?docnum=36657493** တွင်ဖတ်ရှုနိုင်သည်)

## ၁၁ မဟာဗျူဟာ ၁၁ – ဒေသဆိုင်ရာအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို အထောက်အပံ့ပြုသည့် ရင်းနှီးမြှုပ်နှံသူများနှင့်ချုပ်ဆိုထားသော စာချုပ်များ သို့မဟုတ် ဆောင်ရွက်သည့်အစုစပ်လုပ်ငန်းများ အနေဖြင့် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့် အခွင့်အရေး များကို ချိုးဖောက်မှုမရှိစေရေး သို့မဟုတ် လူ့အခွင့်အရေးများ အပေါ်ချိုး ဖောက်မှုမရှိစေရေးတို့ကို သေချာစေရန်

### အခြေခံသဘောတရား

ဒေသခံအသေးစားထုတ်လုပ်သူများ အသုံးပြုသည့်၊ စီမံခန့်ခွဲသည့်၊ ပိုင်ဆိုင်သည့်နယ်မြေများ အတွင်းရှိ စိုက်ပျိုးရေး၊ မြေယာ၊ သစ်တောများနှင့် ငါးလုပ်ငန်းများတွင် ပြည်တွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများက ပြုလုပ်သည့် ရင်းနှီးမြှုပ်နှံမှုများကို ဒေသခံ သယံဇာတအရင်း အမြစ်သုံးစွဲသူများက ၎င်းတို့၏ သယံဇာတအရင်းအမြစ်များကို သုံးစွဲခွင့်အား တားမြစ်နိုင်ပါသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်း၍ စတင်ဆောင်ရွက်ခြင်း၊ စေ့စပ်ဆွေးနွေးခြင်းနှင့် သဘောတူ ဆုံးဖြတ်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အကာအကွယ်ပေးရေးကဏ္ဍ (လမ်းညွှန်ချက် များပါ ပုဒ်မ၃.၇)၊ အများပိုင်မြေယာ၊ ငါးလုပ်ငန်း များနှင့် သစ်တောများ(ပုဒ်မ ၃.၈)၊ ဓလေ့ထုံးထမ်းနှင့်ညီသည့် လုပ်ပိုင်ခွင့်စနစ်များ(ပုဒ်မ ၃.၉)နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်သည့် အခြေခံသဘောတရားများ(ပုဒ်မ ၄.၁၂)အပါအဝင် လမ်းညွှန်ချက်များတွင် ပါရှိသည့် သက်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် အညီ စည်းမျဉ်းစည်းကမ်းအချို့ကို လိုက်နာရန်လိုအပ်သည်။ ယေဘုယျအားဖြင့် သက်ဆိုင်မှုရှိသော်လည်း အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများကို ကာကွယ်ရန်အတွက် အထူးအရေးပါ ပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် အများ ပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို အထူးသဖြင့် (ဥပမာ– စားကျက်မြေ၊ သစ်တောများ၊ ပြောင်းရွှေ့ထွန်ယက်စိုက်ပျိုးသည့်နယ်မြေများ၊ အသေးစားငါးဖမ်းလုပ်ငန်း) တို့ကို ဖယ်ထုတ်ထား၍ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလျှင် သို့မဟုတ် မျိုးနွယ်စုများတွင် ပြင်းပြခိုင်မာသည့် သဘောထားမရှိလျှင်(နိုင်ငံတော်အစိုးရက မကြာခဏ တွန်းအားပေးခြင်းကြောင့်) မကြာခဏ ပစ်မှတ်ထားလေ့ရှိပါသည်။ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို အထူးသဖြင့် လူမှုအဖွဲ့အစည်းပိုင် မြေယာများ၊ ငါးလုပ်ငန်းများ သို့မဟုတ် သစ်တောများကို နိုင်ငံတော်က တရားဝင်ပိုင်ဆိုင်သည့် အခြေအနေများနှင့် သက်ဆိုင်ပါသည်။ သို့ရာတွင် မြေယာများ၊ ငါးလုပ်ငန်းများ သို့မဟုတ် သစ်တောများကို ဥပဒေအသစ်အရ လူမှုအဖွဲ့အစည်းများက တရားဝင်ပိုင်ဆိုင်သည့် အခြေအနေများတွင် ဖြစ်ပွားလေ့ရှိပါသည်။ လူမှုအဖွဲ့အစည်းအတွင်းမှ ဒေသခံခေါင်းဆောင်များနှင့် အထက်တန်းလွှာလူတန်းစားများသည် ငွေရေးကြေးရေးအမြတ် အစွန်းရရှိမှုအပေါ်မူတည်၍ အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို ရောင်းချရန် အလွယ်တကူ သွေးဆောင်ဖြားယောင်းနိုင်ပါသည်။ အကျိုးဆက်

အနေဖြင့် သက်ဆိုင်ရာအဖွဲ့အားလုံး သည် မျှတ၍ပွင့်လင်းမြင်သာသည့် လုပ်ထုံးလုပ်နည်းများကိုကျင့်သုံး၍ ရေရှည်တည်တံ့ပြီး လူမှုရေးအရ လက်ခံနိုင်သည့်အကျိုးရလဒ်များကို ယေဘုယျအားဖြင့် ရရှိအောင်ဆောင်ရွက်နိုင်ရုံသာမက အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများလုပ်ပိုင်ခွင့်အခွင့်အရေးများကို အကာအကွယ်ပေးခြင်းအား အထူးထည့်သွင်း စဉ်းစားရန်လည်း လိုအပ်ပါသည်။

## <u>သီးခြားအကြံပြုချက်များ</u>

ဆန်းသစ်ပြောင်းလဲထားသည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှအစုဝင်များသည်အောက်ပါအခြေခံအကြောင်းအချက်များကိုလိုက်နာ၍ ရရှိခဲ့သည့်သင်ခန်းစာများကို လက်ခံသင်ယူသရွေ့ ဝင်ငွေဖြစ်ပေါ်စေ သည့်/ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် ရေရှည်တည်တံ့စေမည့် လမ်းကြောင်းများကို ဖန်တီးရန်နှင့် ထောက်ခံ အားပေးရန် အလားအလာရှိပါသည်။

၁။ **ပြည်နယ်များနှင့် လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များသည် ရင်းနှီးမြှုပ်နှံမှုများက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နစ်နာစေခြင်းမရှိကြောင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများအား တရားဝင်လုပ်ပိုင်ခွင့်အခွင့်အရေး များကို ချိုးဖောက်ခြင်းမရှိကြောင်းနှင့် လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ စံသတ်မှတ်ချက်များနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ အလေ့အထများကိုအလေးထားစေရန်လိုအပ်ပါသည်။ ပြည်နယ်များနှင့် လူမှုအဖွဲ့အစည်းများသည် စီးပွားရေးလုပ်ငန်း များ၊ အလှူရှင်များ၊ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ ပြည်နယ် နှင့်အခြားသူများက လူမှုအဖွဲ့အစည်းများ၏ အကျိုးစီးပွားအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုခုကို ပြုလုပ် ခဲ့ကြောင်းနှင့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများလုပ်ပိုင်ခွင့် အခွင့်အရေးများချိုးဖောက်ခြင်းကို ကာကွယ်ပေးသည့် ဥပဒေများ ပြဋ္ဌာန်းခဲ့စေရမည်ဖြစ်ပါသည်။** အဆိုပါ အကာအကွယ်များတွင် ခွင့်ပြုပေးနိုင်သော မြေယာအရောင်း အဝယ်များနှင့်စပ်လျဉ်း၍ အမြင့်ဆုံးသတ်မှတ်ချက်များ ထုတ်ပြန်ခြင်းနှင် ပါလီမန်လွှတ်တော်၏သဘောတူညီချက်(လမ်းညွှန်ချက်များပါ ပုဒ်မ ၁၂.၆)ဖြင့် တိကျသည့် အမိန့်တစ်ရပ်ကို အတည်ပြုခြင်းထက် မည်သို့လွှဲပြောင်းပေးမည်ဆိုသည့်စည်းမျဉ်းများ သတ်မှတ်ခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။ လမ်းညွှန်ချက်များအရ မြေလုပ်ပိုင်ခွင့်အခွင့်အရေးများ အကြီးစားလွှဲပြောင်းမှု တစ်ရပ်ရပ်ကို ရှောင်ရှားရမည်ဖြစ်ပါသည်။ အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများအား လုပ်ရိုးလုပ်စဉ်ကိုသွေဖီ၍ ပြောင်းလဲခြင်းကို တားမြစ်ရန် သဘာဝတရား အရဖြစ်စေ၊ မူလကရည်ရွယ်ထားသည့် ကိစ္စရပ်များအတွက် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို အသုံးပြုခြင်းအား တားမြစ်သည့် လုပ်ဆောင်ချက်များအရဖြစ်စေ အထူးကြိုးပမ်းအားထုတ်ဆောင်ရွက်မှု ပြုရမည် ဖြစ်ပါသည်။ တစ်လှည့်စီအသုံးပြုရန်အများပိုင်ဘုံမြေယာများကို ပြောင်းလဲသည့်ကိစ္စရပ်တွင် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများကို သုံးစွဲသူအားလုံးအပါအဝင် လူမှုအဖွဲ့အစည်း၏ 'သဘောတူညီချက်' (ညှိနှိုင်း တိုင်ပင်မှုအစား)ကို အဖြစ်မနေရယူရမည်ဖြစ်ပါသည်။ ဒေသဆိုင်ရာလူမှု အဖွဲ့အစည်းများ၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းဆိုင်ရာမဟာဗျူဟာများ၏ ခက်ခဲရှုပ်ထွေးမှု၊ လူမှုအဖွဲ့အစည်းတစ်ခု(အထူးသဖြင့် အများပြည်သူနှင့်သက်ဆိုင် သည့် မြေယာဘုံပစ္စည်းများကို အသုံးပြုသူများ)အတွင်း ချို့တဲ့သည့် အဖွဲ့အစည်းများက ကန့်ကွက်သည့် လုပ်ရိုးလုပ်စဉ်ကို သွေဖီနိုင်သော အရောင်းအဝယ်များနှင့် အနာဂတ်မျိုးဆက်များအပေါ် သက်ရောက်မှုရှိနိုင်သည့် ဈေးနှုန်းများကြောင့် လျော်ကြေးငွေ အားလုံးကို သင့်လျော်သလိုသတ်မှတ်ရန် သဘောတူလက်ခံခြင်းမရှိပေ။ ၎င်းတို့၏ အခွင့်အရေးများကို ဆုံးရှုံး ရသည့်လူမှုအဖွဲ့အစည်းများအတွက် အဆိုပါလျော်ကြေးငွေ တစ်ရပ်ရပ်တွင် သဘာဝသယံဇာတအရင်းအမြစ် တန်ဖိုးနှင့် ဆက်သွယ်ရေးကွန်ယက်များအပြင် လွှဲပြောင်းပေးနိုင်သည့် သဘာဝသယံဇာတအရင်းအမြစ်များ၏ အနာဂတ် တန်ဖိုးလည်း ပါဝင်မည်ဖြစ်ပါသည်။ အထူးသဖြင့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ၏ တန်ဖိုးနှင့် စပ်လျဉ်း၍ အထက်ပါအချက်များအားလုံးသည် စီးပွားရေးတွက်ချက်မှုများတွင် အောင်မြင်စွာရရှိရန် ခက်ခဲပါ သည်။

၂။ **အထူးသဖြင့် နိုင်ငံပိုင်မြေယာများကို ရင်းနှီးမြှုပ်နှံသူများက အဓိကဦးတည်ထားလျှင် လမ်းညွှန်ချက်များပါ အခြေခံသဘောတရားများအရ လူမှုအဖွဲ့အစည်းများကို ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတွင် စီးပွားဖက် အဖြစ် အသိအမှတ်ပြု၍ လုပ်ငန်းစဉ်များသည် မျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး ယုံကြည်စိတ်ချရကြောင်း သေချာအောင်ပြုလုပ်ရန် နိုင်ငံတော်အာဏာပိုင်များတွင် တာဝန်ရှိပါသည်။** ကောင်းမွန်သည့်အလေ့အထ အဖြစ် အသိအမှတ်ပြုနိုင်သည့် ဒေသခံမျိုးနွယ်စုများအတွက် လွတ်လပ်၍ ဦးစားပေးသင့်ပြီး အသိပညာပေးနိုင်သည့် အခြေခံသဘောတရားအပြင် အခြားလူမှုအဖွဲ့အစည်းများအနေဖြင့် ပါဝင်ညှိနှိုင်းဆောင်ရွက်နိုင်သည့် အခြေခံသဘောတရား(လမ်းညွှန်ချက်များပါ ပုဒ်မ ၃(ခ)၊ ပုဒ်မ ၁၂.၆ နှင့် ပုဒ်မ ၉)လည်း ပါဝင်ပါသည်။ လက်ရှိအချိန်၌ တရားဝင်ကာကွယ်ပေးထားခြင်းမရှိသည့် လူမှုအဖွဲ့အစည်း များက တရားဝင်မြေလုပ်ပိုင်ခွင့် အခွင့်အရေးများရှိသည့် နိုင်ငံပိုင်မြေယာ၊ ငါးဖမ်း လုပ်ငန်းများ သို့မဟုတ် သစ်တောများကို

ရင်းနှီးမြှုပ်နှံသူများကပစ်မှတ်ထားလျှင် နိုင်ငံတော်၏ တာဝန်မှာအထူး အရေးပါလှပါသည်။ လူမှုအဖွဲ့အစည်းများက ပိုင်ဆိုင်မှုအခွင့်အရေးများကို ထိန်းချုပ်ထားနိုင်သော်လည်း ၎င်းတို့၏ အတွေ့အကြုံနှင့် အသိပညာနည်းပါးမှုကြောင့် လုံခြုံမှုမရှိနိုင်ဘဲ ဆွေးနွေးညှိနှိုင်းရာ၌ ခိုင်မာမှုမရှိသည့် အခြေအနေဖြစ်ပါက အဆိုပါအခြေအနေများတွင် နိုင်ငံများ အနေဖြင့် အထောက်အကူ ပြုနိုင်သည့် လုပ်ထုံးလုပ်နည်းများ ပံ့ပိုးပေးရမည်ဖြစ်ပါသည်။ လူမှုအဖွဲ့အစည်းများသည် ဆွေးနွေးညှိနှိုင်း မှုများတွင် တန်းတူရည်တူမိတ်ဖက်များဖြစ်ပြီး အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ နှင့် ၎င်းတို့၏ အသက်အမွေး ဝမ်းကျောင်းလုပ်ငန်းများအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်ဟု ယူဆသည့် ရင်းနှီးမြှုပ်နှံ မှုများကို ငြင်းပယ်နိုင်ကြောင်း နိုင်ငံတော်အနေဖြင့် သေချာအောင်ပြုလုပ်ရမည်။ ဤသို့ပြုလုပ်ခြင်းသည် လူမှုအဖွဲ့အစည်း များနှင့် ယင်းတို့၏ ရင်းနှီးမြှုပ်နှံမှုစီးပွားဖက်များအကြား ရင်းနှီးမြှုပ်နှံမှု၏ အကျိုးစီးပွားများနှင့် အန္တရာယ်များကို ညီတူညီမျှ ခွဲဝေပေးသည့် လုပ်ဆောင်ချက်တစ်ရပ်ကို အထောက်အပံ့ပေးခြင်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်ရာ၌ ပြင်ပ စီမံကိန်း လည်ပတ်မှုများကြောင့် လူမှုအဖွဲ့အစည်းများအနေဖြင့် ဒေသခံပိုင်ရှင်များ ဖြစ်စေနိုင်ပြီး ဒေသန္တရ လုပ်ငန်းများ မတော်တဆပြိုလဲသွားခြင်းကို ရှောင်ရှားနိုင်ပါသည်။ ကိစ္စရပ်နှစ်ခုလုံးတွင် မြေလုပ်ပိုင်ခွင့် အခွင့်အရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတော်အနေဖြင့်ဖြစ်စေ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေဖြင့်ဖြစ်စေ လုပ်ကိုင် ဆောင်ရွက်မည်ဆိုပါက အရပ်ဘက်လူ့အဖွဲ့အစည်း များသည် အထူးသဖြင့်လူမှုအဖွဲ့အစည်းများမှ ချို့တဲ့သည့်အဖွဲ့ဝင် များကို ကြီးကြပ်ခြင်းနှင့် အထောက်အပံ့ပေးရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်ပါသည်။

၃။ **သင့်လျော်သည့် လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးစေရန်နှင့် လူမှုအဖွဲ့အစည်းအတွက် ဝင်ငွေ ရရှိစေပြီး ဆောင်ရွက်ဆဲ လုပ်ငန်းများကို အထောက်အပံ့ပေးနိုင်သော ရေရှည်တည်တံ့စေမည့် ရင်းနှီး မြှုပ်နှံမှုစီမံကိန်းတစ်ခုတွင် ရင်းနှီးမြှုပ်နှံသူ များနှင့် သဘောတူစာချုပ်ချုပ်ဆိုရန် လူမှုအဖွဲ့အစည်းများကို အထောက်အပံ့ပေးရာ၌ အရပ်ဘက်လူ့အဖွဲ့အစည်းများ သည် အဓိကကျသည့် အခန်းကဏ္ဍမှပါဝင်ပါသည်။** အရပ်ဘက်လူ့အဖွဲ့အစည်းများသည် တရားဝင်အခွင့်အရေးရရှိ ထားသူများ သက်ဆိုင်ရာအစုရှယ်ယာရှင်များ(ဥပမာ–နေရာစီစဉ်ပေးသူများ) ကျယ်ပြန့်၍ ပွင့်လင်းမြင်သာမှုမရှိသည့် ဆွေးနွေးပွဲနှင့် ဆုံးဖြတ်ချက်ချမှတ်ရမည့် လုပ်ငန်းစဉ်များကို ကူညီပေးရမည် သို့မဟုတ် အထောက်အပံ့ ပေးရမည် ဖြစ်ပါသည်။ လုပ်ငန်းစဉ်သည် ပူးတွဲချမှတ်ထားသည့် ရည်မှန်းချက်များနှင့် လူမှုအဖွဲ့အစည်းတွင်ချမှတ်ထားသည့် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ပြဋ္ဌာန်းချက်များအပေါ်အခြေခံရမည် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုသည် လူမှုအဖွဲ့အစည်းကို အမှန်တကယ် အမျိုးပြုကြောင်း၊ အများပိုင်ဘုံမြေ များကို အသိအမှတ်ပြုကြောင်းနှင့် ဒေသဆိုင်ရာအသက်မွေးဝမ်းကြောင်းလုပ်ငန်း များနှင့် စားနပ်ရိက္ခာ ဖူလုံရေးအတွက် အထောက်အပံ့ပေးကြောင်း သေချာစေရန် ရင်းနှီးမြှုပ်နှံသူသည် လူ့အခွင့်အရေး ဆိုင်ရာ အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်းသည့် အစီရင်ခံစာနှင့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု နှင့်စပ်လျဉ်းသည့် အစီရင်ခံစာတို့ကို ဘက်မလိုက်သည့်အဖွဲ့အစည်းထံသို့ တင်ပြခဲ့ကြောင်း သက်သေပြရမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကို မရွေးချယ်မီ ယင်းစာချုပ် စာတမ်းပါ အကြောင်းအရာများအပေါ် အလေးအနက်ထားစဉ်းစား၍ ဆက်လက်ဆောင်ရွက်ရန် အချိန်အလုံအလောက်ရှိရမည်ဖြစ်ပါသည်။ အစိုးရအာဏာပိုင်များသည် ရင်းနှီးမြှုပ်နှံသူအား ဒေသန္တရအခြေအနေများနှင့် အကျွမ်းတဝင်ရှိ၍ အကျိုးစီးပွားများ၊ အန္တရာယ်များနှင့်စပ်လျဉ်း၍ ယထာဘူတကျသည့် ခြုံငုံသုံးသပ်ချက်တစ်ရပ်ကို ပေးနိုင်သည့် ဘက်မလိုက်သည့်အဖွဲ့အစည်း တစ်ခုကို ထောက်ခံပေးရန် တာဝန်ရှိပါသည်။ လူမှုအဖွဲ့အစည်းများသည် အစိုးရ သို့မဟုတ် ရင်းနှီး မြှုပ်နှံသူက ထောက်ခံပေးသည့် သို့မဟုတ် တာဝန်ပေးသည့် အန္တရာယ် ရှိ၊ မရှိ အကဲဖြတ်သူများ သို့မဟုတ် အထူးကျွမ်းကျင်သူများနှင့်/သို့မဟုတ် ယင်းတို့အပြင် ၎င်းတို့၏ ပုဂ္ဂလိက အကြံပေးပုဂ္ဂိုလ် အား လွတ်လပ်စွာသီးသန့် ရွေးချယ်ရမည်ဖြစ်ပါသည်။ အဆိုပါ အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း သည့် အစီရင်ခံစာများကို ပွင့်လင်းမြင်သာသည့်နည်းလမ်းဖြင့် လူသိရှင်ကြား ထုတ်ဖော်ပြောကြား၍ သဘောတူစာချုပ်နှင ့် သက်ဆိုင် သည့် ဆွေးနွေးညှိနှိုင်းမှုများတွင် ထည့်သွင်းစဉ်စားရမည်ဖြစ်ပါသည်။

၄။ **ဆွေးနွေးညှိနှိုင်းသည့်လုပ်ငန်းစဉ်ကဲ့သို့ ပဋိပက္ခများကို အချိန်မီရှောင်ရှားနိုင်ရန်အလို့ငှာ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်း များသည် ပွင့်လင်းမြင်သာ၍ မျှတမှုရှိရမည်ဖြစ်သည်၊ နိုင်ငံတော်အာဏာပိုင်များ သို့မဟုတ် လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များ(ဆွေးနွေးညှိနှိုင်းမှုများကို ဦးဆောင်သူအပေါ် မူတည်၍)သည် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း၊ ရင်းနှီးမြှုပ်နှံ သူ၊** အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် သဘောတူ စာချုပ်အပါအဝင် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အချိန်မီ လူသိထင်ရှား ထုတ်ဖော်ပြောကြားရမည် ဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အချက်တွင် လူမှုအဖွဲ့အစည်းများ နှင့် ဆက်သွယ် ဆောင်ရွက်မှု လွယ်ကူချောမွေ့ စေသည့် အရေးကြီး သတင်းအချက်အလက်များကိုပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုသဘောတူ စာချုပ်မချုပ်ဆိုမီ သက်ဆိုင်ရာ သတင်းအချက်အလက်အားလုံးကို ပွင့်လင်းမြင်သာမှုရှိစွာ ရရှိစေခြင်းတို့ပါဝင်ပါသည်။ လူမှုအဖွဲ့အစည်းများကို ဆက်လက် အရေးယူဆောင်ရွက်နိုင် ရန်အလို့ငှာ သဘောတူစာချုပ်များရပ်စဲခြင်းနှင့်ပတ်သက်၍

ပွင့်လင်းမြင်သာမှုရှိရန် လည်း လိုအပ်ပါသည်။ အဓိကဝန်ဆောင်မှုများကို ဒေသသုံးသင့်လျော်ရာဘာသာစကားတစ်မျိုးမျိုးဖြင့် အခမဲ့ဆောင် ရွက်ပေးရ မည် ဖြစ်သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများသည် အများပြည်သူဆိုင်ရာသတင်းအချက်အလက်များ ထုတ်ဖော်ပြောကြားရန်တောင်းဆိုခြင်းနှင့် စစ်ဆေးခြင်းတို့တွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သည်။

၅။ **အစိုးရအာဏာပိုင်များ၊ ရင်းနှီးမြှုပ်နှံသူနှင့် တာဝန်ရှိလူမှုအဖွဲ့အစည်းများအား ထိန်းချုပ်ရန် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်များသည် လမ်းညွှန်ချက်များနှင့်ဆက်စပ်နေသော အပြည်ပြည် ဆိုင်ရာစံသတ်မှတ်ချက်များ၊ ပြဌာန်းသတ်မှတ်ချက်များ ကိုက်ညီမှုရှိရမည်ဖြစ်ပါသည်။** ရင်းနှီးမြှုပ်နှံမှု နှင့်ဆိုင်သည့် အမှုတစ်ခုဖွင့်သည့်အခါ သဘောတူစာချုပ်တွင် စောင့်ကြည့်စစ်ဆေးသည့်နည်းလမ်း၊ တိုင်ကြားသည့်နည်းလမ်းနှင့် တာဝန်ရှိမည့်တရားရုံးအမည်တို့ကိုလည်း ဖော်ပြရမည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များကဲ့သို့သော သဘောတူစာချုပ်များနှင့် နောက်ဆက်တွဲပြဌာန်းချက်များကို စစ်ဆေးနိုင်ရန်အတွက် စစ်ဆေးခြင်း၊ တိုင်ကြားခြင်းနှင့် တရား စွဲဆိုခြင်းဆိုင်ရာ လုပ်ငန်းစဉ် များကို ဒေသန္တရအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် ဆက်သွယ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ထပ်မံဆွေးနွေးမှုများ*အနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် အကြောင်းအရာပါ မြေယာလုပ်ပိုင်ခွင့်အခွင့်အရေးများကို အကာအကွယ်ပေးခြင်း ဆိုင်ရာ နည်းပညာလမ်းညွှန်ချက်* နံပါတ် ၄ (ကုလသမဂ္ဂ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့၊ ၂၀၁၅) ၊ *လွတ်လပ်၍ ဦးစားပေးသင့်ပြီး အသိပညာပေးခြင်းဆိုင်ရာ နည်းပညာလမ်းညွှန်ချက်* နံပါတ် ၃ (ကုလ သမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့၊ ၂၀၁၄)နှင့် *စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာအစီအစဉ်များတွင် ယုံကြည် တ်ချစွာ ရင်းနှီးမြှုပ်နှံမှုအတွက် အခြေခံသဘောတရားများ*(ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး ကော်မတီ၊ ၂၀၁၄) တို့ကို ကြည့်ပါ။

## ၁၂ မဟာဗျူဟာ ၁၂ ။ ဥ ပဒေပြုခြင်းနှင့် အဖွဲ့အစည်းများ၏ ထိန်းချုပ်ဆောင်ရွက်ခြင်းအပေါ် သုံးသပ်ချက်၊ လုပ်ငန်းစဉ်များနှင့် တရားဥ ပဒေစိုးမိုးရေးတို့တွင် ပါဝင်ပတ်သက်သူအမျိုးမျိုးအတွက် အဆင်ပြေလွယ်ကူ စေရေးဆောင်ရွက်ပေးရန်

### အခြေခံသဘောတရား

တာဝန်ခံမှုမြင့်မားလာခြင်း၊ အဂတိလိုက်စားမှု၊ အများပြည်သူပါဝင်မှုတို့ကို တားဆီးခြင်းနှင့် သတင်း ရပိုင်ခွင့်တို့သည် အရေးပါလှပါသည်။ ပါဝင်ပတ်သက်သူများအား ထိန်းချုပ်ဆောင်ရွက်ခြင်းသည် ပိုမို ပွင့်လင်းမြင်သာမှုရှိစေရန်၊ ယုံကြည်မှုတည်ဆောက်ရန်နှင့် မူဝါဒချမှတ်သူများ၊ စီမံအုပ်ချုပ်သူများ၊ လူမှုအဖွဲ့အစည်းခေါင်းဆောင်များ၊ အလှူရှင်များ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိ ပုဂ္ဂလိကအခန်းကဏ္ဍစသည်တို့ကို ထိန်းချုပ်ရန်အတွက် အစွမ်းထက်သည့်နည်းလမ်း လက်နက်တစ်ခုပင်ဖြစ်သည်။ အကောင်အထည်ဖော်၍ ပြဌာန်းရန် ဥ ပဒေများနှင့်မူဝါဒများကို မူကြမ်းရေးဆွဲရာ တွင်ဖြစ်စေ၊ ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများပါ အချက်များအားလုံးတွင်ဖြစ်စေ၊ လုပ်ပိုင်ခွင့် ဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ အဖွဲ့အစည်းဆိုင်ရာ ထောက်လှမ်းစုံစမ်းခြင်းနှင့် ချိန်ညှိပေးခြင်း၊ ထိန်းချုပ်ဆောင်ရွက်ခြင်းနှင့် သုံးသပ်ခြင်းတို့ကို ဖြည့်စွက်ခြင်းအား ထပ်ခါထပ်ခါ ပြုလုပ်ရမည့် လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ပြုလုပ်ရမည်ဖြစ်ပါသည်။ တည်ဆဲဥပဒေအားသုံး သပ်ခြင်းသည် ဥပဒေများ၊ မူဝါဒများနှင့် စီမံအုပ်ချုပ်အဆင့်တွင် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့နှင့် ညီညွတ်မှုရှိအောင်ဆောင်ရွက်ရန်၊ ယင်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ရန်အပြင် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာ ဘုံပစ္စည်းများ လုပ်ပိုင်ခွင့် အခွင့်အရေးများ၏ အကျိုးသက်ရောက်မှု မြင့်မားလာစေရန် အထူးအရေးကြီးသည်။ အရပ်ဘက် လူ့အဖွဲ့အစည်းများသည် တာဝန်ခံ၍ ထိန်းချုပ်ဆောင်ရွက်ရာတွင် အထူးကဏ္ဍမှပါဝင်၍ အားနည်းချက်များနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းကို တိုးမြှင့်ဆောင်ရွက်ရန် တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ တိုင်တန်းသည့် နည်းလမ်းကို သတ်မှတ်ပေးရမည်ဖြစ်ပါသည်။

### သီးခြားအကြံပြုချက်များ

၁။ **ဥပဒေမူဘောင်တွင် အဖွဲ့အစည်းများ၊ လုပ်ငန်းစဉ်များ၊ အစိုးရအေဂျင်စီများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများအား ယေဘုယျ ထိန်းချုပ်ဆောင်ရွက်ခြင်းနှင့် သုံးသပ်ခြင်းတို့နှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ ပါဝင်ရန်လိုအပ်**

**ပါသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ နှင့် အခွင့်အရေးရရှိထားသူများကဲ့သို့သော ပါဝင်ပတ်သက်သူများက ပါဝင်ကြားနာနိုင်သော ယေဘုယျ ထိန်းချုပ် ဆောင်ရွက်ခြင်းနှင့် သုံးသပ်ခြင်းလုပ်ငန်းစဉ်များကို အစိုးရကအသိအမှတ်ပြု၍ လွယ်ကူအဆင်ပြေအောင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။** အချုပ်အားဖြင့်ဆိုရသော် အစိုးရများက ပုံမှန်ကျင်းပ၍ မကျေနပ်မှု တိုင်တန်းသည့်နည်းလမ်းများကိုပေးနိုင်သည့် အမျိုးမျိုးသော ပါဝင်ပတ်သက်သူများ နှင့် အခွင့်အရေးရရှိထားသူများဆွေးနွေးပွဲကို ကျင်းပပေးရန်နှင့် လွယ်ကူအဆင် ပြေအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ အစိုးရများသည် တရားဥပဒေစိုးမိုးရေး၊ ဥပဒေဆိုင်ရာမျှတမှုနှင့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများကိုလုပ်ပိုင်ခွင့်ရှိသူများ၏ မြေလုပ်ပိုင်ခွင့်အခွင့်အရေးများကို ချိုးဖောက်သည်ဟု သတ်မှတ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တိုင်တန်းခြင်းတို့ပြုလုပ်ရာ၌ သေချာမှုရှိစေရန် တရားစီရင်ရေးကို ထိန်းချုပ်ဆောင်ရွက်နိုင်သူ အစိုးရဌာနများအပေါ်မကျေနပ်ချက်များကို စုံစမ်းတင်ပြရန် အစိုးရက ခန့်အပ်ထားသောအရာရှိတစ်ဦးကို သီးသန့်ခန့်အပ်ရန်လိုအပ်ပါသည်။ ထို့ပြင် တာဝန်ခံမှုကို အောက်မှအထက်နှင့် အထက်မှအောက် နည်းလမ်းနှစ်ရပ်လုံးဖြင့်ပြုလုပ်ရမည်ဖြစ်သည်။ ဒေသခံ လူမှု အဖွဲ့အစည်းများကို သဘာဝသယံဇာတ အရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များ ချမှတ်သူ၊ တရားဝင်အခွင့် အရေးရရှိထားသူများအဖြစ် အသိအမှတ်ပြုရမည်ဖြစ်ပါသည်။ တစ်ချိန်ထဲမှာ ပင် ဒေသခံအာဏာ ပိုင်များအနေဖြင့် လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည့် နည်းလမ်းများရှိရမည်ဖြစ်ပြီး အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများသည် လူအချို့၏အကျိုးစီးပွားအတွက် အပိုင်စီးခြင်း ခံရပါက လျော်ကြေးတောင်းပေးရမည်ဖြစ်ပါသည်။

၂။ **တစ်ချိန်ထဲမှာပင် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပညာရေးအဖွဲ့အစည်းများသည် ထိန်းချုပ်ဆောင်ရွက်ခြင်းနှင့် အသိပညာပေးမှု မြှင့်တင်ခြင်းတို့တွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ပါသည်။** ဥပမာအားဖြင့် ရှေ့နေများနှင့် တရားသူကြီးများအပြင် ဓလေ့ထုံးထမ်းများနှင့် အညီဖြစ်သော မြေလုပ်ပိုင်ခွင့်စနစ်များနှင့် အများသုံးဘုံမြေများနှင့် စပ်လျဉ်းသည့် ဥပဒေအရ နောက်ကြောင်းရာဇဝင်ရှိပြီး ဥပဒေရေးရာ အငြင်းပွားဖွယ်ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများဖြင့် ဖော်ပြခြင်းခံရသည့် နယ်စပ်တွင်နေထိုင်သူများကိုလည်း ပစ်မှတ်ထားနိုင်ပါ သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် သုတေသနပညာရှင်များသည် အကောင်အထည်ဖော်ခြင်းနှင့် ပြဋ္ဌာန်းခြင်းလုပ်ငန်းစဉ်များရှိ ကန့်သတ်ချက်များနှင့် ဟာကွက်များကို ဖော်ပြထားသည့် ထိန်းချုပ်ဆောင်ရွက်ခြင်းဆိုင်ရာအစီရင်ခံစာများကို အများပြည်သူများအတွက် ထုတ်ဖော်တင်ပြရာ၌ အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်သည်။ ၎င်းတို့သည် ဥပဒေများပြဋ္ဌာန်းရာ၌ သင့်လျော်သည့် နည်းလမ်းများနှင့် နည်းစနစ်များ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်အတူ ဥပဒေများကို ဘာသာပြန်ထားပြီး အများပြည်သူ နားလည်နိုင်သည့်ပုံစံများဖြင့် အများပြည်သူနှင့်သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများကို အသိအမှတ်ပြုခြင်းနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ပြီးမြောက်အောင်မြင်မှုများနှင့် အထွေထွေ ရည်မှန်းချက်များနှင့် ပတ်သက်သည့် သုံးသပ်ချက်စာတမ်းများကိုလည်း ထုတ်ဖော်တင်ပြ ရမည်ဖြစ်ပါသည်။

၃။ **ဥပဒေပြုရေး၊ စီမံအုပ်ချုပ်ရေးကဏ္ဍတို့နှင့်ပတ်သက်၍ သုံးသပ်ရန်၊ ညီညွတ်မှုရှိအောင် ပြုလုပ်ရန်တာဝန်မှာ နိုင်ငံတော်အစိုးရ၏တာဝန်ဖြစ်ပြီး အရပ်ဘက်လူ့အဖွဲ့အစည်းများက အထောက်အကူပြု နိုင်ပါသည်။** ပြီးပြည့်စုံသည့်ရလဒ်တစ်ခု ရရှိရန်အလို့ငှာ သုံးသပ်ခြင်းနှင့် ညီညွတ်မှုရှိအောင် ပြုလုပ်ခြင်း လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့် များရှိ အစိုးရအာဏာပိုင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့ အစည်းများအပါအဝင် သယံဇာတစီမံခန့်ခွဲရေး အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များလည်းပါဝင်ရမည်ဖြစ်ပါသည်။ အထက်ပါအချက်ကို ပြုလုပ်ရန် နည်းလမ်း အမျိုးမျိုး ရှိပါသည်–

- စကားရပ်များအစားထိုးထားသည့်ဥပဒေများ ညီညွတ်မှုရှိစေရန်နှင့် အခြားသက်ဆိုင်ရာ စကားရပ်များအစားထိုးထားသည့် ဥပဒေများပါ ရည်ညွှန်းကိုးကားထားသည့် အရေးကြီးသောပြဋ္ဌာန်းချက်များကို ပြန်လည်သုံးသပ်၍ သင့်လျော်သလို ပြုပြင် ပြောင်းလဲရန်။ ဥပမာအားဖြင့် လူမှုအဖွဲ့အစည်းစီမံခန့်ခွဲမှုမှရရှိလာသည့် ထုတ်ကုန် များကို ရောင်းဝယ်ဖောက်ကားခြင်းနှင့် အခွန်စည်းကြပ်ခြင်းတို့ကို ထိန်းချုပ်ထား သည့်ဥပဒေများက အလွန်အမင်း ယုတ်လျော့အောင်မပြုလုပ်နိုင်သည့် သယံဇာတအရင်းအမြစ်များကို စီမံခန့်ခွဲသော လူမှုအဖွဲ့အစည်းများသည် အများပြည်သူနှင့် သက်ဆိုင်သည့် မြေယာဘုံပစ္စည်းများမှ အကျိုးအမြတ်များရရှိကြောင်း သေချာစေပါသည်။ မြေယာ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရာသီဥတု၊ သစ်တော၊ ငါးလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး နှင့် ခရီးသွားလုပ်ငန်း ကဲ့သို့သော ကဏ္ဍများတွင် စကားရပ်များအစားထိုးထားသည့် ဥပဒေအမျိုးမျိုးနှင့် မူဝါဒများကို ထည့်သွင်းစဉ်းစားရန်နှင့် ၎င်းတို့သည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ကွဲလွဲမှု မရှိကြောင်း သို့မဟုတ် အဟန့်အတားမဖြစ်ကြောင်း သေချာစေ၍ ညီညွတ် အောင်ပြုလုပ်ရန် အရေးကြီးသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှု၊ အစိုးရနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများမှကုန်စည်များ၊ ဝန်ဆောင်မှုများ၊

ထုတ်ကုန်များကို ရောင်းဝယ်ခြင်း နှင့် လုပ်ပိုင်ခွင့်ခွဲဝေပေးခြင်းဆိုင်ရာ ဥပဒေများကိုစိစစ်၍ ညီညွတ်မှုရှိအောင် ပြုလုပ်ရမည်ဖြစ်သည်။ ကိစ္စရပ်/အခြေအနေများအားလုံးတွင် ညီညွတ်မှုရှိအောင် ပြုလုပ်ရာ၌ လူ့အခွင့်အရေးများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဥပဒေများ၊ စံသတ်မှတ်ချက်များ(လမ်းညွှန်ချက်များပါ ပုဒ်မ ၃၆) နှင့် ချိန်ညှိရမည် ဖြစ်ပါသည်။

- အမျိုးမျိုးသောဥပဒေများနှင့်မူဝါဒများကို ပြန်လည်သုံးသပ်၍ ဥပဒေများနှင့်မူဝါဒများ ညီညွတ်မှုရှိအောင်ပြုလုပ်ရန် ရည်ရွယ်ပြီး ကဏ္ဍအသီးသီးရှိ ဝန်ကြီးဌာနများ (မကြာခဏ ယှဉ်ပြိုင်ခြင်း) အကြား ဆုံးဖြတ်ချက်ချမှတ်၍ စီမံခန့်ခွဲရာတွင် အမျိုးမျိုးသော ပါဝင်ပတ်သက်သူများက ကြီးကြပ်ကွပ်ကဲသည့်အဖွဲ့ကို ဖွဲ့စည်းရန်တို့လိုအပ်ပါသည်။

# ၄

# ယေဘုယျဆန်သောဗျူဟာများအားဒေသဆိုင်ရာအနေအထားနှင့် ကိုက်ညီစွာဖော်ဆောင်သည့်လုပ်ငန်းစဉ်





# ၄။ ယေဘုယျဆန်သည့်ဗျူဟာများအားဒေသ ဆိုင်ရာအနေအထားနှင့် ကိုက်ညီစွာဖော်ဆောင် သည့် လုပ်ငန်းစဉ်

"အဖြေတစ်ခုတည်းက အခြေအနေအရပ်ရပ်အတွက်သင့်လျော်သည်" ဟူသည့် တစ်သတ်မတ်တည်းသော ချဉ်းကပ်မှု နည်းလမ်းမျိုးမရှိပါ။ ရှေ့ဖော်ပြပါ အခန်းများတွင် တင်ပြထားသည့်ဗျူဟာများသည် ကမ္ဘာနှင့်အဝှမ်း ဆက်စပ်မှုရှိသော ယေဘုယျဆန်သည့် ဗျူဟာများဖြစ်ကြပါသည်။ သို့ဖြစ်သော ကြောင့် ယင်းတို့ကို အကောင်အထည်ဖော်ရာတွင် လမ်းညွှန်ချက်များ၏ အခန်း § 13.5 တွင်လိုအပ်သည်ဟု ဖော်ပြထားသည့်အတိုင်း နိုင်ငံအသီးသီးရှိ– နိုင်ငံတစ်ခု တွင်းမှာပင်လျှင်– မတူညီသောဒေသ အခြေအနေနှင့် လိုက်လျောညီထွေရှိအောင် လုပ်ဆောင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ကြီးမားသော စိန်ခေါ်မှုမှာ တစ်ဖက်တွင်ရှိသော ယေဘုယျဆန် သည့်ဗျူဟာများနှင့် ရှင်းလင်းပြသထားသည့် လမ်းညွှန်ပါအခြေခံစည်းမျဉ်း များကို တိကျစွာ လိုက်နာလျက် အခြားတစ်ဖက်မှလည်း ဒေသတွင်း အခြေအနေနှင့် ကိုက်ညီစေရန် ပြုပြင် ပြောင်းလဲ အကောင်ထည်ဖော်နိုင်စွမ်းမြင့်မားမှုနှင့် ဒေသတွင်း ဖန်တီးမှုနှင့် ဆန်းသစ်တီထွင်မှု ပေးနိုင်စွမ်း တို့အကြား ဟန်ချက်ညီအောင် ထိန်းသိမ်းရန်ဖြစ်သည်။ ယေဘုယျ ဆန်သည့်ဗျူဟာ များနှင့် ဒေသနှင့်သက်ဆိုင်သည့်အခြေအနေ၊ လိုအပ်ချက်နှင့် အသိပညာ ဗဟုသုတတို့အကြား ကိုက်ညီသည့် လုပ်ငန်းစဉ်နှင့်ပေါင်းစပ်မှသာ လိုအပ်သည့် အခြေအနေအတွက် တိကျသောအဖြေများ ရရှိနိုင်ပါမည်။ ဤလုပ်ငန်းစဉ်၏အဆုံးတွင် သက်ဆိုင်ရာ ရလဒ်တိုင်းသည် လမ်းညွှန်ချက် စည်းမျဉ်းများနှင့် ကိုက်ညီသင့်ပြီး ယင်းတို့နှင့် ကွဲလွဲမနေသင့်ပေ။ ယင်းလုပ်ငန်းစဉ်တွင် ဒေသ လုပ်ငန်းစဉ် ခွဲခြမ်းစိတ်ဖြာခြင်း၊ စဉ်းစားဆင်ခြင်ခြင်း၊ ပါဝင်ဆောင်ရွက်ခြင်း၊ ရှေ့ပြေးစမ်းသပ်ပြုလုပ်ခြင်း၊ သရုပ်ပြခြင်း၊ သဘောတရားတို့ကိုချပြခြင်းနှင့် အောင်မြင်သော အလေ့အကျင့်များအား ပြန်လည်ချိန်ညှိခြင်း တို့လိုအပ်ပါသည်။

ဤအပိုင်းသည် နည်းပညာဆိုင်ရာ လမ်းညွှန်ချက်များ၏ ယေဘုယျဆန်သည့်ဗျူဟာများကို အခြေအနေနှင့်ကိုက်ညီသည့် ဗျူဟာများအဖြစ်သို့ အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်ကို ရေးသားတင်ပြထားပြီး၊ ယင်းလုပ်ငန်းစဉ်၏ နည်းနာအဆင့်များကို အကျဉ်းချုံးရှင်းပြထားပါသည်။ ဤအခန်းသည် နိုင်ငံတော်အဆင့်နှင့် ဒေသတွင်းအဆင့် အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်၌ တာဝန်ယူရသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ၄င်းကိုထောက်ပံ့ပေးသောသူများအတွက် လမ်းညွှန်ပေးရန် ရည်ရွယ်ပါသည်။ တိုင်းရင်းသားများ၊ လယ်သမားများ၊ ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေး ဝမ်းကြောင်းပြုသူများ၊ တိရစ္ဆာန်မွေးမြူ ရေးလုပ်ကိုင်သူများနှင့် အခြားအသက်မွေးဝမ်းကြောင်းပြုသူများ၊ အလားတူ မြေယာမဲ့သူများနှင့် ဖယ်ကျဉ်ခံထားရဆုံးသူများနှင့် ထိခိုက်လွယ်သူများအပါအဝင် ဒေသခံ အဖွဲ့အစည်းများအတွက် တရား ဥပဒေအရ မြေယာလုပ်ပိုင် အာမခံချက်ရရှိစေရန် နိုင်ငံတော်အစိုးရများသည် အဓိကကျသော တာဝန်ရှိသူများဖြစ်ကြပါသည်။ အကြံပြုထားသည့် နည်းလမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ **တီထွင်ဖန်တီးမှုနှင့် လိုက်လျောညီထွေဖြစ်စေရေး စဉ်ဆက်မပြတ်လုပ်ဆောင်ခြင်းတို့ အတွက် လူ့အသိုက်အဝန်းအား နေရာပေးခြင်း။** အခြေအနေနှင့်ကိုက်ညီသည့်ဗျူဟာများ၊ နည်းလမ်း များနှင့် အလေ့အကျင့်များကို သတ်မှတ်ဖော် ထုတ်ခြင်း သည် ဒေသဆိုင်ရာအတွေ့အကြုံမှ သင်ယူလေ့လာမှု အပေါ်အခြေခံလျက် သင့်လျော်သည့်နည်း လမ်းတစ်ခု အဖြစ် လူ့အသိုက်အဝန်းများကို လမ်းညွှန်ရန်နှင့် ပံ့ပိုးကူညီရန်အတွက် အရေးကြီးပါသည်။ ရေးသားထုတ်ဝေထားသည့်– လမ်းညွှန်ချက်များနှင့် ညး်လမ်းများ– အခြေအနေနှင့်ကိုက်ညီစွာရေးဆွဲထားသည့်ဗျူဟာများသည် လမ်းညွှန်ချက် မူ ဘောင်နှင့်ကိုက်ညီနေပါလျှင် လူ့အဖွဲ့အစည်း၏ကိုယ်ပိုင်မူဟန်ဖြင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းကို တားဆီး

ခြင်း သို့မဟုတ် ဆုံးဖြတ်ရန်လွှမ်းမိုးခြင်းမျိုး မည်သည့်အခါမှ မဖြစ်သင့်ပေ။ သို့ဖြစ်သောကြောင့် ဒေသအလိုက် အခြေအနေနှင့်ကိုက်ညီသည့်ဗျူဟာများသည် ဒေသတစ်ခုချင်းစီအလိုက် ပြောင်းလဲမှုများနှင့် သင်ယူလေ့လာမှု လုပ်ငန်းစဉ်များကို ခြုံငုံမိစေ နိုင်လောက်သည်အထိ ကျယ်ပြန့်သင့် သည်။

၂။ **စတင်ဆောင်ရွက်မှုမပြုမီ ဒေသအခြေအနေကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း။** ဒေသအဆင့် ခိုင်မာစွာ အသေးစိတ် လေ့လာခြင်းသည် ဒေသအခြေအနေအမျိုးမျိုးနှင့်ကိုက်ညီသော နည်းလမ်းတစ်ခုဖြင့် ဥပဒေပြုရေး၊ ထောက်ပံ့စနစ်များနှင့် အဖွဲ့အစည်းများကို ဒီဇိုင်းပုံစံရေးဆွဲရန် သို့မဟုတ် ပြန်လည်ပြုပြင်ပြောင်းလဲနိုင်ရန် ကြိုတင်လုပ်ဆောင်ရမည့် လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ ယင်းတွင် တည်ဆဲမြေယာဓလေ့ထုံးတမ်းအစဉ်အလာစနစ်များ (တည်ဆဲလုပ်ထုံး လုပ်နည်းများနှင့် လုပ်ပိုင်ခွင့် အာဏာဆက်နွယ်မှုများအပါအဝင်) နှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှုကျင့်ထုံးများ (ဘုံပစ္စည်းများအတွက် အသုံးပြုခွင့်ကို အထူးအလေးထားမှုနှင့်အတူ)နှင့် ဆက်စပ်နေသော ပြဿနာများ၊ အတားအဆီး များနှင့်ပဋိပက္ခများအား အကဲဖြတ်စစ်ကြောမှုတို့ ပါဝင်ပါသည်။ ထိုကဲသို့သော ခွဲခြမ်းစိတ်ဖြာလေ့လာမှုကို လူမှုအဖွဲ့အစည်း ပေါင်းစုံအား ကိုယ်စားပြုသော နယ်ပယ်များတွင် ဆောင်ရွက်သင့်ပါသည်။ ဒေသဆိုင်ရာ အသိပညာ ဗဟုသုတနှင့် အသိအမြင်များကို ပြည့်စုံစွာ ထည့်သွင်းစဉ်းစားနိုင်ရန် ယင်းအသေးစိတ်လေ့လာခြင်းတွင် အများပူးပေါင်းပါဝင်နိုင်သည့်နည်းလမ်းများ ကို ထည့်သွင်းသင့်ပါသည်။

၃။ **ဦးစားပေးသတ်မှတ်ခြင်း။** ဆောင်ရွက်ချက်များအတွက် အရင်းအမြစ်များနှင့် စွမ်းဆောင် ရည်များသည် အတိုင်းအတာတစ်ခုအထိ အကန့်အသတ်ရှိမည်ဆိုလျှင် မြေယာပိုင်ဆိုင်ခွင့်မှတ်ပုံတင်ခြင်း လုပ်ငန်းကို တစ်ချိန်တည်းတွင် နေရာအားလုံး၌ ဆောင်ရွက်နိုင် မည်မဟုတ်ပေ။ လမ်းညွှန်ချက်မှ အကြံပြုထားသည်မှာ အမျိုးသားအဆင့် ဦးစား ပေးလုပ်ငန်းများ(§ 7.4) အရ နယ်မြေဒေသတစ်ခုပြီးမှ တစ်ခု သို့တိုး၍လုပ်ဆောင်သင့်ပါသည်။ နယ်မြေများဦးစားပေးသတ်မှတ်မှုကို လုပ်ငန်း၏အရေးကြီးမှု သို့မဟုတ် လူ့အဖွဲ့အစည်း၏ အဆင်သင့်ဖြစ်မှုနှင့် စိတ်ဝင်စားမှု သို့မဟုတ် နှစ်ခုလုံးပါဝင်မှုတို့အရ ဆောင်ရွက်နိုင်သည်။ များသောအားဖြင့် မြေယာခွဲဝေချထားခြင်းနှင့် မြေယာလွှဲပြောင်းခြင်းတို့ လုပ်ဆောင်နေသည့်နေရာများသည် အမှန်တကယ်ခြိမ်းခြောက်ခံနေရသော ဘုံမြေနေရာများ ဖြစ်ပြီး အဆိုပါဘုံမြေယာများကို အရေးတကြီး ကာကွယ်ပေးရန်လိုအပ်ကြောင်း တွေ့ရှိရသည်။ အဆိုပါဘုံမြေယာများသည် များသောအားဖြင့် ရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားနေသည့် နေရာများ သို့မဟုတ် မြေယာနှင့်သဘာဝသယံဇာတများအတွက် ပဋိပက္ခဖြစ်နေသော နယ်မြေများ ဖြစ်ကြပါသည်။ စိတ်ဝင်စားမှု ရှိပြီး ကောင်းစွာကြိုတင်ပြင်ဆင်ထားသော လူ့အဖွဲ့ အစည်းများနှင့် လက်တွဲလုပ်ကိုင်ရပါက လုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်ရန်အထောက်အကူဖြစ်ပါသည်။ ဖော်ထုတ်ပြသနိုင်မည့် အလေ့အကျင့်ကောင်းနမူနာများကိုတွေ့ရှိကာ အတွေ့အကြုံ လျှင်မြန်စွာ ရရှိလာခြင်း၊ တိုးတက်မှုအလျှင်အမြန်ဖြစ်လာခြင်းတို့ကြောင့် လုပ်ငန်းစဉ်ကို အရှိန်အဟုန် ရစေပါသည်။ ရပ်ရွာလူ့အဖွဲ့အစည်းအဆင့်တွင် စိတ်ဝင်စားမှုရှိပြီး ကောင်းစွာဖွဲ့စည်းထားသော လုပ်ဖော်ကိုင်ဖက်များရှိခြင်းသည် ယင်းလုပ်ငန်းစဉ်သည် အောင်မြင်နိုင်ကြောင်း၊ မည်သို့ဆောင်ရွက် မည်ဖြစ်ကြောင်းနှင့် လူများအတွက် မည်သည့်အကျိုးကျေးဇူးများရှိကြောင်း ဖော်ဆောင်ပေးပါသည်။

၄။ **လူ့အဖွဲ့အစည်းကို အမျိုးအစားအလိုက် ခွဲခြားပါ။** နိုင်ငံတစ်ခုအတွင်းမှာပင် အခြေအနေများသည် ကြီးမားစွာကွဲပြား လေ့ရှိပါသည်။ အချို့အဆင့်များတွင် လူမှုအဖွဲ့အစည်း တစ်ခုချင်းစီသည် အများနှင့် မတူထူးခြားပြီး ၎င်းတို့အတွက် တိကျပြီး သီးသန့်ရေးဆွဲထားသောနည်းလမ်း လိုအပ်နိုင်ပါသည်။ သို့ရာတွင် အချို့သောလူ့အသိုက်အဝန်းများတွင်တူညီချက်များ ရှိသဖြင့် ဘုံနည်းလမ်းတစ်ခုကို လူ့အသိုက်အဝန်းတစ်ခုတွင် အသုံးပြုနိုင်သလို အခြားလူ့အသိုက်အဝန်း တစ်ခုတွင် ကွဲပြားသော နည်းလမ်းကို အသုံးပြုရသည်လည်း ရှိတတ်ပါသည်။ လူဦးရေသိပ်သည်းမှုအရသော်လည်းကောင်း၊ ကျေးလက်မြို့ပြ အနေအထားအရသော်လည်းကောင်း (ဥပမာ–မြို့ပြတစ်ပိုင်းမှ ဝေးလံ ခေါင်သီသည့် ကျေးလက် ဒေသအထိ)၊ မြေယာအသုံးချမှု အဓိကအမျိုးအစားများအရ လည်းကောင်း (ဥပမာ–လုပ်ကွက်ငယ် တောင်သူများ၊ တံငါလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူ ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ သစ်တောအသုံး ပြုသူများ)၊ လူနေမှုအဆင့်အတန်းအရသော်လည်းကောင်း၊ ဆင်းရဲနွမ်းပါးမှု အခြေအနေအရသော်လည်းကောင်း၊ ဘုံမြေယာဆိုင်ရာ အားနည်းချက်၊ အားသာချက်များ အရလည်းကောင်းနှင့် ယဉ်ကျေးမှုစရိုက် လက္ခဏာများနှင့် မြေယာစီမံခန့်ခွဲမှုနှင့်ဆက်စပ်မှုရှိသောစနစ်များအရ လည်းကောင်း လူ့အဖွဲ့အစည်းများကို ခွဲခြားနိုင်သည်။ လူ့အဖွဲ့အစည်းများကို ခွဲခြားထားသည့် ထိုအချက်များမှ အချို့ကို ပေါင်းစပ် လိုက်ပါ က လုပ်ဆောင်ရမည့် တိကျသောနည်းလမ်းကို ဖော်ထုတ်နိုင်ပါသည်။ အကျိုးဆက်အနေဖြင့် ပုံစံအမျိုး မျိုးရှိသော လူ့အဖွဲ့အစည်းများကို အုပ်စုလိုက် ခွဲခြားလိုက်ခြင်းသည် တိကျသောနည်းလမ်းကို ရှာဖွေရာ တွင် များစွာအားထုတ်ရန်မလိုဘဲ လူ့အဖွဲ့အစည်း တစ်ခုချင်းစီအတွက် တိကျသောဗျူဟာ ဒီဇိုင်းပုံစံ ရေးဆွဲနိုင်စေပါသည်။

၅။ **ရှေ့ပြေးစမ်းသပ်ခြင်း။** လျော်ကန်မှုရှိသော အတွေးအခေါ်များ၊ အောင်မြင်သောဗျူဟာများ နှင့် ဆန်းသစ်တီထွင်မှုရှိသော အလေ့အကျင့်များသည် လက်တွေ့ကျသောအတွေ့အကြုံများပေါ်တွင် အခြေခံရန်လိုအပ်ပါသည်။ ယင်းသည် အဖွဲ့

အစည်းဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်များအတွက်သာမက နည်းပညာဆိုင်ရာ စမ်းသပ်တီထွင်မှုများအတွက်ပါ အကြိုးဝင်ပါသည်။ အချို့ရွေးချယ်ထားသော လူ့အဖွဲ့အစည်းတွင် ယင်းတို့ကို စမ်းသပ်ကြည့်ရန်လိုပါသည်။ ရှေ့ပြေးစမ်းသပ်ခြင်းဆိုသည်မှာ အစမ်းပြုလုပ်ခြင်းဖြင့် လေ့လာသင်ယူခြင်းကို ဆိုလိုပါသည်။ ယင်းသည် သတ်မှတ်ထားသော ဝန်းကျင်တစ်ခုတွင် နည်းလမ်းတစ်ခုကို စမ်းသပ်ခြင်း၊ လေ့လာခြင်း ၊ဆွေးနွေးခြင်း၊ အတွေ့အကြုံများနှင့် ရလဒ်များကို ရှေ့ပြေးစမ်းသပ်မှုအစပြုသည့်ကာလတစ်လျှောက် စနစ်တကျခွဲခြမ်းစိတ်ဖြာ ခြင်းတို့ကို ဆိုလိုပါသည်။ ရှေ့ပြေးစမ်းသပ်မှုသည် ပါဝင်သည့်လူ့အဖွဲ့အစည်းများသာမက အခြားသော လူ့အဖွဲ့အစည်းများနှင့် ၎င်းတို့အားပံ့ပိုးမှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှု အေဂျင်စီများကိုလည်း စနစ်တကျသင်ယူနိုင်ရန် အထောက်အကူညီပြုပါသည်။ ပါဝင်ဆွေးနွေးမှုများနှင့် တာဝန်ရှိသူများအားလုံး (ဥပမာ–လူ့အဖွဲ့အစည်းများ၊ ဝန်ဆောင်မှုပေးသူများ၊ အစိုးရအဖွဲ့အစည်းများ) ပါဝင်သော သုသေသန လုပ်ငန်းဖြင့် ဤစမ်းသပ်မှုများကို တွဲဖက်ဆောင်ရွက်သင့်သည်။ ကိုယ်စားပြုရွေးချယ်ထားသည့် လူ့အဖွဲ့အစည်း၏ ရှေ့ပြေးစမ်းသပ်မှုမှရရှိသော အတွေ့အကြုံများကို အလုပ်ရုံဆွေး နွေးပွဲတွင် ဆွေးနွေးပြီး သင်ခန်းစာယူကာ၊ မိမိတို့အခြေအနေနှင့်ကိုက်ညီသည့် မဟာဗျူဟာများကို ရေးဆွဲနိုင်ပါ သည်။ ရှေ့ပြေးစမ်းသပ်မှုကို ဆောင်ရွက်ရာတွင် နေရာအမျိုးမျိုးအတွက် ထိုးထွင်းသိမြင်ခွင့်ရရှိ၍ အနာဂတ်လုပ်ငန်းစဉ်များကို အထောက်အကူပြုသော်လည်း ခိုင်လုံသောအသေးစိတ် အစီအစဉ်များကို ပေးစွမ်းမည်မဟုတ်ဟု သတိပြုသင့်ပါသည်။


၆။ **အလေ့အကျင့်ကောင်းများ အသုံးပြုခြင်း။** လူ့အဖွဲ့အစည်းတစ်ခုချင်းစီမှ သင်ခန်းစာများကို အလေ့အကျင့်ကောင်း နမူနာများအဖြစ် အသုံးပြုနိုင်ပါသည်။ ထိုသင်ခန်းစာများတို့သည် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချသူများကို ယုံကြည်မှုရှိစေရန် အထောက်ကူပြုပြီး အခြားလူအဖွဲ့အစည်းများကို စိတ်အားတက်ကြွစေပြီး အင်အားဖြစ်စေနိုင်ပါသည်။ သို့သော် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ခေါင်းဆောင်မှု အရည်အသွေးကဲ့သို့သော အသေးစိတ်အခြေအနေပေါ်တွင်လည်း မူတည်နိုင်ပါသည်။ အဓိကစရိုက်လက္ခဏာများတူညီသည့် မတူကွဲပြားသော လူအဖွဲ့အစည်းများအကြား စနစ်တကျ နှိုင်းယှဉ်ပြီးမှသာ အလားတူစရိုက်လက္ခဏာများရှိသည့် အခြားလူ့ အဖွဲ့အစည်းများမှ အသုံးပြုသော အတွေးခေါ်အသိမြင်၊ ဗျူဟာ သို့မဟုတ် နည်းလမ်းများကို မိမိတို့အတွက် ခိုင်မာသောအခြေခံနည်းလမ်းအဖြစ် ပုံတူကူးဆောင် ရွက်နိုင်ပါသည်။ (အချက် ၄ ကို ကြည့်ပါ)။ မိမိအတွက်အကောင်းဆုံးသင့်လျော်မှုရှိသော နည်းလမ်းများကို အလျှင်အမြန် လေ့လာရန် ရပ်ရွာလူထု၏ ဘုံမြေယာဆိုင်ရာအုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှု အတွေ့ အကြုံများကို စနစ်တကျခွဲခြမ်း စိတ်ဖြာသင့်ပြီး ဒေသဆိုင်ရာ လက်တွေ့အထောက်အထားများမှ ရရှိသောသင်ခန်းစာများနှင့်နှိုင်းယှဉ်သင့်ပါသည်။ ဤဖြစ်စဉ်၏ အဆင့်အမျိုးမျိုးတို့တွင် လေ့လာ တွေ့ရှိချက်များ အားဆွေးနွေးတင်ပြရန် အလုပ်ရုံဆွေးနွေးပွဲအကြိမ်ကြိမ်ပြုလုပ်နိုင်ပါသည်။ တစ်ချိန်တည်းမှာပင် အလုပ်ရုံဆွေးနွေးများက ဘုံမြေယာဆိုင်ရာကိစ္စရပ်များနှင့် ရပ်ရွာလူထု အခြေပြုစီမံ ခန့်ခွဲမှုတို့၏ ပြဿနာများကို အများသိရှိရန် အထောက်အကူဖြစ်စေနိုင်ပါသည်။ ဘုံမြေယာစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုတို့အတွက် လိုအပ်သော ဥပဒေများရေးဆွဲခြင်း၊ လမ်းညွှန်ချက်များ အကောင်အထည်ဖော်ခြင်းနှင့် သင်တန်းလက်စွဲများ ရေးသားရာတွင် စနစ်ကျသော၊ အတွေ့အကြုံ အခြေခံ၍ ဒေသအခြေ အနေနှင့်ကိုက်ညီသော၊ အများပါဝင်သည့် အလေ့အကျင့်ကောင်းများ ပါဝင်သည့်လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ရန် အရေးကြီးပါသည်။ ဤရည်မှန်းချက်အောင်မြင်ရန် သတင်း အချက်အလက်များစုဆောင်းနိုင်သော၊ စနစ်တကျရှိပြီး နှိုင်းယှဉ်နိုင်၊ ခွဲခြမ်းစိတ်ဖြာနိုင်သည် ဒေတာဘေ့စ်များ ထူထောင်ပါက အထောက်အကူပြုနိုင်ပါသည်။

ဤနည်းနာအဆင့်များသည် မူဝါဒတစ်ရပ်လုံး အကောင်အထည်ဖော်သည့်လုပ်ငန်းစဉ်တွင် ထိရောက်မှုရှိခြင်း၊ လက်ခံနိုင်ဖွယ်ရာတသမတ်တည်းရှိခြင်း၊ ဒေသလိုအပ်ချက်နှင့် ကိုက်ညီစွာ ချိတ်ဆက်ချမှတ်ခြင်းများပါဝင်သည့်လုပ်ငန်းစဉ်တစ်ခု၏ အစိတ်အပိုင်းတစ်ခုအဖြစ် တွေ့မြင် နိုင်ပါသည်။။ ယင်းသည် လမ်းညွှန်ချက်များ၏ စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီစွာ အချိန်နှင့်တစ်ပြေးညီ အကောင်းဆုံး အသင့်လျော်ဆုံးသော နည်းလမ်းများဖြစ်လာရန် ပံ့ပိုးပေးနိုင်ပါသည်။

# ၅

## နောက်ဆက်တွဲ





# ၅။ နောက်ဆက်တွဲ

## ၅.၁။ နောက်ဆက်တွဲ–၁၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

### ရပိုင်ခွင့်အစုအဝေး

ရပိုင်ခွင့်အစုအဝေးတွင် ရယူခွင့်၊ ရပ်သိမ်းခွင့်နှင့်တစ်ပါးသူပိုင်မြေကို အသုံးပြုခွင့်နှင့် ခံစားခွင့်များ စသည်ရပိုင်ခွင့် များနှင့် စီမံခန့်ခွဲခွင့်၊ ချန်လှပ်ခွင့်နှင့် မိမိအားပွံပိုးနေမှုကို ရပ်ဆိုင်းခွင့်ကဲ့သို့သော ထိန်းချုပ်ခွင့် သို့မဟုတ် ဆုံးဖြတ် ချက်ချပိုင်ခွင့်များ ပါဝင်နိုင်ပါသည်။ ပိုင်ဆိုင်မှုဟုဆိုရာတွင် အရင်းအမြစ်တစ်ခုကို မိမိတစ်ဦးတည်းသာ ထိန်းချုပ်ခွင့်အဖြစ် မကြာခဏ တွေးတတ်ကြပါသည်။ ရပိုင်ခွင့်အစုအဝေးများကို အမြဲတမ်းသို့မဟုတ် ယာယီထိန်းထားနိုင်ပြီး ပုံမှန်ပြန်လည်ညှိနှိုင်းနိုင်ပြီး အစုအဖွဲ့မှသဘောတူနိုင်ပါသည်။ အများပြည်သူဆိုင်ရာ ဘုံပစ္စည်းပိုင်ဆိုင်မှု အခွင့်အရေးသည် အချိန်ကာလနှင့် ပထဝီ အနေအထားတို့တွင် ထပ်နေသည်များလည်းရှိနိုင်ပါသည်။ ထို့ကြောင့် အစုအဖွဲ့များသည် ဘုံအရင်းအမြစ်များကို အသုံးပြုရာ တွင် ပြိုင်ဆိုင်မှုရှိသောကြောင့် ပြင်ပမှပုဂ္ဂိုလ်များကို အရင်းအမြစ်များကို သုံးစွဲခြင်းမှ ဖယ်ရှားခွင့်သည် အရေးကြီးသည်နှင့်အညီ ၎င်းတို့၏ ဘုံမြေပိုင်ဆိုင်ခွင့်ကို အာမခံချက်ရှိစေနိုင်ရေး ပြုလုပ်နိုင်ပေသည်။

### စုပေါင်းအခွင့်အရေးများ

အများပြည်သူဆိုင်ရာ ဘုံပစ္စည်းများကို စုပေါင်းထိန်းထားနိုင်သည် သို့မဟုတ် အစုအဖွဲ့တစ်စု သို့မဟုတ် လူ့အဖွဲ့အစည်းက ပိုင်ဆိုင်နိုင်ပါသည်။ ဤကဲ့သို့ စုပေါင်းထိန်းသိမ်းထားသော သဘာဝအရင်းအမြစ်များကို ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် မိသားစု တစ်စုက ပိုင်ဆိုင်သော အရင်းအမြစ်များမှ ခွဲခြားထားနိုင်ပါသည်။ စုပေါင်းအသုံးပြုသော အများပြည်သူ ဆိုင်ရာ ဘုံပစ္စည်း ဘုံပိုင်မြေနှင့် တစ်ဦးချင်းက ထိန်းထားသော အရင်းအမြစ် နှစ်ခုလုံးအပါအဝင် လူ့အဖွဲ့အစည်းတစ်ခု၏ ပိုင်နက် သို့မဟုတ် နယ်ပယ်တစ်ခုလုံးကို ရည်ညွှန်းရန် "တစ်ဦးတစ်ယောက်က ပိုင်ဆိုင်ခြင်းထက် ရပ်ရွာတစ်ခုလုံးက ပိုင်ဆိုင်သည် ('communal') ဟူသော ဝေါဟာရကို မကြာခဏ အသုံးပြုလေ့ရှိပါသည်။

### ဘုံပစ္စည်း

ဘုံပစ္စည်းဆိုသည်မှာ (များသောအားဖြင့် ရပ်ရွာလူထုအဖွဲ့အစည်းတစ်ခုအဖြစ် နားလည်ထားကြသည့်) လူအုပ်စုတစ်စုအနေဖြင့် မြေယာ၊ ငါးလုပ်ငန်းနှင့်၊ သစ်တောလုပ်ငန်းများနှင့် ရေလှောင်ကန်များ ကဲ့သို့ သော သဘာဝ အရင်းအမြစ်များကို ဘုံပိုင်ပစ္စည်း အဖြစ်စုပေါင်း အသုံးပြု စီမံခန့်ခွဲခြင်းကို ဆိုလိုပါ သည်။ အခွင့်အရေးရရှိသူများဟုခေါ်ဆိုနိုင်သည့် အစုအဖွဲ့ဝင်များသည် အမျိုးမျိုး သော၊ အဆင့်များစွာရှိပြီး ပြောင်းလဲ နိုင်သော မြေယာပိုင်ဆိုင်ခွင့်အစုအဝေးမှသည် ဘုံပိုင်ပစ္စည်း အရင်းအမြစ်များထိ ပိုင်ဆိုင်ထားနိုင်ပေသည်။ ထို့အတူ ၎င်းတို့အနေဖြင့် ဘုံပိုင်ပစ္စည်း အရင်းအမြစ်အား စုပေါင်းပိုင်ဆိုင်ခွင့်များလည်း ရရှိနိုင် ပါသည်။

### လူ့အဖွဲ့အစည်း

လူ့အဖွဲ့အစည်းတစ်ခုဆိုသည်မှာ တူညီချက်များရှိသည့် မတူကွဲပြားသော လူများဖြင့် စုဖွဲ့ထားပြီး လူမှုရေးရာနှင့် ပထဝီဆိုင်ရာ အစိတ်အပိုင်းများစွာပါဝင်သော အစုအဖွဲ့တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အနက်ဖွင့်ဆို နားလည်ထားကြပါသည်။ ဥပမာ– အတူယှဉ်တွဲဖြတ်ကျော်လာသည့်သမိုင်းကြောင်း၊ ယဉ်ကျေးမှုသွင်ပြင် လက္ခဏာ၊ ဆွေမျိုးတော်စပ်မှု၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်း၊ သဘာဝအရင်းအမြစ်များကို သုံးစွဲခွင့်နှင့် ရရှိခွင့်ဆိုင်ရာ ဘုံစည်းမျဉ်းများ၊ နယ်မြေပိုင်နက် သို့မဟုတ် ပထဝီဝင် အနေအထားအရ ပိုင်ဆိုင်ရာနယ်မြေတို့ကို အများဘုံပိုင်ပစ္စည်းအဖြစ် ရယူနေထိုင်ပိုင်ခွင့် တို့ဖြစ်ပါသည်။ လူ့အဖွဲ့အစည်း တစ်ခု၏ လူမှုရေးနှင့် ပထဝီဆိုင်ရာနယ်နိမိတ်များသည် တသမတ်တည်းမရှိ ပြောင်းလဲနိုင်သည့်အပြင် ပြန်လည်ညှိနှိုင်းမှု များလည်း ပြုလုပ်နိုင်ပြီး မိမိတို့နှင့် လိုက်လျောညီထွေမှု ရှိရန် အချိန်နှင့်အမျှ ပြောင်းလဲခြင်းမျိုးလည်းဖြစ်နိုင်ပါသည်။

### ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်စနစ်များ

နိုင်ငံအများအပြားတွင် ဘုံပစ္စည်းများကို ကွဲပြားသောဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်စနစ်များဖြင့် စည်းမျဉ်း သတ်မှတ်ထားပါသည်။ ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်စနစ်ဆိုသည်မှာ ဒေသတွင်း ကြာရှည်စွာ ကျင့်သုံးလာခဲ့ပြီး အချိန်ကြာမြင့်သည်နှင့်အမျှ တဖြေးဖြေးပြောင်းလဲလာသော စံသတ်မှတ်ချက်များ၊ စည်းမျဉ်းများ၊ ဓလေ့ထုံးစံများ၊ အဖွဲ့အစည်းများ၊ လက်တွေ့ကျင့်သုံးမှုများနှင့် လုပ်ထုံးလုပ်နည်းများကို ဆိုလိုပါသည်။ ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့် စနစ်များသည် လူမှုရေးအရ တရားဝင်ဖြစ်မှုကို ရရှိထားပြီး ယင်းကို ဒေသခံလူ့အဖွဲ့အစည်းများက ဆွေးနွေးညှိနှိုင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းများ ပြုလုပ် ပေးပါသည်။

### ခိုင်လုံသော

လမ်းညွှန်ချက်များတွင် ရှင်းလင်းစွာဖော်ပြထားသည်မှာ "ခိုင်လုံသောလုပ်ပိုင်ခွင့်များ"သည် နိုင်ငံတော် ဥပဒေက တရားဝင်အသိမှတ်ပြုထားသည့် မြေယာလုပ်ပိုင်ခွင့်များဖြစ်သည့်အပြင် ယင်းကို ဥပဒေကြောင်းအရ တရားဝင်အသိမှတ်ပြုခြင်း၊ အကာအကွယ်ပေးခြင်း မရှိသည်တိုင် ဒေသခံရပ်ရွာလူထုအဆင့်တွင် ကျယ်ကျယ်ပြန့်ပြန့် လက်ခံခြင်းမှတစ်ဆင့် ခိုင်မာလာခြင်းဖြစ်ပါသည်။

## ၅.၂။ နောက်ဆက်တွဲ–၂။ ဤလမ်းညွှန်စာအုပ်ကို ရေးဆွဲခဲ့ပုံ။

ဤလမ်းညွှန်စာအုပ်ကို လမ်းညွှန်ချက်များပါ ညှိနှိုင်းဆွေးနွေးမှု ချဉ်းကပ်ပုံနည်းလမ်းများနှင့်အညီ ဆက်စပ်သက်ဆိုင်သူ များစွာ ပါဝင်သည့် လုပ်ငန်းစဉ်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး ခိုင်မာသည့်ဘုတ်အဖွဲ့၊ နိုင်ငံတကာ၏ နှိုင်းချိန်စဉ်းစားသည့် အမြင်များစွာပါဝင်လျက် ညှိနှိုင်းအကြံပြုအလုပ်ရုံ ဆွေးနွေးပွဲများအစရှိသည်တို့အပေါ်အခြေပြုထားပါသည်။ အကြံပြုထား သောမဟာဗျူဟာများသည် မျက်မြင်ဖြစ်ရပ်များ သာမက လက်တွေ့အတွေ့အကြုံများကို အခြေခံမှုရှိစေရန် စာပေဗဟုသုတ များစွာမှ စာပေသုံးသပ်ချက်နှင့် အသိပညာများနှင့် ဆက်စပ်သက်ဆိုင်သူများစွာမှ ပံ့ပိုးပေးသော နမူနာပုံစံများကိုပါ ကျယ်ကျယ်ပြန့်ပြန့် ထပ်မံဖြည့်ဆည်းထားပါသည်။

အကြံပေးဘုတ်အဖွဲ့တွင် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ငန်း ကဏ္ဍများတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အရပ်ဘက်လူမှုအဖွဲ့အစည်း၊ သိပ္ပံပညာရပ်နှင့် အစိုးရဘက်မှ နိုင်ငံတကာအကြံပေးပုဂ္ဂိုလ်ပညာရှင် (၂၁) ဦးဖြင့် ပါဝင်ဖွဲ့စည်းခဲ့ပါသည်။ ဤလမ်းညွှန် စတင်ရေးသားကတည်းကပင် နိုင်ငံတကာအလုပ်ရုံ ဆွေးနွေးပွဲများနှင့် မူကြမ်းများတွင် စာဖြင့်ရေးသားအကြံပြုချက် ပုံစံများမှတစ်ဆင့် လမ်းညွှန်ချက်ရေးဆွဲမှုကို အကြောင်းအရာများသာမက နည်းနာများအတွက်ပါ ထောက်ပံ့ခဲ့ပါသည်။ အောက်ဖော်ပြပါ နိုင်ငံတကာပါဝင်သည့် စဉ်းစားသုံးသပ်သည့်၊ နီးနှောတိုင်ပင်သည့် အလုပ်ရုံ ဆွေးနွေးပွဲများနှင့် အစည်းအဝေးများကို ကျင်းပခဲ့ပါသည်။

**၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ ဘာလင်မြို့၊ ဂျာမနီနိုင်ငံ**

ဂျာမနီနိုင်ငံ အစားအသောက်နှင့်စိုက်ပျိုးရေး ဖက်ဒရယ်ဝန်ကြီးဌာန (BMEL) နှင့် ဂျာမနီလူ့အခွင့်အရေးသိပ္ပံတို့ ပူးပေါင်း၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော နိုင်ငံတကာ အလုပ်ရုံဆွေးနွေးပွဲ "ဆာလောင်မွတ်သိပ်မှုတိုက်ဖျက်ရေးမူဝါဒ" ညီလာခံကို ကျင်းပခဲ့ပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းမှ နိုင်ငံတကာတာဝန်ရှိပုဂ္ဂိုလ် (၂၀) ဦး ပါဝင်ခဲ့ပြီး အောက်ပါနိုင်ငံများရှိ သိပ္ပံပညာနှင့်အစိုးရဘက်မှလည်း ပညာရှင်များ ပါဝင်ခဲ့ပါသည်။ ယင်းနိုင်ငံများမှာ ဘိုလီးဗီးယား၊ ဘာကီနာဖာဆို၊ အီကွေဒေါ၊ အီသီယိုးပီယား၊ ဂျာမနီ၊ ဂါနာ၊ အီရန်၊ ကင်ညာ၊ နီကာရာဂွာ၊ ဖိလစ်ပိုင်၊ ဆီနီဂေါ၊ ဆီးရီလီယွန်း၊ ဥရုဂွေးနှင့် ဗီယက်နမ်နိုင်ငံ တို့ဖြစ်ကြပါသည်။ တက်ရောက်သူများက လမ်းညွှန်ချက်တွင်ရေးသားရန် ကနဦးအယူအဆများ အနှစ်ချုပ်များကို ဆွေးနွေးခဲ့ကြပြီး၊ အများပြည်သူဆိုင်ရာ ဘုံပစ္စည်း များ၏ လုပ်ပိုင်ခွင့်ကို အသိအမှတ်ပြု ကာကွယ်ရန်နှင့် ကူညီထောက်ပံ့ရာတွင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများနှင့် မဟာဗျူဟာ ဆိုင်ရာ အမြင်များကို စုစည်းခြင်း၊ ဖလှယ်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

**၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၂၉-၃၀ ရက်၊ ပေါ့စဒမ် (Potsdam) ဂျာမနီနိုင်ငံ**

မဟာဗျူဟာများကို ဆွေးနွေးရန်၊ အတွေ့အကြုံများနှင့် အများပြည်သူ ဆိုင်ရာဘုံမြေယာ လုပ်ပိုင်ခွင့်ကို အသိမှတ်ပြုခြင်း၊ ကာကွယ်ခြင်း၊ ထောက်ပံ့ခြင်းဆိုင်ရာ ဖြစ်စဉ်များကို ဖလှယ်ရန်နှင့် ဤလမ်းညွှန်ချက်သည် ယင်းအား မည်၍ မည်မျှ ပံ့ပိုးမည်ကိုဆွေးနွေးရန် နိုင်ငံတကာအလုပ်ရုံဆွေးနွေးပွဲကို "အများပြည်သူဆိုင်ရာ မြေယာလုပ်ပိုင်ခွင့်ပိုမိုခိုင်မာရေး အတွက် မဟာဗျူဟာကျသော လမ်းညွှန်ချက်" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပါသည်။

**၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀-၁၁ ရက်၊ အဒစ်စ်အဘာဘာ (Addis Ababa)၊ အီသီယိုးပီယားနိုင်ငံ**

Gesellschaft für Internationale Zusammenarbeit GIZ နှင့် မြေယာ မူဝါဒ အဖွဲ့တို့၏ အထောက်အပံ့ဖြင့်အာဖရိကဒေသတွင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အဖွင့်ဆွေးနွေးပွဲ "အာဖရိက မြေယာမူဝါဒ ညီလာခံ" ကို ကျင်းပခဲ့ပါသည်။ အာဖရိကန်အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် သုတေသနအဖွဲ့အစည်းများ၊ အစိုးရနှင့် နိုင်ငံတကာ ဘဏ္ဍာရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ် ၃၀ ကျော် တက်ရောက်ပါဝင် ဆွေးနွေးခဲ့ကြပြီး အာဖရိကနိုင်ငံများ၏အနေအထားအရ အလွန်အရေးပါသည့် အခန်းကဏ္ဍတွင်ပါဝင်သည့် အများပြည်သူ ဆိုင်ရာဘုံ မြေယာ ပိုင်ဆိုင်ခွင့်ကို အသိမှတ်ပြုရန်၊ ကာကွယ်ရန်နှင့် အထောက် အပံ့ပြုရေးဆိုင်ရာ နည်းဗျူဟာများ၊ အလေ့အကျင့်များနှင့် အတွေ့အကြုံများကို ဖလှယ်ခဲ့ကြပါသည်။ ထို့ပြင် ညီလာခံ ကျင်းပနေစဉ်အတွင်း တစ်ဦးချင်းအလိုက် တွေ့ဆုံ မေးမြန်းမှုများ ဆောင်ရွက်ခဲ့ပြီးနောက် ဆက်စပ် သက်ဆိုင်သူများက မေးမြန်းခဲ့သည့် သီးသန့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲအဖြစ် ပြန်လည် ဖြေကြားပေးခြင်း ပြုလုပ်ခဲ့ကြ ပါသည်။

**၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၁၂ရက်၊ အဒစ်စ်အဘာဘာ (Addis Ababa)၊ အီသီယိုးပီယားနိုင်ငံ**

"အာဖရိကမြေယာမူဝါဒညီလာခံ" အပြင်အခြား တစ်ဖက်တွင်ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူ (၅) ဦးမှ ယင်းတို့ အကြံပြုထားသော မဟာဗျူဟာများကို ဆွေးနွေးခဲ့ကြပြီး နိုင်ငံရေး၊ သုတေသနနှင့် လက်တွေ့နယ်ပယ်အသီးသီးမှ အာဖရိကနှင့် နိုင်ငံတကာကျွမ်းကျင်ပညာရှင် (၆၀) ဦးတို့အနေဖြင့် လမ်းညွှန်ချက်ဖြစ်သည့်"အာဖရိကရှိ မြေယာမူဝါဒနှင့် ပတ်သက်သော မူဘောင်နှင့် လမ်းညွှန်ချက်များ (F&G)သည် အများပြည်သူဆိုင်ရာ မြေယာလုပ်ပိုင်ခွင့်ကို မည်သို့ပံ့ပိုးပေးမည် ဟူသည့် အကြောင်းအရာများအပေါ် အသေးစိတ် အကြံတ်အနယ် ဆွေးနွေးခဲ့ကြပါသည်။

**၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃-၂၄ ရက်၊ ဘာလင်၊ ဂျာမနီနိုင်ငံ**

နည်းပညာဆိုင်ရာလမ်းညွှန်ချက်၏ ပထမ မူကြမ်းကို ဆွေးနွေးရန်နှင့်ပြန်လည်သုံးသပ်ရန် ကမ္ဘာလုံးဆိုင်ရာ မြေယာရက်သတ္တပတ် ၂၀၁၅ အကြောင်းအရာ ဆိုင်ရာ နိုင်ငံတကာအလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။

**၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ ဘန်း၊ ဆွစ်ဇာလန်နိုင်ငံ**

yThe Rights and Resources Initiatives (RRI)၊ Oxfam၊ International Land Coalition (ILC) နှင့် Helvetas ရှိ "ဆွေးနွေးပွဲစကားဝိုင်းမှ လက်တွေ့အကောင် အထည်ဖော်ခြင်း" (from Rhetoric to Action)၊ လူ့အဖွဲ့အစည်းနှင့် ဌာနေတိုင်းရင်းသားများ၏ မြေယာနှင့် အရင်းအမြစ် ရပိုင်ခွင့်များကို တိုးချဲ့ခြင်းအဖွဲ့ (Scaling Up Community and Indigenous People's Land and Resource Rights)တို့က ကြီးမှူးကျင်းပသောညီလာခံတွင် လမ်းညွှန်ချက်စာအုပ်ကို အပြီးသတ်ရန်နှင့် အထောက်အပံ့ဖြစ်စေသော နည်းဗျူဟာများကို ဆွေးနွေးရန် နိုင်ငံတကာ အစည်းအဝေးကို ကျင်းပပေးခဲ့ပါ သည်။

## ၅.၃။ နောက်ဆက်တွဲ–၃၊ ကျမ်းကိုးစာရင်းနှင့်အရင်းအမြစ်များ


**Agrawal, A.** 2003. Sustainable Governance of Common-Pool Resources: Context, Methods, and Politics. *Annual Review of Anthropology,* 32(1): 243–262.

**Alden Wily, L.** 2008a. Custom and Commonage in Africa: Rethinking the Orthodoxies. *Land Use Policy,* 25(1): 43–52.

**Alden Wily, L.** 2008b. *Whose Land Is It? Commons and Conflict States: Why the Ownership of the Commons Matters in Making and Keeping Peace.* Washington, DC, Rights and Resources Initiative (RRI). (available at http://www.usaidlandtenure.net/sites/default/files/USAID_Land_Tenure_2012_Liberia_Course_Module_2_Whose_Land_Wily.pdf)

**Alden Wily, L.** 2011a. *Accelerate legal recognition of commons as group-owned private property to limit involuntary land loss by the poor.* Policy Brief. Rome, International Land Coalition (ILC). (available at http://www.landcoalition.org/sites/default/files/ documents/resources/2_PBs_commons.pdf)

**Alden Wily, L.** 2011b. *The tragedy of public lands: The fate of the commons under global commercial pressure.* Rome, International Land Coalition (ILC). (available at http:// www.landcoalition.org/sites/default/files/documents/resources/WILY_Commons_web_11.03.11.pdf)

**Alden Wily, L.** 2012. The Status of Customary Land Rights in Africa Today. In *Rights to Resources in Crisis: Reviewing the Fate of Customary Tenure in Africa.* Brief 4 of 5. Washington, DC, Rights and Resources Initiative (RRI). (available at http://www.rightsandresources.org/wp-content/exported-pdf/rightstoresourcesincrisis compiledenglish.pdf)

**Almeida, F., Borrini-Feyerabend, G., Garnett, S., Jonas, H.C., Jonas, H.D., Kothari, A., Lee, E., Lockwood, M., Nelson, F. & Stevens, S.** 2015. *Collective Land Tenure and Community Conservation: Exploring the linkages between collective tenure rights and the existence and effectiveness of territories and areas conserved by indigenous peoples and local communities (ICCAs).* Companion Document to Policy Brief No.2 of the ICCA Consortium. Tehran, The ICCA Consortium in collaboration with Maliasili Initiatives and Cenesta. (available at http://www.iccaconsortium.org/wp-content/uploads/ ICCA-Briefing-Note-2-collective-tenure.pdf)

**Andersen, K.E.** 2011. C*ommunal tenure and the governance of common property resources in Asia: lessons from experiences in selected countries.* Land Tenure Working Paper 20. Rome, FAO. (available at http://www.fao.org/3/a-am658e.pdf)

**Anseeuw, W. & Alden, C.** eds. 2010. *The Struggle over Land in Africa: Conflicts, Politics & Change.* Pretoria, HSRC Press. (available at http://www.hsrcpress.ac.za/product.php?productid=2275&cat=34&page=1)

**Bomuhangi, A., Doss, C. & Meinzen-Dick, R.** 2011. *Who Owns the Land? Perspectives from Rural Ugandans and Implications for Land Acquisitions.* IFPRI Discussion Paper 01136. Washington, DC, International Food Policy Research Institute (IFPRI). (available at http://ebrary.ifpri.org/utils/getfile/collection/p15738coll2/id/126766/filename/126977.pdf)

**Borrini-Feyerabend, G., Pimbert, M., Farvar, M.T., Kothari, A. & Renard, Y.** 2004. *Sharing Power: Learning-by-Doing in Co-Management of Natural Resources throughout the World.* Tehran, IIED, IUCN/CEESP/CMWG and Cenesta. (available at http://cmsdata.iucn.org/downloads/sharing_power.pdf)

B**romley, D.W., Feeny, D., McKean, M.A., Peters, P., Gilles, J., Oakerson, R., Runge, C.F. & Thomson, J.** (eds). 1992. *Making the Commons Work: Theory, Practice and Policy.* San Francisco (USA), Institute for Contemporary Studies.

B**rown, J. & Gallant, G.** 2014. *Engendering Access to Justice: Grassroots women's approaches to securing land rights.* New York (USA), Huairou Commission, United Nations Development Programme (UNDP). (available at https://huairou.org/sites/default/files/EngenderingAccesstoJustice_web2014.pdf)

**Cangelosi, E. & Pallas, S.** 2014. *Securing Women's Land Rights: Learning from successful experiences in Rwanda and Burundi.* Rome, International Land Coalition (ILC) and Women's Land Rights Initiative. (available at http://www.rwandawomennetwork.org/IMG/pdf/r-wlr-securing-women-land-rights_web_en__0.pdf)

**CAPRi (CGIAR Systemwide Program on Collective Action and Property Rights).** 2010. R*esources, Rights and Cooperation: A Sourcebook on Property Rights and Collective Action for Sustainable Development.* Washington, DC, International Food Policy Research Institute. (available at http://capri.cgiar.org/files/pdf/Resources_Rights_Cooperation_full.pdf)

**Clarke, R.A.** 2009. *Securing Communal Land Rights to Achieve Sustainable Development in Sub-Saharan Africa: A Critical Analysis and Policy Implications.* Law, Environment and Development Journal 5(5): 132–51.

**CLEP.** 2008. *Making the Law Work for Everyone. New York, Commission of Legal Empowerment of the Poor and United Nations Development Programme (UNDP).* (available at http://www.undp.org/content/dam/aplaws/publication/en/publications/democratic-governance/legal-empowerment/reports-of-the-commission-on-legal-empowerment-of-the-poor/making-the-law-work-for-everyone---vol-ii---english-only/making_the_law_work_II.pdf)

**CFS.** 2014. *Principles for Responsible Investment in Agriculture and Food Systems.* Rome, CFS.

**Cotula, L.** ed. 2007. *Changes in 'customary' land tenure systems in Africa.* London and Rome, International Institute for Environment and Development (IIED) and FAO. (available at http://pubs.iied.org/pdfs/12537IIED.pdf)

**Cotula, L., Odhiambo, M.O., Orwa, N.& Muhanji, A.** 2005. *Securing the commons in an era of privatisation: policy and legislative challenges.* Summary conclusions of the second international workshop of the Co-Govern network, Nakuru, Kenya, 25–28 October 2004. Securing the commons No.10. London, International Institute for Environment and Development (IIED). (available at http://pubs.iied.org/pdfs/9556IIED.pdf)

**Cotula, L., Oya, C., Codjoe, E.A., Eid, A., Kakraba-Ampeh, M., Keeley, J., Kidewa, A.L., Makwarimba, M., Seide, W.M., Nasha, W.O., Asare, R.O. & Rizzo, M.** 2014. *Testing Claims about Large Land Deals in Africa: Findings from a Multi-Country Study.* The Journal of Development Studies, 50(7). (available at http://www.tandfonline.com/doi/pdf/10.1080/00220388.2014.901501)

**Council of Ministers of Mozambique.** 1998. *Decree No. 66/98 on Land Law Regulations, 8 December 1998.* Moputo, Mozlegal. (available at http://faolex.fao.org/cgi-bin/faolex.exe?rec_id=025941&database=faolex&search_type=link&table=result&lang=eng&format_name=@ERALL)

**Cousins, B.** 2009. *Potential and pitfalls of 'communal' land tenure reform: experience in Africa and implications for South Africa.* Paper for the World Bank conference on 'Land Governance in support of the MDGs: Responding to new challenges', Washington, DC, 9–10 March 2009. Washington, DC, World Bank. (available at http://siteresources.worldbank.org/INTIE/Resources/B_Cousins.doc)

**Cuskelly, K.** 2011. *Customs and Constitutions: state recognition of customary law around the world.* Bangkok, International Union for Conservation of Nature and Natural Resources (IUCN). (available at https://portals.iucn.org/library/efiles/edocs/2011-101.pdf)

**Dietz, T., Ostrom, E. & Stern, P.C.** 2003. *The Struggle to Govern the Commons.* Science 302 1907(2003): 1907–12. (available at http://www.eebweb.arizona.edu/courses/ecol206/dietz%20et%20al.%202003%20the%20struggle%20to%20govern%20the%20commons.pdf)

**Dolšak, N. & Ostrom, E.** eds. 2003. *The Commons in the New Millennium: Challenges and Adaptation.* Cambridge (USA), MIT Press.

**FAO.** 2002. *Law-making in an African context: the 1997 Mozambican land law.* FAO Legal Papers Online No. 26. Rome. (available at http://www.fao.org/3/a-bb059e.pdf)

**FAO.** 2007. *Right to food: lessons learned in Brazil.* Rome. (available at http://www.fao.org/3/a-a1331e.pdf)

**FAO.** 2009. *Participatory land delimitation: an innovative development model based upon securing rights acquired through customary and other forms of occupation.* Land Tenure Working Paper No. 13. Rome. (available at http://www.fao.org/3/a-ak546e.pdf)

**FAO.** 2010. S*tatutory recognition of customary land rights in Africa: An investigation into best practices for lawmaking and implementation.* FAO Legislative Study No. 105. Rome. (available at http://www.fao.org/docrep/013/i1945e/i1945e01.pdf)

**FAO.** 2011. *Communal tenure and the governance of common property resources in Asia: lessons from experiences in selected countries.* Land Tenure Working Paper No. 20. Rome. (available at http://www.fao.org/3/a-am658e.pdf)

**FAO.** 2012. *The State of Food and Agriculture.* Rome. (available at http://www.fao.org/docrep/017/i3028e/i3028e.pdf)

**FAO.** 2012. *Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests in the Contextof National Food Security.* Rome (available at http://www.fao.org/docrep/016/i2801e/i2801e.pdf)

**FAO.** 2013a. *Governing land for women and men: A technical guide to support the achievement of responsible gender-equitable governance of land tenure.* Governance of tenure technical guide No. 1. Rome. (available at http://www.fao.org/docrep/017/ i3114e/i3114e.pdf)

**FAO.** 2013b. *Improving governance of forest tenure: A practical guide.* Governance of tenure technical guide No. 2. Rome. (available at http://www.fao.org/docrep/018/ i3249e/i3249e.pdf)

**FAO.** 2013c. *Implementing improved tenure governance in fisheries: A technical guide to support the implementation of the voluntary guidelines for the responsible governance of tenure of land, fisheries and forests in the context of national food security.* Governance of tenure technical guide, preliminary version. Rome. (available at http://www.fao.org/docrep/018/i3420e/i3420e.pdf)

**FAO.** 2014a. *Respecting free, prior and informed consent: Practical guidance for governments, companies, NGOs, indigenous peoples and local communities in relation to land acquisition.* Governance of tenure technical guide No. 3. Rome. (available at http://www.fao.org/3/a-i3496e.pdf)

**FAO.** 2014b. *When the law is not enough: Paralegals and natural resources governance in Mozambique.* FAO Legislative Study No. 110. Rome. (available at http://www.fao. org/3/a-i3496e.pdf)

**FAO.** 2015. *Safeguarding land tenure rights in the context of agricultural investment: A technical guide on safeguarding land tenure rights in line with the 'Voluntary Guidelines for the Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security', for government authorities involved in the promotion, approval and monitoring of agricultural investments.* Governance of tenure technical guide No. 4. Rome. (available at http://www.fao.org/3/a-i4998e.pdf)

**FAO.** 2016b. *Responsible governance of tenure and the law: A guide for lawyers and other legal service providers.* Governance of tenure technical guide No. 5. Rome. (available at http://www.fao.org/3/a-i5449e.pdf)

**FAO and ITTO.** 2005. *Best practices for improving lawcomplianceintheforestry sector.* FAO Forestry Paper No. 145. Rome and Yokohama (Japan): FAO and International Tropical Timber Organization (ITTO). (available at ftp://ftp.fao.org/docrep/fao/008/A0146e/A0146E00.pdf)

**Fitzpatrick, D.** 2005. *'Best Practice' Options for the Legal Recognition of Customary Tenure.* Development and Change 36(3): 449–75.

**Flintan, F.** 2012. *Making rangelands secure: Past experience and future options.* Rome, International Land Coalition (ILC). (available at http://landportal.info/sites/landportal.info/files/rangelands_bookcover_30.1.121.pdf)

**Fuys, A., Mwangi, E.& Dohrn, S.** 2008. *Securing Common Property Regimes in a Globalizing World: Synthesis of 41 Case Studies on Common Property Regimes from Asia, Africa, Europe and Latin America.* The ILC 'Knowledge for Change' Series. Rome, International Land Coalition (ILC). (available at http://www.landcoalition.org/sites/default/files/documents/resources/ilc_securing_common_property_regimes_e.pdf)

**Global Witness, The Oakland Institute, and International Land Coalition.** 2012. *Dealing with Disclosure: Improving Transparency in Decision-Making over Large-Scale Land Acquisitions, Allocations and Investments.* Oakland (USA), The Oakland Institute. (available at: http://www.oaklandinstitute.org/sites/oaklandinstitute.org/files/Dealing_with_disclosure.pdf)

**Hara, M.** 2014. *Securing Small-Scale Fishing Rights in South Africa. Contribution to the Institute for Advanced Sustainability Studies (IASS) Workshop, 'Sharing Practices to Recognize and Support Commons and Collective Tenure Rights'.* Addis Ababa, 10–11 November 2014. Unpublished.

**Hardin, G.** 1968. *The Tragedy of the Commons.* Science 162: 1243–48. (available at http://science.sciencemag.org/content/162/3859/1243.full)

**Huairou Commission.** 2014. *Victory in Land Title Struggle! Community in Recife, Brazil Granted Land Titles After 5 Decades of Grassroots Organizing.* New York (USA), Huairou Commission. (available at https://huairou.org/victory-land-title-Espaco-Feminista-recife-brazil-land-titles-5-decades-grassroots)

**IFAD.** 2008. *Improving access to land and tenure security.* Rome, International Fund for Agricultural Development.

**IIED.** 2002. *Making land rights more secure: international workshop for researchers and policy makers.* Ouagadougou, 19–21 March 2002. London, International Institute for Environment and Development. (available at http://pubs.iied.org/pdfs/9251IIED.pdf)

**IISD.** 2014. *The IISD Guide to Negotiating Investment Contracts for Farmland and Water.* Winnipeg (Canada), International Institute for Sustainable Development. (available at https://www.iisd.org/sites/default/files/publications/iisd-guide-negotiating-investment-contracts-farmland-water_1.pdf)

**ILC.** 2015a. *Communal Land Associations claim compensations for investments in their territories, Karamoja, Uganda.* Case study from the ILC database of Good Practices. Rome, International Land Coalition. (available at http://www.landcoalition.org/en/bestpractice/communal-land-associations-claim-compensations-investments-their- territories)

**ILC.** 2015b. *Innovative contractual arrangement for community-based management of pastureland improves livelihoods and reduces degradation.* Case study from the ILC database of Good Practices. Rome, International Land Coalition. (available at http://www.landcoalition.org/en/bestpractice/innovative-contractual-arrangement-community-based-management-pastureland-improves)

**ILC.** 2015c. *Mobilisation, mapping and legal action help indigenous community oppose mining activities.* Case study from the ILC database of Good Practices. Rome, International Land Coalition. (available at: http://www.landcoalition.org/en/bestpractice/mobilisation-mapping-and-legal-action-help-indigenous-community-oppose-mining)

**Knight, R.** 2015. *"We are looking at gold and calling it rock": Supporting communities to calculate the replacement costs of their communal lands and natural resources.* Article published for the World Bank's People, Space, Deliberation blog. (available at: http://blogs.worldbank.org/publicsphere/we-are-looking-gold-and-calling-it-rock-supporting-communities-calculate-replacement-costs-their)

**Knight, R.** Unknown. *For Responsible Mapping of Community Land, Create Accountable Land Governance.* Washington, DC, Focus on Land in Africa (a joint initiative of the World Resources Institute and Landesa). (available at: http://www.focusonland.com/for-comment/for-responsible-mapping-of-community-land-create-accountable-land-governance/?keywords=common+land)

**Knight, R., Adoko, J., Auma, T., Kaba, A., Salomao, A., Siakor, S. & Tankar, I.** 2012. P*rotecting Community Lands and Resources: Evidence from Liberia, Mozambique and Uganda*. Washington, DC, and Rome, Namati and International Development Law Organization (IDLO). (available at http://namati.org/wp-content/uploads/2012/06/protecting_community_lands_resources_interexsum_FW.pdf)

**Knight, R., Adoko, J. & Eilu, T.A.** 2013. *Protecting Community Lands and Resources: Evidence from Uganda.* Washington, DC, Kampala and Rome: Namati, Land and Equity Movement of Uganda (LEMU) and International Development Law Organization (IDLO). (available at https://namati.org/resources/protecting-community-lands-and-resources-evidence-from-uganda/)

**Kurien, J.** 2009. *Lights, camera, action!* SAMUDRA Report No. 53. Chennai (India), International Collective in Support of Fishworkers. (available at http://www.icsf.net/en/samudra/article/EN/53-3340-Lights,-Camera,.html)

**Kurien, J., Nam, S. & Onn, M.S.** 2006. *Cambodia's aquarian reforms: the emerging challenges for policy and research.* Phnom Penh, Inland Fisheries Research and Development Institute of the Department of Fisheries.

**Larson, A.M., Cronkleton, P., Barry, D. & Pacheco, P.** 2008. *Tenure Rights and Beyond: Community Access to Forest Resources in Latin America.* Occasional Paper No. 50. Bogor Barat (Indonesia), Center for International Forestry Research (CIFOR). (available at http://www.cifor.org/publications/pdf_files/OccPapers/OP-50.pdf)

**Lavigne Delville, P.** 2007. *Changes in 'Customary' Land Management Institutions: Evidence from West Africa.* In L. Cotula, ed. Changes in 'Customary' Land Tenure Systems in Africa. pp. 35–50. London and Rome: International Institute for Environment and Development (IIED) and FAO.

**McKean, M.A.** 2000. C*ommon Property: What Is It, What Is It Good For, and What Makes It Work?* In C.C. Gibson, M.A. McKean & E. Ostrom, eds. People and Forests: Communities, Institutions, and Governance. Cambridge (USA) and London, The MIT Press.

**Meinzen-Dick, R., Mwangi, E. & Dohrn, S.** 2006. *Securing the Commons.* Policy Brief No. 4. CAPRi Research Brief. Washington, DC, Consultative Group on International Agricultural Research (CGIAR): Systemwide Program on Collective Action and Property Rights (CAPRi), International Food Policy Research Institute (IFPRI). (available at http://ebrary.ifpri.org/utils/getdownloaditem/collection/p15738coll2/id/32844/filename/32844.pdf/mapsto/pdf)

**Merino, L. & Martínez, A.E.** 2014. R*ights, Pressures and Conservation in Forest Regions of Mexico: The results of a survey on the conditions of community forests.* Presented at the IV Workshop of Political Theory and Policy Analysis, Indiana University, May 2009. Indiana University / Instituto de Investigaciones Sociales Universidad Nacional Autónomo de México. (available at: http://www.indiana.edu/~wow4/papers/merino_martinez_wow4.pdf)

**Mosimane, A.W., Breen, C. & Nkhata, B.A.** 2012. *Collective identity and resilience in the management of common pool resources.* International Journal of the Commons 6(2): 344–362. (available at: https://www.thecommonsjournal.org/articles/10.18352/ijc.298/)

**Mutisi, M.** 2012. *Local conflict resolution in Rwanda: The case of abunzi mediators.* In M. Mutisi & K. Sansculotte-Greenidge, eds. Integrating Traditional and Modern Conflict Resolution: Experiences from Selected Cases in Eastern and the Horn of Africa. Africa Dialogue Monograph Series No.2/2012. Durban (South Africa), African Centre for the Constructive Resolution of Disputes (ACCORD). (available at http://www.accord.org.za/publication/integrating-traditional-and-modern-conflict-resolution/)

**Mwangi, E. & Dohrn, S.** 2006. *Biting the bullet: how to secure access to drylands resources for multiple users?* CAPRi Working Paper No. 47. Washington, DC, CGIAR Systemwide Program on Collective Action and Property Rights (CAPRi), International Food Policy Research Institute (IFPRI). (available at https://www.mpl.ird.fr/colloque_foncier/Communications/PDF/Mwangi.pdf)

**Mwangi, E. & Dohrn, S.** 2008. *Securing access to drylands resources for multiple users in Africa: a review of recent research*. Land Use Policy 25(2): 240–48. (available at http://www.sciencedirect.com/science/article/pii/S0264837707000646)

**Natural Justice and NAMATI.** 2013. *Building Strategies for Community Land and Natural Resource Protection*. A Report of the Africa Regional Symposium for Community Land and Natural Resource Protection. Western Cape, South Africa, 5–7 November 2013. (available at https://namati.org/resources/building-strategies-for-community-land- and-natural-resource-protection/)

**Ngaido, T. & McCarthy, M.** 2004. *Institutional options for managing rangelands.* In E. Mwangi, ed. Collective Action and Property Rights for Sustainable Development. CAPRi Research Brief. Washington, DC, Consultative Group on International Agricultural Research (CGIAR): Systemwide Program on Collective Action and Property Rights (CAPRi), International Food Policy Research Institute (IFPRI). (available at http://dlc.dlib.indiana.edu/dlc/bitstream/handle/10535/3683/brief_dryl.pdf)

**Niamir-Fuller, M.** 2005. *Managing mobility in African rangelands.* In E. Mwangi, ed. Collective Action and Property Rights for Sustainable Rangeland Management. CAPRi Research Brief. Washington, DC, Consultative Group on International Agricultural Research (CGIAR): Systemwide Program on Collective Action and Property Rights (CAPRi), International Food Policy Research Institute (IFPRI). (available at http://landportal.info/sites/landportal.info/files/collective_action_and_propoerty_rights-capri.pdf)

**Ostrom, E.** 1990. *Governing the Commons: The Evolution of Institutions for Collective Action.* New York (USA), Cambridge University Press.

**Polack, E., Cotula, L., Blackmore, E.& Guttal, S.** 2014. *AgriculturalinvestmentsinSoutheast Asia: legal tools for public accountability.* Report from a regional lesson-sharing workshop, Bangkok, March 2013. London, International Institute for Environment and Development (IIED). (available at http://pubs.iied.org/pdfs/12573IIED.pdf)

**Pomeroy, R.S., Katon, B.M. & Harkes, I.** 2001. *Conditions affecting the success of fisheries co-management: lessons from Asia.* Marine Policy 25(3): 197–208. (available at http://www.sciencedirect.com/science/article/pii/S0308597X01000100)

**Pritchard, J., Lesniewska, F., Lomax, T., Ozinga, S. & Morel, C.** 2013. *Securing community land and resource rights in Africa: A guide to legal reform and best practices.* FERN UK, Fern Brussels, Forest Peoples Programme, ClientEarth and Centre for Environment and Development. (available at http://www.forestpeoples.org/sites/fpp/files/publication/2014/01/securingcommunitylandresourcesguideenglishjan2014.pdf)

**Procurador del Común de Castilla y León.** 2011. *Los bienes y aprovechamientos comunales en Castilla y León.* León (Spain), Procurador del Común de Castilla y León. (available at https://www.procuradordelcomun.org/archivos/informesespeciales/1_1324032765.pdf)

**Quan, J.** 2007. *Changes in Intra-Family Land Relations.* In L. Cotula, ed. Changes in 'Customary' Land Tenure Systems in Africa, pp. 51–63. London and Rome: International Institute for Environment and Development (IIED) and FAO. (available at http://pubs.iied.org/pdfs/12537IIED.pdf)

**Quizon, A.B.** 2013. *Land Governance in Asia: Understanding the debates on land tenure rights and land reforms in the Asian context.* Framing the Debate Series, No. 3. Rome, International Land Coalition (ILC). (available at http://searice.org.ph/wp-content/uploads/2013/06/r-en_web_framing-the-debate-vol-3.pdf)

**Rappocciolo, F.** 2012. *Rehabilitating rural Burundi through 'legal clinics.'* Rome , International Fund for Agricultural Development (IFAD). (available at http://operations.ifad.org/documents/654016/4a307010-3afa-4635-a577-a91f6a12d9c7)

**RECOFTC.** 2014. *Stories of Change 2008–2013.* Bangkok, RECOFTC – The Center for People and Forests. (available at http://www.recoftc.org/reports/stories-change-2008-2013-and-annual-report-2012-2013)

**Republic of Mozambique.** 1997. Land Law No. 19/97 of 1 October. (available at http://faolex.fao.org/docs/pdf/moz15369E.pdf)

**RRI.** 2012. *What Rights? A Comparative Analysis of Developing Countries' National Legislation on Community and Indigenous Peoples' Forest Tenure Rights.* Washington, DC, Rights and Resources Initiative. (available at http://www.rightsandresources.org/wp-content/exported-pdf/whatrightsnovember13final.pdf)

**RRI.** 2015. *Who Owns the World's Land? A global baseline of formally recognized indigenous and community land rights*. Washington, DC, Rights and Resources Initiative. (available at http://www.rightsandresources.org/wp-content/uploads/GlobalBaseline_web.pdf)

**RRI & Tebtebba (Indigenous Peoples' International Centre for Policy Research and Education).** 2014. *Recognizing Indigenous and Community Rights: Priority Steps to Advance Development and Mitigate Climate Change*. RRI Issue Brief. Washington, DC, Rights and Resources Initiative. (available at http://www.rightsandresources.org/wp-content/uploads/Securing-Indigenous-and-Communtiy-Lands_Final_Formatted.pdf)

**Sandefur, J., Siddiqi, B. & Varvaloucas, A.** 2014. *Law Without Lawyers: Improving Access to Justice in Liberia and Sierra Leone.* Policy Brief 3030. London, International Growth Centre. (http://www.theigc.org/wp-content/uploads/2015/04/Sandefur-Et-Al-2012-Policy-Brief.pdf)

**Shrumm, H. & Jonas, H.** eds. 2012. *Biocultural Community Protocols: A Toolkit for Community Facilitators.* Cape Town, Natural Justice. (available at http://www.community-protocols.org/wp-content/uploads/2015/11/BCP-Toolkit-Complete.pdf)

**Ujamaa Community Resource Team.** 2010. *Participatory Land Use Planning as a Tool for Community Empowerment in Northern Tanzania*. Gatekeeper Series No. 147. London, International Institute for Environment and Development (IIED). (available at http://pubs.iied.org/pdfs/14608IIED.pdf)

**UNDP.** 2012. *Coopetárcoles,* Costa Rica. Equator Initiative Case Studies. New York (USA), United Nations Development Programme. (available at http://www.equatorinitiative.org/images/stories/winners/61/casestudy/case_1348152233.pdf)

**Wilusz, D.** 2010. *Quantitative Indicators for Common Property Tenure Security*. Rome and Washington, DC: International Land Coalition (ILC) and Program on Collective Action and Property Rights (CAPRi). (available at http://www.landcoalition.org/sites/default/files/documents/resources/web.pdf)

**Windfuhr, M.** forthcoming. *Implementing the Voluntary Guidelines on Responsible Governance of Land, Forests and Fisheries: What Needs to Be Done? Obligations of States at Home and Abroad, Responsibilities of Private Actors.* Draft study/paper for Action Aid.

**The valuable inputs and discussions that took place at the following workshops also contributed to this technical guide:**

**IASS.** 2014a. *Using the Voluntary Guidelines to Secure the Commons.* Report of the IASS/ DIMR Workshop, Berlin, 2 July 2014. Potsdam (Germany), Institute for Advanced Sustainability Studies.

**IASS.** 2014b. *Strategic Guidance to Strengthen the Commons.* Report of the IASS Workshop, Potsdam, 29–30 July 2014. Potsdam (Germany), Institute for Advanced Sustainability Studies.

**IASS.** 2014c. S*haring Practices to Recognize and Support Commons and Collective Tenure Rights.* Report of the IASS Workshop, Addis Ababa, 10–11 November 2014. Potsdam (Germany), Institute for Advanced Sustainability Studies.

**IASS.** 2014d. *A commons conversation.* Film, available at https://vimeo.com/109114444. Potsdam (Germany), Institute for Advanced Sustainability Studies.

**International instruments in support of tenure rights to commons**

- African Charter on Human and Peoples' Rights
- American Convention on Human Rights
- Convention on Biological Diversity (CBD) and the Akwé: Kon Guidelines
- Convention on the Elimination of All Forms of Discrimination Against Women (CEDAW)
- Convention on the Rights of the Child (CRC)
- FAO Principles for Responsible Investment in Agriculture and Food Systems
- FAO Voluntary Guidelines for Securing Sustainable Small-Scale Fisheries in the Context of Food Security and Poverty Eradication
- FAO Voluntary Guidelines to Support the Progressive Realization of the Right to Adequate Food in the Context of National Food Security
- Framework and Guidelines on Land Policy in Africa
- International Covenant on Civil and Political Rights (ICCPR)
- International Covenant on Economic, Social and Cultural Rights (ICESCR)
- International Labour Organization Indigenous and Tribal Peoples Convention, 1989, No.169
- United Nations Convention Against Corruption (UNCAC)
- United Nations Declaration on the Rights of Indigenous Peoples (UNDRIP)
- United Nations International Convention on the Elimination of All Forms of Racial Discrimination (ICERD)
- Universal Declaration of Human Rights

## လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုဆိုင်ရာ **နည်းပညာလမ်းညွှန်များ**


**FAO.** 2013. *အမျိုးသမီးများနှင့် အမျိုးသားများအတွက် မြေယာစီမံအုပ်ချုပ်ရေး – ကျား– မ သာတူညီမျှရှိကာ တာဝန်ယူမှုရှိသည့် မြေယာလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှု အတွက် အထောက်အကူပြု နည်းပညာဆိုင်ရာ လမ်းညွှန်။* လုပ်ပိုင်ခွင့်စီမံအုပ်ချုပ်မှု နည်းပညာလမ်းညွှန် အမှတ် ၁။ ရောမမြို့

**FAO.** 2013. *သစ်တောလုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှုအား တိုးတက်စေခြင်း – လက်တွေ့ လမ်းညွှန်။* လုပ်ပိုင်ခွင့်စီမံအုပ်ချုပ်မှု နည်းပညာလမ်းညွှန် အမှတ် ၂။ ရောမမြို့

**FAO.** 2014. *ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သော သဘောထားတောင်းခံခြင်း အား လေးစားလိုက်နာခြင်း – မြေသိမ်းဆည်းမှုနှင့် စပ်လျဉ်း၍ အစိုးရများ၊ ကုမ္ပဏီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံလူထုများအတွက် လက်တွေ့လမ်းညွှန်။* လုပ်ပိုင်ခွင့်စီမံအုပ်ချုပ်မှု နည်းပညာလမ်းညွှန် အမှတ် ၃။ ရောမမြို့

**FAO.** 2015. *စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် မြေယာလုပ်ပိုင်ခွင့်များအား ကာကွယ် ခြင်း – စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ရေး၊ ခွင့်ပြုရေးနှင့် စောင့်ကြည့်ရေးတွင် ပါဝင်သော အစိုးရ အာဏာပိုင်များအတွက် အမျိုးသား စားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများ လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှု တာဝန်ယူမှုရှိရေးဆိုင်ရာ မိမိဆန္ဒအလျောက်လိုက်နာနိုင်သော လမ်းညွှန်ချက်များနှင့်အညီ မြေယာအခွင့်အရေးများအား ကာကွယ်ပေးခြင်း ဆိုင်ရာ နည်းပညာလမ်းညွှန်။* လုပ်ပိုင်ခွင့်စီမံအုပ်ချုပ်မှု နည်းပညာလမ်းညွှန် အမှတ် ၄။ ရောမမြို့

**FAO.** 2016. လုပ်ပိုင်ခွင့်အား တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်ခြင်းနှင့် ဥပဒေ – ရှေ့နေ များ နှင့် ဥပဒေဝန်ဆောင်မှုပေးသူများအတွက် လမ်းညွှန်။ လုပ်ပိုင်ခွင့်စီမံအုပ်ချုပ်မှု နည်းပညာလမ်းညွှန် အမှတ် ၅။ ရောမမြို့

**FAO.** 2016. *စားကျက်မြေများအား စီမံအုပ်ချုပ်မှု တိုးတက်အောင် ဆောင်ရွက်ခြင်း – အမျိုးသားစားနပ်ရိက္ခာဖူလုံရေး အတွက် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများ လုပ်ပိုင်ခွင့် စီမံအုပ်ချုပ်မှု တာဝန်ယူမှုရှိရေးဆိုင်ရာ မိမိဆန္ဒအလျောက် လိုက်နာနိုင်သော လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ခြင်း၊* လုပ်ပိုင်ခွင့်စီမံအုပ်ချုပ်မှု နည်းပညာလမ်းညွှန် အမှတ် ၆။ ရောမမြို့

**FAO.** 2016. *လုပ်ပိုင်ခွင့်အား တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်ခြင်း – ရင်းနှီးမြှုပ်နှံသူများ အတွက် နည်းပညာ လမ်းညွှန်။* လုပ်ပိုင်ခွင့်စီမံအုပ်ချုပ်မှု နည်းပညာလမ်းညွှန် အမှတ် ၇။ ရောမမြို့

ကမ္ဘာတစ်ဝှမ်းရှိ သန်းပေါင်းများစွာသော လူတို့သည် အများပိုင်ဘုံပစ္စည်း အဖြစ် စုပေါင်း အသုံးပြုလေ့ရှိကြသော မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောကဲ့သို့သော သဘာဝ သယံဇာတများအပေါ်တွင် မှီခိုလေ့ရှိကြပါသည်။ အများပိုင်ဘုံ ပစ္စည်းများသည် ယဉ်ကျေးမှု၊ ဝိသေသလက္ခဏာနှင့် ကြီးပွားချမ်းသာခြင်းတို့အတွက် မရှိမဖြစ် အရေးကြီးပါ သည်။ အထူးသဖြင့် ဖယ်ကျဉ်ခံထားရပြီး ထိခိုက်လွယ်သော လူများအတွက် ယင်းတို့သည် အစားအသောက်နှင့် ဝင်ငွေ ရရာအရင်းမြစ်အဖြစ် အရေးကြီးသည့် အရန်အတားစနစ် တစ်ခု ဖြစ်ပါသည်။ အမျိုးသားစားနပ် ရိက္ခာ ဖူလုံမှုအတွက် မြေယာ၊ ငါလုပ်ငန်း၊ သစ်တောတို့နှင့်စပ်လျဉ်းသည့် လုပ်ပိုင် ခွင့်အား တာဝန်ယူမှုရှိသည့် စီမံအုပ်ချုပ်မှုဆိုင်ရာ မိမိသဘော ဆန္ဒအလျောက် လိုက်နာနိုင်သော လမ်းညွှန်ချက်များသည် ဘုံပစ္စည်းပိုင်ဆိုင်သူ ရပ်ရွာလူထုအား မြေယာလုပ်ပိုင်ခွင့်ကို အသိမှတ်ပြုရန်နှင့် ခိုင်မာမှုရှိစေရန် ထူးခြားသော အခွင့် အလမ်း တစ်ရပ်ဖန်တီးပေးပါသည်။ ဤလမ်းညွှန်ချက်စာအုပ် သည် အကောင်အထည်ဖော်မည့်နယ်ပယ် ၃ ရပ်တွင် မဟာ ဗျူဟာ ၁၂ ခု ကို ဖော်ပြထားပါသည်။ ယင်းတို့မှာတရား ဥပဒေအရ အသိမှတ်ပြုခြင်းနှင့် ရပ်ရွာလူထု၏ မြေယာ လုပ်ပိုင်ခွင့်ကို ကာကွယ်ခြင်း၊ အစိုးရနှင့်ရပိုင်ခွင့်ရှိသူများ၏ ထိရောက်သော အကောင်အထည် ဖော်မှု၊ လူ့အဖွဲ့အစည်း ၏ရပိုင်ခွင့်များကို ခံစားခွင့်ရရှိ ရန်ကူညီပံ့ပိုးခြင်း စသည့်တို့ ဖြစ်ပါသည်။ ဤအပြန်အလှန်စပ်ဆက်မှုရှိသော ဗျူဟာများ နှင့်အတူ ကမ္ဘာတစ်ဝန်းမှ ဖြစ်ရပ်သာဓက ၇ ခုနှင့် နိုင်ငံတော် အဆင့်နှင့်ဒေသတွင်း ဆီလျော်ကိုက်ညီစွာကျင့်သုံးနိုင်မည့် နည်းလမ်းအဆင့်များကို တင်ပြထားပါသည်၊ ဤလမ်းညွှန် ချက်စာအုပ်သည် တာဝန်ယူမှုရှိသောအုပ်ချုပ်မှုပုံစံ ပြုပြင် ပြောင်းလဲခြင်းဖြင့် အများပြည်သူ မြေယာလုပ်ပိုင်ခွင့်အမှန် တကယ်ရရှိစေရန်နှင့် ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန် နိုင်ငံတော်များ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားဆက်စပ် သည့်ပါဝင် ဆောင်ရွက်သူများ အားကျအတုယူနိုင်ရန်နှင့် ယင်းတို့အား ကူညီထောက်ပံ့ရန် ရည်ရွယ်ပါသည်။



ISBN 978-92-5-134728-7

9 789251 347287

I6381MY/1/09.21